

ချစ်ဦးညို

# ရွှေတိုက်စိုး

typing&pdf

*lucky82*

MMCYBERMEDIA
COMMUNITY FOR ALL

## လေးစားအပ်သော စာဖတ်သူသို့...

## စာရေးသူမှ...

**ဦးကုလား မဟာရာဇဝင်ကြီး ပထမတွဲ၊**

**စာမျက်နှာ ၃၄၃၊ ၃၄၅မှ ကောက်နုတ်ဖော်ပြချက်**

တရံရောအခါ စစ်ကိုင်းရေပှမ်းတွင်၊ ခိုးသူ တောက်ပြားသည် ဤသို့ ကြုံးဝါး၏။ ငါ့ကို သတိုးမင်းဖျားရသော်သာတည်း သတ်ရတုံအံ့။ မရသော်ကား အဘယ်သူ ဝံ့အံ့နည်းဟု ဆို၏။ ထိုစကားကို ကြားတော်မူသော် ဉပါယ်တံမျည်ဖြင့် ဖမ်း၍ ရတော်မူ၏။ မင်းကြီးလည်း နင့်ကိုငါမိပြီ။ ရဲတင်း၊ ပုဆိန်အစရှိသော ခါးလုံတံကျင်တွင် အဘယ်ကိုလိုသနည်းဟု မေးတော်မူ၏။ တောက်ပြားလည်း မင်းကြီးငါ့ကို မိပြီဖြစ်သည်။ ကွပ်လိုရာ ကွပ်တော်မူလော့။ ငါ့အလိုသော်ကား မင်းကြီးမိဖုရား စောဥမ္မာကိုလို၏ဟု ဆို၏။ မင်းကြီးလည်း တစိုးတစိမျှ အမျက်တော်မရှိ၊ ငါ့သို့သော မင်းကိုစဉ်လျှက် ဤသို့သော စကားကိုဆိုဝံ့သည်။ အချည်းနှီးမသေလေကောင်း၊ နောက်နောင်တို့ပွဲရှိသောအခါ အမှုတော်ကို ထမ်းစေရမည်ဟူ၍၊ ဥပမာကား... လေးကိုချစ်သော ယောက်ျားသည် မြားကိုချစ်သကဲ့သို့၊ ငါးလိုသောတံငါသည် ကွန်ကို ချစ်သကဲ့သို့၊ ပြည်ထဲရေးကို ချစ်သောကြောင့် ထားတော်မူ၏။

**ဦးဘသန်း၊ ကျောင်းသုံးမြန်မာရာဇဝင်၊ စာမျက်နှာ ၁၃၂မှ ကောက်နုတ်ဖော်ပြချက်**

သတို့မင်းဖျားလက်ထက် စစ်ကိုင်း၌ နေမှတ်ပြုသော သူခိုးစွမ်းကောင်း တောက်ပြားကို ဖမ်းမိလျှင် ရွှေတိုက်စိုးခန့်သည်။ (သတ်ပုံများ မူရင်းအတိုင်း ဖြစ်ပါသည်) သူခိုးတောက်ပြားနှင့် ပတ်သက်၍ လက်လှမ်းမီသမျှကျမ်း၊ စာအုပ်များတွင် တွေ့ရသည်မှာ ထိုမျှလောက်သာ ဖြစ်ပါသည်။

ငယ်စဉ်က မြို့တော် (ဦး)သိန်းအောင်ကသည့် တောက်ပြားဇာတ်ထုပ်ကြည့်ဖူးပါသည်။ ငှက်ပျောပင်၊ ငှက်ပျောဖက်ပေါ် တက်အိပ်ပြပုံကို မှတ်မိနေပါသည်။

MMCYBERMEDIA
COMMUNITY FOR ALL

၁၉၈၃ခု၊ ဇူလိုင်လထုတ်၊ သောင်းပြောင်းထွေလာရယ်စရာမဂ္ဂဇင်း အတွဲ(၁၉)၊ အမှတ် (၁)ပါ ဆရာမကြီး ဒေါ်ခင်မျိုးချစ်၏ “ကိုင်း ပြောလိုက်စမ်းမယ် သောင်းပြောင်းထွေလာ” ဆောင်းပါးမှလည်း… ကောက်နုတ်ဖော်ပြပါရစေ။

… သမိုင်းနောက်ခံထားပြီး စိတ်ကူးနဲ့ဖန်တီးရေးတာမျိုးကို (Historical Fiction) လို့ ခေါ်ရတယ်။ (Historical Novel) လို့ခေါ်ရင် သမိုင်းကြောင်းနောက်ခံထားပြီး ဝတ္ထုပုံစံနဲ့ ရေးထားတာမျိုးကို ဆိုလိုတယ်။ (Historical Fiction) လို့ ဆိုလိုက်တော့ သမိုင်းနောက်ခံထားပြီး စိတ်ကူးနဲ့ ဖန်တီးရေးတဲ့အခါမှာ ဝတ္ထုရှည်ပုံစံ၊ ပြဇာတ်ပုံစံ၊ ကဗျာပုံစံ၊ စာပေပုံစံအမျိုးမျိုးနဲ့ ရေးတာတွေအားလုံး ပါသွားတယ်…”

* * * * *

ဤရွှေတိုက်စိုးဝတ္ထုသည် လင်္ကာဒီပချစ်သူလို (Saga) အမျိုးအစား မဟုတ်နိုင်ပါ။ (Saga) ဆိုသည်မှာ ဆွေမျိုးစု၊ စီးပွားရေးထူထောင်ပြီး ကြီးပွားလာပုံ၊ သို့မဟုတ် တိုင်းသစ်ပြည်သစ် ထူထောင်ပုံ၊ တိုင်းရေးပြည်ရေး၊ စစ်ရေးစစ်ရာ စွန့်စားကြပုံကို ဝတ္ထုပုံသွင်းရေးသည့် စာပေမျိုးဖြစ်ကြောင်း အထက်ပါဆောင်းပါးမှာပင် ဆရာမကြီး ညွှန်ပြခဲ့ပါသည်။

ရွှေတိုက်စိုးသည် (Historical Fiction) (သမိုင်း နောက်ခံပြု စိတ်ကူးယဉ်ဝတ္ထု) ဖြစ်နိုင်သည်ဟု ရေးပြီးချိန်တွင် ကျွန်တော်အမျိုးအစား သတ်မှတ်မိပါသည်။ ထို့ကြောင့် လေးစားအပ်သော စာဖတ်သူအဖို့လည်း သူ့အိုးသူ့ဆန် တန်ရုံမျှသော အမြင်ဖြင့် ဤရွှေတိုက်စိုးကို နားလည်စေလိုပါသည်။

* * * * *

‘ရွှေတိုက်စိုး’ကို စရေးသောကာလမှာ ၁၉၈၂ခုနှစ် ဖြစ်ပါသည်။ ထုံ့ပိုင်းထုံ့ပိုင်း နိုင်လွန်းလှသော ရေးသားခြင်းများဖြင့် ဤဝတ္ထုသည် ၁၉၈၅ခု၊ ဧပြီလ ၁-ရက်နေ့တွင်မှ ပြီးစီးအထမြောက်ခဲ့ပါသည်။ သုံးနှစ်တာအချိန်ယူ ရေးသားလိုက်သော ဝတ္ထုကြီးတော့ မဟုတ်ပါ။ အနည်းဆုံး ဤဝတ္ထုကိုဖတ်ပြီး ဆင်ခြင်နိုင်းဆမှုနှင့်ယှဉ်သော ပျော်ရွှင်မှုကို ရရှိမည်ဆိုလျှင်ပင် ကျွန်တော်ရေးရကျိုးနပ်ပြီဟု ဆိုပါမည်။

သမိုင်းနောက်ခံ၊ ရာဇဝင်နောက်ခံ ဝတ္ထုများကို ကျွန်တော်သည် ယုံယုံကြည်ကြည် ခံခံယူယူဖြင့် ရေးခဲ့၊ ရေးဆဲ၊ ရေးအံ့ဖြစ်ပါကြောင်းနှင့်…

လေးစားအပ်သော စာဖတ်သူ၏ ဝေဖန်သုံးသပ်မှုများကို ဆက်လက်ခံယူသွားမည် ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။

လေးစားသော

ချစ်ဦးညို

၁၉၈၅ခု၊ ဧပြီလ၊ ၁-ရက်နေ့။

## ။၁။

တတိယမြောက်နေ့နှင့် နဝမမြောက်တိုက်ပွဲဖြစ်သည်။

ဒဏ်ရာရ တပ်မတော်သားတို့ကို ထားရှိကုသရာ တဲသုံးလုံးစလုံးမှာ နောက်ထပ်နေစရာ မရှိလောက်အောင် ပြည့်နေပြီ။ သမားတော်နှင့်အဖွဲ့ အမှုထမ်းတို့မှာလည်း လက်မလည်နိုင်အောင် ရှိနေသည်။

မြားဆိပ်သင့်သောဒဏ်ရာကို ကုသရသည်မှာ သမားတော်အဖွဲ့အတွက် ခက်ခဲပင်ပန်းလှသောအလုပ် ဖြစ်ချေသည်။ ဒဏ်ရာသည်းစွာ ရလာသည့်တပ်မတော်သား အများအပြားမှာလည်း မြားမှန်လာသူများချည်း ဖြစ်သည်။ အသွားတွင် သုတ်လိမ်းထားသော အဆိပ်ရည်တို့မှာ ရုတ်ချည်းသေနိုင်သော အဆိပ်မျိုးမဟုတ်ဟု သမားတော် အနန္တကစွည်းက အခိုင်အမာဆိုသည်။ သို့သော် ရုတ်ချည်းသေနိုင်သည့် အဆိပ်မျိုးထက် ပို၍ထိရောက်သော အဆိပ်ဖြစ်ကြောင်း အနန္တကစွည်းက ပြောပြသည်။

“ဒီအဆိပ်ဟာ အထူးတလည် စီမံထားတဲ့ အဆိပ်ပဲ။ မြားတံဟာ ခန္ဓာကိုယ်ထဲ သိပ်ပြင်းပြင်းထန်ထန် ဝင်စိုက်စရာမလိုဘူး။ ပခုံး၊ လက်မောင်း၊ လက်ဖျံ၊ ဘယ်နေရာဖြစ်ဖြစ် အရေပြား ပွန်းပဲ့ရုံလောက်ပဲ မြားတံထိရုပါစေ။ မြားသွားမှာ လိမ်းသုတ်ထားတဲ့ အဆိပ်အတွက် ပွန်းပဲ့ရာ၊ ခြစ်ရာလေး တစ်ခုလောက်ရသွားရင် လုံလောက်ပြီ။ ဒဏ်ရာရသွားတဲ့နေရာကစပြီး အဆိပ်ဟာ တစ်ကိုယ်လုံးမှာရှိတဲ့ သွေးကြောတွေထဲကို အလျင်အမြန် ပျံ့နှံ့သွားနိုင်တယ်။ ပြီးတော့ သွေးလှည့်ပတ်သွားလာမှုဟာ ချက်ချင်းနှေးကွေးတုံ့ဆိုင်းသွားမယ်။ လူနာဟာအပြင်းဖျားပြီး တစ်ကိုယ်လုံး အကြောတွေ သေသွားမယ်။ ခြေတွေ လက်တွေ လှုပ်ရှားမရအောင်ဖြစ်သွားမယ်။ ကယောင်ကတမ်း ငန်းဖမ်းလာမယ်။ နောက်ဆုံးတော့ သွေးလေချောက်ချား၊ ဟဒယပျက်ပြားပြီး စစ်သည်တော်တစ်ယောက် အဖြစ်မဆိုထားနဲ့ သာမန်လူတစ်ယောက်အနေနဲ့တောင် သုံးမရတော့တဲ့အထိ ရှုံးသွပ်သွားမယ်။ ဒါဟာမြားသွားထိပ်မှာ ပါလာတဲ့ အဆိပ်ရဲ့အာနိသင်ပဲ။ အင်မတန်ကြောက်စရာကောင်းတဲ့ အဆိပ်မျိုး”

နှုတ်ကလည်း မနားတမ်းပြောသည်။ လက်ကလည်း မနားတမ်း အလုပ်များနေသည်။ သမားတော်အနန္တကစွည်းသည် ရဲမက်တစ်ယောက်၏ပခုံးထက်မှ သွေးစို့နေသည့် ဒဏ်ရာပေါ်သို့ သံပူကို ဖိကပ်လိုက်သည်။ ရှဲခနဲအသံနှင့်အတူ စူးရှားသော အနံ့ပေါ်လာသည်။ ရဲမက်လည်း အသံနက်ကြီးဖြင့် အော်သည်။ နားမျက်စိ မချမ်းသာစရာ။

“အဆိပ်လှည့်ပတ်မှု တုံ့နှေးသွားအောင် ဦးစွာ လုပ်ပစ်ရမယ်။ ဒါကြောင့် သံပူနဲ့ ကပ်ရတာပဲ။ ပြီးတော့ မူလဒဏ်ရာဟောင်းကို အနာအသစ်ဖြစ်အောင် လုပ်ပစ်ရမယ်။ အဲဒီအနာကိုမှ ဆက်ကုရမယ်။ အဖျားတက်လာမယ့်လူနာကို ဆေးရည်ဆက်တိုက်ရမယ်။ ပျံ့နှံ့လာမယ့် အဆိပ်တွေ အပြင်ရောက်သွားအောင် ခြေထိပ်လက်ထိပ်တွေကို

သွေးဖောက်ထုတ်ပစ်ရမယ်။ အထဲကမှ အဆိပ်တွေစုသွားပြီး ခြေချောင်းလက်ချောင်းအချို့ ညိုပုပ်ပုပ်ဖြစ်လာပြီဆိုရင်တော့ အဲဒီလိုဖြစ်တဲ့ခြေလက်ကို ဖြတ်တောက်ပစ်ရလိမ့်မယ်။ အရေးအကြီးဆုံးကတော့ ဒီအဆိပ်ဟာ နှလုံးသွေးကြောထဲ မရောက်ဖို့နဲ့ ဦးနှောက်ထဲရောက်မသွားဖို့ပဲ။ ဒါကို အချိန်မီ မတားဆီးနိုင်ရင်တော့”

ရဲမက်၏ ဆတ်ဆတ်တုန်မေးချင်းရိုက်နေသော သွားကိုဖြဲ၍ ဆေးရည်လောင်းထည့်နေရသဖြင့် အနန္တကစ္စည်း စကားဆက်မပြောနိုင်အား။ သစ်သားဖွန်းကို ခက်ခဲစွာ ခံတွင်းထဲသို့ထည့် ဆေးတိုက်ရသည်။ ရဲမက်ငယ်၏ မျက်လုံးကြီးများမှာ ပေါက်ထွက်မတတ် ပြူးကျယ်နေလေသည်။

“နှလုံးသွေးကြောနဲ့ ဦးနှောက်ထဲကို အဆိပ်ရောက်မသွားအောင် အချိန်မီ မတားနိုင်ဆီးနိုင်ရင်တော့ ကျုပ်တို့ရဲ့ ရဲမက်တစ်ယောက်ကို ဆုံးရှုံးသွားပြီသာ မှတ်ပေတော့။ ကွမ်းတစ်ရာညက် မကြာမီမှာပဲ သူဟာ သွက်သွက်ခါအောင် ရှူးသွပ်သွားမှာပဲ”

တဲဝတံခါးမှ ရဲမက်တစ်သိုက်ဝင်လာပြန်သည်။ ဒဏ်ရာရလာသူများကို ပွေ့ချီထမ်းပိုးလာသူများ ဖြစ်သည်။

“မြားဆိပ်ပဲလားဟေ့”

“ဟုတ်ပါတယ် သမားတော်ကြီး”

“ကွပ်ပျစ်နေရာ မရှိတော့ဘူး။ အောက်မှာ အင်ဖက်ခင်းထားတယ်။ မြေကြီးပေါ်မှာပဲ ချထားလိုက်တော့။ ဆေးရည်ထပ်ကျိုထားဦးဟေ့။ သံပူတွေလဲ မီးထပ်ဖုတ်ထား။ အဖျားတွေ နီရဲနေအောင်ဖုတ်နော်။ မြားတန်းလန်းပါလာတဲ့ ရဲမက်ရှိရင် မြားသွားကို ကိုယ်ထဲမှာ ကျိုးပဲ့မကျန်ရစ်ရအောင် ဂရုစိုက်ဆွဲထုတ်။ မြားသွားအပိုင်းအစ ကျန်ရစ်ရင် ဘယ်လိုမှ မရနိုင်တော့ဘူး”

အဆက်မပြတ်သော အမိန့်များကိုပေးရင်း သမားတော်ကြီးအနန္တကစ္စည်းသည် တဲအတွင်းဘက်သို့ ဝင်ခဲ့သည်။ တပ်မင်းကြီးနေမျိုးသီဟသူရလည်း သမားတော်ကြီးနောက်မှ ထပ်ကြပ်မကွာ လိုက်လာခဲ့လေသည်။

အင်းဝနေပြည်တော်ကို စတင်ထူထောင်သိမ်းသွင်းပြီးကတည်းကပင် တပ်မင်းကြီး နေမျိုးသီဟသူရသည် ဘုရင်မင်းမြတ်နှင့်အတူ ပွဲပေါင်းများစွာ ဝင်ခဲ့ဖူးသူ ဖြစ်သည်။ စစ်ကိုင်း ပင်းယဒေသတစ်ဝိုက် ကြီးမားပြင်းထန်သော တိုက်ပွဲများနှင့်။ ပြီးခဲ့သည့်နှစ်အကုန်က ပေါ်ပေါက်ခဲ့သည့် ငွေယံကုန်းတိုက်ပွဲ အပါအဝင်။

ကစဉ့်ကလျား အပြိုပြိုအပျက်ပျက် ပဒေသရာဇ်ဘုရင်တို့နှင့် စစ်ခင်းရသည့် ဆင်မြင်းခြေလျင် တိုက်ပွဲပေါင်းများစွာတို့၌ နေမျိုးသီဟသူရ တပ်တော်ဦးမှ စီးနင်းကာ ဦးဆောင်ဦးရွက်တိုက်ခဲ့သည်။ စစ်တလင်း စစ်မြေပြင်ပေါင်း များစွာတို့ကို

အသက်၏ထက်ဝက်ခန့်မျှ အကြိမ်အထိ ကြုံခဲ့သည်။ စစ်မြေပြင်တို့သဘာဝ၊ သွေးသံရဲရဲ ဓါးလှံဖွေးဖွေး ဆင်မြင်းဖွေးဖွေး၊ စစ်ပွဲ၏ ရက်စက်ကြမ်းကြုတ်မှုများကို ဆုံခဲ့သည်။ အသေအကြေ အကျအဆုံးဟူသည်မှာ မဆန်းတော့။ ရန်သူ့သွေးတို့ဖြင့် လိမ်းကျံအပ်သော တိုက်ဆင်တို့၏ အစွယ်ကြီးများ၊ မြင်းခွာများ၊ ဓါးသွားများ၊ လှံသွားများသည် နေမျိုးသီဟသူရလို တပ်မင်းကြီးတစ်ယောက်အတွက် ပီတိရိုးရှင်းသော အတွေ့အကြုံ။

သို့သော်...

ယခု 'တောင်တွင်းတိုက်ပွဲ' ကျခါမှ...။

ဒဏ်ရာရရဲမက်များ ထားရှိရာ တဲကြီးသုံးလုံးမှာ နေရာမဆံ့။ တဲအတွင်းရှိ ရဲမက်များမှာ တစ်ချိန်ထက်တစ်ချိန် တိုးပွား၍သာ လာနေသည်။ ရဲမက်တို့၏ အော်ဟစ်ညည်းညူသံများမှာ နေမျိုးသီဟသူရကို လှောင်ပြောင်နေကြသည်။ နာကြည်းခံခက်သော ဒေါသတို့ဖြင့် အသားများ တဆတ်ဆတ်တုန်ရသည်။ လက်သီးတို့ ကျစ်ကျစ်ပါအောင် ဆုပ်ထားရသည်။

ခံပြင်းစရာကောင်းလှသော အဖြစ်...။

ရဲမက်တွေ တဖွဲဖွဲဒဏ်ရာရလာသည်။ သွေးသံရဲရဲမဟုတ်။ ရုပ်ဆင်းပျက်ယွင်းလာကြသည် မဟုတ်။ အချို့မှာ မြားတံစိုက်ပါလာသည်။ အချို့မှာ မပါလာ။ ဒဏ်ရာရသည့် နေရာများမှာလည်း လည်မျို၊ ရင်အုပ်စသော သေလောက်သည့်နေရာမှာလည်း မဟုတ်။ ပွန်းပဲ့ထိရှရုံ၊ သွေးစို့ရုံမျှသာ။

သို့သော် သမားတော်ကြီး၏ ပြောပြချက်များနှင့်အတူ တွေ့နေရသောမြင်ကွင်းအရ အန္တရာယ်မှာ ကြောက်စရာကောင်းလောက်အောင် ကြီးလှကြောင်း တပ်မင်းကြီး နေမျိုးသီဟသူရ တဖြည်းဖြည်း နားလည်လာသည်။

ရန်သူသည် မြို့ပြ ကျုံးမြောင်းကို အခိုင်အမာစွဲကာ ရိုးထိပ် သူရဲခိုထက်မှ ရာပေါင်းများစွာသော မြားတံတို့ကို မိုးသီးမိုးပေါက်ပမာ သွန်ချသည်။ ကျုံးကို ဖြတ်ကူးသော အင်းဝရဲမက်တို့မှာ ဖြိုင်ဖြိုင်ကျလာသော မြားတံများကို မရှောင်သာ။ ပခုံး၊ ပါးပြင်၊ လက်မောင်း၊ လက်ဖျံ ထိရှစွဲမှန်ကြသည်။

စင်စစ် ရန်သူ့တပ်တွင် လက်ဖြောင့်လေးသည်တော် မရှိ။

ရန်သူတို့သည် အင်းဝရဲမက်များကို တည့်မတ်စွာ ချိန်ရွယ်ပစ်လွှတ်ကြသည် မဟုတ်ချေ။ ပစ်လွှတ်နိုင်စွမ်း ရှိကြသည်လည်းမဟုတ်ချေ။ အင်းဝရဲမက်များ အစုအပြုံလိုက် ရှိနေရာဆီသို့ မြားတံများကို ကစဥ့်ကလျား သွန်ချလိုက်ကြသည်သာ ဖြစ်သည်။ ဤမြားတံများကလည်း အင်းဝရဲမက်များ၏ လည်မျို ရင်အုပ်ဆီသို့ ထိမှန်လာကြသည် မဟုတ်။ ပွန်းပဲ့ထိရှရုံလောက်သာ ရန်သူတို့ ရည်ရွယ်သည်။ သို့သော် မြားသွားက ခန္ဓာတစ်နေရာရာကို ထိရှသွားပြီဆိုလျှင် ရန်သူတို့၏ ရည်ရွယ်ချက် အထမြောက်ပြီ။

မြားသွားတွင် လိမ်းသုတ်ထားသည့် အဆိပ်။

ကြောက်စရာကောင်းလှသည့် အဆိပ်ရည်။

တပ်မင်းကြီး နေမျိုးသီဟသူရ၏ မျက်လုံးညိုကြီးများတွင် သွေးကြောများ နီရဲသေးမျှင်စွာ ယှက်ဖြာနေသည်။

နာကြည်းခံခက်ဒေါသက ပြင်းထန်လွန်းလှသည် ဖြစ်သောကြောင့် တောက်တစ်ချက်မျှပင် မခေါက်နိုင်တော့။

* * * * *

တဲဝဆီမှ လှုပ်လှုပ်ရွရွအသံများ ကြားလိုက်ရသည်။

မြားဒဏ်သင့် ရဲမက်တစ်သုတ် ရောက်လာပြန်ပြီဟု တွေးကာ တပ်မင်းကြီး တဲဝဆီသို့ လှမ်းကြည့်လိုက်သည်။

တွေ့ရသည်ကား ဘုရင့်သက်တော်စောင့် တပ်ဗိုလ်မှူး ဖြစ်သည်။

တပ်မှူးသည် တဲအတွင်းသို့ ခြေလှမ်းကြဲကြီးများဖြင့် ဝင်လာသည်။ အနီးသို့မရောက်မီမှာပင် တပ်မင်းကြီး သိလိုက်ပြီ။

"ဘုရင်မင်းမြတ် ကိုယ်တော်တိုင်လား"

"ဟုတ်ပါတယ် တပ်မင်းကြီး"

တပ်မှူးက ကပ္ပာကယာ ပြန်ဖြေဆဲမှာပင် တဲအတွင်းသို့ သက်တော်စောင့်တပ်ဖွဲ့ ဝင်လာကာ ဝါးကွပ်ပျစ်များ တစ်ဖက်တစ်ချက်ဘေးတွင် နေရာယူလိုက်ကြသည်။ စစ်သည်တော်တို့ အလယ်တွင် ဝင်သာရုံလမ်းကြောင်းတစ်ခု ပေါ်လာသည်။

တပ်မင်းကြီး နေမျိုးသီဟသူရနှင့် သမားတော်ကြီး အနန္တကစွည်းတို့ တစ်ပြိုင်တည်း ဒူးထောက်ချလိုက်သည်။

လမ်းကြောင်းအတိုင်း တဲအတွင်းသို့ဝင်လာသူကား သတိုးမင်းဖျားဘုရင် ကိုယ်တော်တိုင်ပင်တည်း။

ဘုရင့်နောက်တွင် ပါလာသူကား ရမည်းသင်းစား မင်းကြီးသီလဝ။ ထို့နောက် ပိဋ္ဌကဗေဒင် ကျွမ်းကျင်နှံ့စပ်သော သယ်ရာဇာ။ ထို့နောက် တပ်မှူးများ။

"ဒဏ်ရာရရဲမက်တွေ မြားဆိပ်သင့်တယ်ဆိုတာ မှန်သလား"

သတိုးမင်းဖျားက ရောက်မဆိုက်ပင် မေးသည်။ ထီးမှုနန်းမှုမရှိသော ဘုရင်မင်းမြတ်၏အသွင်မှာ ခါတိုင်းလိုပင် ခက်ထန်ခြင်း၊ သွက်လက်ခြင်းများဖြင့် အသွယ်အဝိုက် ကင်းစင်နေလေသည်။

"မှန်ပါတယ် ဘုရင်မင်းမြတ်။ အလွန်ကြောက်စရာကောင်းတဲ့ မြားဆိပ်တစ်မျိုး သင့်လာကြပါတယ်"

အနန္တကစွည်းက လက်ထဲမှ သံပူကို အမှုတော်ထမ်းတစ်ယောက်ထံ လှမ်းပေးကာ လက်အုပ်ချီ၍ ဖြေသည်။

"ဘယ်လိုကြောက်စရာ ကောင်းသလဲ"

အနန္တကစွည်းက မြားဆိပ်အကြောင်းကို ရှင်းပြနေချိန်မှာ တပ်မင်းကြီး နေမျိုးသီဟသူရမှာ ရက်ကြောက်ခြင်းပြင်းစွာဖြင့် သတိုးမင်းဖျားရှေ့တွင် ခေါင်းငိုက်စိုက် ချရလေသည်။

"........ အဲဒီလိုနဲ့ ရူးသွပ်ပြီး လူစဉ်မမီတော့တဲ့ အဖြစ်ကိုရောက်အောင်ထိ ပြင်းထန်တဲ့ အဆိပ်ဖြစ်ပါတယ် ဘုရင်မင်းမြတ်"

သမားတော်၏ စကား အဆုံးသတ်သွားသည်။

"ဒဏ်ရာရရဲမက် ဘယ်လောက်ရှိသွားပြီလဲ တပ်မင်း"

"အင်အား သုံးပုံနှစ်ပုံ ရှိပါပြီ ဘုရင်မင်းမြတ်"

"ကျုံးကို ဖြတ်ကူးတာ မအောင်မြင်ဘူးဆိုပါတော့ ဟုတ်လား"

"မှန်ပါတယ် ဘုရင်မင်းမြတ်"

"အင်း"

သတိုးမင်းဖျားသည် ဝါးကွပ်ပျစ်ရည်ပေါ်တွင် အတုံးအရုံး လဲကျနေသော ရဲမက်များကို လှမ်းကြည့်လိုက်သည်။ ဘုရင်မင်းမြတ်၏ အသွင်မှာ ထူးထူးခြားခြား ငြိမ်သက်နေသည်။ မြားဆိပ်အကြောင်းကို သိသွားပြီးလျှင် ပြင်းစွာဒေါသပေါက်ကွဲလိမ့်မည်ဟု တပ်မင်းကြီးက ထင်နေသော်လည်း ထင်သလိုမဟုတ်ဘဲ ပကတိ တိတ်ဆိတ်နေခြင်းကြောင့် အံ့အားသင့်သွားသည်။ သို့သော် ချက်ချင်းပင် ဘုရင်မင်းမြတ်၏ အသိရခက်သော သဘောထားကို နားလည်လိုက်ပြန်သည်။ ဤမျှ တိတ်ဆိတ်ငြိမ်သက်နေခြင်းကပင် ဘုရင်မင်းမြတ်၏ ရင်ထဲ၌ အဘယ်မျှထိ ဆူဝေပေါက်ကွဲနေပြီဟု သိလိုက်ရသောကြောင့် ဖြစ်သည်။

"ဒီအဆိပ်အကြောင်း ဘယ်သူသိသလဲ"

သတိုးမင်းဖျားက တစ်ယောက်စီ၏မျက်နှာများကို လိုက်လံကြည့်၍ မေးသည်။

"ဒီအဆိပ်မျိုးဟာ ချက်ချင်းဖော်စပ်ပြီး ချက်ချင်းအသုံးပြုရတယ်ဆိုတာ တမ္ပဒီပခေတ် အရည်းရှင်ကြီးများရဲ့ ပုရပိုက်တွေထဲမှာ မှတ်တမ်းပြုထားခဲ့ပါတယ် ဘုရင်မင်းမြတ်။ ရန်သူတွေဟာ ဒီနည်းနဲ့ အသုံးပြုနေကြတာပါပဲ"

"ဟုတ်လား... သင်္ယရာဇ"

လောကီပညာ ကျွမ်းကျင်နှံ့စပ်သော သင်္ယရာဇဘက်သို့ လှမ်းကြည့်၍ သတိုးမင်းဖျားက မေးသည်။

"မှန်ပါတယ် ဘုရင်မင်းမြတ်။ ဒါဟာ တန္တရဂိုဏ်းဝင် အရည်းရှင်များ ဖော်စပ်အသုံးပြုဖူးတဲ့ အဆိပ်တစ်မျိုးပါ။ အရည်းရှင်ကြီးတွေရဲ့ ပုရပိုက်ကို ရန်သူတွေ လက်ဝယ်ရထားကြောင်း ယုံမှားသံသယဖြစ်စရာ မလိုပါဘူး။ ဒါဟာ တမ္ပဒီပရှေးခေတ်က လက်နက်တစ်မျိုး ဖြစ်ပါတယ်"

သင်္ယရာဇ မဆိုင်းမတွဖြေသည်။ သင်္ယရာဇကား အင်းဝရွှေမြို့တော်ကို တည်ထောင်ရန်အတွက် ဗေဒင်၊ တဘောင်စနည်း၊ အတိတ်အိပ်မက်တို့ကိုဖွင့်ဆို အခါပေးခဲ့သူ ပဏ္ဍိတ်အကျော်အမော် ဖြစ်သည်။ ပိဋကာ ဗေဒင်နှင့်တကွ လောကီအတတ်၌ ကုံလုံသူ မင်းအတိုင်ပင်ခံ ပညာရှိကြီးလည်း ဖြစ်သည်။ သင်္ယရာဇ၏ စကားသည် အမှား ကင်းစင်သောစကားပင်။

"ဒဏ်ရာရရဲမက်တွေဟာ အချိန်မီမကုနိုင်ရင် ရှူးသွပ်ကုန်ကြမယ်။ မရှူးသွပ်ရင်တောင် အကြောတွေ တုံ့ဆိုင်းပြီး ခြေလက်မလှုပ်ရှားနိုင်အောင် ဖြစ်သွားမယ်။ ဟုတ်သလား အနန္တကစွည်း"

"ဟုတ်ပါတယ် ဘုရင်မင်းမြတ်"

"တောင်တွင်းစား သီဟပတေ့ဟာ ကျွန်ုပ်ရဲ့အင်အားကို အမှည့်ကြွေကြွေအောင် ခြွေတဲ့နည်း သုံးနေတာပဲ။ ဒဏ်ရာရများဆိပ်သင့် ရဲမက်တွေကို ကုသရတဲ့အတွက် တပ်မတော်မှာ အချိန်နဲ့အင်အား ယုတ်လျော့သွားအောင် လုပ်နေတယ်။ တခါတည်း အကျအဆုံးရှိအောင် မလုပ်ဘူး။ လုပ်လဲမလုပ်နိုင်ဘူး။ ဒါကြောင့် အကောက်ဉာဏ်နဲ့ အဆိပ်သုံးတာပဲ"

ရန်သူ့သေနင်္ဂဗျူဟာကို သတိုးမင်းဖျားက အလွယ်တကူ ဖော်ထုတ်လိုက်နိုင်သည့်အတွက် နေမျိုးသီဟသူရမှာ ဘုရင်မင်းမြတ်အပေါ် အံ့သြခြင်းနှင့်အတူ ကြောက်ရွံ့လေးစားသွားမိသည်။

"စစ်ပြုကြတယ်ဆိုမှတော့ နိုင်ရာနည်းကို သုံးကြတော့မပေါ့ ညီတော်"

သတိုးမင်းဖျား၏ လက်ယာဘက်မှ ထွက်ပေါ်လာသောအသံ ဖြစ်သည်။ ဤအသံသည် ထူးထူးခြားခြား အသံဝါလေးလေးတွဲ့တွဲ့ကြီးဖြစ်သည်။ အသံရှင်ကား ရမည်းသင်းစား မင်းကြီးသီလဝပင်တည်း။

မင်းကြီးသီလဝသည် ကြီးမားထွားကျိုင်းလှသော ခန္ဓာကိုယ်ကြီးကို လေးပင်စွာ ရွေ့လျားရင်း ဝါးကွပ်ပျစ် အစွန်းတွင် မှီလိုက်လေသည်။ သတိုးမင်းဖျားနှင့် ညီနောင်သွေးချင်းတော်စပ်သော ရမည်းသင်းစား မင်းကြီးသီလဝသည် ဘုရင့်ထက် အသက်ငါးနှစ်ခန့်ကြီးသူဖြစ်သည်။

မင်းကြီးသီလဝသည် အင်းဝနေပြည်တော်တွင်သာမက နိုင်ငံတော်တစ်ဝန်းလုံးတွင် နှစ်ယောက်အတူမရှိအောင် ထူးခြားဆန်းကြယ်သူ ဖြစ်လေသည်။ ကြီးမားထွားကျိုင်းလှသော ခန္ဓာကိုယ်ရှိသည်နှင့်အမျှ လှုပ်ရှားပြောဆိုမှုမှာလည်း လေးကန်လှသူ ဖြစ်သည်။ မင်းကြီး၏မျက်နှာပေါ်တွင် လေးဖင့်စွာ ပုတ်ခတ်နေသော မျက်ခွံများအောက်မှ မျက်လုံးများတွင်လည်း ဤလောကတွင် ဘာကိုမှ စိတ်ဝင်စားခြင်းမရှိသော အရောင်များဖြင့် ထာဝစဉ် မှိုင်းမှုံနေတတ်သည်။ စစ်ရေး၊ နိုင်ငံတော်အရေး၊ ထီးနန်းရေး၊ အင်းဝထူထောင်ရေး ဘာအရေးကိုမှ စိတ်မဝင်စားသူလည်း ဖြစ်သည်။

ထို့ထက်မူ စကားခွန်းစပြောရမည်ကိုပင် ဝန်လေးတတ်သူ ဖြစ်သည်။ စစ်မြေပြင်၌ဖြစ်စေ၊ ဘုရင့်ညီလာခံ၌ဖြစ်စေ ဘာတစ်ခွန်းမှဝင်ရောက်ပြောဆိုတတ်သူ မဟုတ်ပေ။ မည်သူ့ကိုမျှလည်း ရင်းနှီးကျွမ်းဝင်ဟန်မပြ။

ထိုသည်နှင့်အမျှ ပြုံးရယ်ခြင်းလည်း အလျင်းကင်းမဲ့လှသည်။ ခံစားလှုပ်ရှားမှုကင်းသော မျက်နှာကြီးမှာ အမြဲတစေပင် ရေသေကန်စပ် မျက်နှာပြင်လို တည်ငြိမ်နေတတ်သည်။ ဤဘဝတွင် လူသားအဖြစ် နေထိုင်ရသည်ကိုပင် ဝန်လေးပင်ပန်းဆင်းရဲလှဟန်ဖြင့် ပကတိ တည်ငြိမ်လွန်းသူ ဖြစ်သည်။

သတိုးမင်းဖျားဘုရင်နှင့် မင်းကြီးသီလဝတို့ကား အစွန်းအကျဆုံး ဆန့်ကျင်ဘက်ညီနောင်နှစ်ပါး ဖြစ်လေသည်။ သတိုးမင်းဖျား တက်ကြွလှုပ်ရှား ဖျတ်လတ်သည်နှင့်အမျှ မင်းကြီးသီလဝကား လေးကန်ထိုင်းမှိုင်း တည်ငြိမ်သူတည်း။

"ဘာပြောလိုက်တယ် နောင်တော်"

သတိုးမင်းဖျားက မင်းကြီး သီလဝကို လှည့်မေးလိုက်သည်။

မင်းကြီး သီလဝက စကားပြောရမည်ကိုပင် ဝန်လေးဟန်ဖြင့် ပျင်းရိစွာ နေရာရွှေ့ထိုင်လိုက်ပြီး…

"စစ်ပြုကြတယ်ဆိုမှတော့ လက်ရုံး၊ နလုံး၊ အကောက်ဉာဏ် ကိုယ်သန်ရာ သုံးကြတော့မပေါ့။ တောင်တွင်းစားဟာ လူယုတ်မာပဲကိုး"

"လူယုတ်မာက အကောက်ဉာဏ်နဲ့ အဆိပ်ရည်တွေသုံးတိုင်း ကျုပ်တို့ရဲ့ရဲမက်တွေ အချည်းနှီး ပျက်စီးရမှာလား နောင်တော်"

"အဆိပ်ရည်တွေကို ဖျက်ဆီးရမှာပေါ့"

ဤစကားကို ဝင်ပြောသူမှာ သဃ်ရာဇ ဖြစ်သည်။

"မှန်တယ်"

မင်းကြီးသီလဝက လေးတွဲ့စွာ ဝင်ပြောသည်။ တပ်မင်း နေမျိုးသီဟသူရက ဒူးထောက်နေရာမှပင် ရင်ကို တည့်မတ်စွာ စွင့်လျက်…

"ကျွန်တော်မျိုးအရာထားပါ ဘုရင်မင်းမြတ်။ ဒီအဆိပ်ရည်တွေကို ဖျက်စီးဖို့အတွက် ကျွန်တော်မျိုးကို အမှုတော်ချပေးပါ"

သတိုးမင်းဖျားက တပ်မင်းကြီးကို တစ်ချက်မျှ စူးစိုက်ကြည့်ပြီး ခေါင်းခါလိုက်သည်။

"ဆင်မြင်း ခြေလျင်တပ်ကို ကွပ်ကဲပြီး ပွဲဝင်ရတဲ့နေရာလိုမျိုးအတွက်သာ တပ်မင်းကို ကျွန်ုပ်အရာ ပေးတာဖြစ်တယ်။ ဒီနေရာဟာ တပ်မင်းနဲ့မလျော်ဘူး။ ဒီပွဲဟာ ငွေယ်ကုန်းစား ကျော်သူတုန်းကလိုပဲ ကျွန်ုပ်ကိုယ်တိုင် ဒီတောင်တွင်းစား သီဟပတေ့ကို သုတ်သင်ရမယ့်ပွဲ"

"ဒါဟာ ဘုရင်မင်းမြတ်အရာလည်း မဟုတ်ပါဘူးလေ"

သဃ်ရာဇက သတိုးမင်းဖျားကို တောင်းပန်တိုးလျှိုးသော အကြည့်ဖြင့် ကြည့်၍ မဝံ့မရဲ ဆိုလေသည်။ ထို့နောက် တိုင်ကိုမှီ၍ တစ်နေရာရာကို ငေးကြည့်နေသော မင်းကြီးသီလဝကို လှည့်ကြည့်လိုက်သည်။ မင်းကြီးသီလဝကမူ သဃ်ရာဇကို ပြန်မကြည့်။ သို့သော် သဃ်ရာဇက ကြည့်နေမှန်းကို သိနေဟန်ဖြင့်…

"မှန်တယ်။ ဒါဟာ ရွှေတိုက်စိုးရဲ့ ပွဲပဲ။ သူ့ကိုလွှတ်"

* * * * *

# ။၂။

ဘုရင်မင်းမြတ်နှင့် ရွှေနန်းတော်၏ ဘဏ္ဍာ ရတနာ ရိက္ခာတော်နှင့်တကွ နေပြည်တော်၏ဘဏ္ဍာရိက္ခာ လုံခြုံစေ့စေ့ သိပ်သည်းရေးကို အမှုတော်ထမ်းအုပ်ချုပ်ရမည်ဟု အမိန့်တော် ချမှတ်ခံရပြီးကတည်းက ရွှေနန်းတော်အပြင်ဘက်ကို ထွက်ချိန် မရခဲ့။

ပြဲတိုက်တော်ဝန်၊ အတွင်းဝန်၊ စာရေးတော်၊ စာချီတော် မြို့ပြဇနပုဒ် အကြီးအကဲများနှင့်သာ ရွှေတိုက်တော်အတွင်း နေ့နေ့ညည အချိန်ကုန်ခဲ့သည်။ ဘုရင်သတိုးမင်းဖျား ယုံကြည်စိတ်ချစွာ အရာလွှဲခဲ့သည့်အတွက်ကြောင့်လည်း ရွှေတိုက်တော်၏ ရွှေတစ်ပြား၊ ငွေတစ်စေ့၊ ကြေးတစ်ရွေး အတိမ်းအပါး အချွတ်အချော် မရှိစေရအောင် ကြပ်မအုပ်ချုပ်နေရသည်။

အထူးသဖြင့် အခြားသော မင်းဆွေမင်းမျိုး၊ သူကောင်းမျိုးများကို ကျော်လွန်၍ မိမိကဲ့သို့သော သူတစ်ယောက်အား ယုံကြည်စိတ်ချစွာဖြင့် 'ရွှေတိုက်စိုး' ခန့်ခဲ့သော ဘုရင်သတိုးမင်းဖျား၏ ယုံကြည်စိတ်ချမှုသည် အကြွင်းမဲ့သဘောကို ဆောင်နေချေသည်။ ထို့ကြောင့် အမှုတော်ထမ်းရာ အလစ်အလပ်မရှိစေရ။ ဘုရင့်ယုံကြည်မှုကို အစွန်းအထင်းမရှိစေရ။

ဘုရင်မင်းမြတ်နှင့်တကွ တပ်တော်များ အလုံးအရင်းဖြင့် ယခုလို တောင်တွင်းစစ်မြေပြင်သို့ ထွက်ခွာရောက်ရှိနေချိန်တွင် နေပြည်တော်၌ ကျန်ရစ်ခဲ့သော မိမိတာဝန်က ပို၍ ကြီးလေသည်။

ရွှေတိုက်စိုးအရာကို ရသည့်နေ့မှစ၍ မိမိအပေါ်မလိုမလား မုန်းထားစိတ်ဖြင့် မျက်ခြည်မပြတ် စောင့်ကြည့်နေသော အတွင်းသင်းမှူး ငနွယ်နက မိမိအပေါ် အချိန်တိုင်းမှာ အပြစ်ရှာချင်နေသည်။ အတွင်းသင်းမှူး ငနွယ်နကို စိတ်ထဲတွင် မတွေ့လှသည် မှန်သော်လည်း တတ်နိုင်သမျှ ကွင်းရှောင်ခဲ့သည်ချည်း။

အတွင်းသင်းမှူး ငနွယ်န အမြဲပြောလေ့ရှိသော စကားတစ်ခွန်းရှိသည်။ မိမိကို စောင်းမြောင်း ပြက်ရယ်ပုတ်ခတ်သောစကား။

"တို့ဘုရင်မင်းမြတ်နယ် ဘုန်းလက်ရုံးအာဏာအရာမှာ ဘာမှ ပြောစရာမရှိ၊ ဇမ္ဗူဒိပ်မှာ နှစ်ယောက်မရှိတဲ့ လူစွမ်းကောင်းပ။ သို့သော်လဲ ရွှေတိုက်စိုးအရာတော် ခန့်ထားရေးမှာတော့ ဘုန်းတော်ကြီးသော မင်းမြတ်အရဲကိုးလှချည့်။ ဘယ့်နယ် သူခိုး ဓါးရိုးကမ်းရတယ်လို့"

သူခိုးဓါးရိုးကမ်းဟု အတွင်းသင်းမှူး မညှာမတာ ဖိနှိပ်ပြောဆိုသည်။ ပြောစေဟု လျစ်လျူရှုခဲ့သည်။

သို့သော် ရွှေနန်းတော်တွင် ဘုရင်သတိုးမင်းဖျား မရှိသော အချိန်မျိုးမှာ သင်းစကားက ပို၍ အသံကျယ်သည်။ ဒေါသကို မျိုသိပ်ရသည်။ လက်ဖျံလက်မောင်းကြွက်သားတို့ နာကျင်ကိုက်ခဲလှမတတ် လက်သီးအစုံကို ကျစ်ကျစ်ပါအောင်

ဆုတ်ထားရသည်။ အရင်တုန်းကလို စစ်ကိုင်း ပင်းယ အင်းဝဒေသတစ်လွှား လွတ်လပ်စွာ ကျက်စားလှုပ်ပါးနေရသော ဘဝမျိုးဆိုလျှင် နွေယ်နတစ်ယောက် ခေါင်းကိုယ်အိုးစားကွဲပြီးပြီ။

ရွှေပုရပိုက်များတွင် ကညစ်တင်ကာ စာရေးတော် စာချီတော်များကို အမိန့်ပေးကာ အမှုတော်ထမ်းနေရသော ဤ'ရွှေတိုက်စိုး'အရာကို စွန့်ပြီး ဘုရင်မင်းမြတ်နှင့်တကွ စစ်မြေပြင်သို့သာ ထွက်လိုက်ချင်သည်။ ရွှေတိုက်တော်အတွင်း အချိန်ကုန်ပြီး သစ်စေးရွှေရေးနှံ့ ကြိုင်လှောင်သော လေရှူရှိုက်ရသည်ကပင် စိတ်လက်ညှောင်းညာလာသည်။

ရွှေတိုက်စိုးအဖြစ် နလုံးရည်စွမ်းပြရသည်ထက် တပ်တော်သားအဖြစ် လက်ရုံးစွမ်းဟူ၍ ပြလိုက်ချင်သည်။

ခက်သည်ကလည်း လက်ရုံးစွမ်းဟူ၍ ပြနိုင်လောက်အောင် အစမ်းသပ်မခံရ။ ဆင်မြင်း လေးမြား ဓါးလှံ အတတ်တွင် အင်းဝရဲမက်များကဲ့သို့ ကျွမ်းကျင်နှံ့စပ်သည်လည်း မဟုတ်။ မိမိမှာ ရှိထားသည့်လက်ရုံးစွမ်းက တပ်တော်သားတွေလို စစ်ပွဲဝင်လက်ရုံးမျိုးမဟုတ်။ စစ်မြေပြင်၊ စစ်ပွဲတစ်ခုခုတွင် တစ်ဖက်ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်ရသည့် အတွေ့အကြုံမျိုးလည်း မရှိခဲ့။

မြင်းဇက်ကိုတော့ အတန်အသင့် နိုင်သည်။

ဓါးနှင့်လှံကို ကျွမ်းကျွမ်းကျင်ကျင် မဟုတ်သော်မှ ဓါးရေး လှံရေး မည့်စတမ်း ကစားတတ်သည်။ သို့သော် တိုက်ပွဲမဝင်ဖူးခဲ့။

ဆင်ရေးအတတ်ကတော့ အလှမ်းကွာလွန်းသည်။ ဘုရင့်ဆင်တပ်ကို အဝေးမှ မြင်ဖူးသည်။ ချွန်းကိုပင်မကိုင်ဖူး။ ဆင်စီးပညာ၌ မိမိသည် လုံးဝအကန်းပင်။

လေးမြားအတတ်မှုကား လုံးဝသူစိမ်းတစ်ရံဆံပင် ဖြစ်သည်။ ငယ်စဉ်က ကိုင်ခဲ့ဖူးသော လောက်လွှဲမှအပ လေးကိုင်း၊ ညှို့ကြိုး၊ မြားတံတို့သည် မိမိနှင့် လုံးဝအကျွမ်းမဝင်သော လက်နက် ဖြစ်ချေသည်။

သို့သော် မိမိကိုယ်မိမိ ဘုရင့်တပ်တော်အတွင်း ရဲမက်အမှုတော်ထမ်း ဖြစ်နိုင်ကောင်းသည်ဟုတော့ ယုံကြည်နေမိသည်။ ဓါးလှံလေးမြား ဆင်မြင်းအတတ်တို့တွင် အခြားရဲမက်များလို မပြည့်စုံ မတတ်ကျွမ်းသောငြား အင်းဝနေပြည်တော်ရှိ မည်သည့်ရဲမက်၊ အကြပ်၊ သွေးသောက်၊ ဗိုလ်၊ တပ်မှူးမှ မပြုနိုင်စွမ်းသော အရည်အသွေးတစ်ရပ် မိမိမှာရှိသည်။

ပေါ့ပါး လျင်မြန်ဖျတ်လတ်ခြင်း။

MMCYBERMEDIA
COMMUNITY FOR ALL

အလေးအနီး အမြင့်အနိမ့် အမှောင်အလင်း မည်သို့ပင် ပတ်ဝန်းကျင် ရေမြေအနေအထား ရှိနေစေ၊ ကြုံကြိုက်ရာ အခြေအနေပေါ်လိုက်ပြီး မိမိ၏ ပေါ့ပါးခြင်း လျင်မြန်ခြင်း ဖျတ်လတ်ခြင်းကို တစ်မှုဟုတ်ချင်း ထုတ်နုတ်သုံးစွဲနိုင်သည်။

အမှောင်တွင် ကြောင်တစ်ကောင်၏ စူးရှပေါ့ပါးပုံမျိုး။

ပုတ်သင်တစ်ကောင်လို သဘာဝနှင့် လိုက်လျောညီထွေ ကိုယ်ရောင်ပြောင်းလဲ ဖျောက်ဖျက်တတ်ပုံမျိုး။

မိချောင်းတစ်ကောင်လို အချိန်ကြာမြင့်ရှည်လျားစွာ ပကတိ အသေကောင်မခြား ငြိမ်သက်ပုံမျိုး။

လင်းနို့တစ်ကောင်လို တူရူအရပ် နီးကပ်ရာမှ တိုးဝှေ့လာသောလေသံကို နားထောင်ကာ အတိုက်အခိုက်ကင်းစွာ ရှောင်တိမ်းပုံမျိုး…။

သည်သို့သော အရည်အသွေးမျိုးမှာတော့ မည်သည့်အင်းဝရဲမက်မှ မိမိကို တုပယှဉ်ပြိုင်နိုင်စွမ်း မရှိနိုင်။ သို့သော် ရွှေတိုက်စိုးတစ်ယောက်အဖို့ ပေါ့ပါးလျင်မြန်ဖျတ်လတ်ခြင်းတည်းဟူသော ဤလက်ရုံးစွမ်းက ဘယ်နေရာမှာ အသုံးဝင်သနည်း။ ဘယ်လို အသုံးချရမည်နည်း။

* * * * *

ရွှေတိုက်တော်အတွင်းသို့ မြင်းသည်ကျော်တစ်ယောက်က ဝင်လိုကြောင်း တံခါးမှူး လာပြောသည်။ သည်ကတည်းက ထူးခြားမှုတစ်ခုခုနှင့် တွေ့ရတော့မည်ဟူ၍ အလိုလိုသိသည့် အာရုံက နီးကြားလာသည်။ ရွှေတိုက်တော်အတွင်းသို့ အဝင်မခံ။ ကိုယ်တိုင် အပြင်ထွက်တွေ့လိုက်သည်။

ထင်သည့်အတိုင်းပင် မြင်းသည်ကျော်က အမိန့်စာချွန်ကို ဆက်သည်။ တုန်ယင်သော လက်များဖြင့် စာချွန်ဘူးကို ဖွင့်မိသည်။

'ဘုန်းတော်ကြီးသော သတိုးမင်းဖျား ဘုရင်မင်းမြတ် အမိန့်တော် သက်ရောက်သည်မှာ ရွှေတိုက်စိုးဝန် ယခုဖြတ်ခြည်း တောင်တွင်းစစ်မြေပြင်သို့ မဖင့်မနွှဲ ရောက်ရှိဖူးဝင်စေ'

"အမိန့်တော် သီးခြားအမှာအကြား ရှိသေးလား ရဲမက်"

"ဘုန်းတော်ကြီးသောဘုရားရဲ့ သီးခြားအမှာအကြားတော့မရှိဘူး ဝန်မင်း။ မင်းကြီးသီလဝကတော့ မှာလိုက်ပါတယ်"

မင်းကြီးသီလဝပါဝင်နေသော ဤအရေးသည် သာမန်မဟုတ်တော့ဟု သိလိုက်ပြီး တစ်ကိုယ်လုံး ထွေးနွေးလှုပ်ရှားလာသည်။

"ဟုတ်လား။ မင်းကြီးက ဘာတဲ့လဲ ရဲမက်"

"မြန်မြန်လိုက်ခဲ့... တဲ့"

စကားနည်းလှသော မင်းကြီးသီလဝန္တတ်မှ ဤလေးလုံးသော စကားစု ထွက်ကျလာခြင်းကပင်လျှင် မည်မျှအရေးကြီးနေပြီဖြစ်ကြောင်း သိသာသည်။ မင်းကြီး၏ တိုတိုပြတ်ပြတ် အမိန့်သံကို ကြားယောင်ရင်း ပြုံးလိုက်မိလေသည်။

စံအိမ်တော်သို့ မပြန်တော့။ ဘနင့် ကတော်စိုးကိုလည်း အကျိုးအကြောင်း မပြောတော့။ အမှာစကားလည်း မထားရစ်တော့ဟု ချက်ချင်းဆုံးဖြတ်လိုက်သည်။

မြင်းသည်တော်ယူလာသော မြင်းပေါ်သို့ ပေါ့ပါးစွာ ခုန်တက်လိုက်သည်။

တောင်တွင်းစစ်မြေပြင်သို့...။

* * * * *

॥၃॥

တောင်တွင်းမြို့၏ ကျုံးရေသည် နွေးထွေးနေလေသည်။

ရေပြင်ပေါ်မှာ သိပ်သိပ်သည်းသည်းကျနေသော နှင်းငွေ့များက အေးစိမ့်နေသလောက် ကျုံးရေထဲမှရေက နွေးနေသည်။ ပက်လက်လှန်၍ သစ်တုံးကို တွယ်လိုက်သောကြောင့် မျက်စိတဆုံး ကောင်းကင်ပြင်ကျယ်ကို မြင်ရသည်။ လင်းလက်မှိတ်တုတ် ကြယ်ပွင့်များက မျက်လုံးအစုံပေါင်း အထောင်အသောင်းနှင့် ငုံ့ကြည့်နေသယောင်။ 'အင်းဝရွှေမြို့တော်က ရွှေတိုက်စိုးဝန်တဲ့ဟေ့။ ကြည့်စမ်း ကျုံးရေပြင်ထဲမှာ သစ်တုံးကို ဖက်တွယ်ပြီး ခိုးကြောင်ခိုးဝှက် ကူးနေတယ်။ ဒါ ရွှေတိုက်စိုးဝန်တစ်ယောက်ရဲ့ အလုပ်တဲ့လား' ဟု ကြယ်ပွင့်လေးများ တအံ့တသြ တီးတိုးဆိုနေသယောင်။

အမှောင်ထုထဲမှာ တစ်ကိုယ်တည်း ပြုံးလိုက်မိသည်။

ရွှေတိုက်စိုးဟူသောအရာတော်နှင့် လုပ်နေရသောအလုပ်တို့က ဘယ်လိုမှဆက်စပ်ခြင်းမရှိသည်ကို တွေးမိသောကြောင့်လည်း ပြုံးသည်။ လူစွမ်းလူစ ပြရတော့အံ့ဟူသော ပီတိစိတ်ဖြင့်လည်း ပြုံးမိခြင်းဖြစ်သည်။

သစ်တုံးသည် လက်ယက်အရှိန်ဖြင့် တရွေ့ရွေ့မျောနေသည်။

မြို့ရိုးထိပ် သူရဲခို သူရဲပြေးဆီသို့ အစွမ်းကုန် သတိထားပြီး ကြည့်နေရသည်။ အမှောင်နှင့် ရင်းနှီးသော မျက်လုံးများက သည်လောက်လရောင်နှင့် ညဥ့်အလင်းလောက်ကိုတော့ ကောင်းကောင်းမြင်ပေသည်။ သူရဲခိုထက်မှာ တောင်တွင်းရဲမက်များ၏ အရိပ်မည်းမည်းသဏ္ဌာန်များကို တွေ့နေရသည်။ ကြယ်ရောင်လင်းနေသော ကောင်းကင်ပြင် နောက်ခံတွင် သူတို့ပခုံးထက်ပေါ်မှ လေးကိုင်းကြီးတွေ၊ မြားကျည်တောက်တွေကိုပါ ထင်းထင်းပြက်ပြက် မြင်နေရသည်။

ညဥ့်သန်းခေါင်သန်းလွဲ အချိန်ကြီးမှာ ကျုံးရေပြင်ကို လူတစ်ယောက် ဖြတ်ကူးလာလိမ့်မည်ဟု သူတို့ဘယ်လိုမှ စဉ်းစားမိမည် မဟုတ်ကြ။ တစူးတစိုက်ကြည့်မည်ဆိုသော်မှပင် ကြာဖက်များအကြား ရွေ့သည်ဆိုရုံမျှ ရွေ့နေသော 'သစ်တုံးတစ်တုံး' ကိုသာ တွေ့ရလိမ့်မည်ဖြစ်သည်။ ဤသစ်တုံး၏တစ်ဘက် ရေထဲတွင် လူတစ်ယောက် ကူးခတ်လာသည်ကိုတော့ ဘယ်လိုနည်းနှင့်မျှ သိနိုင်မည်မဟုတ်။ သစ်တုံးကို တွယ်ဖက်၍ ရေပြင်တွင် ပက်လက်မျောလာသူကလည်း သစ်တုံးနှင့်မခြား ပကတိ ငြိမ်သက်နေသည်။ လူနှင့်သစ်တုံး ခွဲခြားမရနိုင်။

မြို့ရိုးဘက် နီးကပ်လာသည်။ ကျုံးရေ၏ အထိအတွေ့က ပို၍ နွေးလာသည်။ ကြာရိုး၊ မှော်ပင်၊ ဒိုက်သရောတို့က အောက်ခြေတွင် ပို၍ရှုပ်ထွေးလာသည်။ ခြေထောက်နှင့်လက်၌ ရစ်ပတ်တွယ်ငြိလာသော မှော်ပင်အထွေးထွေးများကို

ရှင်းနေရသည်ကပင် အချိန်အတော်ကြာသည်။ ရေသံ၊ ဂယက်သံ ထွက်လာ၍ မဖြစ်။ မြို့ရိုးနှင့်များစွာနီးကပ်လာပြီး ကျုံးစပ်ရေပြင်ထဲမှ လှုပ်ရှားသံကို သူရဲခိုပေါ်ရှိရန်သူများ ကောင်းစွာ ကြားနိုင်နေသည်။

လေပြင်းတစ်ချက် ကျုံးရေပြင်ပေါ်တွင် ဖြတ်သွားသည်။

အခွင့်ကောင်းပင်။ လေပြင်းကြောင့် ကြာဖက်များ ဖလပ်ဖလပ်မြည်ကာ လှုပ်ရှားသွားကြသည်။ ကြာဖက်လန့်သံကို အကာအကွယ်ပြုကာ သစ်ပင်အမှောင်ရိပ်ကျသော ရေစပ်ဆီသို့ သစ်တုံးကို တွန်းယူလိုက်သည်။ ကုန်းစပ်မြေပြင်သို့ ခြေချမိပြီ။

သစ်ပင်ရိပ်အမှောင်တွင်ခို၍ ပင်စည်ကို ကွယ်ကာ မြို့ရိုးထိပ်သို့ လှမ်းကြည့်လိုက်သည်။ သူရဲခိုပေါ်မှ ရဲမက်များ၏ အရိပ်မည်းမည်းကို ကောင်းစွာ တွေ့မြင်နေရသည်။ စကားပြော ရယ်မောသံ၊ တကောင်းငှဲ့သံ၊ အရည်တစ်ခုခုကျသံတို့ကိုပင် ကြားရပေပြီ။ မြို့ရိုးအောက်ခြေရှိ သစ်ပင်ရိပ်တွင် သူတို့၏ရန်သူတစ်ယောက် ရောက်နေပြီဆိုခြင်းကိုကား စိုးစဉ်းမျှ တွေးမိကြဟန်မတူ။

မြောက်ပြန်လေ တစ်ချက်ဖြူးသည်။

အရိုးထဲမှာပင် စိမ့်ခနဲ အေးသွားသည်။ ကျုံးရေထဲတွင် ရှိစဉ်က နွေးထွေးနေသော်လည်း ကုန်းပေါ်တွင်မူ ခိုက်ခိုက်တုန်ချမ်းလာသည်။ ဆောင်းတွင်း၏ကျုံးရေသည် နွေးနေတတ်သည်။ ရေမှတက်လာသောအခါတွင်ကား နှစ်ဆတိုး၍ အေးရလေတော့သည်။ သစ်တုံးကို တစ်ချိန်လုံး ဖက်တွယ်ခဲ့ရသော ညာဘက်လက်က အေးလွန်း၍ ကိုက်ခဲချင်လာသည်။ တစ်ချိန်လုံးရေအောက်တွင် ကူးယက်လာခဲ့ရသော ဘယ်လက်မှာလည်း အားအင်ချည့်နဲ့ချင်လာသည်။

သွေးလည်ပတ်မှုမြင့်မားအောင် အသက်ကို ကြိမ်ဖန်များစွာ ပြင်းပြင်းရှူထုတ်ရသည်။ လက်ဝါးအစုံကို ဆုပ်ချည်ဖြန့်ချည်ပြုရသည်။ လက်ချောင်းများ ထုံကျဉ်မလာအောင် ပွတ်နယ်ကြိတ်ခြေရသည်။ အသက်ရှူတိုင်း ထုတ်တိုင်း နှာသီးဖျားမှာ တစစ်စစ် ကိုက်ခဲလာမတတ် ခံစားရသည်။ နှင်းစက်တို့သည် မျက်နှာပြင်ပေါ်သို့ အပ်သွားများအလား စူးရှကျရောက်လာသည်။

အအေးဒဏ်က မျှော်လင့်ထားသည်ထက် ပြင်းထန်နေပေသည်။

သစ်ကြီးဝါးရိပ် ကင်းမဲ့သော တောင်တွင်းမြို့ရိုးနှင့် ကျုံးအကြားလွင်ပြင်တွင် ဆောင်း၏ မြောက်ပြန်လေသည် ကြမ်းတမ်းရက်စက်စွာ တိုက်ခတ်နေသည်။ ရေစိုထားသော ကိုယ်ကျပ်ဖျင်အင်္ကျီကြောင့် ဆောင်းလေ၏ အအေးဒဏ်ကို ပို၍ခါးသီးစွာ ခံနေရသည်။ မီးလင်းဖို သို့မဟုတ် ပါစကကို နိုးဆော်သည့် သေရည်တစ်ခုခုရလျှင် ကောင်းလေစွဟု မိုက်မဲစွာ တောင့်တလိုက်မိသေးသည်။

မခံမရပ်နိုင်လောက်အောင် ခိုက်ခိုက်တုန်လာသည့် တဒင်္ဂတွင် အာရုံသည် ဖျတ်ခနဲ နိုးကြားလာသည်။ အတွေ့အကြုံသို့မဟုတ် အလေ့အကျင့်ကြောင့် အလိုလို လှုပ်ရှားလာသော အာရုံပင် ဖြစ်သည်။

အအေးဒဏ်ကို ဘာကြောင့် တခုတ်တရ သိမှတ်ခံစားကာကွယ်နေရသလဲ။

မြောက်ပြန်ဆောင်းလေ၊ ရေစိုကိုယ်ကျပ်၊ နှင်းငွေမြူ... အားလုံးကို အာရုံထဲမှ ဖျောက်ဖျက်ပစ်လိုက်သည်။ အသိတရားကို အခြားတစ်ပါးသော အမှုကိစ္စဆီသို့ ပြောင်းရွှေ့ပေးလိုက်သည်။

အမှုတော်အောင်နိုင်ရေး၊ သတိုးမင်းဖျားဘုရင်၏ အမိန့်တော်၊ မင်းကြီးသီလဝ၏ အမှာအကြား။

ဘုရင်မင်းမြတ်က တင်းမာပြတ်သားစွာ အမိန့်ချခဲ့သည်။

"အဆိပ်ရည်တွေကို ဖျက်ဆီးခဲ့ရမယ်။ မြားသွားမှာ အဆိပ်ရည်သုတ်လိမ်းပြီး တိုက်ခိုက်တဲ့ သေနင်္ဂကို ဦးစီးသူတစ်ယောက်ယောက် ရှိလိမ့်မယ်။ သင်းကိုပါ သုတ်သင်ပစ်ခဲ့ရမယ်"

မင်းကြီးသီလဝကတော့ ထုံးစံအတိုင်း အလွန်နည်းပါးသော စကားလုံးများဖြင့် မှာလိုက်သည်။

"မင်းကြိုက်သလိုလုပ်၊ အောင်မြင်ပစေ"

တဲကြီးများအတွင်း အဆိပ်သင့်နေသော ရဲမက်တို့၏ အတုံးအရုံး ကိုယ်ခန္ဓာများကို မြင်ယောင်ကြည့်လိုက်သည်။

"တောင်တွင်းကို လုပ်ကြံတာသုံးရက်ရှိပြီ။ တိုက်ပွဲက ကိုးပွဲပြည့်ခဲ့ပြီ။ ငါတို့ အထိအနာများလွန်းလှတယ်"

ဟု တောက်တခေါက်ခေါက် အံတကြိတ်ကြိတ်မြည်ဆိုနေသော တပ်မင်းကြီး နေမျိုးသီဟသူရ၏ မျက်နှာကို မြင်ယောင်ကြည့်လိုက်သည်။

"ရွှေတိုက်စိုး... ဒီအမှုဟာ သင့်အရာသာ ဖြစ်တယ်။ သင်ကလွဲလို့ ဘယ်သူမှ စွမ်းဆောင်နိုင်မှာ မဟုတ်ဘူး" ဟု အားကိုးတကြီး ပြောရှာသော သဃ်ရာဇာ၏စကားကို ကြားယောင်ကြည့်သည်။

အာရုံကို မျက်မှောက်တဒင်္ဂသို့ ပြန်ယူလိုက်သည်။

ခိုက်ခိုက်တုန်ချမ်းအေးနေခြင်းများ အားလုံးလွင့်ပြယ်သွားပြီး ဖြစ်ကြောင်း ခံစားတွေ့ရှိလိုက်ရသည်။

ခါးသီးသော အအေးဒဏ်ကို အနိုင်ရလေပြီ။

ခါးစည်းပေါ်မှ ပတ်ချည်လာသော ကြိုးကို ဖြုတ်ယူလိုက်သည်။

ကြိုးကို ကိုင်ထားရသည့် အထိအတွေ့မှာ နစ်လိုဖွယ် ဖြစ်နေသည်။ လပေါင်းအတန်ကြာ မကိုင်တွယ် မထိတွေ့ခဲ့ရသည့် ကြိုးခွေ။ ဘုရင်မင်းမြတ်၏ရွှေတိုက်စိုးဝန် ဖြစ်လာသည့်အချိန်မှစပြီး စွန့်ပစ်ထားခဲ့သော ကြိုးခွေ။ ကြိုးခွေကို ဖြန့်ရင်း မိမိကိုယ်မိမိ ယုံကြည်မှုများ ပို၍ ရလာသည်။ လက်ထဲတွင် ကြိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။ ကြိုးစသည် မိမိအတွက် သက်ရှိလူသား ရဲမက်တစ်ဦးပမာပင်။

နစ်မြိုက်စွာ တစ်ချက်ပြုံးလိုက်ပြီး ကြိုးစတစ်ဖက်ကို ကွင်းလျှောပြုလုပ်လိုက်သည်။ ကျွမ်းကျင်သော လက်များက အလိုလိုလှုပ်ရှားနေကြသည်။ လိုအပ်သော ပြင်ဆင်မှု အားလုံးပြီးပြီ။ လှုပ်ရှားမှု စတင်ရတော့မည်။

သူရဲခိုပေါ် လှမ်းကြည့်လိုက်သည်။ အမြင်နှင့် အကြားအာရုံကို အစွမ်းကုန် နိုးကြားနေစေရသည်။

စကားပြောသံ၊ ရွှေ့လျားသံ၊ ရယ်မောသံများ သူရဲခိုထက်ဆီမှ ပေါ်လာသည်။ အချို့အသံများက သူရဲခိုမှ တစ်ဆင့်မြို့ရိုးအတွင်း အောက်ဘက်သို့ တစ်စတစ်စဝေးသွားပြီး အချို့အသံများက သူရဲခိုပေါ်သို့ တစ်စတစ်စနီးလာသည်။

သူတို့ကင်းလဲကြပြီ။

ဤအချိန်ကို စောင့်နေခြင်းပင်။

သူတို့လူ အလဲအလှယ်ဖြင့် အလုပ်များနေချိန်မှာပင် ကွင်းလျှောကြိုးစသည် မြို့ရိုးထိပ်ဆီသို့ လွင့်တက်သွားသည်။ မြားတစ်စင်းပမာပင်။

လက်ထဲမှာ ကျန်ခဲ့သော ကြိုးစ တစ်ဖက်ကို ဆောင့်ဆွဲကြည့်သည်။ တင်းခနဲ ဖြစ်သွားသည်။ ကွင်းလျှောသည် တစ်ခုသောသူရဲခိုတွင် ခိုင်ခိုင်မြဲမြဲ တုပ်မိသွားပြီ။

ကြိုးကို ထိန်းကိုင်လျက် မြို့ရိုးနံရံသို့ ခြေစုံပစ်ကာ တက်သည်။

မြို့ရိုးနှင့် ကပ်တုံခွာတုံ။ တစ်ချက် အရှိန်ယူလွှဲလိုက်တိုင်း တစ်လံကွာ အထက်သို့ တက်သည်။ မြို့ရိုးကို ခြေကန်ရာတွင် ခြေဖျားဖြင့် ထိအောင်ကန်သည်။ အရှိန်လည်း ကောင်းသည်။ အသံလည်း လုံသည်။ မြို့ရိုးမှ အုတ်စအုတ်နများ လွင့်ကျစေဦးတော့ အသံခပ်အုပ်အုပ်။

သူရဲခိုနှင့် လက်တစ်ဖောင်စာအထိ ချဉ်းကပ်မိပြီ။

သတိကြီးစွာထားရမည့် အချိန်ပိုင်း။ မြို့ရိုးတွင် တစ်ကိုယ်လုံး ပိပြားနေအောင် ကပ်ကာ လှုပ်ရှားမှုအားလုံးကို ရပ်တန့်လိုက်ရသည်။

သူရဲခိုထက်မှ အစောင့်ရဲမက်တို့၏ စကားပြောသံအတိုင်းသား လွင့်လာလေသည်။

"သွေးသောက်... ဘူးဖွင့်လေဗျာ"

"အခုပဲ ကင်းစောင့်တာဝန်ကျ၊ အခုပဲ ဘူးဖွင့်တော့မှာလား"

"ချမ်းသဗျ။ လေကလဲ တဟူးဟူးတိုက်နေတာ မဟုတ်လား"

"ဟုတ်ပ... ဒီလောက် ချမ်းချမ်းစီးစီးည၊ ဒီလို သန်းလွဲချိန်မျိုးမှာမှ ကင်းစောင့်ကျရသဗျာ။ ကဲ... ရော့"

"အား... ကောင်းသဗျာ။ တစ်မော့တည်းနဲ့ အချမ်းပြေတာပဲ"

"သိပ်မသောက်နဲ့ဦး သွေးသောက်။ ခုနေ အင်းဝအကောင်တွေ ကျုံးကို ဖြတ်ကူးလာရင် ဘယ့်နှယ်လုပ်မလဲ"

"ဟား... ဟား... တယ်ကောင်းတဲ့ ဟာသပဲ။ အခုနေ အင်းဝအကောင်တွေ ကျုံးကို ဖြတ်ကူးလာရင်တဲ့ ဟုတ်လား။ ကိုရင့်အကောင်တွေ ခုချိန်ဆို မြားဆိပ်တက်ပြီး ရှူးနေလောက်ပြီ။ ဟား... ဟား..."

"သတိုးမင်းဖျားကိုယ်တိုင် ရှူးသွားဖို့လိုတယ်ဗျ"

"ဟုတ်တယ်... ဟုတ်တယ်။ ဟား... ဟား... မကြာပါဘူး။ အဲဒီ အင်းဝဘုရင်လဲ မကြာခင် မြားမှန်ပြီး ရှူးတော့မှာပဲ"

"ကဲ... အလှည့်လေး ဘာလေး ပြန်စပါဦး။ ကိုရင်ပဲ တစ်မော့တည်း မော့နေတော့တာကိုး"

"ရော့ဗျား... ရော့ဗျား။ သိပ်လဲ လောဘမကြီးနဲ့ဦး။ သူတို့ မရှူးခင် ကိုယ်ကမူးပြီး မြို့ရိုးပေါ်က လိမ့်ကျနေမှ ကိစ္စများနေမယ်"

"ကျုပ်က ကိုရင့်လို သောက်လုံးမကြီးပေါင်ဗျာ"

အခွင့်ကောင်းရနေပြန်သည်။ ကြာကြာစောင့်နေ၍ မဖြစ်။ ခြေအစုံကို တွဲလွဲချကာ ကြိုးစကို အားပြုကိုင်လိုက်သည်။ ရှိသမျှခွန်အားကို ကြိုးပေါ်မှ လက်နှစ်ဖက်ဆီသို့ ထည့်လိုက်သည်။ မြို့ရိုးနှင့် တစ်ပြေးတည်းကပ်လျက် တစ်ကိုယ်လုံး အပေါ်သို့တရွေ့ရွေ့ ကြွတက်သွားသည်။

သူရဲခိုနှစ်ခုအကြား ရောက်ပြီ။

ဟိုဘက် သုံးခုကျော် သူရဲခို၏နောက်၊ သူရဲပြေး တာရိုးထိပ်တွင် ဘေးချင်းယှဉ်၍ တစ်ယောက်တစ်လှည့် ဘူးမော့နေကြသော အစောင့်ရဲမက်နှစ်ဦးကို ထင်ထင်ရှားရှား တွေ့လိုက်ရသည်။

သေရည်လည်းမူးယစ်နေပြီဖြစ်သော အမေ့မေ့ အလျော့လျော့ သတိပေါ့တန်စွာလည်း ရှိနေပြီဖြစ်သော ထိုသူနှစ်ယောက်အား ခေါင်းချင်းဆိုင်ဆောင့်ပစ်လိုက်ရန်မှာ အလွန်လွယ်ကူသော ကိစ္စပင်။

ရဲမက်နှစ်ယောက်မှာ ဘာဖြစ်သွားမှန်းပင် သိလိုက်မည်မဟုတ်။

မြို့ရိုးအတွင်းသို့ ဝင်မိပြီ။

* * * * *

ပြအိုးတစ်ခု၏ တိုင်တစ်တိုင် နောက်သို့ ပြေးကပ်လိုက်သည်။

မြို့ရိုးအတွင်း မြင်ကွင်းကို အပေါ်စီးမှ မြင်နေရသည်။ အမှောင်ထုတွင် မီးထိန်ထိန်လင်းနေသော တဲငယ်များကို ဟိုတစ်ခု ဒီတစ်ခု တွေ့နေရသည်။ တဲငယ်များမှာ အမိုးသာရှိပြီး အကာမရှိ။ တဲတစ်တဲလျှင် ရဲမက်ငါးယောက် သို့မဟုတ် ခြောက်ယောက်ရှိမည်ဟု ခန့်မှန်းသည်။ သူတို့ လှုပ်လှုပ်ရွရွ ရှိချေသည်။ တဲအလယ်တွင် မီးဖိုကြီးများကို တွေ့ရသည်။

မီးဖိုပေါ်တွင်ကား ကြီးမားလှသော ဒယ်ကြီးများ။

ရဲမက်တို့သည် ရှည်လျားသော ယောက်မကြီးများဖြင့် ဒယ်ကို မွှေနေကြသည်။ မီးဖိုမှ အလင်းကြောင့် ဒယ်ထဲရှိ စေးပျစ်သော အရည်များကို တွေ့လိုက်ရသည်။

အဆိပ်ရည်များပင်တည်း။

မြင်ကွင်းတစ်ခုလုံးကို ဖြန့်၍ ကြည့်လိုက်သည်။

မြားတံများကို အစည်းလိုက် အစည်းလိုက် သယ်လာသူများ၊ မြားသွားကို ဒယ်အိုးထဲသို့နှစ်ကာ ခပ်ယူနေသူများ၊ အဆိပ်လိမ်းသုတ်ပြီး မြားတံများကို ပြန်သယ်သွားသူများ။

လှုပ်လှုပ်ရွရွ ရှိနေကြသော ရန်သူ့အင်အားကို ခန့်မှန်းကြည့်လိုက်သည်။ တဲငယ် ဆယ်လုံး၊ ရန်သူ ငါးဆယ်ကျော်၊ အကြပ်၊ ဗိုလ်များအပါအဝင်ဆိုလျှင် ခြောက်ဆယ်ကျော်။ မိမိသည် အထိုးအခုတ် ကျွမ်းသော စစ်သည်တော်မဟုတ်။ ဤရန်သူများအကြားသို့ဝင်၍ ရင်ဆိုင်ခုတ်မည်ဆိုလျှင် မိမိလောက် ရူးသွပ်သူ မရှိနိုင်။

သို့သော် သူတို့၏ အဆိပ်ရည်ဒယ်များကို တစ်မှုဟုတ်ချင်း ဖျက်ဆီးပစ်နိုင်ရန်မှာ အရေးအကြီးဆုံး ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ပြဒိုးတိုင်နောက်ကွယ်မှခွာခဲ့ပြီး တာရိုးဆင်ခြေလျောအတိုင်း ပြေးဆင်းခဲ့သည်။ သစ်ကိုင်းတစ်ကိုင်းမှတစ်ကိုင်းသို့ ခုန်ကူးသော ရှဉ့်တစ်ကောင်၏ ပေါ့ပါးခြင်းမျိုးဖြင့်။

အမှောင်ထုက ကောင်းစွာ ထောက်ကူပေးနေလေသည်။

"ဟေ့... မီးတောက် နည်းနည်းလျော့ဦး။ ဒယ်ထဲက အဆိပ်ရည်တွေကို မီးတောက်သွားဟပ်မှ အကုန်လုံး မျိုးပြုတ်ကုန်မယ်"

"လျော့ထားပါတယ် သွေးသောက်ကြီး"

"မင့်အဘ လျော့ထားတာလား။ ဟိုမယ် ဟိုဘက်က ထင်းစက အပြင်ထွက်ပြီး မီးတောက်နေတာ မတွေ့ဘူးလား။ မနေ့ညက ဟိုအကောင်တွေလို ဖြစ်သွားမယ်။ မီးညွန့်မဟပ်စေနဲ့။ တဖွဖွလိုက်ပြီး အကြပ်ဗိုလ်တွေ စစ်ဆေးသတိပေးနေတဲ့ကြားက မီးဟပ်သွားတာ ဘာဖြစ်ကုန်သလဲ။ တွေ့တယ် မဟုတ်လား"

"ဟုတ်ကဲ့... ဟုတ်ကဲ့...။ တွေ့ပါတယ် သွေးသောက်ကြီး"

"ဟာ... မင်းကို အမေးအဖြေလုပ်နေတာ မဟုတ်ဘူး ငအနွရဲ့။ မီးတောက်မြန်မြန်လျော့။ မီးဟပ်ပြီး ပေါက်ကွဲကုန်လို့ အရှင်လတ်လတ် မဟာအဝီစိရောက်ကုန်မယ်"

"လျော့လိုက်ပါပြီ ခင်ဗျား"

"မိကျောင်းမသား... တယ်လျှာရှည်တဲ့ကောင်၊ ဟေ့... ဟိုတဲက အကောင်တွေ မြားတံ ဘယ်လောက် အဆိပ်လူးပြီးပြီလဲ"

"ငါးရာ ပြီးသွားပါပြီ သွေးသောက်ကြီး"

"အင်း... တော်ပြီ။ ထင်းတွေ အကုန်ပြန်နုတ်တော့။ နောက်ထပ် မြားတံလည်း မရှိတော့ဘူး။ ဒီည အဆိပ်မြား သုံးထောင်ကျော်ရပြီ။ နက်ဖြန်လာမယ့် ဟိုအင်းဝက ငရဲသားတွေအတွက် လုံလောက်ပြီ။ ဟေ့ အဆိပ်မြားတွေ အားလုံး ကွက်လပ်ကွင်းပြင်မှာ အစည်းလိုက်ပုံထား။ မနက် အရုဏ်တက်လောက်မှာ အရှင်သီဟပတေ့ ကိုယ်တော်တိုင်လာပြီး တပ်တွေကို ခွဲဝေပေးလိမ့်မယ်။ ကြားလား"

"ကောင်းပါပြီ သွေးသောက်ကြီး"

"ထွီ... အဆိပ်ရည်ကျိုတဲ့ အကောင်တွေကလည်း ငအနွတွေပဲ။ နွားတွေပဲ။ ခိုင်းသလောက်ပဲ လုပ်တတ်တယ်။ အဆိပ်လူးတဲ့ကောင်တွေကလည်း အတူတူပဲ။ မခိုင်းဘဲ မလုပ်တတ်ဘူး။ မထူးပါဘူးလေ လေးသည်ကျော်ဆိုပြီး မြို့ရိုးထိပ်ကနေ မြားပစ်တဲ့ကောင်တွေကလည်း သောက်ရမ်းသမားတွေချည်းပါပဲ။ နွားကျောင်းသား လောက်လွှဲပစ်သလောက်သာ ပစ်တတ်တာ။ ဒါတောင် လေးသည်ကျော်ဆိုပြီး သင်းတို့က ပလွှားချင်သေးတယ်။ မင်းတို့ကောင်တွေလား။ ဒီအဆိပ်ရည်ရှိနေလို့ အဆိပ်မြားနဲ့

MMCYBERMEDIA COMMUNITY FOR ALL

ရမ်းပစ်၊ ထိချင်ရာထိ၊ ရှချင်ရာရှ၊ ထိတိုင်းရှတိုင်း အဆိပ်က အစွမ်းပြနေလို့သာ၊ မဟုတ်ရင်တော့လား ဟိုဘီလူးသဘက်ထက် ကြောက်စရာကောင်းတဲ့ အင်းဝဘုရင်က မင်းတို့ကို အမှုန့်ဖြစ်အောင် ဝါးစားမှာ သိလား... ဟင်း..."

"အင်းဝဘုရင်လည်း နက်ဖြန်ဆို အဆိပ်မြားထိပြီး ရှုံးတော့မှာပါဗျ"

"ဟေ့... ဘယ်ကောင်လည်းကွ တိုးတိုး တိုးတိုးနဲ့ လုပ်စရာရှိတာလုပ်၊ ဟေး... ဟိုဘက်ဒယ်က အကောင်တွေ ထင်းတွေ အကုန်ပြန်နုတ်တော့လို့ ပြောနေတာ မကြားဘူးလား။ ထို့... တယ်ဖျင်းတဲ့ အထုံ အ,အတွေကိုး"

ဖြိုခွင်းပစ်နိုင်မည့် ထိုးစစ်တိုက်ကွက်ကို ရလိုက်လေသည်။

မီးဖိုများ၊ ဒယ်များ အနီးတစ်ဝိုက်မှ အဆိပ်ကျို၊ အဆိပ်လူး ရဲမက်များအားလုံး ရှင်းသွားသည်အထိ မှောင်ရိပ်ခိုကာ စောင့်နေလိုက်သည်။

သောသောအုတ်အုတ် လှုပ်ရှားမှုများ တဖြည်းဖြည်း စဲသွားသည်။

မီးဖိုများ၏တစ်ဖက် ကွက်လပ်ကွင်းပြင်တွင် အဆိပ်မြားများ အစည်းလိုက် ပုံပြီးသား ဖြစ်သွားကြသည်။ ကွက်လပ်ပတ်လည်တွင် အစောင့်လေးဦး ကျန်ရစ်ခဲ့သည်။ ကျန်ရဲမက်များအားလုံး တဲစခန်းသို့ ပြန်သွားကြသည်။

မှောင်ရိပ်စွန်းမှ ရှေ့သို့ တိုးထွက်လိုက်သည်။

ပေါ့လျော့သော ရဲမက်တစ်ယောက် ထားပစ်ခဲ့သည့် မီးဖိုတစ်ခုမှ မီးကြွင်းထင်းစကို စောစောကပင် ကြည့်ရှုမှတ်သားထားခဲ့ပြီးပြီ ဖြစ်လေသည်။

"ဟေ့... မီးဖိုနားက ဘယ်သူလဲ"

တစ်ကိုယ်လုံး ဖြန်းခနဲ ဖြစ်သွားသည်။ စောစောက ဟိန်းဟောက်ကြိမ်းမောင်းနေသည့် သွေးသောက်ကြီး၏ အသံ။

ဒယ်အိုးကွယ်၍ တစ်ဖက်တွင် ပုန်းနေလိုက်သည်။ သွေးသောက်ကြီး၏ခြေသံ နီးကပ်လာသည်။

"ဟေ့... ဘယ်ကောင်လဲကွ။ ငါမမြင်ဘူးမှတ်နေလား"

မတတ်သာ မီးကြွင်းထင်းစကိုလည်း ဆွဲမထုတ်ရသေး။ ထင်းစကို ရပြီဆိုသည့်တိုင် မီးတောက်လာအောင် လုပ်ရဦးမည်။ ခြေသံကလည်း တဖြည်းဖြည်းနီးကပ်လာနေသည်။

ဘဝဟောင်းတုန်းက ရှိခဲ့ဖူးသည့် အာရုံကို အလျင်အမြန် ပြန်၍ နှိုးယူလိုက်သည်။

မင်းဟိုတုန်းက သည်လိုကြုံလာရင် ဘာလုပ်သလဲ... ဘာလုပ်သလဲ။

အသိဉာဏ် ချက်ချင်းပွင့်လာသည်။

"ကျုပ်ပါ သွေးသောက်ကြီး။ မီးကျန်နေသေးလို့ ပြန်ငြိမ်းနေတာပါ"

"အေး... မင်းတစ်ကောင်ပဲ လူ့အသိဉာဏ်ရှိသေး။ တော်သပေ့"

ထင်းစကို ဆွဲထုတ်လိုက်သည်။ မီးတောက်လာအောင် မှုတ်သည်။ မီးတောက်အလင်းရောင်က ဝင်းခနဲ မျက်နှာကို လာ၍ ဟပ်သည်။

"ဟင်... မင်း ဘယ်ကကောင်လဲ... မင်းဘယ်သူ..."

သွေးသောက်ကြီး၏စကား အဆုံးမသတ်နိုင်မီမှာပင် မီးတောက်ထင်းချောင်းကို ဒယ်ထဲသို့ ပစ်ထည့်ကာ မြားတစ်စင်း၏ အဟုန်ဖြင့် ပြေးထွက်ခဲ့တော့သည်။ အဆိပ်ရည်ဒယ်များ တစ်လုံးပြီး တစ်လုံး။ ထိုမှတဆင့် ကွက်လပ်ကွင်းပြင်ရှိ အဆိပ်မြားများ စုပုံထားသည့်နေရာသို့ ကူးစက်လောင်ကျွမ်း ပေါက်ကွဲကုန်ကြသော တအုန်းအုန်း အသံကြီးများ တဖြည်းဖြည်း ဝေး၍ ကျန်ရစ်ခဲ့သည်။

သူရဲခိုထိပ်သို့ ပြန်အရောက်တွင် မြို့ရိုးအတွင်းသို့ ငုံ့ကြည့်လိုက်သည်။

မြို့ရိုးထိပ်တွင် တဟူးဟူးတိုက်နေသော ဆောင်းလေပြင်း၏ အအေးဒဏ် မရှိတော့။

မြို့တွင်းမှ မီးတောက်ကြီးများ၏ အပူရှိန်သည် မြို့ရိုးထိပ်ဆီသို့ပင် လာ၍ဟပ်နေလေသည်။

အင်းဝတပ်များ မြို့တွင်းသို့ ဝင်စရာ မလိုတော့ချေ။

တောင်တွင်းစား သီဟပတေ့သည် အရဏ်တက်အချိန်မှာပင် မြို့တံခါးမှထွက်ကာ ကျိုးတံတားကို ဖြတ်လျှက် ဘုရင်သတိုးမင်းဖျားထံ အခြေအင် အညွှံခံဝင်လာသည်။

သတိုးမင်းဖျားသည် မြွေစွယ်ကျိုး သီဟပတေ့ကို အမျက်ကြီးစွာဖြင့် သုတ်သင်မည်ပြုသေးသည်။ သယ်ရာဇာ အတန်တန်တားမြစ်သောကြောင့်သာ သီဟပတေ့ ချမ်းသာရာရခဲ့ခြင်း ဖြစ်သည်။

သို့တိုင်အောင်ပင် သတိုးမင်းဖျားသည် စက်ဆုပ်ဟန်ဖြင့် မျက်နှာလွှဲကာ သီဟပတေ့ရှေ့မှ ထွက်ခွာသွားလေသည်။ ဘုရင်မျက်နှာလွှဲသွားသည့်အခါမှပင် တုန်လှုပ်နေခဲ့သော သီဟပတေ့မှာ ဆောက်တည်ရာရသွားသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သီဟပတေ့က သဃ်ရာဇာကို အားကိုတကြီး ကြည့်၍ စကားတစ်ခွန်းဆိုလေသည်။

"ကျွန်တော်မျိုးရဲ့ နန်းမြို့တွင်းကိုဝင်ပြီး အဆိပ်ရည်လက်နက်တွေကို ဖျက်ဆီးပစ်ခဲ့သူဟာ ဘယ်သူပါလဲ အရှင်သဃ်ရာဇာ။ အဲဒီသူရဲကောင်းစစ်သည်ကို ကျွန်တော်မျိုးသိလိုလှပါတယ်"

သဃ်ရာဇာပြုံးသည်။ ထို့နောက် အားပါးတရ ရယ်သည်။ တပ်မင်းကြီး နေမျိုးသီဟသူရနှင့်တကွ တပ်မှူးများလည်း တဟားဟားရယ်ကြတော့သည်။

သတိုးမင်းဖျားမရှိသည့်အတွက်လည်း လွတ်လပ်စွာ အရယ်အမော ပြုရဲကြခြင်းဖြစ်သည်။ တောင်တွင်းစား သီဟပတေ့ကား သူ့အမေးစကား၌ မည်သို့သောရယ်စရာ တွေ့လေသနည်းဟူ၍ နားမလည်စွာ ငေးငိုင်ကြည့်နေသည်။

"အဲဒီ သူရဲကောင်း စစ်သည်တော်ကို တွေ့ချင်ပါတယ် အရှင်"

သီဟပတေ့က ထပ်မံပြောပြန်သည်။ အားလုံး ဝါးလုံးကွဲ ရယ်ကြပြန်သည်။

မင်းကြီးသီလဝတစ်ယောက်သာ မရယ်မပြုံး ရှိသည်။ သို့သော် မင်းကြီးသည် ကျေနပ်အားရသော မျက်လုံးများဖြင့် တစ်နေရာဆီသို့ လှမ်းကြည့်လိုက်လေသည်။ နားမလည်နိုင်စွာ ငေးငိုင်နေသော သီဟပတေ့လည်း မင်းကြီးသီလဝ မျက်လုံးများရောက်ရာသို့ လိုက်ကြည့်သည်။

သဃ်ရာဇာက ရယ်သံဗလုံးဗထွေးဖြင့် ဝင်ဖြေလိုက်လေသည်။

"စစ်သည်တော် မဟုတ်ဘူး သီဟပတေ့။ မောင်မင်းရဲ့ အင်အားကို ညကဝင်ပြီး ဖြိုခွင်းလိုက်သူဟာ စစ်သည်တော် မဟုတ်ဘူး။ ရွှေတိုက်စိုးဝန်မင်းတစ်ယောက်၊ အခုတော့ ရွှေတိုက်စိုးပေါ့လေ။ မကြာခင်ကမှ ရွှေတိုက်စိုးဝန် ဖြစ်လာတဲ့သူပေါ့"

သီဟပတေ့ တစ်ယောက်သာ နားမလည်နိုင်သေးသော်လည်း ကျန်အားလုံးမှာ သဃ်ရာဇာ၏အဖြေကို နားလည်သဘောပေါက်စွာဖြင့် အတောမသတ် ရယ်မောကြလေသည်။

အထူးသဖြင့်ကား 'မကြာသေးခင်ကမှ ရွှေတိုက်စိုးဝန်ဖြစ်လာခဲ့သူ' ဟူသော စကားလုံးကို နားလည်နေကြသည်။

ရွှေတိုက်စိုးဝန်၏ အဆောင်အယောင် ဝတ်ရုံသိုရင်းဖြင့် တင့်တယ်စွာ ရှိနေသော လူတစ်ယောက်သည် မလှမ်းမကမ်းတွင် ရပ်ကာ ရယ်သံများကို မကြားယောင်ပြုနေသည်။ သို့သော် သဃ်ရာဇာ၏စကားကို မသိကျိုးကျွံပြု၍မရ။

'မကြာခင်ကမှ ရွှေတိုက်စိုးဝန် ဖြစ်လာတဲ့သူ' ဟူသောစကား၏ နောက်ကွယ်မှ ဖြစ်ရပ်အလုံးစုံကို ထိုသူနှင့် အားလုံး အတွင်းအစဉ်းသိ။

မကြာခင်ကမှ...။

မှန်သည်… တစ်နှစ်ပင် မပြည့်တတ်သေး။

* * * * *

။၄။

ပြည့်ရှင်ပဒေသရာဇ်တို့၏အကြား ဖြစ်ပေါ်သော စစ်၏အစွယ်အပွားသည် ဝန်းကျင်ဒေသအားလုံးသို့ အရှိန်ပြင်းစွာ ကူးဟပ်လောင်ကျွမ်းနေလေသည်။

စစ်မီးတောက်တို့ အလျှံညီးညီး အတောက်အလောင်ဆုံးနေရာကား စစ်ကိုင်းနေပြည်တော် တစ်ဝိုက်ဖြစ်သည်။

စစ်ကိုင်း ရွှေနန်းတော်၏ ဘိသေကပလ္လင်ထက်မှာလည်း သက်ဦးဆံပိုင် ဘုရင်တို့ အပြောင်းအလဲ အတက်အဆင်း မြန်ဆန်များပြားလွန်းလှသည်။ သားတော်အစဉ် မြေးတော်အဆက် ထီးညွန့်နန်းလျာ ဆက်ခံသည်လည်း မဟုတ်။ နန်းတွင်းရေးတို့ ရှုပ်ထွေးနေသည်။

မြို့တည်နန်းတည် အသင်္ခယာစောယွမ်းဘုရင် လွန်ပြီးသည့်နောက်မှာပင် မင်းပြောင်းမင်းလွဲ ရှုပ်ထွေးလာခဲ့ချေသည်။ မင်းကြီး အသင်္ခယာစောယွမ်းတွင် သားတော်သုံးပါး သမီးတော်တစ်ပါး ရှိခဲ့သော်လည်း မင်းကြီးလွန်သောအခါ သားတော် သမီးတော်တို့ အထဲမှ ထီးနန်းအမွေမရဘဲ မင်းကြီး၏နောင်တော် တရဖျားကြီးက စစ်ကိုင်းနန်းကို တက်သည်။ သို့သော် တရဖျားမင်းလည်း စစ်ကိုင်းနန်းတွင် နန်းစံခြောက်နှစ်သာ ကြာသည်။ အမတ်ချုပ် နန္ဒပကြံ၏ အကူအညီဖြင့် သားတော် ရွှေတောင်တက်က တရဖျားကို ဖယ်ရှားကာ ထီးနန်းကို ယူလိုက်သည်။

ရွှေတောင်တက်မင်းလည်း နန်းစံသုံးနှစ်သာ နေရသည်။ အမတ်ချုပ် နန္ဒပကြံသည် အသင်္ခယာစောယွမ်းဘုရင်၏ သားတော် ကျစွာမင်းကို ရာဇပလ္လင်ပေါ်သို့ တင်ပေးလိုက်ပြန်သည်။ ထို့နောက် ကျစွာမင်း၏ နန်းမွေကို ညီတော်မင်းရဲမင်းကြီးက ဆက်ခံပြန်သည်။ မင်းရဲမင်းကြီးလည်း စည်းစိမ်တော် ရှစ်နှစ်သာစံခဲ့ရပြီး ညီတော် ဆင်ဖြူရှင်ငယ်သို့ လွှဲအပ်ခဲ့ရပြန်သည်။ ဆင်ဖြူရှင်ငယ်၏ နန်းစံသက်လမှာလည်း နှစ်နှစ်နှင့် အဆုံးသတ်ခဲ့ပြန်သည်။

ဆင်ဖြူရှင်ငယ်၏နောက်တွင် စစ်ကိုင်းနန်းကို ဆက်ခံသူမှာ တမ္ပဒီပဘုရင်ဟောင်း နရသီဟပတေ့နှင့် မိဖုရားစောတို့၏ မြေးတော်သူ မင်းပြောက်ဖြစ်သည်။

မင်းပြောက် စစ်ကိုင်းနန်းကို တက်စဉ်တွင် အသင်္ခယာစောယွမ်း၏ သမီးတော် အထွေးဆုံး စိုးမင်းထိပ်တင် သခင်မကြီးနှင့် တကောင်းမင်းရိုး သတိုးတို့ စုံဖက်ရာမှ ဖွားမြင်သည့် သတိုးမင်းဖျားသည် မြို့စားအရာဖြင့် တကောင်းမြို့တွင် ရှိနေလေသည်။

စစ်ကိုင်းနန်းထက်တွင် မင်းပြောက်ဘုရင် ရှိနေသည်ကို မကျေမနပ် ဖြစ်နေသူမှာ ပင်းယဘုရင် နရသူ ဖြစ်လေသည်။

စစ်ကိုင်းတွင် မင်းပြောက်၊ ပင်းယတွင် နရသူတို့ ထီးပြိုင်နန်းပြိုင် ရှိနေကြချိန်၌ မိုးကောင်းပဒေသရာဇ် သိုချည်ဘွားသည်လည်း အထက်ဒေသတစ်လွှား၌ အင်အားကြီးထွား၍ နေခဲ့လေပြီ။

သို့သော် စစ်ကိုင်းနှင့် ပင်းယကား ရာဇမာန်ပြင်းထန်စွာ တစ်ဖက်နှင့်တစ်ဖက် အငြိုးအထောက် ကြီးမားနေဆဲပင်။

တစ်ထီးတစ်နန်း၊ တစ်တပ်တစ်ဗိုလ်၊ တစ်မင်းတစ်အာဏာဖြင့် တောမီးလောင်နေသော ကာလတွင် တောကြောင်တို့ လက်ပန်းပေါင်း ခတ်ကြသည်မှာမဆန်း။

မီးတောက် မီးလျှံအကြီးဆုံးဒေသကား စစ်ကိုင်းပင်တည်း။

* * * * *

အနှစ် နှစ်ဆယ်သော အချိန်အတွင်း စစ်ကိုင်းထီးနန်းတွင် ဘုရင်ပဒေသရာဇ် ငါးဦးအထိ အပြောင်းအလဲ ဖြစ်ခဲ့သောကြောင့် စစ်ကိုင်းသည် ကစဉ့်ကလျား လျော့ရဲထွေပြားနေသည်။

ထီးနန်းပြိုင် ပင်းယဘုရင် နရသူကလည်း စစ်ကိုင်းကို တိုက်ခိုက်သိမ်းပိုက်တော့မည်ဟု နေ့စဉ်နှင့်အမျှ သတင်းထွက်နေသည်။ အချို့ကလည်း မိုးကောင်းဘုရင် သိုချည်ဘွားသည် ကြီးစွာသော အလုံးအရင်းဖြင့် ချီတက်လာပြီ။ စစ်ကိုင်းကို လက်ရယူတော့မည်ဟု ပြောနေကြသည်။ နေပြည်တော်နှင့်တကွ ဇနပုဒ်ဒေသအားလုံး ချောက်ချောက်ချားချား ဖြစ်နေကြသည်။ လယ်ယာ ချောင်းမြောင်းတွင် အစွဲအမြဲ အလုပ်လုပ်ရဲသူမရှိ။ တစ်ရပ် တစ်ဒေသ တစ်ရွာတည်း၌ ကြာရှည်လေးမြင့် အခြေတကျ နေရဲသူမရှိ။

စစ်ကိုင်း မင်းပြောက်ဘုရင်၏ဓါး၊ ပင်းယနရသူ၏ဓါး၊ မိုးကောင်း သိုချည်ဘွား၏ဓါး၊ ဓါးသုံးစင်းအလယ်တွင် ပြည်သားလူထုတို့မှာ ဘယ်သူ့ဓါးကို ဘယ်လိုကြောက်ရမှန်းမသိ၊ လူအများစုကမူ ဤသို့သောကာလမျိုးတွင် လယ်ယာလုပ်ကိုင်ခြင်းထက် နီးစပ်ရာဘုရင့်တပ်တွင် စစ်မှုထမ်းခြင်းက ပို၍အကျိုးများနိုင်သည်ဟုဆိုကာ စစ်ကိုင်း၊ ပင်းယ၊ မိုးကောင်းတပ်များဆီသို့ တစ်တပ်ဝင် တစ်တပ်ထွက် ရဲမက်အလုပ်ဝင်လုပ်ခြင်းဖြင့် အသက်ကို မွေးမြူနေကြသည်။

စစ်ကိုင်းမြို့စောင့်တပ်၊ မင်းပြောက်ဘုရင်၏ ကိုယ်ရံတော်တပ်ရှိရဲမက်၊ ဗိုလ်၊ တပ်မှူးများမှာလည်း ဘုရင့်ပေါ်တွင် လေးမြတ်ကြည်ညိုခြင်း မရှိကြ။ မင်းပြောက်ဘုရင်၏ အာဏာစက်မှာ ရွှေနန်းတော်အတွင်းမှာသာ ညှိုးမှိန်စွာ သက်ရောက်နေသည်။ သစ္စာတော်ခံ တပ်သားများ ကင်းမဲ့သော စစ်ကိုင်းတွင် မြို့ရွာရပ်ရွာ လုံခြုံမှုလည်း ကင်းမဲ့နေသည်။

သူဝင်ငါထွက် အရှုပ်ရှုပ်အထွေးထွေး ရှိလေသော တပ်တော်များတွင် တကယ်တမ်း ရဲမက်အင်္ဂါပြည့်ဝသူများလည်း မရှိ။

MMCYBERMEDIA
COMMUNITY FOR ALL

အရပ်လေးမျက်နှာမှ ဖရိုဖရဲ တိုးဝင်လာကြသည့် လူပေါင်းစုံတို့ဖြင့် ဖြစ်သလို ကြုံသလို ဖွဲ့စည်းထားသော တပ်များသည် ပရမ်းပတာ ကစဉ့်ကလျား။

ဤကာလဝယ် စစ်ကိုင်း၊ ပင်းယ၊ မိုးကောင်း တပ်များ၌ တစ်တပ်ဝင် တစ်တပ်ထွက် အလှည့်သင့်သလို တပ်မှူထမ်းနေကြသော စစ်သည်ရဲမက်များ၏အဓိကအလုပ်မှာ ဘုရင့်သစ္စာတော်ကို စောင့်သိရေးလည်းမဟုတ်။ မြို့ပြကျေးရွာလူထုကို ကာကွယ်စောင့်ရှောက်ရေးလည်းမဟုတ်။ လက်ရုံးစွမ်းရည် သေနင်္ဂအရာ၌ တိုးတက်ကျွမ်းကျင်အောင် လေ့ကျင့်ရေးလည်း မဟုတ်။

ဤတပ်များ၏ အဓိကအလုပ်မှာ...။

နီးစပ်ရာ ဇနပုဒ်များသို့ဝင်၍ လုယက်တိုက်ခိုက်ခြင်း၊ သတ်ဖြတ်ညှင်းဆဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ နိုင်လိုမင်းထက်နိုပ်စက်ခြင်း၊ မူးယစ်သောက်စားခြင်းစသော သော့သွမ်းသည့် အလုပ်များသာ ဖြစ်နေသည်။

စစ်ကိုင်းတပ်များက မိမိတို့ မလိုသည့် ကျေးရွာကို ပင်းယလူဟု စွပ်စွဲကာ ဝင်ရောက်ဖျက်ဆီး သတ်ဖြတ်လိုက်ကြသည်။ ပင်းယတပ်ဗိုလ်တစ်ဦး၏ မျက်စိထဲဝင် 'မတွေ့' သော ရွာလူကြီးတစ်ဦး၏ ရွာကို စစ်ကိုင်းလူဟုဆိုကာ မြင်းတပ်ဖြင့် နင်းခြေပစ်လိုက်သည်။ တစ်ခါတစ်ရံ အမျိုးအမည်မသိ မြင်းစီးလက်နက်ကိုင်များ ရောက်လာကာ 'စစ်ကိုင်းသား၊ ပင်းယသား အားလုံး ဘယ်သူ့ကိုမှမချန်' ဟု ကြွေးကြော်ကာ ရွာလုံးကျွတ်မီးတိုက်ပစ်လိုက်ကြသည်။ တစ်ခါတစ်ရံ နှစ်ယောက် သုံးယောက်မျှသော အုပ်စုဖြင့် ဝင်ရောက်လာကာ သိုချည်ဘွား၏ အထောက်တော်များဟု ပြောကာ ရိက္ခာမှန်သမျှ လုယူသွားကြသည်။

ခိုးသားဓါးပြ မုဒိန်းတန္တတို့အဖို့ကား စစ်ကိုင်းဒေသနှင့် အနီးတစ်ဝိုက်သည် အကြွယ်ဝဆုံး၊ အခွင့်အလမ်းအကောင်းဆုံး ရတနာဘဏ်တိုက်ကြီး ဖြစ်နေသည်။

ဤသို့ လက်ပန်းပေါင်းဖြောင်းဖြောင်း ခတ်ကြသောတောကြောင်တို့အနက်တွင် စစ်ကိုင်းနေပြည်တော်၌သာမက ပင်းယနေပြည်တော်အထိ ဖိမ့်ဖိမ့်တုန်အောင် ကျော်ကြားထင်ရှားသော ခိုးသားကြီးတစ်ယောက် ပေါ်ပေါက်လာသည်။

သူ့ကို စစ်ကိုင်း၊ ပင်းယတပ်များက အထူးသဖြင့် ရွံရှာထိတ်လန့်ကြသည်။

စစ်ကိုင်းနှင့် ပင်းယရှိ မင်းဆွေစိုးမျိုးတို့ကလည်း မုန်းတီးစက်ဆုပ်ကြသည်။ အထူးသဖြင့်ကား နေပြည်တော်နှစ်ရပ်ရှိ တပ်တော်များက သူ့ကို အကြောက်ဆုံး ဖြစ်လေသည်။

အကြောင်းမှု သူသည် တပ်တော်များ စခန်းချ တပ်စွဲရာ မြို့တွင်းမြို့ပြင်သို့ တိတ်တဆိတ်ဝင်၍ တပ်ရိက္ခာ၊

တပ်ဘက္လာတို့ကိုချည်း ခိုးယူတတ်သောကြောင့်ပင်။ ကျေးရွာဇနပုဒ်များသို့ဝင်၍ ရဲမက်တို့ လုယက်တိုက်ခိုက်လာခဲ့သော ပစ္စည်းဘက္လာတို့သည် သူ့လက်သို့ တစ်ဖန်ပြန်၍ ပါသွားကြသည်။

ဤသို့ ထူးထူးခြားခြား တပ်တော်များ အတွင်းကိုမှ ဝင်ရောက် ဖောက်ထွက်ခိုးယူတတ်သော ခိုးသားကြီးသည် သူထွက်ဖောက်ဝင်ရောက် ခိုးယူခဲ့သည့် နေရာတိုင်းတွင် အထိမ်းအမှတ် တစ်ခုကို အမြဲတစ်စေ ထားပစ်ခဲ့သည်ချည်း ဖြစ်သည်။

ထိုအထိမ်းအမှတ်မှာ ဘုဇပတ်သစ်ရွက် တစ်ရွက်ဖြစ်သည်။

ဘုဇပတ်ရွက်ပေါ်တွင် ဆူးနှင့် ဖောက်လျှက် အမည်နာမတစ်ခုကို ရေးထိုးသွားလေ့ရှိသည်။ ထိုအရာကြောင့်ပင်လျှင် ထိုခိုးသားကြီး၏ အမည်ကို သိလာကြခြင်းပင်။

ဘုဇပတ်ရွက်ပေါ်တွင် ဆူးဖြင့် ဖောက်လျှက် ရေးသွားသော အမည်မှာ 'တောက်ပြား' ဟူ၍ ဖြစ်သည်။

* * * * *

။၅။

အဘသည် ကျွမ်းကျင်ထက်မြက်သော ဆေးဆရာတစ်ယောက်ဖြစ်ခဲ့သော်လည်း ယခုအခါ သူ့ဆေးအတတ်သည် သူ့ကိုမကယ်နိုင်တော့။ အသက်ပေါင်းများစွာ ဝေဒနာပေါင်းများစွာ ကုသကယ်တင်နိုင်ခဲ့သော အဘသည် သူ့ကံကြမ္မာကိုမူ သူဖယ်ရှားမရနိုင်တော့ပေ။

အဘမျက်လုံးကွယ်ခဲ့ပြီ။

ပင်းယရဲမက်များသည် ရေဝှမ်းအရပ်ကို ဝင်ရောက်လုယူကြပြီးနောက် ရသမျှပစ္စည်းရိက္ခာနှင့် အားမရနိုင်ဘဲ တွေ့သမျှလူကို စစ်ကိုင်းဘုရင်၏လူလျှိုများဟု စွပ်စွဲကာ နှိပ်စက်ညှင်းပန်းခဲ့ကြသည်။

ဤနှိပ်စက်ညှင်းပန်းပွဲတစ်ခုဝယ် အဘသည် သူ့မျက်လုံးများကို ပေးလိုက်ရချေသည်။ ရိုးသားဖြောင့်မတ်စွာ ဆေးဆရာအဖြစ် နေထိုင်ခဲ့သော အဘသည်ကိုမှ သူတို့ရက်စက်လွန်းကြသည်။ အနှိပ်စက်ခံ ဒဏ်ရာများကြောင့် အဘမျက်လုံးကွယ်ခဲ့ပြီ။

သို့သော် တရားကိုယ်၌မကွာရှိသော အဘကမူ...
"ငါ့ဘဝ ဝဋ်ကြွေးရှိလို့ ခံရတာ။ ဘာမှ မတုန်လှုပ်ကြနဲ့"
ဟု ဆိုသည်။

အမိသည် အဘနေရာသို့ ဝင်ခဲ့ရလေသည်။

အဘနှုတ်မှ ညွှန်ကြားသည့်အတိုင်း ဆေးဖော် ဆေးစပ်လုပ်ခဲ့သည်။ အဘသည် မျက်စိအစုံ ကွယ်ခဲ့ပြီဖြစ်သော်လည်း သူ၏ ကျွမ်းကျင်သောပညာဖြင့် ဝေဒနာသည်များကို ဆေးဆက်ကုခဲ့သည်။ ဖရိုဖရဲ ကစဉ့်ကလျားရှိလှသော ကာလဆိုးကြီးထဲတွင် အဘ၏ ဆေးကုသသော အလုပ်မှ ရရှိသောရိက္ခာသည် သားအမိ သားအဘသုံးယောက်အတွက် ဝမ်းဝရုံတမည်။ ဝေဒနာသည်များကလည်း အဘ၏ ကုသပေးမှုကြောင့် သက်သောပျောက်ကင်း ချမ်းသာခဲ့စေကာမူ သူတို့ကိုယ်တိုင်မှာပင် စစ်ဘေးဒဏ်ကြောင့် ရှားပါးခက်ခဲလှသည်ဖြစ်လေရာ အဘကို ကျေးဇူးရှင်ကြီးဟု ဆိုရုံမှအပ ပြည့်စုံလောက်ငစွာ မကန်တော့နိုင်ကြ။

ကိုယ်တိုင်က အရွယ်ရောက်လူလားမြောက်လာပြီဖြစ်သောကြောင့် စစ်ကိုင်းဘုရင်ထံတွင် မင်းမှုထမ်းအဖြစ် ဝင်လိုလှသည်။ ဒက္ခိတမျက်မမြင်ဖခင်နှင့် မိခင်အိုကြီးတို့ကို အေးချမ်းစွာ ထားလိုလှသည်။ ယခုလို ကာလဆိုးတွင် တပ်တော်ဝင်၍ မင်းမှုထမ်းပါက လက်ရုံးနှလုံးရည်အလိုက် အရာအဆင့် လျင်မြန်စွာ တက်နိုင်မည်ဖြစ်သည်။

သို့သော် တပ်တော်နှင့်အတူ စစ်ပွဲတကာသို့ထွက်တိုက်နေချိန်၌ အဘနှင့်အမိကို မည်သူစောင့်ရှောက်မည်နည်း။

မိမိထွန်ယက်လုပ်ကိုင်ခဲ့သော လယ်ပွဲကိုလည်း စစ်ကာလအောက်ဝယ် စွန့်လွှတ်ခဲ့ရပြီ။ ပစ္စန္တရာဇ် ဇနပုဒ်သား မိမိသည် လယ်အလုပ်မှအပ အခြားဘာကိုမှလည်း မတတ်ကျွမ်း၊ အဘ၏ ဆေးပညာကိုလည်း စိတ်မဝင်စား၊ တပ်တော်ဝင်ရန်မှာလည်း အခွင့်အလမ်းမသာ။

စစ်၏မီးလျှံများကလည်း တစ်စထက်တစ်စ နီးကပ်စွာ လောင်မြိုက်ပူပြင်းလာပြီ ဖြစ်သည်။

ပင်းယနရသူက ခေါ်ပင့်သောကြောင့် စစ်ကိုင်းကို လုပ်ကြံရန် မိုးကောင်းဘုရင် သိုချည်ဘွားသည် အလုံးအရင်းနှင့် ချီလာပြီဟု ကြားရသည်။

တကောင်းမြို့စား သတိုးမင်းဖျားကလည်း သိုချည်ဘွားကို ခုခံတွန်းလှန်ရန် စစ်ပြင်နေပြီဟု ပြောကြသည်။

စစ်ကိုင်းနေပြည်တော်တွင်ကား ကြီးလန့်စာစား...။

ဘုရင်မင်းပြောက်ကိုယ်တိုင်ပင် ရောဝတီအတိုင်း စုန်ပြေးတော့မည်ဟု သတင်းထွက်နေသည်။ ရွှေနန်းတော်အတွင်း၌လည်း အုပ်စုသင်းပင်းကွဲပြားကာ သတ်ဖြတ်လုပ်ကြံမှုများ ပေါ်ပေါက်နေပြီဟု ဆိုကြပြန်၏။

ဤသို့သော အခြေအနေတွင် မိမိသည်...

တပ်တော်သို့လည်း ဝင်ရောက်အမှုထမ်းခွင့်မရ။ လယ်ယာကိုလည်း စွန့်ပစ်ထားရ။ မျက်မမြင်အဘကို အမိနှင့်အတူ စောင့်ရှောက်ရင်း စစ်ကိုင်းရေဝှမ်းအရပ်၌ ကျဉ်းကျပ်မည်းမှောင်စွာ အသက်ရှင်နေရသည့်ဘဝ။

မျိုသိပ်မရတော့သည့်အဆုံးတွင် အဘနှင့်အမိကို ဖွင့်ပြောလိုက်မိတော့သည်။

"အဘ... အမိ...။ ကျုပ်ဒီအတိုင်း မနေနိုင်တော့ဘူးဗျာ"

"အို... ဘာဖြစ်လို့လဲ လူကလေး"

"ကျုပ်ဘဝက အဓိပ္ပါယ်မဲ့နေပြီ။ ကျုပ်ကိုယ်ကျုပ် ဘာကောင်မှန်း မသိတော့ဘူး"

"ဘဝဟာ အဓိပ္ပါယ်မမဲ့ပါဘူး လူကလေးရယ်။ အသက်ရှင်နေသမျှ အဓိပ္ပါယ်တစ်ခုခု ရှိနေတာပါပဲ"

"အို... ကျုပ်ဒီအတိုင်း နေမသွားနိုင်တော့ဘူးဗျာ"

"လူကလေးက ဘာလုပ်ချင်လို့လဲ"

"ကျုပ်လား..."

MMCYBERMEDIA
COMMUNITY FOR ALL

အဘနှင့်အမိကို သနားမိသော်လည်း စိတ်ချဉ်ပေါက်လာသော ရင်ထဲမှာမူ ဆူဝေနေသည်။ ထို့ကြောင့် ရုတ်တရက် နှုတ်ဖျားသို့ ရောက်လာသော စကားလုံးများကို ဖွင့်ထုတ်လိုက်တော့သည်။

"ကျုပ် ခိုးသားထွက်လုပ်မယ်ဗျာ"

"ဘာ… ဘာပြောလိုက်တယ် လူကလေး"

"စစ်ကိုင်း၊ ပင်းယနေပြည်တော်နှစ်ခုလုံးမှာ ဒီလောက်ခြိမ့်ခြိမ့်သဲ ခိုးသားခါးပြလုပ်နေကြတာ။ မထူးတော့ဘူး။ ကျုပ်လဲ ခိုးသားလုပ်တော့မယ်"

"ဘုရား… ဘုရား…။ လူကလေး ဒုစရိုက်မှုပါလားကွယ်"

"အိုး… ဒုစရိုက်သော သုစရိုက်သော ကျုပ်နားမလည်တော့ဘူး။ တောမီးလောင်နေတာဗျ။ နေရာတိုင်းမှာ သဲသဲလှုပ်နေတာ။ ဒီလိုအချိန်မျိုးမှာ တရားနဲ့ကိုယ်မြဲတဲ့သူဆိုလို့ အဘနဲ့အမိတို့ နှစ်ယောက်ပဲ ရှိတော့တယ်"

"လူကလေး။ လူကလေးဟာ တို့သားပါနော်"

"ဟုတ်ပါတယ်။ ဒါပေမယ့် ကျုပ်အသက်နှစ်ဆယ် ပြည့်ပြီလေ"

"သားရယ်။ တိုင်းရေးပြည်ရာ ငြိမ်သက်သွားတဲ့အထိ ဒီအတိုင်းပဲ အေးအေးလေး နေသွားလိုက်ပါ။ ငြိမ်သက်သွားတဲ့ အခါကျမှ မင့်လယ်ပွဲလေး မင်းပြန်လုပ်ပေါ့ကွယ်"

"တိုင်းရေးပြည်ရာ ဟုတ်လားအဘ။ ဒီဘုရင်သုံးပါးရဲ့စစ်မြေပြင်ကြားထဲမှာ ဘယ်အချိန်မှာ ငြိမ်သက်မှာလဲ"

"ဟဲ့… လူကလေး။ တိုးတိုးပြောကွယ်။ ကာလကြီးက အထောက်သူလျှိုတွေကလဲ ပေါပါဘိသနဲ့"

"အဘ… အမိ"

"ဘာလဲ လူကလေး"

"ကျုပ်ကို ခွင့်ပြုကြစမ်းပါဗျာ။ ကျုပ်ခိုးသားထွက်လုပ်ချင်တယ်။ ဒါပေမယ့် ကျုပ်ကတိပေးပါတယ်။ ကောက်ကျစ်ယုတ်မာတဲ့ ခိုးသားမျိုးမဖြစ်စေရပါဘူး။ အခု သိပ်သတင်းကြီးနေတဲ့ ဟိုခိုးသားကြီး တက်ပြားလို ခိုးသားမျိုးလေ"

"ဘာ… ဘာကွ။ မင်းဘာပြောလိုက်တယ်"

"ခိုးသားကြီး တက်ပြားဆိုတာလေ။ ရဲမက်အတုလုပ်ပြီး ရပ်ရွာဇနပုဒ်တွေထဲဝင်၊ ပြည်သားလူထုရဲ့ ပစ္စည်းဘဏ္ဍာတွေ မတရားသိမ်း၊ စစ်မတိုက်တတ်ဘဲ ရဲမက်လုပ်စားနေကြတဲ့ လူယုတ်မာတွေရဲ့ စခန်းထဲဝင်ဖောက်ပြီး မတရားသိမ်းထားတဲ့ ပစ္စည်းတွေကို ပြန်ခိုးတဲ့ ခိုးသားကြီး တက်ပြားလေ။ သူဟာ ဆင်းရဲသား တောသူ တောင်သားတွေရဲ့ ပစ္စည်းကိုတော့ မခိုး…"

"တော်… တော်စမ်း။ မင်းပါးစပ်ပိတ်လိုက်စမ်း။ ဘာပဲဖြစ်ဖြစ် ဒါဟာ အဒိန္နာဒါနကံပဲကွ။ ဘယ်သူ့ပစ္စည်းခိုးခိုး ခိုးတာပဲကွ။ မင်းက ဘုဇပတ်ရွက်အပေါ်မှာ ဆူးနဲ့ဖောက်ပြီး စာရေးသွားတဲ့ ခိုးသားလူရှူးကို အကောင်းထင်နေတယ်ပေါ့ ဟုတ်လား"

တရား ကိုယ်နဲ့မကွာ ရှိနေသော အဘ၊ ကြောက်လန့်အားငယ်တတ်ရှာသောအမိ။ သည်အဘ သည်အမိတို့ အလိုနှင့် ဆန့်ကျင်၍ ဘာကိုမှ လုပ်ခွင့်မသာသော အခြေအနေမျိုးတွင် သက်ပြင်းကိုသာ အကြိမ်ကြိမ် ချလိုက်ရတော့သည်။

MMCYBERMEDIA COMMUNITY FOR ALL

။၆။

မင်းဝံတောင်ရိုးတစ်ခုလုံး ပျောက်ကွယ်လုမတတ်ပင်။

သိပ်သည်းထန်ပြင်းသော မိုးစက်တို့က တစ်လောကလုံးကို လေးလေးပင်ပင် ဖုံးအုပ်ထားသည်။ မည်းပုပ်သော ဝတ်လွှာစကြီးတစ်ခု တအိအိ ကျနေသလိုလည်းထင်ရသည်။

တောင်ကျရေတို့သည် သောင်ပြင်နှင့်ကျောက်တုံးများကို ဖြတ်ကာ ရေဝတီထဲသို့ တစ်ဟုန်ထိုး စီးလာကြသည်။ မြစ်တွင်လည်း လှိုင်းတို့ထန်ချေသည်။ အဆက်မပြတ်တော့သော လျှပ်စီးများကြောင့်သာ မြစ်ရိုးအတိုင်း စုန်၍ လှော်နိုင်ခြင်း ဖြစ်သည်။ လျှပ်သာမပြတ်လျှင် လှေဦး၏ ရှေ့နားကိုပင် မမြင်နိုင်။ သည်မျှအထိ ပိန်းပိတ်သား မည်းမှောင်နေသည်။

တဝုန်းဝုန်း အော်မြည်နေသော မြစ်လယ်မှ လှိုင်းသံများ၊ တချွန်းချွန်း ထစ်သော မိုးကြိုးသံများကလည်း အလျဉ်မပြတ်။

မြစ်လယ်သို့ လှေပါမသွားအောင်ကိုသာ ဂရုစိုက်နေရသည်။ ကမ်းနှင့်မနီးမဝေး ကမ်းရိုးအတိုင်း လှေကို စုန်စေသည်။ လှော်တက်ကား အသုံးမဝင်တော့ပြီ။ ဤအချိန်မျိုးတွင် လှော်တက်ထက် ခပ်ခွက်ကိုသာ အားထားရသည်။ လှေဝမ်းထဲသို့ ဝင်လာသော မြစ်ရေများကို မနားတမ်း ခပ်ထုတ်နေရသည်။

မိုးပေါက်များက မြားတံများနယ် ကိုယ်ပေါ်သို့ အနှံ့အပြား ထိမှန်နေသည်။ စူးစူးရှရှ ခံစားရသည်။ မျက်လုံးများ ကျိန်းစပ်နေသည်။ မျက်ခွံကို ကြိမ်ဖန်များစွာ မှိတ်ချည်ဖွင့်ချည် ပြုရသည်။ ဝင်းခနဲ ပြက်လာသော လျှပ်စီးအရောင်အောက်မှ မြင်ကွင်းကို အမိအရ ဖမ်းရသည်။ လျှပ်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် မြင်ကွင်းသည် တစ်ခဲနက် အမှောင်တိုက်။ လျှပ်ပြက်သွားသည့်အခါ မြင်ကွင်းသည် ထင်ထင်ရှားရှား။

မိုးထစ်ချုန်းသံမှာ သွေးပျက်စရာ ကောင်းသော်လည်း လျှပ်ပြက်သည်ကိုပင် အားကိုးအားထား ပြုနေရသည်။ တစ်ခါတစ်ခါ မင်းဝံတောင်ရိုးဆီက ဝါးလုံးထိုးဆင်းလာသော ရေစီးကြောင်းကြောင့် လှေသည် မြစ်လယ်ဘက်သို့ ချာချာလည် မျောပါသွားတတ်သည်။ ဤအခါမျိုးတွင် ခပ်ခွက်ကိုချထားကာ လှော်တက်ကို ကောက်ကိုင်ရပြန်သည်။ ရေစီးကြောင်းမှ လွတ်အောင် လှော်တက်ဖြင့် အားကုန်ထိန်းရသည်။

ကမ်းဘက်သို့လည်း အရဲကိုး၍ မကပ်သာ။ ကမ်းနားသစ်ပင်ကြီးများသည် အမြစ်မှကျွတ်ကာ အုံ့လိုက် မြစ်ထဲသို့ ထိုးကျလာတတ်သည်။ ကြောက်ရွံ့ခြင်းထက် အားငယ်စိတ်က ပိုများနေသည်။ ပိန်းပိတ်နက်မှောင်ညဥ့်။ သည်းထန်သော မိုးစက်များ။ တစ်ခဲနက် လျှပ်စီးများ။ အပြိုင်းအရိုင်း လှိုင်းလုံးကြီးများ၏ ဝဲယာထက်အောက်အလယ်မှာ ရောက်နေရသော တစ်ကိုယ်ထီးတည်းအဖြစ်။

လေ့ငယ်သည် မုန်တိုင်းထဲမှ သစ်ရွက်တစ်ရွက်လို ဖြစ်နေလေသည်။

သို့သော် အားငယ်စိတ်ကို လှုပ်စီးများက ဖြည့်တင်းကူညီပေးနေသည်။ လှုပ်ပြက်အလင်းနှင့် တစ်ဆက်တည်းလိုလိုပင် ကောင်းကင်တစ်ခုလုံး ပွင့်ထွက်တော့မလားဟု ထင်ရလောက်အောင် ထစ်ချုန်းသံကြီးများက ဆင့်ကဲဆင့်ကဲ ပေါ်လာတတ်သည်။ မည်းမှောင်သော မုန်ပြင်ကြီးတစ်ချပ် အက်ကွဲသွားသည့်အလား ကောင်းကင်တွင် လှုပ်စီးကြောင်းများ အတွန့်အရွန့် ပေါ်လာကြသည်။

မိုးမုန်တိုင်းည၏ မြစ်ပြင်ထက်မှ လေ့ငယ်ဆီသို့ မိုးကြိုးသွားသည် အချိန်မရွေး ကျလာနိုင်သည်။ တထစ်ထစ် အော်မြည်လာပြီးနောက် တစ်ဆက်တည်း ပြင်းထန်ကျယ်လောင်စွာ ပစ်ချလိုက်သော မိုးကြိုးလှုပ်စီးများကို မြစ်ပြင်ထက်တွင် တွေ့နေရသည်။

မိမိအလှည့် ဘယ်တော့ရောက်မည်နည်း။

အားငယ်လိုက်သည်မှာ အတိုင်းအဆမရှိ။

သို့သော် အားငယ်စိတ်ကို စိုးရိမ်ကြောင့်ကြမှုက အနိုင်ရနေသည်။

မိမိအတွက် မိမိစိုးရိမ်ကြောင့်ကြခြင်းကား မဟုတ်။ အဘနှင့်အမိအတွက် ဖြစ်သည်။ အဘသည် မျက်မမြင် ဒုက္ခိတ၊ အမိကား အားလုံးကို ကြောက်တတ်ရှာသူ။ ရေဂုမ်းအရပ် အစွန်အဖျား ဇနပုဒ်မှ တဲငယ်လေးထဲဝယ် အဘနှင့်အမိ မည်သို့ရှိနေမည်နည်း။

ဤမျှ မိုးကြီး သည်းထန်ပုံမျိုးနှင့်ဆိုလျှင် တဲ၏စလူအမိုးသည် ဗလာဟင်းလင်း ဖြစ်လောက်ပြီ။ တဲထဲမှာ မိုးရေတို့ ဒူးဆစ်ပေါင်လယ် ရောက်လောက်ပြီ။ သည်မျှလောက်နှင့်ဆို တော်သေးသည်။

ရေဂုမ်းအရပ်သည် ဆင်ခြေလျှောကုန်းမြင့် ဖြစ်သည်။ ရေဂုမ်းအရပ်၏ အစွန်သည် မြေနိမ့်ပိုင်းဖြစ်သည်။ မိမိတို့၏တဲသည် အနိမ့်ပိုင်းတွင် ရှိသည်။ မင်းဝံတောင်မှ ဝါးလုံးထိုး ကျလာမည့် တောင်ကျရေတို့သည် တဲငယ်ကို အလွယ်တကူ တိုက်စားသွားနိုင်သည်။

ဤသို့ဆိုလျှင် အဘနှင့်အမိတို့သည်…။

စိုးရိမ်ပူပန်စိတ်က အားငယ်ခြင်းကို အနိုင်ယူနေသည်။

မိုးကြိုး၊ လျှပ်စီး၊ လှိုင်းလုံးများကို သတိမရတော့။

လှေတက်တစ်ဖက်၊ ခပ်ခွက်တစ်ဖက်ဖြင့် လှေငယ်ကို ကမ်းရိုးအတိုင်း ခက်ခက်ခဲခဲ စုန်လာခဲ့တော့သည်။

လျှပ်တစ်ချက်အပြက်တွင် ကမ်းကို တွေ့လိုက်ရသည်။

ကမ်းထက်မှ အမြစ်ဆုံလိုက် ကြွတက်ကာ မြစ်ထဲသို့ ခေါင်းငိုက်လာသည့် သဖန်းပင်ကြီးကိုလည်း တစ်ဆက်တည်း တွေ့လိုက်ရသည်။

မိုက်မဲစွာပင် စွန့်စားရတော့သည်။

ကမ်းသို့ တစ်ဟုန်ထိုးလှော်သည်။ ရေဝှမ်းဆိပ်ကမ်း၏ ရေတိမ်ပိုင်းသို့အရောက်တွင် လှေသည် သောင်နှင့်တိုက်ကာ ငြိမ့်ခနဲ ရပ်သွားသည်။ မဆုတ်မဆိုင်း ခုန်ချလိုက်သည်။ ရေထဲသို့ ကစဉ့်ကလျား အကျမှာပင် သဖန်းပင်ကြီးကလည်း အမြစ်တဖွားဖွားဖြင့် ကျွတ်ထွက်လာတော့သည်။ နောက်ထပ် လျှပ်တစ်ချက် ဝင်းခနဲအပြက်တွင် တယိုးယိုး လဲကျလာနေသော သစ်ပင်ကြီးကို တွေ့လိုက်သည်။ အကြောက်တရားက မယုံနိုင်စရာ ကောင်းလောက်အောင် ခွန်အားဖြစ်စေသည်။ လှိုင်းပုတ်နေသော ရေစပ်ထဲတွင် တစ်ဟုန်ထိုး ပြေးလာခဲ့သည်။

ကမ်းပေါ်သို့ ခြေအချမှာပင် သဖန်းပင်ကြီးသည် ကျယ်ကျယ်လောင်လောင် မြည်ဟည်းလျှက် မြစ်ထဲသို့ ထိုးကျသွားလေသည်။ လှေငယ်ကား မိမိကိုယ်စား အပိုင်းပိုင်းအစစဖြစ် ကျန်ရစ်ခဲ့ပေသည်။

ပထမဆုံးအကြိမ် သက်ပြင်းရှိုက်ကာ မိုးပေါက်များဖြင့်ပြည့်နေသောလေကို ရှုသွင်းလိုက်သည်။

အန္တရာယ်မှ လွတ်ကင်းခဲ့လေပြီ။

* * * * *

။၇။

တောင်ကျရေ တဝေါဝေါသံများ၊ မိုးကြိုးလျှပ်စီးသံများ၊ တအုံးအုံးလဲကျလာသော ကမ်းနားသစ်ပင်ကြီးများ၊ အပိုင်းပိုင်း ပျက်စီးသွားသော လှေငယ်၊ ကဲလားမှ မီးရောင် ထွက်ကျနေသောတဲ။ တဲတံခါးကို ဖွင့်၍အဝင်...။

ကွပ်ပျစ်ပေါ်မှ အဘနှင့်အမိ။

ထို့နောက် ကွပ်ပျစ်ခြေရင်းတွင် ထိုင်နေသည့် မည်းမည်းသဏ္ဍာန်။

"အဘ... အဘ... အမိ"

"လူသတ်ကောင်ကြီး... လူသတ်ကောင်ကြီး"

နာကြည်းပင်ပန်းစွာ ဝုန်းခနဲ ထလိုက်သည်။ မထနိုင်။ တစ်ကိုယ်လုံး အားအင်ဆုတ်ယုတ်စွာ လေးလေးလံလံ ပြန်ကျသွားသည်။ မျက်စိကို ဖွင့်ကြည့်လိုက်သည်။

ဖျော့တော့သော မီးရောင်တွင် မျက်နှာတစ်ခုကို တွေ့ရသည်။

"လူကလေး"

ထိုမျက်နှာဆီမှ အသံဖြစ်သည်။ ထိုအသံ အက်ကွဲတုန်ယင်နေသည်ကို သတိပြုမိသည်။ သို့သော် မီးရောင် ဟပ်သောမျက်နှာကြီးမှာ ပီဘိ ကြမ်းတမ်းခက်ထရော်ချေသည်။

"လူကလေး... မင်းအားပြတ်နေတယ်။ ပြီးတော့ စိတ်ဝေဒနာ ပြင်းထန်လွန်းလှတဲ့အတွက် မင်းသတိမေ့သွားခဲ့တယ်"

လူသတ်ကောင်ကြီး။ အဘနဲ့အမိကို သတ်တဲ့ကောင်ကြီးဟု အော်ဟစ်ရန် ကြိုးစားကြည့်သော်လည်း နှုတ်ခမ်းကို ဖွင့်၍ မရ။

"လူကလေး သတိရပြီ မဟုတ်လား။ နားထောင်ပါ။ ကျုပ်ပြောတာ နားထောင်ပါ။ ပြီးတော့ယုံပါ။ လူကလေးရဲ့ အဘနဲ့အမိကို ကျုပ်သတ်တာ မဟုတ်ဘူး"

အကြည့်များဖြင့်သာ တုန့်ပြန်နေရတော့သည်။

"ယုံပါ လူကလေး။ လူကလေးရဲ့ အဘနဲ့အမိကို သတ်သွားတဲ့လူတွေဟာ ရဲမက်လိုဝတ်ထားတဲ့ လူသုံးယောက်ပါ။ သူတို့မြင်းနဲ့လာကြတယ်။ ဒီတဲထဲမှာ မိုးဝင်ခိုကြတယ်။ ပြီးတော့ သူတို့ သေရည်သောက်ကြတယ်။ သေရည်မူးမူးနဲ့ လူကလေးရဲ့ အဘနဲ့အမိကို ဓါးပြတိုက်ကြတယ်"

မျက်နှာကြီးက ငုံ့လာသည်။ အရည်လက်သော မျက်လုံးအစုံကို နီးကပ်စွာ တွေ့နေရလေသည်။

"ယုံပါ လူကလေး။ ကျုပ်အမှန်တွေ ပြောနေတာပါ။ သင်းတို့က လူကလေးရဲ့ အဘနဲ့အမိကို ဆေးကုပြီး စုထားတဲ့ ပစ္စည်းရတနာတွေ ထုတ်ပေးတဲ့။ အဘနဲ့အမိက မရှိကြောင်း တောင်းပန်ကြတယ်။ ဒါပေမယ့် သူတို့က မယုံကြဘူး။ သေလည်း မူးနေကြပြီလေ။ ဒီလိုနဲ့ သေသောက်လိုက် လူကလေးရဲ့အဘနဲ့အမိကို နိပ်စက်လိုက်နဲ့ နောက်ဆုံးတော့…"

မကြားရဲတော့သောကြောင့် မျက်စိအစုံကို တင်းကျပ်စွာ ပိတ်ကာ သွက်သွက်ပါအောင် ခေါင်းခါလိုက်သည်။

"ယုံပါ လူကလေးရယ်။ ကျုပ်သတ်တာ မဟုတ်ပါဘူး"

မျက်လုံးပြန်ဖွင့်သည်။ စူးစူးရဲရဲအကြည့်။

"ကျုပ်ဘယ်လိုလုပ်သိတာလဲဆိုတော့ တဲထဲမှာ ရုန်းရင်းဆန်ခတ်ဖြစ်နေချိန်တုန်းက ကျုပ်ဟာ တဲအပြင်မှာ ရှိနေတယ်။ သူတို့ရဲ့ မြင်းတွေအနားမှာ ကျုပ်က ရောက်နေတယ်"

အပြောရပ်ကာ ခေါင်းငုံ့ကြည့်ပြန်သည်။ ခေါင်းညိတ်သည်။

"လူကလေး မေးချင်တာကို ကျုပ်သိပါတယ်။ ဒီလောကမှာ ဘယ်သူမှ မသိတဲ့ကိစ္စတစ်ခုကို ကျုပ်အခု လူကလေးသိအောင် ဖွင့်ပြောရတော့မယ်။ ဒါမှသာ လူကလေးရဲ့ အဘနဲ့အမိကို ကျုပ်မသတ်ကြောင်း ထင်ရှားတော့မယ်။ ကျုပ်က တဲအပြင် သူတို့မြင်းတွေနားမှာ ဘာကြောင့်ရောက်နေသလဲဆိုတော့ မြင်းပေါ်က ဘဏ္ဍာတော်ထုပ်တွေကို ခိုးမလို့ပဲ"

စူးစိုက်ကြည့်ပြန်သည်။ အနက်အဓိပ္ပါယ်ကို ရှာသော အကြည့်များဖြင့်…

"ရုတ်ရုတ်သဲသဲ အသံကြားလို့ ကျုပ် ကဲလားက ချောင်းအကြည့်မှာ ခုနင်ကပြောသလို သေမူးနေတဲ့ ဒီလူယုတ်မာတွေဟာ မျက်မမြင်ဒုက္ခိတကြီးနဲ့ အဘွားကြီးကို ရက်ရက်စက်စက်… ခွင့်လွှတ်ပါ လူကလေး။ ကျုပ်ဒါကို ထပ်မပြောသင့်ဘူး။ အဲဒီအခါကျတော့ ကျုပ်တဲထဲကို ဝင်သွားလိုက်ပြီးတော့ ရဲသားသုံးကောင်ကို ကျုပ် သတ်ပစ်လိုက်တယ်။ ဒေါသကို မထိန်းနိုင်တော့ဘူး။ ကျုပ်တစ်သက်မှာ သူတစ်ပါးရဲ့အသက်ကို ဒီတစ်ကြိမ်ပဲ သတ်ခဲ့ဖူးတာပါ။ ကျုပ်ဟာ ကံငါးပါးအနက်က အာဒိန္နဒါနာကို ချိုးဖောက်နေသူ ဖြစ်ပေမယ့် ဘယ်တုန်းကမှ သတ်လား ဖြတ်လား မရှိခဲ့ပါဘူး။ အခုတော့ သင်းတို့ ယုတ်မာရက်စက်ကြလွန်းလို့…"

စောင်းငဲ့ကြည့်သည်။ ထို့နောက် မျက်နှာလွှဲကာ လေးပင်စွာ ခေါင်းညိတ်ရင်း သက်ပြင်းရှိုက်၍ ပြောလေသည်။

"လူကလေး… ခိုးသားကြီး တောက်ပြားဆိုတာ ကျုပ်ပါပဲ"

မြောက်မြားစွာသော ဝေဒနာတို့၏ ပြွမ်းတီးရိုက်ခတ်တိုးဝှေ့မှုကို မခံနိုင်တော့။ မြစ်လယ်တွင် ကြောက်ရွံ့ထိတ်လန့်ခဲ့ရခြင်း၊ လှေငယ်တစ်စင်းဖြင့် အားငယ်တုန်လှုပ်ခဲ့ရခြင်း၊ မိုးမုန်တိုင်းကြားမှ လွတ်မြောက်ခဲ့သဖြင့် ဝမ်းမြောက်ပျော်ရွှင်ခဲ့ရခြင်း၊ တဲသို့ရောက်သောအခါ အဘနှင့်အမိတို့၏ ဆိုးရွားသောအဖြစ်ကို တွေ့မြင်ရကာ ရူးသွပ်ခမန်း ဖြစ်ခဲ့ရခြင်း၊ ထို့နောက် ခိုးသားကြီး တောက်ပြားဆိုသူ၏ ရင်ခွင်ထဲတွင် ရောက်ရှိခဲ့ကာ ခိုးသားကြီးကို တအံ့တသြ တွေ့ဆုံရခြင်းစသော မတူ ခြားနားခံစားမှုများက တရိပ်ရိပ်တငွေ့ငွေ့ ရိုက်ခတ်ကြသည်ဖြစ်၍…။

မေ့မြော သွားခဲ့ရလေသည်။

* * * * *

။၈။

"ဘုဇပတ်ရွက်ပေါ်မှာ ဆူးနဲ့ဖောက်ပြီး စာရေးသွားတဲ့ ခိုးသားလူရှူးကို အကောင်းထင်နေတယ်ပေါ့ ဟုတ်လား"
ဟု အဘခါးခါးသီးသီး ငေါက်ငမ်းခဲ့ဖူးသည်။ အမိကမူ...

"ဘုရား... ဘုရား။ အကုသိုလ်အမှုပါလား လူကလေးရယ်"
ဟု ရင်ကို လက်နှင့်ဖိ၍ ပြောရှာသည်။

"ကျုပ်ကို ခွင့်လွှတ်ပါတော့ အဘတို့ အမိတို့ရယ်။ ကျုပ်မှာ တခြားဘာမှ လုပ်စရာမရှိတော့ပါဘူး"
ဟု ရေရွတ်ရင်း လက်အုပ်ချီရတော့သည်။

အရှုပ်ရှုပ်အထွေးထွေးရှိသော စစ်ကိုင်းမင်း၊ ပင်းယမင်း၊ မိုးကောင်းမင်းတို့၏ တပ်များတွင် ရဲမက် အမှုထမ်းလည်း မလုပ်သာ၊ ခါးမဦးချ တောင်သူလယ်လုပ်လည်း မလုပ်သာ၊ အဘကဲ့သို့ သမားအတတ်၌လည်း မကျွမ်း၊ စိတ်ချဥ်ပေါက်ကာ ပြောခဲ့ဖူးသည့် စကားနောက်သို့ တရားပါခဲ့ချေပြီ။

ဝရီး တေက်ပြားသည်သာ ဤလောကအလယ်တွင် တစ်ဦးတည်းသော အားကိုးအားထားရာ ဖြစ်လာခဲ့သည်။

အနိဋ္ဌာရုံညသည် ကာလအားဖြင့် ဝေးကွာခဲ့ပြီ ဖြစ်သော်လည်း နှလုံးသားအနီးတွင် နွေးထွေးစွာ ပူးကပ်နေဆဲပင်။

ဝရီး တေက်ပြားက အဘ၏ ဆေးဘူးများကို မွှေနှောက်ကာ တတ်သမျှ မှတ်သမျှ ပြုစုကုသခဲ့သဖြင့် ဘဝင်ဆို့နေသော ဝေဒနာမှ သက်သာရာ ရလာခဲ့သည်။ ထို့နောက် အဘနှင့်အမိကို မိုးသည်းသည်းမှာပင် မြှုပ်နှံသင်္ဂြိုဟ်ခဲ့ရသည်။ ဝရီး တေက်ပြား သုတ်သင်ပစ်လိုက်သော ရဲမက်သုံးယောက်ကိုမူကား တောင်ကျရေတွင် မျှောကာ မြစ်ထဲသို့ ပစ်ချခဲ့ကြသည်။ ဝရီးသည် မြင်းပေါ်မှဘဏ္ဍာထုပ်များကို ယူကာ မြင်းများကို လွှတ်ပစ်ခဲ့သည်။

စိတ်ဖောဆောင်နေသဖြင့် သတိပြန်ရချိန်တွင် ထိုအလုပ်များကို လုပ်နိုင်ခဲ့သော်လည်း ဝရီး တေက်ပြား၏ ရင်ခွင်ထဲမှာပင် လဲကျ မေ့မျောသွားခဲ့ပြန်သည်။

သူ့စခန်းကျောက်ဂူထဲ ရောက်လာသည်ကိုလည်း သတိမရ။

နောက်လေးရက်လုံးလုံး အပြင်းဖျားကာ သတိလစ်နေခဲ့သည်ဟု ဝရီး တေက်ပြားက ပြောပြသည်။ သတိပြန်ရချိန်တွင် ပထမဆုံး မြင်ရသည်မှာ ခက်တရော်သော မျက်နှာထက်မှ အကြင်နာငွေများသမ်းနေသည့် မျက်လုံးအစုံပင် ဖြစ်သည်။ ခိုးသားကြီး၏ မျက်လုံးများမှာ အရည်လည်နေသည်။

သတိပြန်ရရချင်း ရင်ထဲသို့ဝင်လာသော အသိတစ်ခုတည်းသာ ရှိသည်။ မိမိသည် ခိုးသားကြီး တောက်ပြား၏ ကိုတ္တိမသား ဖြစ်ခဲ့ပြီ ဟူ၍။

"ဘဝတစ်ခုရှင်သန် ဖြစ်တည်နေဖို့၊ ပြီးတော့ အားလုံးအတွက် လက်စားချေဖို့ ကျုပ်မှာ တစ်ခုအပြင် နှစ်ခုမရှိတဲ့ လမ်းတစ်လမ်းသာ ရွေးချယ်စရာ ရှိပါတော့တယ်။ အဲဒါကတော့ ဝရီးနဲ့အတူနေရင်း ကျုပ်ခိုးသားကြီး လုပ်ဖို့ပဲ"
ဟု ပြောလိုက်သည်။

ဝရီး တောက်ပြားက ပြုံးသည်။ ထို့နောက် နဖူးကို လက်ကြမ်းကြီးဖြင့် သပ်ကာ တစ်လုံးချင်း ရေရွတ်သည်။

"လူကလေး တစ်သက်၊ ကျုပ်တစ်သက် အတူနေကြစို့"

နှစ်ယောက်သား ရယ်မိကြလေသည်။

"အခုနေတော့ လူကလေးသိပ်အားနည်းနေတယ်။ အပြင်ထွက်လို့ မဖြစ်သေးဘူး။ အင်း... အပြင်လဲ မထွက်တတ်သေးပါဘူးလေ"

"ကျုပ် အားရှိလာရင်ကော ဝရီး"

"အပြင်ထွက်တတ်အောင် ပညာသင်ရဦးမယ်လေ"

"အပြင်ထွက်တာတောင်မှ ပညာသင်ရဦးမှာလား ဝရီး"

ဝရီး တောက်ပြား တဟားဟား ရယ်သည်။

"ဟား ဟား... အပြင်ထွက်တယ်ဆိုတဲ့ စကားရဲ့အဓိပ္ပါယ်က အလုပ်လုပ်တာကို ပြောတာ။ အလုပ်လုပ်တယ်ဆိုတာတော့ လူကလေး သိသလား"

ခဏမျှ စဉ်းစားကာ...

"ကျုပ်သိပြီ။ ဝရီးရဲ့ အလုပ်ကိုပြောတာ မဟုတ်လား"

"ဟုတ်တာပ၊ ကိုင်း... ဂူထဲမှာပဲ လူကလေးလုပ်စရာအလုပ် ပေးထားမယ်"

"ဟုတ်ကဲ့"

"ဟောဒီ အရွယ်လောက် ဘုဇပတ်ရွက်တွေပေါ်မှာ ဆူးနဲ့ ဖောက်ပြီး တောက်ပြားဆိုတဲ့ စာလုံးတွေ ရေးပေးရမယ်"

"ကောင်းပါပြီ ဝရီး"

ဘုဇပတ်ရွက်ပေါ်တွင် ဆူးနှင့်ဖောက်ကာ စာရေးပေးရင်း ဝရီး သယ်လာသော ပစ္စည်းများကို နေသားတကျ စုဆောင်းရင်း အားမွေးခဲ့သည်။

ရက်သတ္တနှစ်ပတ်လွန်ပြီးသည်နှင့် တစ်နေ့တွင် ဝရီးကို ပြောလိုက်သည်။

"ဝရီး ကျုပ်နေကောင်းပြီ"

"မှန်းစမ်း။ အင်း… ဟုတ်ပြီ။ ဒီတော့"

"ကျုပ်အပြင်ထွက်ချင်ပြီ"

"အား… အပြင်မထွက်ခင်မှာ လူကလေး သိထားသင့်တာတွေ ရှိသေးတယ်။ အပြင်ထွက်တယ်ဆိုတာ လွယ်တာ မဟုတ်ဘူး"

"ဘာတွေ သိထားရမလဲ ဝရီး။ ကျုပ်ကို သင်ပေးပါ"

"ကောင်းပြီ"

တစ်ဆစ်တစ်ချိုးအကွေ့၏ ဟိုမှာဘက်တွင် ဘဝဟောင်းသည် တဖြည်းဖြည်း ဝေးကွာ လွင့်ပါး ကွယ်ပျောက်သွားခဲ့လေသည်။

"ကျုပ် ကိုယ်လဲမပျောက်ဘူး။ မြေလဲ မလျှိုးတတ်ဘူး။ မိုးပျံဖို့ဆိုတာ ဝေးရော။ အေး… ငယ်ငယ်က ဘုန်းကြီးကျောင်းသားဘဝမှာ ဆရာတော်ဘုရား ထိုးပေးထားတဲ့ အင်းတွေ၊ ကြောင်ရုပ်တွေ၊ တောက်တဲ့ရုပ်တွေတော့ ရှိလေရဲ့"

လက်မောင်း၊ ကျောပြင်နှင့် ထိုးကွင်း မင်ကြောင်များကို ပြသည်။

"ဒါပေမယ့် ဒီလို ဆေးမျိုးဆိုတာက အင်မတန် သီလကောင်းမှ စွမ်းတတ်တာမျိုးကလား။ သူတစ်ပါးပစ္စည်းခိုးပြီး ဝမ်းကျောင်းနေတဲ့ ကျုပ်လိုကောင်မျိုးမှာ ဒီအင်းတွေ၊ ဆေးတွေ၊ အရုပ်တွေဟာ အရေပြားပေါ် အရာထင်ရုံက လွဲလို့ ဘာမှ အစွမ်းမရှိဘူး။ သို့သော်…"

ဝရီးသည် တက်ကြွနေလေသည်။

"အလေ့အကျင့် ကျွမ်းကျင်မှု လိုတယ်။ မိမိစိတ်က လိုအပ်တဲ့အချိန်မှာ ကိုယ်ဟာ ပေါ့ပါးဖျတ်လတ်နေရမယ်။ ဒီလို ပေါ့ပါးဖျတ်လတ် နေစေဖို့အတွက် ပထမဆုံးက အလေ့အကျင့်၊ မဆုတ်မနစ်သော ဝီရိယ၊ ငါဟာ ဒီလိုဖြစ်ချင်တယ်၊ ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ စိတ်အားထက်သန်မှု၊ ကိုယ်ခန္ဓာ အလေ့အကျင့်နဲ့ စိတ်ဓါတ်အားသန်မှုတို့ကို ဘယ်ညာခြေလှမ်း ထက်ကြပ်မကွာသလို တစ်ပြန်စီတစ်လှည့်စီ အဆက်မပြတ် ရှိနေစေရမယ်"

ကျောက်ဂူထဲတွင် ဝရီး၏ သင်ပြမှုအတိုင်း အတက်အဆင်း အပြေးအရပ်တို့ကို လေ့ကျင့်သည်။ တစ်ဟုန်ထိုးပြေးခြင်း၊ ကြာရှည်လေးမြင့် အစွဲအမြဲရပ်ခြင်းများ။

"မျက်စိရှင်ရမယ်။ တစ်ခုခုကို စူးစိုက်ကြည့်နေပေမယ့် ဝန်းကျင်ကအရာတွေကိုလဲ ခြုံပြီး မြင်နေစေရမယ်။ အမှောင်ထုကို မိမိအတွက် အလင်းရောင်လို အသုံးချနိုင်အောင် မျက်စိအားကောင်းရမယ်"

အကြည့်အမြင် စူးရှအားသန်စေရန် အလင်းရောင်ကို နည်းနိုင်သမျှ အနည်းဆုံးထားကာ အမှောင်နှင့် ရင်းနှီးအောင် လေ့ကျင့်နေရသည်။

"ခြေသံလုံရမယ်။ ခြေအနုတ်အသိမ်း မြန်ရမယ်။ ခြေဖဝါးတစ်ပြင်လုံးကို ဘယ်တော့မှ မသုံးလေနဲ့။ ခြေဖျား နှစ်ဖက်တည်းနဲ့ တစ်ကိုယ်လုံးကို အချိန်ကြာမြင့်စွာ ထမ်းပိုး ပြေးလွှားနိုင်ရမယ်"

ညောင်းညာကိုက်ခဲကာ သွေးကြောများ ပူလောင်လာသည်အထိ လေ့ကျင့်ရပြန်သည်။

"အရေးကြီးတဲ့နေရာ ရောက်လာပြီ လူကလေး။ ပေါ့ပါးဖျတ်လတ်တဲ့ ခြေထောက် ကိုယ်ခန္ဓာတွေကို အသုံးပြုပြီး မိမိအလိုရှိတဲ့နေရာရောက်လာပြီ၊ အမှောင်ထုကို ဖောက်ပြီးလဲ မြင်ရပြီ။ ခိုးတော့မယ်။ ခိုးမှာက လက်နဲ့ခိုးမှာ။ လက်နဲ့အလုပ်လုပ်မှာ။ ဒီတော့ ပခုံးကစပြီး လက်မောင်း၊ တံတောင်၊ လက်ဖျံ၊ လက်ဆစ်၊ လက်ကောက်ဝတ်၊ လက်ဖမိုး၊ လက်ဖဝါး၊ လက်ချောင်းတွေအထိ လက်တစ်ခုလုံးကို သူ့နေရာနဲ့သူ ပိရိသေသပ်စွာ အသုံးပြုရလိမ့်မယ်။ လက်ရဲ့ကျွမ်းကျင်မှုဟာ အလုပ်ရဲ့အဓိကပဲ။ သူ့အစိတ်အပိုင်းနဲ့သူ သုံးတတ်ရင်လက်ဟာ အလိုလိုလှုပ်ရှားသွားလိမ့်မယ်။ အင်အားစိုက်ထုတ်စရာ မလိုဘူး။ ဒီမှာလဲ အလေ့အကျင့်လိုတယ်"

ကြိုးထုံးကို ဖြေခြင်း၊ အဖုံးကိုဖွင့်ခြင်း၊ အံကို ဆွဲယူခြင်းစသည့် လေ့ကျင့်မှုများ ပြုလုပ်ရသည်။

"ပစ္စည်းတစ်ခုကို ရှာတဲ့အခါမှာ မွှေနှောက်ပြီး မရှာရဘူး။ ကြွက်တစ်ကောင် တွင်းယက်သလို တွင်းဝမှာ မြေကြီးတွေ မွနေတာမျိုးမဖြစ်ရဘူး။ နံရံမှာ ဖောက်ထားတဲ့ မိမိရဲ့ အိမ်ထဲကို နကျယ်တစ်ကောင် ဝင်သွားသလို ပိရိသေသပ်ရမယ်"

လက်လှုပ်ရှားလေ့ကျင့်မှုများမှာ အခက်ခဲဆုံး၊ အသိမ်မွေ့ဆုံးပင်။ ဤနေရာတွင် ဝရီး တောက်ပြားသည် တိရစ္ဆာန်ပေါင်းများစွာ၏ သဘာဝလှုပ်ရှားမှုများကို အကိုးအကားပြုလေသည်။

"ဝင်းခြံ၊ တံတိုင်းလိုဟာမျိုးကို တက်တဲ့အခါကျတော့ လိုအပ်ရင် ကြိုးရဲ့ အကူအညီကို ယူရမယ်။ ကြိုးမလိုတဲ့ အခါမျိုးမှာ လက်ကိုအသုံးပြုရင်လဲ လက်တစ်ခုလုံး အားကုန်အောင် မသုံးရဘူး။ အထူးသဖြင့် လက်ကောက်ဝတ်နဲ့ လက်ချောင်းလေးတွေ နာကျင်မသွားအောင် အထူးသတိထားရမယ်။ ပစ္စည်းကိုယူတဲ့ ရှာဖွေတဲ့အခါမှာ လက်ချောင်းလေးတွေဟာ အင်မတန် အရေးကြီးတယ်"

ကြမ်းတမ်းသော လက်ချောင်း တုတ်ခိုင်ခိုင်ကြီးများဖြင့် သိမ်မွေ့နူးညံ့စွာ လှုပ်ရှားပြသည်။

"အင်း... နားပါးဖို့ကတော့ သိပ်မခက်လှဘူး။ အခု ဂူထဲမှာ လူကလေး ပကတိငြိမ်သက်တဲ့ တိတ်ဆိတ်ခြင်းကိုသာ ကျွမ်းဝင်အောင်လုပ်ထား။ တိတ်ဆိတ်ခြင်းနဲ့ ကျွမ်းဝင်ပြီးသား နားအာရုံဟာ သစ်ကိုင်းခြောက်တစ်ခုလို အင်မတန် ဆတ်တယ်။ ဘယ်လောက်တိုးညင်းတဲ့ အသံပဲဖြစ်ဖြစ် လူကလေးရဲ့ နားအာရုံထဲကို ရောက်လာမှာပဲ။ ဘာသံလဲ၊ ဘယ်နေရာကလဲ၊ ဘယ်လောက်အကွာအဝေးလဲ ဆိုတာတွေကိုပါ သိလာလိမ့်မယ်"

ဤသို့ဖြင့်ပင် ခန္ဓာကိုယ်လေ့ကျင့်မှုများကို အတော်အတန် ကျွမ်းကျင်လာခဲ့သည်။ ဝရီး တောက်ပြားက စမ်းသပ်စစ်ဆေးသည်။ ဂူထဲမှာတော့ ကျေနပ်လောက်စရာ ရှိပြီ။ အပြင်ထွက်တော့မှ အပြည့်အဝ အကဲခတ်ရတော့မည်ဟု ဆိုသည်။

"ကဲ... လူကလေး။ အခု အရေးအကြီးဆုံးနဲ့ အခက်ခဲဆုံးကို ရောက်လာပြီ။ ပြီးခဲ့တဲ့ လေ့ကျင့်မှုတွေထက် ပိုပြီး ခက်ခဲတဲ့အရာပဲ"

"ဟုတ်ကဲ့... ဝရီး"

ဝရီး တောက်ပြား၏ အသွင် ထူးထူးခြားခြား လေးနက်နေသည်။

"လူကလေး ကျုပ်အကြောင်း ဘယ်လောက်အထိ သိထားသလဲ ပြောစမ်း"

"ဗျာ..."

"လူကလေးမှာ ကျုပ်နဲ့ မတွေ့ခင်အထိ ခိုးသားကြီး တောက်ပြား အကြောင်းကို ဘယ်လောက် သိထားသလဲ။ စစ်ကိုင်းတခွင်မှာ ထကြွသောင်းကျန်းနေတဲ့ ခိုးသားကြီးအကြောင်း..."

သိထားသမျှ ပြန်ပြောပြရသည်။ ခိုးသားကြီး တောက်ပြားသည် လူစွမ်းဖြစ်ကြောင်း၊ ကိုယ်ဖျောက်နိုင်သည်ဟု ဆိုကြကြောင်း၊ ကြောက်နက်မျက်လုံးကို ကိုယ်တွင်မြုပ်နှံ ဆေးထိုးထားသဖြင့် ငှက်ပျောရွက်ပေါ်မှာပင် တက်အိပ်နိုင်လောက်အောင် ပေါ့ပါးလှကြောင်း၊ ငှက်အမြဲတောကို မျိုထားသောကြောင့် စစ်ကိုင်း မြို့ရိုးကိုပင် ကျော်လွှားခုန်ပျံနိုင်ကြောင်း စသည်...။

"ဟား... ဟား... အဲဒါတွေ တစ်ခုမှ မဟုတ်ကြောင်း လူကလေးအခုသိပြီ မဟုတ်လား။ ကဲ... နောက်ဆက်ပြောပါဦး"

"ဝရီးဟာ သူဆင်းရဲတွေရဲ့ ပစ္စည်းကို ဘယ်တော့မှ မယူ၊ မင်းဘဏ္ဍာနဲ့ သူကြွယ် သူဌေးတွေရဲ့ ပစ္စည်းကိုသာ ယူတယ်။ ယူပြီးတော့လဲ သူဆင်းရဲတွေကို ဝေငှတယ်လို့ သိရသေးတယ်"

"အင်း... အဲဒါ တစ်ပိုင်းတစ်စပဲ မှန်တယ်"

"ဘယ်လို တစ်ပိုင်းတစ်စလဲ ဝရီး"

"စစ်ကိုင်းမင်း၊ ပင်းယမင်းနဲ့ သိုချည်ဘွားတို့ ဒီလောက်ထီးရေး နန်းရေး စစ်မက်ရေးတွေ ရှုပ်ထွေးနေချိန်မှာ လယ်ပစ် ယာပစ်၊ အိုးအိမ်ပစ်၊ သေကွဲရှင်ကွဲ ကွဲပြီး ဒုက္ခရောက်နေကြတဲ့ ပြည်သားလူထုရဲ့ပစ္စည်းကို ကျုပ်မယူဘူး။ ဒါအမှန်ပဲ"

"ဟုတ်ကဲ့... ဝရီး"

"မင်းဘဏ္ဍာနဲ့ သူကြွယ်စိုးတွေရဲ့ ပစ္စည်းကိုသာ ခိုးတယ်ဆိုတာလဲ ဟုတ်တယ်"

"သူဆင်းရဲတွေကို ဝေငှတယ်ဆိုတာကော ဝရီး"

"ဘုဇပတ်ရွက်မှာ နာမည်ရေးပြီး ခိုးတဲ့နေရာတိုင်းမှာ ချထားခဲ့တာ ဘာမှမကြာသေးဘူး လူကလေး။ သုံးနှစ်ပဲ ရှိသေးတယ်။ ဒါကြောင့် ခုအတောအတွင်းမှာမှ တောက်ပြားဆိုပြီး လူသိလာတာ။ ဒီသုံးနှစ်အတွင်း ခိုးလာတဲ့ ပစ္စည်းတွေကို သူဆင်းရဲတွေဆီ ဝေငှပေးတာလဲ အားလုံးမှ ခြောက်ကြိမ်ပဲ ရှိသေးတယ်"

"ဒါဆိုရင်..."

"ကျုပ် ဘုဇပတ်ရွက်သုံးတာ အရွက်လေးဆယ်ကျော် သွားပြီ။ လေးဆယ်နဲ့ နှစ်ကြိမ်ရှိပြီ။ သူဆင်းရဲတွေကို ဝေငှပေးတာက ခြောက်ကြိမ်ပဲ ရှိသေးတယ်။ အင်မတန် နည်းပါသေးတယ်။ အင်း... ခိုးသမျှ အကြိမ်တိုင်းမှာ သူဆင်းရဲတွေကို ဝေငှပေးတယ်လို့ စစ်ကိုင်းသားတွေကတော့ ထင်ရှာလေမှာပဲ။ ဒါအတွက် ကျုပ်စိတ်မလုံမလဲ ဖြစ်ရတယ် လူကလေး"

"ဘာကြောင့် သုံးနှစ်အတွင်းမှာ ခြောက်ကြိမ်ပဲ ရှိခဲ့တာလဲ ဝရီး"

"အကြောင်းနှစ်ချက်ရှိတယ် လူကလေး။ တစ်ကြောင်းက ရွှေငွေရတနာတွေကို ကျုပ်က ခိုးယူ၊ အတိဒုက္ခရောက်နေတဲ့ ရွာတွေကို ခိုးသားကြီး တောက်ပြားရဲ့ ပဏ္ဏာဆိုပြီး ခွဲဝေပေး၊ ရုတ်တရက်တော့ သူတို့ခမျာ ဝမ်းသာရှာကြတယ်။ ဒါပေမယ့် ဒါကို စစ်ကိုင်းမင်းရဲ့လူတွေသိသွားတဲ့အခါ အဲဒီရွာတွေဟာ နောက်ထပ်တစ်ကြိမ် အမွှေအနှောက် အနှိပ်အစက်ခံရပြန်ရော။ ခိုးသားလက်ခံတဲ့ရွာ၊ ခိုးသားအားပေးတဲ့ရွာဆိုပြီး တစ်ဆတိုး နှိပ်စက်ကြတယ်လေ"

အံကိုကြိတ်၍ လက်သီး ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိသည်။

"နောက်တစ်ကြောင်းကတော့ မင်းဘဏ္ဍာတစ်ခုခု၊ သူကြွယ်စိုးတစ်ယောက်ရဲ့ ဘဏ္ဍာတစ်ခုခု ပျောက်ပြီဆိုရင် အဲဒီနယ်မြေတစ်ဝိုက်မှာ အစောင့်အကြပ် ထူထပ်နေအောင် ချလာကြတယ်။ ကျုပ်ပြန်ပြီး မဝင်သာအောင်ပေါ့။ အထူးသဖြင့် သူဆင်းရဲတွေရှိရာ ရွာတွေဆိုရင် ပိုပြီးအကွပ်အညှပ် ထူပြောတယ်။ အချို့ရွာတွေဆိုရင် ကျုပ်ရဲ့ပဏ္ဏာကို လက်မခံရဲကြတော့ဘူး။ ကျုပ်က တိတ်တဆိတ် သွားချပေးထားပေမယ့် သူတို့ မယူရဲကြတော့ ဒါတွေဟာ ရဲမက်တွေ လက်ထဲပဲ အလွယ်တကူ ပြန်ရောက်သွားကြတယ်"

"ကျုပ်နားလည်ပါပြီ ဝရီး"

"ဒါကြောင့် ကျုပ်အခုရလာတဲ့ပစ္စည်းကို အရင်လို ခွဲဝေပြီးမပေးတော့ဘဲ ဂူထဲမှာပဲ စုဆောင်းလာခဲ့တယ်။ ဒီအတွက် ကျုပ်အမြဲလိုပ်ပြာမသန့် ဖြစ်ရတယ်"

ကျောက်ဂူအတွင်းဘက် မည်းမှောင်နေသော နေရာသို့ ခေါ်၍ ပြသည်။ မြှုပ်နှံထားသော ရတနာများကို တအံ့တသြ တွေ့လိုက်ရသည်။ မြှုပ်နှံထားသော ရတနာများမှ ဖိတ်ဖိတ်လက်လက် ဟပ်နေသော အရောင်ဖြင့် ဝရီး တောက်ပြား၏ မျက်လုံးမှာ တောက်ပြောင်နေသည်။ ထိုမျက်လုံးများဖြင့် ထွင်းဖောက်မတတ် အကြည့်ခံရသောအခါ တုန်လှုပ်သွားရလေသည်။

"လူကလေး"

ဂူထဲမှာ ဝရီး၏အသံ ဟိန်းနေသည်။

"လူကလေးဟာ ခိုးသားတစ်ယောက်ရဲ့ ပညာနဲ့ ပြည့်စုံလာခဲ့ပြီ။ ကျုပ်နဲ့အတူ မကြာခင် အပြင်ထွက်တော့မယ့်သူလဲ ဖြစ်တယ်။ ကျုပ်မရှိတဲ့အခါမှာလဲ လူကလေးဟာ အခြားဘာပညာမှ မတတ်ကျွမ်းတဲ့အတွက် ဒီခိုးသားအဖြစ်နဲ့ပဲ နေထိုင်မှာပဲ။ ဟုတ်သလား"

"ဟုတ်ပါတယ် ဝရီး"

အသံများ တုန်နေသည်ကို သတိထားမိနေသည်။

"လူကလေး သစ္စာဆိုရမယ်။ ကျုပ်အခုရထားတဲ့ ဟောဒီပစ္စည်းတွေနဲ့ နောက်ထပ်ရလာမယ့် ပစ္စည်းတွေ လူကလေးကိုယ်တိုင်ရလာမယ့် ပစ္စည်းတွေကို လူကလေး ထိန်းသိမ်းစောင့်ရှောက်ရမယ်။ ကိုယ်ကျိုးအတွက် အသုံးမပြုရဘူး။ ခုချိန်ခါမှာ တိုင်းရေးပြည်ရာ ရှုပ်ထွေးနေတာကြောင့် သူဆင်းရဲတွေကို ဝေငှဖို့ဆိုတဲ့ ကျုပ်ဆန္ဒ မပြည့်ဝဘူး။ ဒါကို မဖြစ်ဖြစ်အောင် လူကလေး တတ်နိုင်စွမ်းရှိသရွေ့ ဆောင်ရွက်ရမယ်။ ဆောင်ရွက်ပါမယ်လို့ လူကလေး သစ္စာဆိုရမယ်။ နားလည်လား"

"နားလည်ပါပြီ ဝရီး"

"ပစ္စည်းတွေအပေါ်မှာ လောဘမတက်ရဘူး။ မိမိတစ်ကိုယ်တည်းအတွက် စံစားခံစားခြင်း မပြုရဘူး။ မိမိရဲ့ အသက်မွေးဝမ်းကျောင်းက အဒိန္နဒါနကံကို ကျူးလွန်တဲ့အမှု၊ ဒီအမှုရဲ့ မှောင်မိုက်တဲ့ဒဏ်ကို ကောင်းမှုပြုခြင်းဆိုတဲ့အလင်းနဲ့ တစ်ဝက်တစ်ခြမ်း ကုစားရမယ်"

"ကျုပ် သစ္စာဆိုပါမယ် ဝရီး"

"ကောင်းပြီ။ လူကလေးကို ကျုပ်သစ္စာတိုင်ပေးမယ်။ သစ္စာမဆိုခင်မှာ စကားတစ်ခွန်း ပြောရဦးမယ်။ လူကလေးကို ခေါ်လာခဲ့စဉ်ကစပြီး အခုအထိ လူကလေးရဲ့နာမည်ကို ကျုပ်မမေးခဲ့ဘူး။ လူကလေးကလဲ ကျုပ်ကို မပြောခဲ့ဘူး။ ဘဝဟောင်းကို လူကလေး မြှုပ်နှံလိုက်ပြီဆိုတာ ကျုပ်နားလည်တယ်။ သို့သော် လူကလေးမှာ အမည်နာမတစ်ခုခု မရှိဘဲ မဖြစ်ဘူး။ ကျုပ်တောင်မှပဲ တေက်ပြားဆိုတဲ့ အမည်နာမ ရှိနေသေးတယ်။ ဒါကြောင့် သစ္စာဆိုမယ့် ခုအချိန်မှာပဲ လူကလေးကို ကျုပ်နာမည်တစ်ခု ပေးချင်တယ်"

"ဝရီးပေးတဲ့နာမည်ကို ကျုပ်တစ်သက်လုံးယူသွားပါ့မယ် ဝရီး"

တဖြည်းဖြည်းကျယ်ပြန့်လာသော အပြုံးရိပ်ကို ဝရီး တေက်ပြား၏ မျက်နှာပေါ်တွင် တွေ့လိုက်ရသည်။

"လောကမှာ အထူးခြားဆုံး နာမည်တစ်ခု ကျုပ်ရွေးထားတယ်။ ခိုးသားကြီး တေက်ပြားကနေပြီး သူ့ရဲ့ ကိတ္တိမသားကို ပေးတဲ့နာမည်၊ အထူးခြားဆုံး... အထူးခြားဆုံး"

"အထူးခြားဆုံး... ဟုတ်လား ဝရီး"

"အင်း... တေက်ပြားကပေးမယ့် အမည်နာမ၊ အင်မတန် အဓိပ္ပါယ်ပြည့်ဝတဲ့ အခေါ်အဝေါ်၊ အင်မတန် သဘောအနက် ပြည့်စုံတဲ့အသုံးအနှုန်း..."

"ဟာ... ဝရီး။ ကျုပ်သိပြီ"

"ပြောစမ်း... လူကလေး။ ဘယ်လိုနာမည်မျိုး ဖြစ်မလဲ"

နှုတ်ခမ်းဖွင့်လိုက်သည်။ ဝရီးကလည်း နှုတ်ခမ်းပြင်သည်။ နှစ်ဦးသား အသံပြိုင်တူ ထွက်သွားသည်။ ထိုအသံသည် ဂူနံရံကို ရိုက်ခတ်ကာ ပဲ့တင်မြည်ဟည်းလျှက် ပြန်ကျလာသည်။ နားမှတစ်ဆင့် ရင်ထဲသို့ ထွင်းဖောက်သည်။

တပြိုင်တည်း ရေရွတ်လိုက်ကြသော အမည်ကား...

"တေက်ပြား"

ပဲ့တင်သံ အထပ်ထပ်။

* * * * *

။၉။

ကိုးသိန်းသခင် မိုးကောင်းဘုရင် သိုချည်ဘွားထံ...။

ပင်းယဘုရင်နရသူ သဝဏ်လွှာ ရောက်ကြားစေအပ်ပါသည်။

စစ်ကိုင်းတွင် တစ်ထီးတစ်နန်း စိုးစံနေသော မင်းပြောက်ကား မင်းရိုးစိုးမျိုးမဟုတ်။ တမ္ဗဒီပတန်ခိုးကောင်းခဲ့စဉ်က မိဖုရားဘွားစော၏ အစ်မတော် မြေးမျှသာ။ စစ်ကိုင်း နန်းထက်တွင် မင်းရိုးမဟုတ်သသူ မင်းပြုနေသည်ကား ကျွန်ုပ်နှင့်တကွ သင့်ကိုပါ ထီးပြိုင်နန်းပြိုင် ပြက်ရယ်ပြုရာ ရောက်ချိမ့်သည်။ စစ်ကိုင်းမင်းတွင် အင်အားဗိုလ်ပါလည်း လျော့ရဲသည်။ သင့်ဘုန်းကို စစ်ကိုင်းခံနိုင်အံ့လော။ စစ်ကိုင်းကိုစစ်ထိုးပါ။ ရလျှင် ကျွန်ုပ်အခွံကိုသာ ယူမည်။ အဆန်ဟူသမျှ အသင့်ဖို့ချည်းသာ မဖြစ်သလော။

ဆင်မြင်းအလုံးအရင်းနှင့်တကွ စစ်အင်အားကြီးထွားလာသော မိုးကောင်းမင်း သိုချည်ဘွားထံသို့ ပင်းယမင်း၏ သဝဏ်ရောက်လာသည်။ စစ်သွေးဆာနေသော သိုချည်ဘွားသည် ချက်ချင်းပင် တပ်မှူးများအားလုံးကို ခေါ်ယူလိုက်သည်။

စစ်ကိုင်းသို့ စစ်ချီမည့်နေ့မတိုင်မီ ညဘက်တွင် အမတ်ချုပ် မင်းမဟာက သိုချည်ဘွားကို သတိပေးစကားတစ်ခွန်း ပြောခဲ့သည်။

"ကိုယ်တော် စစ်ကိုင်းကိုတော့ အလွယ်နဲ့ လုပ်ကြံရနိုင်ပါလိမ့်မယ်။ မင်းပြောက်ဟာ အရည်အချင်းမရှိတဲ့ ဘုရင်တစ်ပါးပဲ။ ဒါပေမယ့် တကောင်းမြို့စားကိုတော့ သတိထားရလိမ့်မယ်"

"တကောင်းမြို့စား။ ဟုတ်လား... အမတ်ချုပ်ကြီး"

"ဟုတ်ပါတယ်။ စိုးမင်းသခင်ခကြီးနဲ့ တကောင်းမင်းရိုးသတိုးတို့ကို မင်းကြီးအသင်္ခယာစောယွမ်း ရှိစဉ်ကတည်းက စုံဖက်ပေးခဲ့တယ်။ စိုးမင်းသခင်မကြီးက သားသမီးသုံးယောက် ထွန်းကားခဲ့တယ်။ တကောင်းမြို့စားဆိုသူဟာ စိုးမင်းသခင်မကြီးရဲ့ သားတော်အကြီးဆုံးပေါ့။ သူ့နာမည်က သတိုးမင်းဖျားလို့ ခေါ်တယ်"

"သတိုးမင်းဖျား ဟုတ်လား။ နေပါဦး အမတ်ချုပ်ကြီး... ဘုရင်အသင်္ခယာစောယွမ်းကိုယ်တိုင် သူ့သမီးတော်ကို လက်ထပ်ပေးခဲ့စဉ်က ဘုရင့်သက်တော်က သုံးဆယ်မပြည့်သေးဘူး ဆိုပါလား"

"ဒါတော့ ကျွန်တော်မျိုး အတိအကျ မသိပါဘူး"

"ရှိစေတော့လေ။ သို့သော် အမတ်ကြီးစောစောကပြောတဲ့ တကောင်းမြို့စား... ဘယ်သူ"

"သတိုးမင်းဖျားပါ ကိုယ်တော်"

"အင်း.... အဲဒီ တကောင်းမြို့စား သတိုးမင်းဖျားဆိုသူဟာ အခုနေ ရှိလှမှ အသက်နှစ်ဆယ် အစိတ်ပေါ့။ ဥမည် စာမမြောက် မြို့စားငယ်တစ်ယောက်ကို ကျွန်ုပ် ဂရုထားစရာ မလိုပါဘူး"

"လုပ်ရည်ကြံရည်ရှိသူ တစ်ယောက်အဖို့ ကြီးသည်ငယ်သည် မရှိပါဘူး ကိုယ်တော်"

"တိတ်စမ်း... အမတ်ချုပ်ကြီး။ တကောင်းမြို့စား ဒီသူငယ်ဟာ တကယ်လဲ လူစွမ်းဖြစ်စေဦး ကျုပ်ကိုခံနိုင်မလား"

ဆင်မြင်း အလုံးအရင်းဖြင့် မာန်တက်နေသော သိုချည်ဘွားသည် ခက်ထန်စွာ ရေရွတ်လေသည်။ စစ်ကိုင်းဘုရင်ကို စစ်ထိုးကာ စစ်ကိုင်းကိုယူပါဟု ပင်းယဘုရင်က သဝဏ်စေခဲ့သည်။ ဤအရေးသည် စစ်ကိုင်း၊ ပင်းယ၊ မိုးကောင်းဘုရင်သုံးပါး၏ ဘုန်းအာဏာအရေးသာဖြစ်သည်။ တကောင်းမြို့ကို စားရသော သတိုးမင်းဖျားဆိုသည့် မြို့စားငယ်တစ်ယောက်ကို အရေးဂရုပြုရန် မလိုဟု သိုချည်ဘွား ဆုံးဖြတ်လိုက်သည်။ အထူးသဖြင့်ကား ပင်းယနရသူနှင့် စစ်ကိုင်းမင်းပြောက်တို့ မသင့်မတင့် ရှိနေကြခြင်းကို သဘောကျနေသည်။

"ဒီမယ် အမတ်ချုပ်ကြီး။ ကျုပ်စစ်ကိုင်းကိုလဲ တိုက်မယ် ပင်းယကိုလဲ တိုက်မယ်။ ထောင်းထောင်းထအောင် မှုန့်ခြေဖျက်ဆီးပစ်မယ်။ ဒီအရေးတော်မှာ မြို့စားငယ်တစ်ယောက်အကြောင်းကို အချိန်ကုန်ခံပြီး စဉ်းစားနေစရာ မလိုဘူး"

သိုချည်ဘွား၏ မိုးကောင်းတပ်မများ ဆင်မြင်းအလုံးအရင်းကြီးစွာဖြင့် အပြင်းချီလာပြီဟူသော သတင်းသည် စစ်ကိုင်းနေပြည်တော်တစ်လွှားကို သိမ့်သိမ့်ချောက်ချားစေသည်။

တကောင်းမြို့စား သတိုးမင်းဖျားက တကောင်းမှဆီး၍ ခံသည်။

သိုချည်ဘွား၏ ကြုံးဝါးချက် မှန်လေသည်။

မြို့စောင့်တပ်အင်အားသည် သိုချည်ဘွား၏ အလုံးအရင်းကို မခံနိုင်။ မြို့စားသတိုးမင်းဖျား ဥပါယ်သုံးရတော့သည်။ မြို့တွင်းတွင် ပိတ်နေသော အဖြစ်ထက်စာလျှင် မြို့ပြင်ထွက်ခွာရသည်က ရှေ့ရေးအတွက် အခွင့်သာနိုင်သည်ဟု သတိုးမင်းဖျား တွေးသည်။ မြို့တံခါးတွင် အောင်ပွဲရသိုချည်ဘွားနှင့် အညံ့ခံသတိုးမင်းဖျားတို့ တွေ့ဆုံကြလေသည်။

"ဟေ့… မြို့စား။ မိုးကောင်းဘုရင်ကို မခံနိုင်မှန်းသိလျက်နဲ့ ရူးရူးမိုက်မိုက် ခုခံတိုက်ခိုက်ခဲ့တဲ့ မင်းရဲ့အပြစ်ကို နားလည်ပြီမဟုတ်လား"

သိုချည်ဘွား မောက်မာစွာ စကားဆိုသည်။

"မိုးကောင်းဘုရင် ကျွန်ုပ်ဟာ စစ်ကိုင်းမင်းရဲ့ တူတော်ဖြစ်ပါတယ်။ စစ်ကိုင်းရွှေနန်းတော်ရဲ့ အမိန့်အရ မိုးကောင်းဘုရင်ကို ခုလိုခုခံရခြင်း ဖြစ်ပါတယ်။ မိုးကောင်းအလုံးအရင်းကို ကျွန်ုပ်မခံနိုင်ကြောင်း သိပြီးဖြစ်ပေမယ့် ဘထွေးတော်မင်းပြောက်ရဲ့ အမိန့်တော်ကို ကြောက်ရတဲ့အတွက် ခုလို ဆီးခံရတာပါ။ ကျွန်ုပ်ရှုံးမယ်ဆိုတာ မတိုက်ခင်ကတည်းက သိပြီးသားဖြစ်ပါတယ်"

သတိုးမင်းဖျား၏ တုံ့ပြန်စကားတွင် တောင်းပန်သောလေသံမပါသော်လည်း ကျိုးကြောင်းဆီလျော်နေသဖြင့် သိုချည်ဘွား တွေဝေသွားသည်။

"အေး… အခု မင်းရှုံးပြီမဟုတ်လား။ မင်း နောက်ထပ်ဘာပြောချင်သေးလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

"မိုးကောင်းဘုရင် စစ်ကိုင်းရဲ့ အခင်းအကျင်းမှန်သမျှကို ကျွန်ုပ်အသိဆုံး ဖြစ်ပါတယ်။ အကယ်၍ စစ်ကိုင်းကို အလွယ်တကူ လုပ်ကြံသိမ်းပိုက်ဖို့အတွက် တပ်ဦးမှာ စစ်မှူးအဖြစ် အရာတော်ပေးမယ်ဆိုရင် ကျွန်ုပ်ထက်ပို၍ သင့်တော်မယ့်သူ မရှိပါဘူး"

"အင်း… ပြောစမ်း"

"မိုးကောင်းတပ်တွေလဲ အထိမနာ မပင်ပန်းစေရအောင် စစ်ကိုင်းကိုလဲ မိုးကောင်းရဲ့လက်အောက်မှာ သွတ်သွင်းရအောင် စစ်ကိုင်းကို ကျွန်ုပ်လုပ်ကြံပါရစေ"

"ဟော့… မင်းပြောက်ဟာ မင့်ဘထွေးတော် မဟုတ်လား"

"မှန်ပါတယ် ဒါကြောင့်လဲ ဘထွေးတော်မင်းပြောက်ရဲ့ အရည်အသွေးချို့တဲ့ပုံကို ကျွန်ုပ်အသိဆုံးဖြစ်နေတာပါ"

"စစ်ကိုင်းကို မင်းလုပ်ကြံမယ် ဟုတ်စ။ အေး… အရေးတော်ပုံအောင်ပြီ ဆိုပါစို့… မင်းဘာလိုချင်သလဲ"

"ဘုရင်သိုချည်ဘွားရဲ့ ဘုန်းအာဏာ အဝန်းအဝိုင်းထဲမှာ ပါဝင်တဲ့ စစ်ကိုင်းမြို့စား သတိုးမင်းဖျားဆိုရင် ကျွန်ုပ်ကျေနပ်ပါပြီ"

"ဟေ… ငါ့ရဲ့ သစ္စာတော်ခံ စစ်ကိုင်းစားအဖြစ် မင်းနေချင်တယ် ဟုတ်လား။ ငါ့တပ်ကို တစ်ဝက်ခွဲယူပြီး မင်းစစ်ကိုင်းကို ချီပေတော့"

"သည်းခံပါ မိုးကောင်းဘုရင်။ မိုးကောင်းတပ်တွေနဲ့ ချီသွားရင် ဘထွေးတော် မင်းပြောက်က ကျွန်ုပ်ကို မယုံသင်္ကာ ရှိသွားပါလိမ့်မယ်။ ကျွန်ုပ်ရဲ့အင်အားနဲ့ပဲ ဥပါယ်သုံးပြီး တိုက်ပါရစေ"

"အေး… မှန်တယ်။ အင်း… ငါ့အမတ်ချုပ်ကြီး မင်းမဟာပြောတာမှန်တယ်။ တကောင်းမြို့စားဟာ လူငယ်ပေမယ့် လုပ်ရည်ကြံရည် အမြော်အမြင်နဲ့ ပြည့်စုံတယ်ဆိုတာ အခု ငါတွေ့ရပြီ။ ကိုင်း မြို့ပြင်မှာ မင့်တပ်တွေ ပြန်စုဝေးပေတော့။ မင့်ဘထွေးတော်က ရှုံးမိုက်ပြီး ခုခံနေလို့ အခွင့်မသာရင် ငါ့ဆီ စစ်ကူတောင်း ကြားလား။ ကဲ… သွားတိုက်ချေတော့ သတိုးမင်းဖျား"

ဂူထဲတွင် တိတ်ဆိတ်မည်းမှောင်သလောက် ဂူအပြင်ဘက်တွင်ကား မျက်စိတစ်ဆုံး ပြန့်ပြူးသာယာကာ နေရောင်ခြည် ဖြာနေလေသည်။ ဂူဝကျောက်တောင်အပေါ်စီးမှ ကြည့်လျှင် မိုးကုတ်စက်ဝိုင်းအနီးရှိ စစ်ကိုင်းမြို့ကို ပျပျရေးရေး တွေ့နေရသည်။

ဘုဇပတ်ရှက်ပေါ်၌ 'တေက်ပြား' ဟု ဆူးချွန်ဖြင့် ထွင်းကာ ရေးရသောအလုပ်ကို ကျော်လွန်ခဲ့ပြီ။ ဝရီး တေက်ပြားစကားအရဆိုလျှင် အပြင်ထွက်ခဲ့သည်မှာလည်း ငါးကြိမ် ရှိခဲ့ပြီဖြစ်သည်။ ကိုယ်တိုင် အလုပ်မလုပ်ရသေးသော်လည်း ဝရီးအတွက် အကောင်းဆုံး အကူအညီများ ပေးနိုင်ခဲ့ပြီ ဖြစ်သည်။

တောအုပ်အတွင်းမှာ စခန်းချညအိပ်ကြသည့် စစ်ကိုင်းရဲမက်များ၏ တဲသို့ ချဉ်းကပ်ကာ သူတို့ယူလာသော ဘဏ္ဍာတော်များကို ခိုးယူခဲ့သည်က နှစ်ကြိမ်၊ စစ်ကိုင်းနေပြည်တော်ရှိ ထင်ရှားသော သူကြွယ်နှစ်ဦး၏ အိမ်များသို့ တက်ရောက် ထွင်းဖောက်ခဲ့သည်က နှစ်ကြိမ်၊ စစ်ကိုင်းနှင့် ပင်းယကူးသန်းဖောက်ကားခြင်းဖြင့် ချမ်းသာကြွယ်ဝနေသော သူကြွယ်ကြီး၏ အိမ်သို့ ထွင်းဖောက်ခဲ့သည်က တစ်ကြိမ် စုစုပေါင်း ငါးကြိမ်။

ဤငါးကြိမ်တွင် 'လူကလေး မင်းအလုပ်လုပ်လို့ရပြီ' ဟု ဝရီး တောက်ပြားက ဆိုသည်။ 'ဝရီး ဒါဆိုကျုပ် တောက်ပြားဖြစ်ပြီပေါ့' ဟုမေးသောအခါ တဟားဟားရယ်ရင်း 'ဟုတ်တယ်... ဟုတ်တယ်။ မင်း တောက်ပြား ဖြစ်ပြီ' ဟု ဖြေသည်။

သို့သော်...

ပြီးခဲ့သည့် ငါးကြိမ်နောက်ပိုင်းတွင် ဝရီးသည် ဘာတာဝန်မှ ပေးမလာခဲ့။ အပြင်လည်း ထွက်ခွင့်မပေးတော့။ ဂူထဲရှိ ပစ္စည်းများကို ထုပ်ပိုးသိမ်းဆည်းနေရာချရင်းဖြင့်သာ အချိန်များစွာ ကုန်လာခဲ့သည်။ ဝရီးသည် အပြင်သို့ မခေါ်တော့။

အဝေးဆီမှ စစ်ကိုင်းမြို့ရိပ်ကိုငေးရင်း တပြန့်တပြော မြင်ကွင်းကို ကြည့်၍ စိတ်လက်လွတ်လပ် ပျော်ရွှင်ရမည့်အစား ဂူတွင်းမှာနေရသလို စိတ်ကျဉ်းမြောင်းနေသည်။

ဤကာလများအတွင်း ဝရီးကိုယ်တိုင်လည်း သုံးကြိမ်တိတိ သန်းခေါင်မတိုင်မီ ထွက်သွားပြီး မနက်လင်းအားကြီးတွင် ပြန်ရောက်လာသည်။ သုံးကြိမ်စလုံးလည်း မည်မည်ရရ ဘာပစ္စည်းမှ ပါမလာခဲ့။ သို့သော် ဝရီး၏မျက်နှာတွင် ပစ္စည်းမရခဲ့သောကြောင့် စိတ်လက်ညှိုးနွမ်းခြင်း အရိပ်အသွင် မရှိ။ တစ်ခုခုကို ရှည်လျားနက်ရှိုင်းစွာ တွေးနေဟန်ဖြင့် ပကတိ တိတ်ဆိတ်နေတတ်သည်။

သည်းမခံနိုင်တော့။ ဝရီးကို အကုန်အစင် ဖွင့်မေးတော့မည်ဟု ဆုံးဖြတ်လိုက်ချိန်မှာပင် ဂူဝမှ ဝရီး၏အသံ ပေါ်လာလေသည်။

"လူကလေး ထမင်းစားကြစို့ဟေ့"

ကျောက်တုံးပေါ်မှ ခုန်ဆင်းလိုက်သည်။ အလေ့အကျင့်ရနေသော ခြေထောက်ဖျားက အလိုအလျောက်ပင် ခြေဖျားဖြင့် ကျသွားသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ထမင်းဝိုင်းသည် စကားစမြည်ပြောရန် အခွင့်အသာဆုံးပင်။

ဝရီးကို ဟင်းလျာဦးချပြီးပြီးချင်းမှာပင် စကားစလိုက်သည်။

"ဝရီးကို ကျုပ်မေးစရာတွေ အများကြီး ရှိနေတယ်"

"မေးစရာတွေ ဟုတ်လား... ဆိုစမ်း"

ပထမဆုံးထမင်းလုတ်ကို ပါးစပ်၌တွေ့ကာ ဝရီးကပြောသည်။

"အခုနောက်ပိုင်းမှာ ဝရီးကျုပ်ကို အပြင်မခေါ်တော့ဘူး။ ဟိုမြောက်ဘက်နိဂုံးက သူကြွယ်အိမ်ကို ဖောက်ပြီးကတည်းက ကျုပ်ကို အပြင်မခေါ်တာ ကျုပ်စိတ်ထဲ တစ်မျိုးဖြစ်နေတယ်"

ထမင်းလုတ်ကို သွင်းကာ ဝါးလျှက် 'အင်း'ဟု ဝရီးဆိုသည်။

"ဝရီးလဲ ခုတလော အပြင်အထွက် ကြဲတယ်။ ပြန်လာတော့လည်း ဘာမှ မည်မည်ရရ ပါမလာဘူး"

ဟင်းချိုကို မှုတ်ရင်း ဝရီး ခေါင်းညိတ်သည်။

"ပြီးတော့ ဝရီးကိုကြည့်ရတာလဲ တစ်မျိုးကြီးပဲ။ တစ်ခုခုကို အတွေးနက်နေသလိုပဲ။ အဲဒါတွေ ကျုပ်စဉ်းစားမိနေတာ။ အဲဒါတွေ ဘာဖြစ်လို့ အဲဒီလို ဖြစ်နေတာလဲဟင် ဝရီး"

ဟင်းချိုသုံးဇွန်း ဆက်သောက်ပြီးမှ ဝရီးမျက်လုံးပင့်ကြည့်သည်။ တွေမြင်နေကျအတိုင်း တဖြည်းဖြည်း ပြန့်ကျယ်လာသော အပြုံးရိပ်များဖြင့် ဝရီး ငတက်ပြား၏ အရုပ်ဆိုးဆိုး မျက်နှာကြီးသည် ပြေလျော့လာလေသည်။

"လူကလေး အမေးကို ကျုပ်စောင့်နေတာ။ လူကလေးသိချင်စိတ်အားကြီးလာတဲ့အထိ ကျုပ်က စောင့်နေတာ။ အဲဒီလို သိချင်စူးစမ်းစိတ် ပေါ်လာမှ ကောင်းတာကလား။ ခိုးသားဆိုတာ အမှတ်တမဲ့ မနေရဘူး။ အဲဒီလို စူးစူးစမ်းစမ်း ရှိရတယ်။ ကိုင်း... ကျုပ်ဖြေပြီ နားထောင်"

လက်ထဲက ထမင်းဆုပ်ကို ပြန်ချလိုက်သည်။ ဆာလောင်ခြင်းကလည်း ဝမ်းဗိုက်ထဲမှာ မဟုတ်။ ရင်ထဲမှာ ဖြစ်သည်။

"အခု နေပြည်တော်မှာ အပြောင်းအလဲတွေ အကြီးအကျယ်ဖြစ်နေတယ်။ နေဦး လူကလေး ရှင်းအောင် ကျုပ်ပြောပြမှ။ ဒီနေ့ လပြည့်ကျော်နှစ်ရက်နော်"

"ဟုတ်ကဲ့ တော်သလင်းလပြည့်ကျော် နှစ်ရက်"

"အင်း… လွန်ခဲ့တဲ့လေးလ။ အဲ… ကဆုန်လထဲမှာ စစ်ကိုင်းပျက်သွားခဲ့တယ်။ နေဦး… လူကလေး ဖြတ်မမေးနဲ့။ ပြောပြမယ်။ ဟိုးမြစ်ညာဘက်မှာ တကောင်းမြို့ဆိုတာရှိတယ်။ အဲဒီ တကောင်းမြို့စားက သတိုးမင်းဖျားတဲ့။ အဲဒီနာမည်ကို လူကလေး မှတ်ထား။ ကျုပ်ဆက်ပြောမယ့် အထဲမှာ သူဟာ အစဥ်လိုက် ပါလာလိမ့်မယ်"

တကောင်းမြို့စား သတိုးမင်းဖျားဟု စိတ်ထဲက မှတ်သားထားလိုက်သည်။

"ဒီလို ပုပုနွေးနွေး ပြန်ပြောရရင် ပင်းယနရသူက မိုးကောင်းသိုချည်ဘွားဆီကို သဝဏ်လွှတ်တယ်။ စစ်ကိုင်းကိုဆင်းလာတိုက်လှည့်ပါတဲ့။ ဒီတော့ သိုချည်ဘွားက စစ်ကိုင်းကို ဆင်းလာတယ်။ လမ်းမှာ စောစောက တကောင်းမြို့စားက သိုချည်ဘွားကို ဆီးတိုက်တယ်။ သိုချည်ဘွားအင်အားက နည်းတာမှ မဟုတ်ဘဲကလား။ သတိုးမင်းဖျား ဘယ်ခံနိုင်မလဲ။ အရေးနိမ့်သွားတယ်။ ဒါပေမယ့် သတိုးမင်းဖျားက မြို့ပြင်ထွက်လို့ရအောင်ဆိုပြီး ဥပါယ်နဲ့ စစ်ကိုင်းကို သူသွားတိုက်ပေးမယ်။ စစ်ကိုင်းဘုရင်နဲ့ သူနဲ့က တူဝရီးဟာကိုး။ စစ်ကိုင်းကိုရရင် သိုချည်ဘွား လက်အောက်ခံ အဖြစ်နဲ့ နေပါမယ်ဆိုတယ်။ သိုချည်ဘွားဆိုတဲ့ ဘုရင်ကလည်း အင်အားကြီးလို့သာ မောက်မာပြချင်တဲ့ ဘုရင်နဲ့တူပါတယ်။ သတိုးမင်းဖျားကို စစ်ကိုင်း သွားတိုက်ဖို့ လွှတ်လိုက်ပါသတဲ့"

"စစ်ကိုင်းကျရောလား ဝရီး"

"ဒီလို မဖြစ်လာဘူး။ သတိုးမင်းဖျားရဲ့အကြံက စစ်ကိုင်းနဲ့ပေါင်းပြီး သိုချည်ဘွားကို ပြန်တိုက်ဖို့ကိုး။ ဒါနဲ့ သတိုးမင်းဖျား စစ်ကိုင်းရောက်လာရော။ သူဘာမှ မလုပ်နိုင်သေးခင် ဘထွေးတော် စစ်ကိုင်းဘုရင်က ဘာကြောင့် ထွက်ပြေးလာတာလဲ။ တကောင်းကနေ နေနိုင်အောင် ခံတာမဟုတ်ဘူးဆိုပြီး သူ့တူကို သံခြေချင်းခတ်ပြီး ကြခတ်ဝရာ ပို့လိုက်တယ်"

"ဟာ… စစ်ကိုင်းဘုရင်ကလည်း"

"အေး… သတိုးမင်းဖျားကလည်း ဘထွေးတော် ကျုပ်ကို နိုင်အောင်မခံဘူးဆိုပြီး ဖမ်းတယ်။ သိုချည်ဘွားတပ်တွေ စစ်ကိုင်းရောက်လာမှ ဘထွေးတော်ပဲ နိုင်အောင်ခံလို့ ဆိုသွားသတဲ့"

"သူကတော့ ကြခတ်ဝရာ ရောက်သွားရောလား"

"ရောက်သွားတာပေါ့။ ဒါနဲ့ သိုချည်ဘွား စစ်ကိုင်းချီလာရော။ စစ်ကိုင်းပျက်ရော ဆိုပါတော့ကွာ။ လူကလေးနယ်… စစ်ကိုင်းဘုရင်မင်းပြောက်ဆိုတာ ထွက်တောင်မတိုက်ဘူး။ တိုက်ဆင်တွေကို ကစော်ဖတ်ကျွေးပြီး မြို့ပြင်လွှတ်လိုက်တာ သိုချည်ဘွားတပ်တွေက ဆင်တွေကို ဝိုင်းပစ်ကြတော့ ဆင်တွေမြို့ထဲပြန်ဝင် ကိုယ့်တပ်ကိုယ်နင်းတော့ ကစဥ့်ကလျား ဖြစ်ကုန်ရော။ မြို့ပေါက်ကရော။ မင်းပြောက်လဲ လှေနဲ့ စုန်ပြီး ကြခတ်ဝရာ ပြေးတော့တာပေါ့။ စစ်ကိုင်းလဲ သိုချည်ဘွားလက်ထဲ ရောက်သွားတယ်"

"စစ်ကိုင်းမှာ ဘုရင်မရှိတော့ဘူးပေါ့ ဝရီး"

"အေး... သိုချည်ဘွားဟာ ပင်းယဘုရင် သဝဏ်စေလို့ ငါစစ်ကိုင်းကို တိုက်တယ်။ ဘာမှမရဘူးဆိုပြီး ပင်းယကို ဆက်တိုက်ပါလေရော။ အဲဒီမှာ ပင်းယလည်း ကျရောဆိုပါတော့"

"တယ်ရှုပ်ထွေးပါလား ဝရီး"

"အေး... နားထောင်ဦး။ ပင်းယကိုသိမ်းပြီး သိုချည်ဘွားတပ်တွေ ပြန်သွားတယ်။ အဲဒီမှာ ကျန်တဲ့ အမှုးအမတ်တွေ တိုင်ပင်ပြီး ဥဇနာပျောင်ကို ပင်းယဘုရင်မြှောက်လိုက်ကြတယ်"

"ဟို ကြခတ်ဝရာမှာကော ဝရီး"

"ကြခတ်ဝရာမှာ သတိုးမင်းဖျားက အရင်ရောက်နေတာ မဟုတ်လား။ သတိုးမင်းဖျားက လုပ်ရည်ကြံရည်ရှိတဲ့သူလေ။ စစ်ကိုင်းဘုရင်မင်းပြောက်လဲ ရောက်လာရော သတိုးမင်းဖျားက သူ့ဘထွေးတော်ကို လုပ်ကြံ၊ ပါလာတဲ့ အင်အားကို သိမ်းလိုက်တယ်။ နောက် အဲ... တော်သလင်းကျတော့ သတိုးမင်းဖျား ပင်းယကိုချီလာပြီးတော့ သိမ်းပစ်လိုက်တယ်"

"ဟင် နှစ်လ သုံးလအတွင်းမှာ အများကြီး ဖြစ်ခဲ့တာပါလား ဝရီး"

"ဟုတ်တယ် လူကလေး စဉ်းစားကြည့်ကွာ။ ကဆုန်မှာ စစ်ကိုင်းပျက်တယ်။ နယုန်မှာ ပင်းယပျက်တယ်။ ဝါခိုမှာကျတော့ ပင်းယမှာ ဥဇနာပျောင် နန်းတက်တယ်။ တော်သလင်းကျတော့ သတိုးမင်းဖျား ပင်းယကို သိမ်းလိုက်တယ်"

"ဒါဖြင့် အခု စစ်ကိုင်းမှာ"

"စစ်ကိုင်းကပျက်ပြီ လူကလေး။ ပင်းယလဲ သတိုးမင်းဖျားက မြို့နေမြို့ထား မကောင်းဘူး မြို့သစ်တည်မယ်လို့ ဒေသရှာဖွေနေတယ်။ စစ်ကိုင်း ပင်းယပျက်ပြီ ဆိုပါတော့ကွာ"

မွေးရပ်ဇာတိမြေ စစ်ကိုင်းပျက်ပြီဟု သိရသောအခါ ရင်ထဲတွင် နာကျင်ရလေသည်။ ကစဉ့်ကလျားရှိလှသော အခြေအနေတွင် စစ်ကိုင်းသား ပင်းယသားတို့ ဘယ်သို့ရှိနေမည်နည်းဟု စိတ်မကောင်းခြင်းကြီးစွာ တွေးမိလေသည်။

"သတိုးမင်းဖျား မြို့သစ်ရှာမတွေ့မချင်းတော့ ဝါးအစည်းပြေတာကမှ ကြည့်ကောင်းဦးမယ် လူကလေး။ အားလုံး ဖရိုဖရဲဖြစ်နေကြတယ်။ ကိုင်း... လူကလေး သိချင်နေတာ ကျုပ်ဆက်ပြောတော့မယ်"

ထမင်းပွဲသည် အရာမယွင်းသေး။

"တောမီးလောင်တော့ တောကြောင်တွေလဲ လက်ပမ်းပေါက်ခတ်ကြသတဲ့။ လူတွေဒုက္ခရောက်ကြရတဲ့အထဲမှာ လူယုတ်မာတွေလဲ ဖြိုင်ဖြိုင်ထကြသပေါ့ကွာ။ ဒီကာလတွေ အတွင်းမှာ ကျုပ်လူကလေးကို အပြင်မခေါ်တာ ဒါကြောင့်ပဲ"

"ဝရီး ကိုယ်တိုင်လည်း ဒီအတွင်း သုံးကြိမ်ပဲ အပြင်ထွက်တယ်"

"ဟုတ်တယ်။ တေက်ပြားဟာ ခိုးသားကြီးဖြစ်ပေမယ့် စစ်ကြောင့် ဒုက္ခတွေ တစ်ထမ်းတစ်ပိုး ကြုံနေရတဲ့ လူတွေအပေါ်မှာ တောကြောင်လို လက်ပမ်းပေါက်မခတ်ဘူး။ ဒါကြောင့် ကျုပ်အပြင်မထွက်ဘူး။ ထွက်တဲ့အခါလည်း လူကလေးကိုမခေါ်ဘူး။ ရက်စက်ယုတ်မာမှုတွေကို လူကလေး မတွေ့စေချင်ဘူး။ တွေ့ရမြင်ရရင် လူကလေးဟာ လူငယ်ပီပီ ဒေါသကို မထိန်းမသိမ်းနိုင်ဖြစ်မယ်။ အခြေအနေတွေကလည်း သိပ်ရှုပ်ထွေး ယောက်ယက်ခတ်နေတော့ နေရာတိုင်းမှာ အန္တရာယ်တွေ သိပ်များနေတယ်။ ဒါကြောင့် အခုတစ်လော လူကလေးကို မခေါ်တာပဲ"

"ကျုပ်မေးထားတာ တစ်ခုကျန်နေသေးတယ် ဝရီး။ အဲဒီ အဖြစ်အပျက်တွေ အကြောင်း ကျုပ်နားလည်ပါပြီ။ ဒါပေမယ့် ဝရီးခုတစ်လော တစ်ခုခုကို အတွေးနက်နေသလိုပဲ"

"ဖြေမှာပါ လူကလေးရယ်။ ကျုပ်စဉ်းစားနေတာက တကောင်းမြို့စားအကြောင်းပဲ။ အခု သူဟာ ဘုရင်ဖြစ်နေပြီလေ။ အသက်အရွယ်ငယ်ပေမယ့် လုပ်ရည်ကြံရည် အလွန်ရှိတယ်လို့ ကျုပ်သိထားရတယ်။ အခု သူဟာ ပင်းယကို မကြိုက်လို့ မြို့သစ်တည်ဖို့ ဒေသရွေးနေတယ်။ သူဘယ်နေရာမှာ တည်မလဲ။ ရွှေမြို့တော်အသစ်၊ ရွှေနန်းတော်အသစ်ဟာ ဘယ်နေရာမှာ ပေါ်လာမလဲ။ အဲဒီနေရာမှာ ဘုရင်သတိုးမင်းဖျား ဘယ်လိုလုပ် အုပ်စိုးမလဲ။ သူ့ဘုန်းတန်ခိုး ဘယ်လောက်အထိ ကျယ်ပြန့်လာမလဲ။ အဲ... သူ့လက်ထက်မှာ ကျုပ်နဲ့လူကလေး ဘယ်လိုဆက်အလုပ်လုပ်ကြမလဲ။ ဒါတွေကို စဉ်းစားနေတာ"

"ဟာ... ဝရီးကလည်း မဖြစ်သေးတဲ့အရာတွေကို ကြိုစဉ်းစားပြီး အတွေးနက်နေ..."

"မဟုတ်ဘူး လူကလေး။ အဖြစ်အပျက်တွေဟာ သိပ်မြန်နေတယ်။ အဟုန်ပြင်းနေတဲ့ ပြောင်းလဲခြင်းတွေနဲ့အတူ ထက်ကြပ်လိုက်နိုင်ဖို့ တွေးရတော့မယ်။ ခိုးသားဆိုသော်လည်း ဒါတွေကို လျစ်လျူထားလို့မဖြစ်ဘူး။ ပြီးတော့ သတိုးမင်းဖျားကို ပေါ့ပေါ့တန်တန်စဉ်းစားလို့ မရဘူး"

"သူ့ဘာသာသူ မြို့သစ်ပဲတည်ပါစေဦး ဝရီးရာ။ သတိုးမင်းဖျားရဲ့ မြို့သစ်ဟာ ကျုပ်တို့အတွက်လဲ နေရာသစ်ပဲပေါ့"

"ဟား ဟား ဟား... အဲဒါတော့ ဟုတ်သပေါ့။ ကိုင်း... စားလိုက်ကြဦးစို့ လူကလေး" ဝရီး တေက်ပြားကတော့ မြိန်ရည်ရှက်ရည် စားဖြစ်သွားလေသည်။

* * * * *

။၁၀။

ပွဲတော်အုပ်ကို ဖွင့်ကြည့်ရင်း နယ်စားဘယကျော်သူသည် နစ်နစ်ခြိုက်ခြိုက် ပြုံးလိုက်သည်။ ရွှေရေးခွက်များတွင် ထည့်ထားသော ဟင်းလျာပေါင်းများစွာကို တစ်ခွက်စီလိုက်ကြည့်သည်။ တမ္ဗဒီပခေတ်ကာလတွင်းက အစားကြူးသည်ဆိုသော ဘုရင်နရသီဟပတေ့၏ ပွဲတော်အုပ်ထက် မလျော့ဟု ကျော်သူတွေးသည်။

မောင်းမ အခြွေအရံများသည် နောက်ထပ် ဟင်းလျာစမဲများကို ယူလာကြဆဲဖြစ်သည်။ သေရည်တကောင်းများကလည်း အစီရီ အဆင်သင့် ရှိနေကြသည်။ ကိုယ်လုပ်တော်တစ်ဦးက ထမင်းအုပ်ကို ပိုက်လျှက် ရှေ့ရောက်လာသည်။

"ဖွင့်လိုက်စမ်း"

ကိုယ်လုပ်တော်က ထမင်းအုပ်၏ ရွှေရေးချအဖုံးကို ဖွင့်လိုက်သည်။

သင်းပျံ့သော ရနံ့ထွက်လာလေသည်။

သေတကောင်းဆီသို့ ဘယကျော်သူ လက်ညှိုးညွှန်လိုက်သည်။ ကိုယ်လုပ်တော်က သေတကောင်းထဲမှ သေရည်ကို ရွှေခွက်ထဲသို့ ငှဲ့သည်။ သေရည်ကျသံကို အရသာခံ၍ ဘယကျော်သူ နားထောင်နေလိုက်သည်။ ရွှေခွက်ထဲသို့ သေရည်များ ကျသွားသံကို နားထောင်ရင်း ဘယကျော်သူသည် 'ရေလှဲ' များမှ ရေများ တဝေါဝေါကျသွားသည်ကို ပြန်တွေးနေမိသည်။

ရေလှဲငါးခရိုင်ကို စိတ်ရှိတိုင်း ဖျက်ဆီးခဲ့သည်မှာ လွန်ခဲ့သော သုံးရက်က ဖြစ်သည်။ လယ်ယာများအတွက် ဆည်ထားသော တာများကို ထောင်းလမောင်းကြေအောင် ဖျက်ဆီးပစ်ခဲ့သည်မှာ အရသာ တွေ့လှသည်။ တာတမံ ကတုတ်များကို မြင်းဖြင့်နင်း၊ ဆင်ဖြင့်တိုက်၊ မြင်းဆွဲ ဆင်ဆွဲသစ်လုံးများဖြင့် ချိုးဖောက်ခဲ့သည်။ တာများသည် ဖြောင်းဖြောင်းကျိုးပဲ့ကာ ဆည်ထားသောရေများသည် ရေတံခွန်များပမာ တဝေါဝေါ တစ်ရှိန်ထိုး ကျလာခဲ့ကြသည်။

လယ်ကွက်နှင့် ယာခင်းများ ရေပြင်အတိ ဖြစ်သွားသည်။

တာတစ်ခု တမံတစ်ခုတည်းမဟုတ်။ နှစ်ခု၊ သုံးခု၊ ဆယ်ခုမက။

တစ်ခရိုင်တည်းမဟုတ်။ ငါးခရိုင်၊ ရေလှဲ ငါးခရိုင်။

ရေလှွဲငါးခရိုင်စလုံး မြစ်ရေပြင် ဖြစ်သွားသည်။

ပျိုးထားသော သီးနှံများအားလုံး ရေအောက်တွင် စုံးစုံးမြုပ်ကြသည်။ တာရိုးထိပ်မှ ရပ်ကြည့်ရင်း ဆင်ဆွဲ မြင်းဆွဲ ဖျက်သစ်လုံးများကို အမိန့်ပေးရင်း ဖွေးဖွေးလှုပ်သွားသော ရေမြုပ်လှိုင်းကို ကြည့်ရင်း အားပါးတရ အော်ဟစ်ရယ်မောရသည့် အရသာကို နွေးနွေးထွေးထွေး ခံစားရဆဲ။

တကောင်းထဲမှ သေရည်ကျသံ ရပ်သွားသည်။ ရွှေခွက်တွင် သေရည်ပြည့်နေပြီ။ အမိန့်သံမကြားရသေးသောကြောင့် ငှဲ့ပေးနေသော ကိုယ်လုပ်တော်မှာ ဆက်လည်း မငှဲ့ရဲဘဲ တုန်လှုပ်နေသည်။

ကျေးကျွန်၊ အခြွေအရံ၊ မောင်းမမိဿံ၊ ကိုယ်လုပ်တော်များနှင့်တကွ နယ်လူထုပြည်သူတို့၏ အကြောက်ကို စားသုံးရသောပီတိကို ဘယကျော်သူ နှစ်ခြိုက်လှသည်။ လူတွေ၏ အကြောက်ကို ခံယူရသည်မှာ ပီတိ ချိုမြိန်သည့်အရသာ။

စစ်ကိုင်း၊ ပင်းယ မသင့်မမြတ်ရှိခဲ့ကြသည်ကို သဘောကျစွာဖြင့် ဘယကျော်သူ ဘေးမှ ကြည့်နေခဲ့သည်။ သင်းတို့နှစ်ပြည်စလုံး စစ်ပန်းမှ အသာသိမ်းမည်ဟု ကြံခဲ့သည်။ ယာလည်း ညက်စေ၊ ကြက်လည်း မောစေ သဘောမျိုး။ သို့သော် တကောင်းမြို့စား သတိုးမင်းဖျားက အားလုံးကို သိမ်းကာ အင်းဝမြို့သစ် တည်သည်။ အင်အားကို အစုအစည်းဖြစ်စေသည်။ ဒါမျိုးကို လုံးဝသဘောမကျ။ ထို့ကြောင့် သင်း၏ ရေလှွဲခရိုင်များကို ဖျက်ဆီးခြင်းဖြင့် တုံ့ပြန်ပြလိုက်သည်။

ဖျက်ဆီးခဲ့ရသည့် အရသာ။ အပျက်အစီးကို ကြည့်နေရခြင်း၏ အရသာ။ ကြောက်ရွံ့တုန်လှုပ်မှုကို စားသုံးရသည့်အရသာ။

"ဆက်စမ်း"

ရွှေခွက်နှုတ်ခမ်းအထိ ပြည့်လျှံနေသောကြောင့်တစ်ကြောင်း ကိုယ်လုပ်တော်ကိုယ်တိုင်က ကြောက်ရွံ့ကာ လက်တုန်နေသောကြောင့်တစ်ကြောင်း သေရည်အချို့ ဖိတ်စဉ်ကျသွားသည်။

"ကျွန်စုတ်မ။ ဖိတ်ကုန်ပြီ သွား"

ရွှေခွက်ကို လှမ်းယူမည့် လက်သည် ကိုယ်လုပ်တော်၏မျက်နှာပေါ်သို့ အရှိန်ပြင်းစွာ ကျသွားသည်။

"ထပ်ငှဲ့"

လက်ဝတ်နှင့် ခိုက်မိသွားသောကြောင့် နာခေါင်းနှင့် ပါးစပ်မှ ယိုစီးကျလာသော သွေးများကို ကိုယ်လုပ်တော် မသုတ်ရဲ။ သေရည်ထပ်ငှဲ့ရသည်။

"တော်ပြီ။ ဆက်"

ရွှေခွက်ကို လှမ်းယူကာ နှုတ်ခမ်းဝ၌ တေ့လိုက်သည်။

ထိုအချိန်မှာပင် မြင်းဖောင်းနှင့် ဆင်တင်းကုပ်ဆီမှ အော်သံများ၊ မြင်းခွာသံများကို ကြားလိုက်ရလေသည်။ ရွှေခွက်ကိုင်လျက် ဘယကျော်သူ ကိုယ်ကိုဆန့်ကာ စံအိမ်အပြင်သို့ လှမ်းကြည့်သည်။ စံအိမ်စောင့်ရဲမက်များ ရှုပ်ရှုပ်ထွေးထွေး ပြေးလွှားနေသည်ကို တွေ့လိုက်ရသည်။ အော်ဟစ်သံများကမူ မသဲမကွဲ။ ထူးလွတ်သွားသော ဆင်တစ်ကောင်ကြောင့် ဖြစ်လိမ့်မည်ဟု တွေးကာ ဘယကျော်သူ သေသောက်ရန် ပြင်လိုက်သည်။

သို့သော် ရွှေခွက်သည် နှုတ်ခမ်းနှင့်မထိလိုက်တော့။

စံအိမ်တံခါးဝဆီမှ ခြေသံများနှင့်အတူ....

လေထဲတွင် တစ်စုံတစ်ရာ ပျံသန်းလာသော အသံကြီးတစ်သံကို ကြားလိုက်ရပြီးနောက် ဘယကျော်သူ၏လက်ထဲမှ ရွှေခွက် လွင့်စင်သွားသည်။ သေရည်များ ရင်ဘတ်ပေါ်သို့ ဖိတ်စဉ်သွားသည်။

ဘယကျော်သူ၏ ရင်ဘတ်ပေါ်တွင် သေရည်များသာမက...

ခြင်းခြင်းနီသော သွေးများလည်း တပွက်ပွက် အန်ကျလာသည်။

အဲမောင်းလှံရှည်ကြီးတစ်ချောင်းသည် ပွဲတော်အုပ်ပေါ်မှ ကျော်ဖြတ်ကာ ငနွယ်ကုန်းစား ဘယကျော်သူ၏ ရင်တွင် စွဲဝင်နစ်မြုပ်နေလေသည်။

အံ့သြထိတ်လန့် ကြောက်ရွံ့ခြင်းပြင်းစွာဖြင့် ဘယကျော်သူ မျက်လုံးဖွင့်ကြည့်သည်။ ဘယကျော်သူ၏ နောက်ဆုံးမြင်ကွင်းတွင် တွေ့လိုက်ရသည်ကား မိမိအပေါ်တွင် ခွကျော်၍ မီးထွက်မတတ် မျက်လုံးများဖြင့် မိမိကို စားမတတ် ဝါးမတတ် ငုံ့ကြည့်နေသော မျက်နှာတစ်ခုဖြစ်သည်။

ဘယကျော်သူ နှုတ်ခမ်းများ တုန်ယင်စွာ ပွင့်လာသည်။

သွေးစများနှင့်အတူ ထွက်ကျလာသည့်အသံမှာ...

"သ... တိုး... မင်း... ဖျား"

* * * * *

အဆုံးစွန်သော ဒေါသဖြင့် အဲမောင်းကို ဆွဲနှုတ်လိုက်သည်။

ဘယကျော်သူကား သွေးအိုင်ထဲတွင် အသက်ပျောက်နေပေပြီ။ သို့သော် မုန်းတီးစက်ဆုပ်မှုကား မကုန်နိုင်သေး။ အဲမောင်းကို ဆုပ်ကိုင်ထားသည့်လက်များ ဆတ်ဆတ်တုန်နေကြဆဲပင်။

စံအိမ်တော်ပေါ် တက်လာသော ခြေသံများကို ကြားလိုက်သော်လည်း သတိုးမင်းဖျားသည် လှည့်မကြည့်ဘဲ ဘယကျော်သူ၏ ကိုယ်ပေါ်၌ ခြေစုံခွ ရပ်နေဆဲ ရှိသည်။

ဦးစွာတက်လာသူကား သဃ်ရာဇာ။ ထို့နောက် နေမျိုးသီဟပတေ့။ ထို့နောက် အမြင့်မြို့စား တရဖျား စော်ကဲ။

မသဲမကွဲ စိုးရိမ်တကြီး အော်သံနှင့်အတူ နောက်ထပ်အပြေးအလွှား ရောက်လာသူမှာ မိဖုရားစောဥမ္မာပင် ဖြစ်သည်။ စောဥမ္မာသည် အနီးသို့ရောက်လာပြီးမှ မြင်မကောင်းအောင် သွေးစိမ်းလျံနေသော ဘယကျော်သူကို တွေ့သွားပြီး စူးစူးဝါးဝါး တစ်ချက်အော်သည်။ အစ်ကိုတော် တရဖျားစော်ကဲက စောဥမ္မာကို ဆွဲခေါ်သွားသည်။

နောက်ဆုံးရောက်လာသူကား ရမည်းသင်းစား မင်းကြီးသီလဝပင်။

လေးလံသော ခြေလှမ်းများဖြင့် ကြမ်းပြင်ပေါ်တွင် ပွတ်တိုက်ရွေ့သံ ပေါ်လာပြီးနောက် မင်းကြီးသီလဝသည် သတိုးမင်းဖျားအနီးသို့ တိုးကပ်သွားသည်။ သတိုးမင်းဖျားလက်ထဲမှ လှံကို အသာအယာ လှမ်းယူကာ တိုင်လုံးတစ်လုံးဆီသို့ ပစ်စိုက်လိုက်သည်။ ထို့နောက် သတိုးမင်းဖျား၏ လက်ကိုဆွဲကာ ဖျစ်ညှစ်လိုက်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ထိုအခါမှပင် ဘယကျော်သူ၏ အလောင်းပေါ်၌ ခွကျော်ထားသော ခြေအစုံကို သတိုးမင်းဖျား ပြန်သိမ်းဖြစ်တော့သည်။

နေမျိုးသီဟပတေ့က ဘယကျော်သူ၏အလောင်းကို ပယ်ရှားပေးရန် သတိုးမင်းဖျား၏အမိန့်ကို အသင့်စောင့်နေလေသည်။ သို့သော် ဘုရင့်မျက်နှာမှာ သွေးရောင်ဖြင့် နီရဲနေသောကြောင့် နေရာမှ မလှုပ်ရဲ။ မင်းကြီးသီလဝကို လှမ်းကြည့်လိုက်သောအခါတွင်လည်း မင်းကြီးသီလဝ၏မျက်နှာမှာ ထုံးစံအတိုင်း မျက်နှာသေ။

အတန်ကြာ တိတ်ဆိတ်နေပြီးမှ သတိုးမင်းဖျား၏အသံ ပေါ်လာသည်။

"စစ်ကိုင်းနဲ့ ပင်းယမြို့အနေကို မကြိုက်လို့ ငါအင်းဝကို တည်ခဲ့တယ်။ ငါနဲ့တကွ အမှုးအမတ် ဗိုလ်ပါ ပြည်သားပြည်သူအားလုံး တပင်တပန်း တည်ထောင်ခဲ့ရတဲ့ နိုင်ငံတော်။ ကျည်းအင်း၊ ကျောက်မော်အင်း၊ အင်းဖူးအင်း၊ ဥန္နဲအင်း၊ ဒီအင်းလေးခုကိုဖို့ပြီး အင်းလေးခုအဝ မြစ်ဆုံအဝမှာ အင်းဝဆိုပြီး တည်ခဲ့တယ်။ သီးနံ့စပါး ခိုင်ဖြိုးအောင် ရေလွှဲငါးခရိုင်ကို ဆောက်ခဲ့တယ်။ ဒါတွေအားလုံးကို ဒီလူယုတ် ဖျက်ဆီးပစ်တယ်။ သင်းဘာသာသင်း နွယ်ကုန်းနယ်ကို အေးအေးဆေးဆေး မစားဘူး"

သတိုးမင်းဖျား၏အသံ ဟိန်းထွက်နေသည်။ မည်သူမျှ နေရာမှ မရွေ့ရဲကြ။

"ဒီလူယုတ်ကို ငါလက်နဲ့ သတ်မယ်ဆိုတဲ့အတိုင်း ငါသတ်ရပြီ။ ဒါပေမယ့် သင်းအသေမြန်တယ်"

မင်းကြီးသီလဝလက်ထဲမှ သတိုးမင်းဖျား ရှန်းထွက်သည်။

မင်းကြီးက လွှတ်ပေးလိုက်သည်။ သတိုးမင်းဖျားသည် ဘယကျော်သူ၏ အလောင်းဆီသို့ လျှောက်သွားကာ ရင်ဘတ်ပေါ်သို့ ခြေတင်လိုက်သည်။

"ကြည့်စမ်း... လူယုတ်မာ။ ပြည်သား လူထုတွေရဲ့ မျက်ရည်တွေ၊ သွေးတွေ၊ ချွေးတွေနဲ့ ရင်းနှီးထားတဲ့ ထမင်းကို စားမလို့၊ ကြည့်စမ်း... ပြင်ထားလိုက်တဲ့ ပွဲတော်စာ"

ပွဲတော်အုပ်ကိုကြည့်ရင်း သတိုးမင်းဖျားသည် တစ်စုံတစ်ခုကို တွေးမိဟန်ဖြင့် ဝိုင်းရံရပ်ကြည့်နေသောသူများကို လှမ်းကြည့်သည်။ တရဖျားစော်ကဲ၏ လက်မောင်းတွင် မျက်နှာအပ်ကာ ကြောက်ရွံ့နေသော မိဖုရားကို တွေ့သွားသည်။

"စောဥမ္မာ"

သတိုးမင်းဖျား၏ခေါ်သံမှာ ဝမ်းခေါင်းသံကြီးဖြစ်သဖြင့် စောဥမ္မာ တုန်လှုပ်သွားသည်။

"စောဥမ္မာ… ဒီပွဲတော်အုပ်တွေ သိမ်းပေးစမ်း။ ပြီးတော့ ရဲမက်တွေရဲ့ ရိက္ခာတစ်အိုးစာ ယူလာပြီး ဒီမှာ ပွဲတော်ပြင်ပေးစမ်း"

ဘယကျော်သူ၏ အလောင်းနားသို့ စောဥမ္မာ မလာရဲ။ နေမျိုးသီဟပတော့က ခြေလှမ်းပြင်သည်။

"တပ်မှူးမလာပါနဲ့။ စောဥမ္မာ… မောင်တော်ပြောတာ လုပ်ပေးစမ်းပါ။ ဒီပွဲတော်အုပ်တွေ သိမ်းသွားပြီးတော့ ရဲမက်တစ်ယောက်ယောက်ရဲ့ တစ်အိုးစားယူလာပြီး မောင်တော်အတွက် ပွဲတော်ပြင်ပေးပါ"

ဘယကျော်သူ၏အလောင်းကို မမြင်မိအောင် မျက်နှာလွှဲလျက် စောဥမ္မာ ပွဲတော်ပြင်ပေးရတော့သည်။ သဃ်ရာဇာကား ဘုရင့်စိတ်ကူးကို တွေးမိသွား မျက်စိမျက်နှာမကောင်းတော့။

"ဟုတ်ပြီ စောဥမ္မာ။ ပွဲတော်အုပ်ကို အဲဒီမှာ ချထား"

ဘယကျော်သူ ပြင်ဆင်ထားသည့် ခမ်းနားလှသောပွဲတော်အုပ်များ နေရာတွင် အင်းဝရဲမက်များအတွက် စီမံထားသော တစ်အိုးစား ရိက္ခာပွဲတော်အုပ် ရောက်လာလေသည်။ ရဲမက်တို့၏ တစ်အိုးစားရိက္ခာတွင် ထမင်း၊ အသားခြောက်ကင်နှင့် ဆားမှအပ အခြားဟင်းလျာ မပါ။

သတိုးမင်းဖျား ပွဲတော်အုပ်ကို မ,ယူလိုက်သည်။

သဃ်ရာဇာ ထင်သည့်အတိုင်း ဖြစ်လာပေပြီ။

သတိုးမင်းဖျားသည် ဘယကျော်သူ၏ ခေါင်းရင်းထိပ်တွင် ထိုင်လိုက်သည်။ ပွဲတော်အုပ်ကို ဘယကျော်သူ၏ ရင်ဘတ်ပေါ်သို့ တင်လိုက်သည်။

ထမင်းလုတ်ကို ဆုပ်ယူလျက် သတိုးမင်းဖျားဆိုသည်။

"ရေလွှဲငါးခရိုင်ကို ဖျက်ဆီးတဲ့ဘယကျော်သူရဲ့ ရင်ဘတ်ပေါ်မှာ ငါပွဲတော်စားမယ်။ နောင် အခုလို လူတွေက တပင်တပန်း ကြိုးစားတည်ဆောက်ထားတဲ့ အရာတွေကို ဖျက်ဆီးမယ့် လူယုတ်မာမျိုးပေါ်လာရင် ငါကိုယ်တိုင် ငါ့လက်နဲ့သတ်မယ်။ ဒါပေမယ့် အခုလို ရင်ဘတ်ပေါ်မှာ ပွဲတော်မစားဘူး။ ပွဲတော်အုပ်မပြင်တော့ဘဲ လူယုတ်မာရဲ့ ရင်ကိုခွဲပြီး အသည်းနှလုံးကို စားမယ်"

သဃ်ရာဇာနှင့် နေမျိုးသီဟပတေ့မှာ မိမိတို့၏ ထိပ်ထက်သွေးကို ဖောက်၍ အသောက်ခံရတော့မလောက် ကြောက်ရွံ့စွာဖြင့် မျက်နှာလွှဲလိုက်ကြရသည်။

စောဥမ္မာကား အစ်ကိုတော် တရဖျားစော်ကဲ၏ ရင်ခွင်တွင် တင်းကျပ်စွာ မျက်နှာအပ်လျှက်။

မင်းကြီးသီလဝတစ်ဦးတည်းသာ သတိုးမင်းဖျားပွဲတော်တည်နေပုံကို စားသူနှင့်မခြား မြိန်ရည်ရှက်ရည် ကြည့်နေလေသည်။

* * * * *

။၁၁။

"ကိုင်း... လူကလေးရေ။ ဘုဇပတ်ရွက်တွေတော့ ပြင်ထားပေရော့။ အလုပ်ကောင်းကောင်း လုပ်ရဖို့ရှိတယ်"

ဝရီး၏ တက်ကြွပျော်ရွှင်ခြင်းများ ကူးစက်လာကြသည်။ ဝရီးက ကြိုးခွေ၊ ခါးမြှောင်များကို ပြင်ဆင်နေသည်။ ဝရီး၏ ကျွမ်းကျင်စွာ လှုပ်ရှားနေသော လက်ချောင်းများကို ကြည့်ကာ ကာလကြာမြင့်စွာ လေးလံထိုင်းမှိုင်းနေခဲ့သော စိတ်အလျဉ်တို့ လျင်မြန်စွာ လှည့်ပတ်လာကြသည်။

ပြာသိုညဏ်လသည် ဂူထက်တွင် ပြည့်ဝန်းနေပေပြီ။

"ကျုပ်လိုက်ရမယ် မဟုတ်လား ဝရီး"

"အား... လိုက်ရမှာပဗျာ"

"စစ်ကိုင်း ဘယ်ဘက်ပိုင်းကို သွားမှာလဲ"

"စစ်ကိုင်းမဟုတ်ဘူး။ အင်းဝ... အင်းဝ... မင်းနေပြည်တော်သစ်"

"ဟာ... ဝရီး တကယ်လား"

"တကယ်ပေါ့။ အခု သတိုးမင်းဖျားဘုရင် ငွေယ်ကုန်းမှာပဲ ရှိနေသေးတယ်။ အင်းဝကို ပြန်မရောက်သေးဘူး။ အခွင့်အလမ်းသာတုန်း သူကြွယ်စိုးအိမ်နှစ်အိမ်သုံးအိမ်လောက် ဆက်ဝင်လိုက်ကြစို့ရဲ့"

"ဒီတစ်ညတည်းလား ဝရီး"

"အေးလေ...။ အပြင်မထွက်တာ ဘယ်လောက်ကြာပြီလဲ။ ခုလို သတိုးမင်းဖျားမရှိတုန်းမှာ ထိုက်ထိုက်တန်တန်လေး ဖြစ်သွားအောင်လို့"

တစ်ညအတွင်း သုံးအိမ်လောက် ဆက်ဖောက်မည်ဟု သိရသောကြောင့် တက်ကြွပျော်ရွှင်သွားမိသော်လည်း ဝရီး၏စကားကို ဘဝင်မကျ ဖြစ်ရသည်။

"နေပါဦး... ဝရီး။ အင်းဝမှာ သတိုးမင်းဖျားရှိနေတော့ကော ဘာဖြစ်ရမှာတုံး"

"အား... လူကလေးက အကြောင်းမသိသေးလို့ကိုး။ ဒီဘုရင်ဟာ အင်မတန် ခက်ထန်တယ်။ ကျုပ်နှစ်ရက်လုံးလုံး အင်းဝရွှေမြို့တော်ထဲ လှည့်ပြီး စနည်းနာခဲ့တယ်။ အခု ငွေယ်ကုန်းစားနယ်ထဲရောက်နေတာလဲ ငွေယ်ကုန်းစား ဘယကျော်သူက ရေလွှဲငါးခရိုင်ကို ဖျက်ဆီးလို့ ကိုယ်တိုင်ထွက် သုတ်သင်တာ။ သူ့လက်နဲ့သတ်ပြီး ဘယကျော်သူအလောင်း ရင်ဘတ်ပေါ်မှာ

ပွဲတော်တည်သတဲ့လေ။ အခု သူမရှိတုန်းခိုက်မှာမှ မြို့ထဲဝင်ရတာ အဆင်ပြေတယ်။ ကိုင်း... လာ လူကလေး။ လပြည့်တိမ်းတော့မယ်။ သွားကြစို့ရဲ့.”

နင်းထုကို ဖြတ်လာသော ခွာညိုနံ့သည် အေးမြစွာသင်းပျံ့နေသည်။ တိမ်ရိပ်တို့သည် လပြည့်လကို ဖုံးကွယ်ခိုက် အမှောင်ကို အခွင့်ကောင်းယူ၍ အင်းဝဘက်သို့ ကူးခဲ့ကြသည်။ ကြောင်နစ်ကောင်၏ လျှင်မြန်ခြင်းမျိုး။

အနောက်ဘက်ကောင်းကင်ဆီသို့ လဝန်းတိမ်းချိန်တွင် အင်းဝ၏သောင်ပြင်စပ်ကို ချဉ်းကပ်မိကြလေသည်။ လရောင်နောက်တွင် နန်းမြို့ရိုးနှင့် ကျုံးရေပြင်ကို လှပတင့်တယ်စွာ တွေ့လိုက်ရလေသည်။ မြို့ရိုးထိပ်ထက် သူရဲခိုနှင့်ပြသာဒ်များဆီတွင် လုံရှည်ထမ်းကာ ကင်းစောင့်နေသော ရဲမက်များကိုလည်း အထင်အရှား တွေ့ရလေသည်။ ကျုံးတံတား၏အတွင်းဘက် အပြင်ဘက်များတွင်လည်း အစောင့်ရဲမက်များ ရှိနေသည်။ အစီအရင် လုံခြုံစေ့စပ်သည်ကို နားလည်လိုက်သည်။ ရွှေမြို့တော်သစ်ကား အကွပ်အညှပ် အစောင့်အကြပ် ပြည့်စုံလှပေသည်။

“ဝရီး မြို့ရိုးထဲဝင်မှာလား”

“မဝင်ဘူး။ အရှေ့ပြင်မှာ နစ်အိမ်၊ သောင်ပြင်မှာ နစ်အိမ်၊ မြို့ရိုးအပြင်ဘက်ပဲ”

“မြို့ရိုးထဲဝင်ပြီး အမှူးအမတ် တစ်ယောက်ယောက်စံအိမ်ကို တက်ရရင် ကောင်းမလားလို့”

“စိတ်မစောနဲ့ဦး လူကလေး။ နန်းမြို့ထဲက အနေအထားတွေကို ဘာမှ မလေ့လာမစူးစမ်းရသေးဘူး”

သောင်ပြင်နိဂုံးဘက်သို့ ထွက်ခဲ့ကြသည်။ ကြီးမားတုတ်ခိုင်လှသော မန်ကျည်းပင်ကြီးများကို ကောင်းစွာ အသုံးချကာ အကာအကွယ် ယူနိုင်ခဲ့လေသည်။

သန်းလွဲညအောက်တွင် အင်းဝရွှေမြို့တော်သည် နစ်မြိုက်စွာ အိပ်မောကျနေသည်။ နင်းများ ပို၍ထူထပ်လာသည်။ နှာခေါင်းပေါက်မှ ရှူထုတ်လိုက်တိုင်း အငွေ့ထောင်းထောင်းထနေသည်။ ဆောင်း၏ အအေးဓါတ်ကြောင့် မောဟိုက်ခြင်း အလျဉ်းမရှိ။

“ရောက်ပြီ”

ဝရီးက လေသံဖြင့်ပြော၍ ကိုယ်ရှိန်ကိုသတ်လိုက်သည်။ ကျယ်ပြန့်သော ခြံဝိုင်းကြီးတစ်ခုရှေ့သို့ ရောက်လာသည်။ ခြံဝိုင်းဘေးတွင် လက်ပံပင်ကြီးတစ်ပင်။ ဝရီး ဘာမှမပြောတော့ဘဲ လက်ပံပင်ပေါ်တက်သည်။ ဤအချိန်မှစ၍ ဝရီး တော်ပြား စကားပြောတော့မည် မဟုတ်ကြောင်း နားလည်လိုက်သည်။ ဝရီး၏မျက်ရိပ်လက်ရိပ် အလှုပ်အရှားများကို ကြည့်ပြီး သင့်တော်သလို လှုပ်ရှားသွားရမည်။ ဂူထဲတွင် အကြိမ်ကြိမ်လေ့ကျင့်ထားသည့် အသံမဲ့ ဆက်သွယ်လှုပ်ရှားမှုများ။

ဝိုင်းထဲသို့ဝင်သည့် သစ်ကိုင်းအတိုင်း မြွေတစ်ကောင်လို တွားသွားခဲ့ပြီးနောက် ခုန်ချလိုက်သည်။ ခြေသံနှစ်သံစလုံး ပကတိ ဆိတ်ငြိမ်စွာပင်။

မီးရောင်ဖျော့ဖျော့သည် ခေါင်စပ်မျက်နှာကြက်နှင့် ပြတင်းသစ်သားပေါင်ကြားများဆီမှ ဖြာကျနေသည်။ နံရံဆီသို့ ပြေးကပ်သည်။ နံရံတွင် နားတစ်ဖက်ကိုဖိကပ်ကာ အတွင်းမှအသံများကို နားစွင့်သည်။ အစွမ်းကုန်နီးကြားနေသော အကြားအာရုံတွင် အိပ်မောကျနေသော ဟောက်သံများကို ကြားနေရသည်။ အိမ်မြောင်စုတ်ထိုးသံက တစ်ချက် ဝင်မြည်သည်။

အိမ်အနောက်ဘက်သို့ ပတ်ခဲ့ကြသည်။ မီးဖိုဆောင်ကား မည်းမှောင်နေလေသည်။ မလှမ်းမကမ်းတွင် ကျီသုံးလုံးကို စီ၍ ဆောက်ထားသည်။ ကျီးထဲတွင် စပါးများ၊ ဆီအိုးများနှင့် အခြားရိက္ခာများ ရှိနေမည်မှာ သေချာသည်။ သို့သော် ဝရီးသည် ကျီများဘက်ကို လှည့်မကြည့်။

အိမ်ထဲသို့ ဝင်ရမည်ဖြစ်ကြောင်း သိလိုက်သည်။

မီးဖိုချောင်ထောင့်တွင် ဝရီးဒူးထောက်ကာ လက်ကမ်းသည်။ စကားတစ်လုံးမဆို။ သို့သော် နားလည်စွာဖြင့် ကြိုးကို လှမ်းပေးလိုက်သည်။ ကြိုးခွေကို ပခုံးထက်တွင် ချိတ်ကာ ဝရီးမီးဖိုဆောင်ခေါင်မိုးပေါ်သို့ တက်သည်။ ဤအိမ်တွင် ဝရီးအသေအချာ စနည်းနာပြီးဖြစ်ကြောင်း သံသယရှိစရာ မလိုပေ။

မီးဖိုချောင်ခေါင်မိုးပေါ်ရောက်သည်နှင့် ဝရီးပခုံးမှ ကြိုးခွေကိုဖြုတ်ကာ အိမ်မကြီး၏ ခေါင်မိုးအလယ်ဆင့်မှ ရေတံလျှောက်အစွန်းဆီသို့ ပစ်လွှတ်လိုက်သည်။ ရေတံလျှောက်စွန်းတွင် ကြိုးကွင်းစွပ်မိသည်။ မီးဖိုနှင့်အိမ်မကြီးကို တင်းကျပ်ခိုင်မာစွာ ကြိုးတန်းဆက်မိပြီ။

တိမ်ရိပ်တစ်ခု လရောင်ကိုအကွယ် ခဏတာမျှ မှောင်သွားသည်။

တိမ်မှေးရှင်းသွားချိန်တွင် နှစ်ဦးစလုံး အိမ်မကြီးပေါ်သို့ ခြေတင်မိကြပြီ။ သူကြွယ်ကြီးမှာ ချမ်းသာကြွယ်ဝသူဖြစ်ကြောင်း သေချာသည်။ ခေါင်မိုးတွင် ဘုံအဆင့်လေးထပ်တင်ထားသည်။ အောက်ဆုံးအဆင့်၏ အကာပျဉ်ချပ်များဆီသို့ ဝရီးကကြည့်၍ ခေါင်းညိတ်ပြသည်။ ဝရီးကို ခေါင်းပြန်ညိတ်ပြလျှက် ပျဉ်ချပ်များကို ပဲခွပ်အသွားဖြင့် ထိုးကော်လိုက်သည်။ ပျဉ်ချပ်လေးချပ် ကွာပြီးချိန်အထိ တိတ်တိတ်ဆိတ်ဆိတ်။

ဘုံဆင့်အတွင်းသို့ ဝင်ခဲ့ကြသည်။ မျက်နှာကြက်အမိုးပေါ်သို့ ထုပ်တန်းမှ ယီးလေးခိုကာ ဆင်းလိုက်သည်။ ပင့်ကူမျှင်များက မျက်နှာဆီ အရှုပ်ရှုပ်အထွေးထွေး ငြိတွယ်လာကြသည်။ အိမ်မြောင်စုတ်ထိုးသံများ ပေါ်လာသည်။ မျက်နှာကြက်သည် လျှာထိုးစရွေးကိုက်မဟုတ်၊ ပျဉ်ချင်းအစေ့ဆက်ကာ အစပ်အကြားကိုသာ ဆေးသုတ်ထားသည်။ ဝရီးက ဓါးမြောင်ကိုထုတ်ကာ ပျဉ်ကြားမှဆေးစများကို ဓါးဦးဖြင့် ထိုးကော်လိုက်သည်။ အောက်ဘက်က မီးရောင်သည် ပျဉ်ကြားအစပ်မှတစ်ဆင့် ဝင်လာလေသည်။

မျက်နှာကြက်ပျဉ်ကို မျက်နှာအပ်ကာ အောက်သို့ ငုံ့ကြည့်သည်။

သူကြွယ်ကြီး၏ အိပ်ခန်းသည် အတိုင်းသား။

သူကြွယ်ကြီးသည် မအိပ်ခင် သေမူးမူးသောက်ထားဟန် ရှိသည်။ ခေါင်းရင်း သုံးချောင်းထောက် စားပွဲပေါ်တွင် သေခွက်တကောင်းများ ဖရိုဖရဲ။

ဝရီးက မျက်တောင်ခတ်ပြသည်။ ခေါင်းညိတ်လျှက် ပဲခွပ်ဖြင့် မျက်နှာကြက်ပျဉ်ကို ခွာသည်။ ခေါင်းဝင်ကိုယ်ဆံ့အပေါက်ကို ရပြီ။ လက်မောင်းအားကို အပြည့်အဝအသုံးချလျှက် လက်ထောက်ပြီး အောက်သို့ ခုန်ချလိုက်သည်။ ခြေဖျားဖြင့် ပိရိစွာ။

ခူးခူးခေါ်ခေါ် ဟောက်သံသည် စည်းချက်ကျကျ ပေါ်နေသည်။

အခန်းထောင့်ရှိ ပျားဖယောင်းတိုင်သည် လက်တစ်ဆစ်ခန့်သာ ကျန်တော့သည်။ ဖယောင်းရည်ကို ဝလင်စွာ စုပ်ယူခဲ့ရသော ငြိမ်းသေခါနီးဖယောင်းတိုင်၏ မီးစာမှ မီးတောက်သည် ကောင်းစွာ လင်းထိန်နေသည်။

မီးရောင်တွင် ဝရီး၏ မျက်လုံးများသည် ဘာမှ မထူးခြားသလိုပင်။ တပ်မက်သော လောဘအရောင်များလည်း မရှိ။ ပူပန်သော သောကအရောင်များလည်း မရှိ။ ဝရီး၏ လှုပ်ရှားမှုစတင်သည်။ ခေါင်းရင်းဘက်ရှိ စာတိုက်ဗီရိုရှေ့သို့ တိုးကပ်သွားသည်။ ဗီရိုမျက်နှာစာဝဲဘက်မှ ကြေးသော့ကို ဝရီးကိုင်ကြည့်သည်။ ခေါင်းယမ်းသည်။ မျက်နှာစာယာဘက်မှ ပတ္တာနှစ်ခုကို ကိုင်ကြည့်သည်။ ခေါင်းညိတ်သည်။

အပေါ်မှ ပတ္တာဆီသို့ ဝရီးလှမ်းကိုင်သည်။

နားလည်စွာဖြင့် အောက်ပတ္တာဆီသို့ လှမ်းလိုက်သည်။ လက်မခန့် ကျွန်းသားအနှစ်ဖြင့် စို့လေးချက် စွဲထားသောပတ္တာသည် စင်စစ်ပုဆိန်ဖြင့် ပေါက်ခွဲမှသာ ပြုတ်နိုင်လောက်အောင် ခိုင်ခံ့လှချေသည်။ သို့သော် ကျွမ်းကျင်သော လက်နှစ်စုံတို့သည် ဓါးမြောင်နှစ်ချောင်းဖြင့် ပြီးမြောက်သွားလေသည်။ ဗီရိုတံခါးပွင့်သွားလေပြီ။ တံခါးကို ဖေးကိုင်ထားချိန်တွင် ဝရီးက ဗီရိုအပေါ်ဆုံး အဆင့်သို့ လက်ကို ထိုးသွင်းလိုက်သည်။

လက်ပြန်ထုတ်သည်။

လက်မနှင့်လက်ညိုးကြားတွင် ကတ္တီပါအိတ်တစ်လုံး။ လက်ညိုးနှင့် လက်ခလယ်ကြားတွင် ကြိုးဆွဲသားရေအိတ်တစ်လုံး။ လက်သူကြွယ်နှင့် လက်သန်းကြားတွင် လက်စွပ်ကွင်းများကို တွဲထားသည့် အပ်တစ်ချောင်းပါလာသည်။

ဝရီးက တစ်ချက်လှမ်းကြည့်ကာ မျက်တောင်ခတ်ပြသည်။

ခေါင်းညိတ်ပြီး ဗီရိုတံခါးကို ကြမ်းပြင်ပေါ်ချကာ အိတ်ထဲမှ ဘုဇပတ်ရွက်တစ်ရွက်ကို ထုတ်လိုက်သည်။ ဘုဇပတ်ရွက်ကို ဗီရိုထဲထည့်မည်ပြုပြီးမှ စိတ်ကူးရကာ ဝရီးကိုပြုံးပြပြီး ဗီရိုထဲမထည့်တော့ဘဲ ခြင်ထောင်ဘေးတွင် ဘုဇပတ်ရွက်ကို အပ်နှင့်တွယ်ပေးလိုက်သည်။ မှုးယစ်အိပ်ပျော်နေသော အထဲမှ သူကြွယ်ကြီးကား တုတ်တုတ်မျှ လှုပ်ဖော်မရ။

ဝရီးက မျက်ခုံးများပင့်ကြည့်ပြီးမှ နှစ်ခြိုက်စွာ ပြုံးသည်။

အထွက်ကား လွယ်ကူလှချေသည်။ သူကြွယ်ကြီး၏ အိမ်ခန်းကိုဖွင့်၊ အိမ်မကြီး တံခါးကိုဖွင့်၊ မီးဖိုဆောင်ထဲသို့ရောက်၊ မီးဖိုခေါင်မိုးပေါ်တက်ကာ ကြိုးထုံးကိုဖြုတ်သည်။ အိမ်မကြီးအမိုးရှိ ကြိုးစတစ်ဖက်ကား မျက်နှာကြက်ပေါ်သို့ မဆင်းမီကတည်းက ဖြုတ်ခဲ့ပြီးလေပြီ။ ကြိုးခွေကို ပြန်သိမ်းကာ ခြံဝိုင်းကို ခုန်ကျော်၍ ထွက်ခဲ့ကြသည်။

ခွာညို၏ အေးမြသင်းပျံ့သောအနံ့ကို တစ်ဝတစ်ပြည့် ရှူရှိုက်လိုက်ကြလေသည်။ ဆောင်းနှင်းတို့ကား ပိန်းပိတ်ထူထပ်ဆဲ။

အရှေ့ပြင်နိုင်ငံမှ အိမ်နှစ်လုံးကိုလည်း အခက်အခဲမရှိ ဝင်ခဲ့ ထွက်ခဲ့ကြသည်။ အင်းဝမှထွက်ခဲ့သော အချိန်တွင် အရုဏ်ပင်မသမ်းသေး။ ဂူရိုရာကျောက်တောင်အရောက်တွင်မှ အလင်းပျို့သည်။ လန်းဆတ်အေးစိမ့် ဆောင်းနံနက် လေပြည်ကို အရသာခံကာ ရှူသွင်းရင်း ဝရီးကို ပြောလိုက်သည်။

"မြို့တော်သစ်ကိုတော့ အောင်မြင်မှုနဲ့ ဖွင့်လိုက်ပြီ ဝရီးရေ"

"တက်ပြားနှစ်ယောက်ပေပဲကွာ ဟား... ဟား... ဟား..."

"ဒါပေမယ့် ကျုပ်သိပ်မကျေနပ်သေးဘူး။ နန်းမြို့ထဲဝင်ပြီး ဖောက်လိုက်ချင်သေးတာ"

"အလျင်မလိုနဲ့ လူကလေး။ ဒီဘုရင်လက်ထက်မှာ နန်းမြို့တွင်းဟာ အရင်စစ်ကိုင်းလို မြို့ရိုးထက် ပိုပြီး အစောင့်အကြပ် သိပ်သည်းမှာသေချာတယ်။ လေ့လာစုံစမ်းရဦးမယ်"

ရောင်နီပျို့သော အလင်းအောက်တွင် နီရဲနေသော ရောဝတီဘက်သို့ မျှော်ကြည့်၍ ထက်သန်စွာ စကားတစ်ခွန်း ပြောလိုက်မိသည်။

"ဝရီး... နန်းမြို့ထဲကို ဝင်စုံစမ်းတဲ့တာဝန် ကျုပ်တာဝန်ထားဗျာ"

"ဟေ... တကယ်လား"

"တကယ်ပါ။ ကျုပ်သိပ်ထက်သန်နေတယ်"

"အေးလေ... သွားချင်လဲ သွားပေ့ါ။ သတိတော့ထားဟေ့ လူကလေး"

"တက်ပြားပါ ဝရီးရာ"

ဂူအဝင်တွင် တဟားဟားရယ်သွားသော ဝရီး၏ အသံသည် ဂူအပြင်သို့ လျှံထွက်လာလေသည်။

* * * * *

MMCYBERMEDIA
COMMUNITY FOR ALL

။၁၂။

နမ်းဖတ်ထည့်ထားသော တောင်းနှစ်လုံးကို ထမ်းပိုးမှ ဖြုတ်၍ အောက်ချလိုက်သည်။ ထမ်းပိုးကိုထောင်၍ ခေါင်းပေါင်းတဘက်ဖြင့် ချွေးသုတ်သည်။ ဆောင်း၏နေ့နံနက်ခင်းသည် စူးစူးရှရှပူပြင်းချေသည်။

ဈေးတန်းမှာ စည်ကားရှုပ်ထွေးလှသည်။ ပန်းသည်တွေက အများဆုံးဖြစ်သည်။ ကျုံးလမ်းမဝဲယာတွင် ပန်းပေါင်းစုံရနံ့များ ကြိုင်လှိုင်နေသည်။ အင်းဝသူ အင်းဝသားတို့၏ ပြုံးရွှင်သောမျက်နှာများကို တွေ့ရသည်။ နန်းတွင်းသူတို့ မြို့ရိုးမုခ်မှထွက်လာပြီး ကျုံးတံတားအတိုင်း လျှောက်လာကြသည်။ တစ်သုတ်ပြီးတစ်သုတ် နန်းတွင်းသူအများအပြားမှာ တိမ်တောင်တက် ဆံထုံးဖြင့် ထုံးဖွဲ့ထားကြသည်။ ရွှေကျင်ခတ်ပဝါကို အမြိတ်နှစ်ဖက် အစွန်းချလျက် ပုံတော်ဖိနပ်ကို စီးလျက် ယပ်တောင်ကို မခတ်ဘဲ သည်အတိုင်းဖွင့်ကိုင်လျက် အင်းဝနန်းတွင်းသူတို့ ဟန်ရေးထည်ဝါကြကုန်သည်။

တိမ်တောင်တက်ဆံခွေပတ်လည်တွင် သဇင်ပန်းတို့ကို အတင့်အတယ် ပန်လာကြသည်။ အချို့က ကိုယ်ကျပ်ခါးတို၊ အချို့က ကိုယ်ပွခါးရှည်၊ ရွှေရေးကွပ် လက်ဖျားအဝကျယ်၊ ချည်အသွေးစုံ အဆင်စုံ။ ဆေးရောင်ပေါင်းများစွာ ရေးစပ်မှုန်းခြယ်ထားသော ပန်းချီကားကြီးသဖွယ်။

အသည်၊ အလာ၊ ဆင်းရဲသားကျေးကျွန်များနှင့် နန်းတွင်းသူ နန်းတွင်းသားတို့ သိသိသာသာ ခြားနားစွာ ဝတ်ဆင်သည်ကို တွေ့ရသည်။ ဈေးသည်တို့ကား အများအားဖြင့် ဖျင်ခါးတို၊ လက်တို၊ မဲထဘီလုံချည်ချည်းသာ ဖြစ်သည်။ ခေါင်းပေါင်းတွင် ခေါင်းပေါင်းစမရှိ။ မျက်နှာများမှာ နှင်းရိုက်နေလောင် အသားအရေ။

ဈေးဝယ်နန်းတွင်းသူတို့ကား စိုပြည်သော အသားအရေ၊ ဒန်းနီဆိုးနှုတ်ခမ်း၊ ရတနာ နားဒွောင်းပန်၊ လက်စွပ်၊ လက်ကောက် တချွင်ချွင်ခတ်သံညံညံ။ မင်းမှုထမ်းသား၊ လူပျိုတော်သား၊ အဆောင်တော်သားတို့မှာလည်း ခေါင်းပေါင်းတလှုပ်လှုပ်၊ ပတ်ပေါင်း အုပ်ပေါင်း အမျိုးစုံ။

အသွင်အားဖြင့် ကွာခြားကြစေကာမူ အင်းဝရွှေမြို့တော်၏ နံနက်ခင်းဈေးရှိ လူတွေအားလုံးမှာ တူညီသော အချက်တစ်ချက်ရှိသည်။ ယင်းကား မျက်နှာကိုယ်စီပေါ်မှ အပြုံးများ ဖြစ်သည်။ စိတ်အေးချမ်းသာ ဖောက်ကားရောင်းဝယ်နေကြသော အပြုံးများ ကိုယ်စီရှိထားကြသည်။

ကြောင့်ကြမဲ့ လှုပ်ရှားမှုများဖြင့် ဥဒဟိုစည်ကားနေသည်။ ကြည့်ကောင်းကောင်းဖြင့် ကြည့်နေလိုက်သည်မှာ ဘယ်လောက် ကြာသွားသည်မသိ။

"နမ်းဖတ်သည်... တောင်းလေး ဟိုဘက်နည်းနည်းကပ်ပေးပါတော့"

ဘေးမှ အသံတစ်သံ ကြားလိုက်မိသလိုလို။ သို့သော် ရှေ့မှဖြတ်လျှောက်သွားသော နန်းတွင်းသူ တစ်အုပ်စုကို ငေးနေမိ၍ အသံလာရာသို့ လှည့်မကြည့်မိချေ။

"ဟောတော့... နားများပင်းနေရော့သလား။ ရှင့်... နမ်းဖတ်သည်"

ပခုံးကို တစ်စုံတစ်ခုလာထိသည်။ ရုတ်တရက် လန့်သွားပြီး လှည့်လိုက်သည်။ တောင်းတစ်လုံး၊ တောင်းထဲတွင် ထိုးထိုးထောင်ထောင် ထွက်နေသော သံထည်အပိုင်းအစများကို တွေ့လိုက်ရသည်။

"ရော်... ခက်နေပါပေ့လား။ တော့်... အိုရှင့်... နမ်းဖတ်သည်"

"ဗျာ... ကျုပ်ကိုလား"

"ရော်... ဒီနားမှာ နမ်းဖတ်သည်ဆိုလို့ တော်တစ်ယောက်တည်းရှိတာ။ တော့်မခေါ်လို့ ကျုပ်က ဘယ်လောကပါလနတ်မင်းကို ပင့်ရမှာတုန်းတော့"

အယောင်ယောင် အမှားမှား ရှိရတော့သည်။ သည်တွင်မှ မိမိသည် နမ်းဖတ်သည်ပါလားဟူသော အသိပြန်ဝင်သည်။ မိမိကိုယ်မိမိ စျေးသည်ဟူသော အသိစိတ်ကို ပြန်သွင်းရသည်။

"ဟုတ်ကဲ့... ဟုတ်ကဲ့"

နမ်းဖတ်တောင်းကို ရွှေ့ပေးလိုက်သည်။

"အဘလာ... နေရာရပြီ။ အဘတောင်းကြီးက လေးလိုက်တာ လွန်ပါရောတော်"

ခါးထစ်ခွင်ချီထားသော ထန်းခေါက်တောင်းကို အောက်ချမရ ဖြစ်နေသည်။ သူ့တောင်း သူ့ခါးထစ်မှ မ,မနိုင်။

"ပေး... ပေး ကျုပ်ကူသယ်ပေးမယ်"

တောင်းကို ဆွဲယူလိုက်သည်။ တကယ်ပင် လေးလံချေသည်။ တောင်းထဲမှ သံထည်ပစ္စည်းများကို ကြည့်လိုက်သည်။ စူး၊ ဆောက်၊ တံစဉ်၊ ဓါးမ၊ ဓါးတို၊ ယောက်မစသည့်ပစ္စည်းများ။

"အဘ… အဘ အဲဒီ အဘတစ်ယောက်လည်း ဘယ်ရောက်သွားပြန်ပြီလဲ မသိဘူး။ အရေးဆို အော်ခေါ်နေရပြီ။ အဘရေ။ အို… အဘရေ။ ဒီမှာ နေရာရပါပြီတော့။ ကျုပ်ဒီမှာ"

"ဟေ… လာပြီဟ မိန်းကလေးရ။ ဟိုမှာ ပန်းသည်တွေ ကြားညှပ်နေတာနဲ့"

ထောင်ထောင်မောင်းမောင်း လူကြီးတစ်ယောက် ရောက်လာသည်။ ခေါင်းမှတဘက်ကို ဖြုတ်ကာ ချွေးသုတ်နေသည်။ ရင်အုပ်၊ လက်မောင်းကြွက်သားများ အပြိုင်းအရိုင်း ရှိနေကြသည်ကို သတိထားမိလေသည်။

"နမ်းဖတ်သည်… တစ်ဆိတ်တော်။ ရွှေ့လက်စနဲ့ တောင်းကို ဟိုဘက်နည်းနည်း ထပ်ရွှေ့ပေးပါလား။ ကျုပ်တို့ ပစ္စည်းတွေက ချခင်းလိုက်ရင် နေရာကျယ်မှာတော့"

စူးစူးလွင်လွင် အသံရှင်မိန်းကလေးကို သည်တော့မှ သတိထားကြည့်မိသည်။ ဆံရစ်ဝိုင်းကြားထဲမှ မျက်နှာသည် နနယ်ခြင်းများဖြင့် ရွှန်းလက်နေသည်။ ပါးကွက်နှစ်ခုက ပါးပြင်အပြည့် ဝိုင်းဝိုင်းစက်စက်။ နှာရွက်ဖျား၊ နှာသီးဖျားများ နီရဲနေသည်။ မျက်တောင်ကော့ကော့၊ မျက်လုံးအိမ်နက်မှောင်မှောင်ဖြင့် နပျိုလှပသော မျက်နှာလေးပင်။

"ရော်… နှစ်ခွန်းသုံးခွန်းထပ်ထပ်ပြောနေရတာချည်းပါလား။ နားပင်းတယ်နဲ့တူတယ်။ နမ်းဖတ်သည်ကြီး"

နမ်းဖတ်သည်ကြီးဟူသော အသံက ကျယ်လာသည်။

"ဟုတ်ကဲ့… ဟုတ်ကဲ့။ ရပါတယ်ဗျာ"

တောင်းနှစ်လုံးကို ပူးယှဉ်ထားပေးလိုက်သည်။ မိန်းမပျိုက တစ်ချက်ဝင့်ကြည့်ကာ ဖျင်ကြမ်းစတစ်ထည်ထုတ်၍ မြေပေါ် ခင်းသည်။ ထို့နောက် တောင်းထဲမှပစ္စည်းများကို တစ်ခုစီ ဖြန့်ခင်းလေသည်။ ဖြန့်ခင်းရင်း နှုတ်က စူးစူးလွင်လွင် အော်ပြန်သည်။

"ဟောဒီမှာ တော်ရို့။ ရွှေလောင်းပန်းပဲဖိုထွက်ပစ္စည်းတွေ ရောင်းပြီ။ တံစဉ်း၊ ဓါးမ၊ ဓါးတို၊ စူး၊ ဆောက်၊ တံစဉ်စုံတယ် တော်ရို့။ ရွှေလောင်းပန်းပဲဖိုထွက်တွေ၊ ရွှေလောင်းပစ္စည်းတွေ၊ မရမရှိစေကြနဲ့ တော်ရို့"

တိုးတိုးဝေ့ဝေ့ အုတ်အုတ်ကျက်ကျက် အသံတွေကြားမှာ သူ့အသံက စီထွက်လာသည်။ ဈေးဝယ်များ စောင်းကြည့်ကြသည်။ ပြုံးရယ်ကြသည်။ မကြာမီမှာပင် ဝယ်သူတဖွဲဖွဲ ရောက်လာလေသည်။ မိန်းမပျိုကား ဇယ်စက်သလို နှုတ်မအား လက်မအား ဈေးရောင်းတော့သည်။

နဖူးဆံစမှ ချွေးစက်များ လိမ့်ဆင်းကာ ပါးကွက်ပေါ် စီးကျသွားသည်ကို ကြည့်ကောင်းကောင်းဖြင့် ကြည့်နေမိသည်။ ပြည့်တင်းလုံးဝန်းသော ပခုံးများ မနားတမ်း လှုပ်ရှားနေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"လာကြ တော်ရို့၊ ရွှေလောင်းဖိုထွက် ဓါးကောင်းတွေ"

ဓါးများ တချင်ချင် တချမ်ချမ်ခတ်ပြသည်။

"ဟဲ့ မိန်းကလေး။ တစ်ဈေးလုံး နင့်အသံဖြစ်နေပြီ။ တိုးတိုးသက်သာ အော်စမ်းပါ။ ဈေးရောင်းတာကလဲ လောဘတကြီး"

အဘိုးကြီးခပ်အုပ်အုပ် ပြောသည်။

"အဘနယ် အော်တာပဲ တိုးတိုးသက်သာ ရှိရမှာလား။ ဈေးရောင်းတာပဲ လောဘမကြီးလို့ ကမ္ဘာဦးနန်း ထိုင်နေတဲ့မျက်နှာနဲ့ရောင်းရမှာလားလို့။ ဟင်း… အဘပစ္စည်းတွေ ဘယ်လောက်ကောင်းကောင်း ကျုပ်အော်လို့ လူသိတာ။ လူကြိုက်များတာ။ မှတ်ထားပါ။ လာကြ တော်ရို့"

သူ ခေါင်းမော့အကြည့်၊ ရွှန်းလဲ့သော မျက်လုံးအိမ်ကြီးများကို တွေ့လိုက်ရမှ ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဟောဒီ နမ်းဖတ်သည်ကြီးကျတော့လဲ ဘာသံမှ မကြားရပါလား"

သူက ပြုံး၍ ပြောသည်။

"တော်… အဲဒီလို ဈေးရောင်းနေရင် နေရာတင်ခြတောင်ပို့ ဖြစ်သွားမယ်။ အခု အချိန်ဘယ်လောက်ရောင်းရပြီလဲ"

"ဗျာ… အင်း"

"ဘယ်လောက် ရောင်းရပြီလဲလို့"

"ဟိုဒင်း… မရောင်းရသေးဘူး"

"ထင်သားပဲ။ တော်က အော်မှမအော်တာကိုး။ နေပါဦး သူများဆုံက ယူရောင်းတာလား။ ကိုယ့်ဆုံနဲ့ ကိုယ်ကြိတ်တာလား"

"ဗျာ… အဲ… သူများဆုံက ယူရောင်းတာပါ"

"ဘယ်ဆုံလဲ တောင်ပြင်ကလား။ တောင်ပြင်ဆိုရင် ဝရီးသာဆိုင်ဆုံ ရှိတယ်။ ဝရီးဖြိုးဆုံရှိတယ်။ ကိုရင်ငတေရဲ့ဆုံရှိတယ်။ ဘယ်သူ့ဆုံလဲ"

သူပြောသွားသည်များကို တစ်ခုမှမသိ၊ စကားမှားသွားလေပြီ။

"အာ… မဟုတ်ပါဘူး။ ကိုယ်ပိုင်ဆုံပါ"

ဖွတ်ပင်စကားပြင်လိုက်ရသည်။ စကားရှေ့နောက်လွဲသည်ကို သူသတိထားမိဟန်မတူ။ ဈေးဝယ်တစ်သိုက်ကျလာသဖြင့် သူ့အလုပ်နှင့်သူ ရှုပ်သွားသည်။ သက်ပြင်းတစ်ချက် မှုတ်မိလေသည်။

"အဲဒီ ခါးမ,လား။ ရွှေးမနေနဲ့ စိတ်ချသာယူသွားရှင့်။ သံကောင်းကောင်း မီးကောင်းကောင်းနဲ့ ထုသားပေသားကျနေတာ။ တောင်ပြင်တစ်ရပ်လုံး ရွှေလောင်းဖို့ထွက် ခါးမတွေချည်းသုံးကြတာ။ စိတ်ချယူ"

ဈေးသည်များ စဲသွားပြန်သည်။

နဖူးမှ ချွေးစများကို သူ့အင်္ကျီဖျင်လက်ဖြင့်သုတ်ကာ လက်ဖြင့် သူ့မျက်နှာသူ ယပ်ခတ်သည်။

"မောပဲ့တော်။ အဘ ရေဘူးလှမ်းလိုက်စမ်းပါ"

"ရေကုန်နေတယ် မိန်းကလေးရဲ့။ အဘသွားခပ်လိုက်ဦးမယ်"

"လုပ်ပြီ အဘတို့ကတော့"

ခါးမှာချိတ်ထားသော ဘူးသီးခြောက်ရေဘူးကို အလိုလို ဖြုတ်မိသွားသည်။ ဘူးကိုလှမ်းပေးရင်း...

"ကျုပ်မှာ ပါ,ပါတယ်။ ရော့... ရော့ သောက်လိုက်ပါ"

ဘာမှမပြောဘဲ လှမ်းယူကာ ဘူးသီးခြောက်ကို မော့သောက်လေသည်။

လည်ကြောစိမ်းမြတွင် ရေများစီးဆင်းသွားသည်ကိုပင် မြင်ရလေမလားဟု ခုန်လှုပ်သောရင်ဖြင့် စိတ်ထွေပြားစွာ ငေးကြည့်မိလေသည်။

"ရင်ထဲကို အေးသွားတာပဲ။ သာဓုတော် သာဓု"

နှုတ်ခမ်းမှရေများကို လက်ခုံဖြင့်သုတ်၍ ရေဘူးပြန်ပေးသည်။ ကျေးဇူးစကားမဆိုဘဲ သာဓုခေါ်နေသော အသွင်ကိုကြည့်ရင်း ရယ်ချင်လာသည်။ အလွန်ကြီးကျယ်ချင်သော လူတတ်လုပ်ချင်သော၊ သို့သော် မိမိဥမိမိ ယုံကြည်စိတ်ချသော ချစ်စဖွယ်မိန်းကလေးဟုလည်း တွေးမိနေသည်။

"အဘ... ဒီနေ့ဈေးရောင်းကောင်းလိုက်တာနော်။ ထူးထူးခြားခြား ဒီနေ့မှအစောကြီးကို ဈေးဝယ်ကျတယ်"

"အေးဟ"

အဘိုးကြီးက ဆေးတံထဲသို့ဆေးဖြည့်ရင်း တုံးတိတိဆိုသည်။

"ခါတိုင်းဒီအချိန်မျိုး လူဒီလောက်မစည်ဘူးတော့"

"အေးဟ"

"နန်းမြို့ထဲကလူတွေ ဒီနေ့ဈေးဝယ်တာလဲ ကသုတ်ကရိုက်နိုင်သလားလို့"

"အင်း"

"ဟိုဘက်ကပန်းသည်တွေဆို ကုန်သွားပြီတဲ့တော်"

ဆေးတံကိုမီးညှိနေသဖြင့် အဘိုးကြီးထံမှ အသံထွက်မလာတော့။

သူတို့စကားကြားရမှ ကိုယ့်မှာ နမ်းဖတ်တစ်ဖတ်မှမရောင်းရသေးသည်ကို သတိရမိတော့သည်။ မသိမသာ ပြုံးမိသည်။ ဈေးဦးပင် မပေါက်သေးသော တကယ့်ဈေးသည်အစစ်ဆိုလျှင် ခုအချိန် ဘယ်လောက်စိတ်ညစ်နေမလဲဟုလည်း တွေးမိသည်။

"အား… ဝရီးတို့သားအဖပါလား။ ရောင်းကောင်းကြလား"

အသံတစ်သံနှင့်အတူ လူတစ်ယောက်ရောက်လာသည်။ ထမ်းပိုးတစ်ဖက်တစ်ချက်တွင် ကြိမ်ခွေခြင်းနှစ်ခု။ ခြင်းထဲတွင် ဘာမှမရှိ။

"ကိုရင်ငပြော့ပါလား။ ခြင်းထဲလဲဗလာပါလား။ ကုန်ပြီနဲ့တူတယ်"

"ကုန်ရမှာပေါ့ဗျ။ ဒါတောင် ဒီနေ့ခါတိုင်းနေ့ထက် ပိုပြီးယူလာတာ။ ဒီနေ့စောစော ကုန်များများရောင်းရမယ်ဆိုတာ သိပြီးသားဟာကိုး"

"ဟုတ်တယ်တော့။ ကျုပ်တို့လဲ ဒီနေ့မှရောင်းကောင်းလိုက်တာ။ အဘကိုတောင် အခုပဲ ပြောနေသေးတယ်။ ဒီနေ့မှထူးထူးခြားခြားလို့။ နန်းမြို့ထဲကလူတွေလဲ ဒီနေ့မနက် ဈေးဝယ်တာ ကသုတ်ကရက်နဲ့လို့"

"ဟောဗျာ။ နင်တကယ်မသိဘူး ဟုတ်လား"

"ဘာလဲ။ ဘာသိရမှာလဲ"

"ဝရီးထိန်ကော မသိဘူးလား"

"ဘာကိုလဲဟ"

"ဈေးသည်ချင်း သတင်းသဲ့သဲ့မှ မကြားမိဘူးလား"

"ဘာကြားရမှာတုံး"

MMCYBERMEDIA
COMMUNITY FOR ALL

"ဟင်… နန်းမြို့ထဲကလူတွေနဲ့ စကားစမြည် မစပ်မိကြဘူးလား"

"ဘာကို စပ်မိရမှာတုံး။ ကိုရင်ငပြော့ကြီးနော်။ စကားပြောရင် ဝေ့လည်ကြောင်ပတ်နဲ့"

"ဂျမ်း။ နင်တကယ်မသိဘူးလား"

ဂျမ်းဟူသောအမည်ကို နွေးထွေးစွာ မှတ်ထားလိုက်သည်။ ကြမ်းတမ်းသော်လည်း ခွန်အားပြည့်သောအမည်နာမ။ လူနှင့်လိုက်ဖက်လေခြင်းဟု တွေးမိသည်။

"ဘာတုန်း… ဘာတုန်း။ ဘာသိရမှာတုန်း။ ကျုပ်က စိတ်မရှည်ချင်တော့ဘူးနော်။ ယောက်မနဲ့ ထခုတ်လိုက်ရ"

"ဟ… ဟ နေပါဦး။ ဒီနေ့မနက် နန်းမြို့ထဲကလူတွေ အပြေးအလွှား ဈေးဝယ်ကြတဲ့အကြောင်းကို နင်မသိဘူးလား"

"ရော်… မသိလို့ မေးနေပါပကောလို့"

"ရွှေနန်းရှင် ဒီနေ့ ငနွယ်ကုန်းက ပြန်ရောက်မယ်လေ"

"ဩော်"

ဟု သားအဖနှစ်ယောက် ပြိုင်တူ ရေရွတ်လိုက်သည်။ သွေးကြောများအတွင်း ဖျင်းခနဲ ဖြစ်သွားသည်။ လာရကျိုးတော့နပ်တော့မည်။ အစွမ်းကုန်နားစွင့်ထားလိုက်သည်။ ကိုရင်ငပြော့ဆိုသူက ဆက်ပြောသည်။

"နန်းမြို့တံခါးလဲ ဒီနေ့အစောကြီးဖွင့်ပေးမှာတဲ့။ ရွှေနန်းရှင်ပြန်ရောက်လို့ နန်းမြို့ထဲ ဝင်အပြီးမှာပဲ တံခါးဖွင့်ပေးမှာတဲ့။ ဒီကနေ့ အသည်တွေ၊ အလာတွေ ရောက်လာသမျှ ဈေးသည်တွေအားလုံးကို မွန်းတည့်အထိ နန်းမြို့ထဲ နေခွင့်ပြုမတဲ့။ ငနွယ်ကုန်းစားကို သုတ်သင်အောင်မြင်တဲ့ အထိမ်းအမှတ်တဲ့"

"ကောင်းပွဲတော်။ ကျန်တာလေးတွေကို နန်းမြို့ထဲဝင်ရောင်းလိုက်ရင် ဒီနေ့ အကုန်ကုန်မှာပဲ"

"မိန်းကလေး။ နင်ကအထဲဝင်ဦးမှာလား။ လောဘတော်တော်ကြီးနော်"

"အို… အဘ အသာနေစမ်းပါ။ အဘဖိုမှာ ထုရိုက်ပြီးရင် အဘနဲ့မဆိုင်တော့ဘူး။ ကျုပ်နဲ့ပဲဆိုင်တော့တာ"

"ကိုင်း… ကျုပ်လဲ အမဲသားပြန်ယူဦးမယ်ဗျို့"

"အင်း… သွား… သွား… ကိုရင်ငပြော့"

ကိုရင်ငပြော့ ထွက်သွားသည်။

"နမ်းဖတ်သည် ရေဘူးလေးတစ်ဆိတ်ကမ်းပါဦး"

ရေဘူးကိုမော့ချပြီး လက်ခုံဖြင့်နှုတ်ခမ်းကို သုတ်ပြီးနောက်တွင် သူ့အသံ စီခနဲ ထွက်လာပြန်လေသည်။

"ဟောဒီမှာ တော်ရို့။ ရွှေလောင်းဗိုထွက်ပစ္စည်းတွေ ဈေးမကွဲခင်လေး ယူထားကြနော်။ တော်ကြာ ရွှေနန်းရှင်ကြွတော်မူလာ..."

သူ့အသံ တစ်ပိုင်းတစ်စနှင့်ပြတ်သွားသည်။ နှုတ်ခမ်းဖွင့်လျှက်သားဖြင့် ဈေးလမ်းတစ်ဖက် အစွန်ဆီသို့ မျက်လုံးမျက်ဆံပြူးကာ ကြည့်နေသည်။

သူကြည့်နေရာသို့ လှမ်းကြည့်လိုက်သည်။

ဆက်မပြောဖြစ်တော့။ မြင်းခွာသံများ နီးလာသည်။ ကြွလာပြီ၊ ကြွလာပြီဟူသော အုတ်အုတ်ကျက်ကျက်အသံများ ကြားရသည်။ စုစည်းကိုင်တွယ်လှီးဖြတ်လိုက်သော ကောက်ပင်များအလား အားလုံးမြေပေါ်ဒူးထောက်သွားကြသည်။ ခေါင်းငုံ့သွားကြသည်။ မျက်နှာမဖော်ကြတော့။ ရိုးတိုးရိပ်တိပ် မြင်းကွင်းအစပ်တွင် မြင်းခြေတော်များကိုသာ တွေ့နေရသည်။

"မျက်နှာတော့ ယောင်လို့မှသွားမဖော်လေနဲ့။ အတွင်းသင်းမှူးခါးက ကုပ်ပေါ်ကျလာမယ်"

သူလေသံသဲ့သဲ့ဖြင့်...

"ဒီအတိုင်း ငုံ့ထားရင်း မျက်လုံးပင့်ကြည့်ရင် ဖြစ်မလား"

"တော်နဲ့ကျုပ် ဒီနေရာမှာတော့တူသွားပြီ။ ကျုပ်လဲအမြဲတမ်း ဒီလိုခေါင်းငုံ့ရင်း မျက်လုံးပင့်ပင့်ကြည့်တာပဲ။ တွေ့ဖူးချင်တာကိုးတော့"

"ဒါဖြင့် ကျုပ်ကိုပြောပြစမ်းပါ။ ဟော... လာပြီနဲ့တူတယ်"

"ဟုတ်တယ် ဟုတ်တယ်။ ကိုယ့်ရှေ့မရောက်ခင် ကြည့်ထားနော်။ ရှေ့ရောက်လာမှတော့ ဘယ်လိုပဲကြည့်ကြည့် မမြင်ရတော့ဘူး"

"အင်းပါ"

"ဟောဟို မြင်းအဖြူကြီးစီးလာတာ ရွှေနန်းရှင်"

ရိပ်ခနဲကြည့်ပြီး ရုပ်သွင်ကိုမှတ်ထားလိုက်သည်။ အာရုံတွင်ပါလာသော ရုပ်သွင်ကို အသေးစိတ် မသိမှတ်နိုင်အားသေး။

"ဘေးကမြင်းနက်ကြီးနဲ့က မင်းကြီးသီလဝလား"

ကြီးမားထွားကျိုင်းလှသော ကိုယ်ခန္ဓာကြီးကို မြင်းပေါ်တွင် လေးပင်စွာ တပ်ထားရသည့်အသွင်။

"ဟိုဘက်က မိဖုရားစောဥမ္မာလေ"

သိုက်မြိုက်ခမ်းနားသော အလှကျက်သရေဟု မှတ်မိလိုက်သည်။

"နောက်ကပါလာတာက အဲ… အဲ… ခေါင်းငုံ့၊ ငုံ့လိုက်တော့။ ရှေ့ရောက်လာပြီ။ ကျော်သွားမှ လှမ်းကြည့်လိုက်"

မြင်းခြေတော်များ ဖြတ်သွားလေသည်။ ခေါင်းပြန်မော့သည်။ ရှုပ်ရှုပ်ထွေးထွေး ပြန်ဖြစ်သွားသည်။ တံခွန်အလံများ စစ်သည်တို့၏ကိုယ်ကျပ်အစိမ်းရောင်များနှင့် နေရောင်တွင် ပြိုးပြက်သော လှံသွားများကြောင့် လှမ်းကြည့်သော်လည်း မြင်ကွင်းသည် မသဲကွဲတော့။

"ရှုပ်ယှက်ခပ်သွားပြီတော့်။ လူလုံးမကွဲတော့ဘူး"

"နေပါစေတော့ဗျာ"

ကြည့်နေရင်းမှာပင် မြင်းစီးများအားလုံး ကျုံးတံတားမှဖြတ်ကာ နန်းမြို့တွင်း ဝင်သွားကြသည်။ အားလုံးပြိုင်ထကြသည်။ အသံများဆူလာသည်။ အော်သံ၊ ခေါ်သံ၊ ထူးသံ၊ တောင်းများလဲပြိုသံ၊ ထမ်းပိုးချင်းထိခတ်သံ။

"အဘငေးမနေနဲ့။ မြို့တံခါးဖွင့်ထားတယ်။ သွားကြစို့"

သူ့အသံက စီခနဲဖောက်ထွင်းလာသည်။ ဈေးသည်များကျုံးတံတားဆီသို့ အလုအယက် တိုးသွားနေကြသည်။ လူအုပ်ကြားတွင် အညပ်ညပ်အထွေးထွေး ရောပါသွားသည်။ အဘ၊ အဘဟူသော အသံလွင်လွင် တဖြည်းဖြည်း နစ်မြုပ်ဝေးကွာသွားကာ လူအုပ်ကြားတွင် ပျောက်သွားလေသည်။

တိုးဝှေ့တွန်းတိုက်လျှက် ကျုံးတံတားဆီသို့ လာခဲ့သည်။ လည်ကိုစွင့်မတ်ကာ ရှာကြည့်သေးသည်။ ဂျမ်းတို့သားအဖကို ရိပ်ခနဲတွေ့လိုက်၊ ပျောက်သွားလိုက်၊ ပေါ်လာလိုက်၊ ကွယ်သွားလိုက်။

ကျုံးကိုဖြတ်ပြီး မြို့တံခါးမှဝင်ကာ နန်းမြို့တွင်းသို့ ရောက်ခဲ့သည်။ စိမ်းစိုသောမြက်ခင်းများ၊ ပြန့်ပြူးသောလမ်းများ၊ ရောင်စုံပန်းရုံဥယျာဉ်များ၊ ရွှေရောင်ဝင်းသောအဆောင်များ၊ စုလစ်မွန်းချွန်ပြသာဒ်နှင့်ရွှေနန်းတော်၊ ကျယ်ပြန့်သောခြံဝိုင်းနှင့် စံအိမ်တော်ကြီးများကို တွေ့ရလေသည်။ လှံထမ်း၊ ဓါးဆွဲ၊ ရဲမက်အစောင့်များ ဥဒဟိုသွားလာနေကြသည်။

ဂျမ်းသည် အာရုံမှ ပြယ်လွင့်သွားလေသည်။

နီးကြားသောအာရုံကို လျှင်မြန်သောမျက်စိနှင့် ပေါင်းစပ်ကာ စွဲမြဲသောအသိအမှတ်အသားများ စုဆောင်းနေရသည်။

အနီးမှလူများကိုလည်း မေးရစမ်းရသည်။ နန်းမြို့တွင်းရှိ အကွက်အကွင်းကို စိတ်ထဲတွင် မြေပုံကားချပ်အဖြစ် ကူးပြောင်းယူလိုက်သည်။

"အတွင်းသင်းမှူး စံအိမ်တော်က ဘယ်ဟာလဲဗျ"

"အဲ... ဟိုဟာ"

ခပ်လှမ်းလှမ်း ရေကန်ဥယျာဉ်တစ်ခုအနီးမှ မှိုင်းညို့ညို့ အဆောက်အအုံ၊ အဆောင်အခန်းဖွဲ့၍ ခမ်းနားစွာ ရှိနေသည်။

ဂျမ်းကိုရှာရန် သတိမရတော့၊ မွန်းတည့်ချိန် မြို့ပြင်ထွက်ခါနီးအထိ အတွင်းသင်းမှူးစံအိမ်အနီးတွင် တဝဲလည်လည် နေခဲ့သည်။ မွန်းတည့်ချိန်တွင် ပြန်ထွက်ခဲ့ရသည်။ နစ်ဖက်အပြည့်ရှိနေသော တောင်းနှစ်လုံးကိုထမ်းလျှက် အင်းဝကိုခွာခဲ့သည်။

ဝရီးကို ပြန်ပြောပြသည့်အထဲတွင် တောင်ပြင်ရပ်၊ ရွှေလောင်းပန်းပဲဖိုမှ ပန်းပဲဆရာကြီး ဝရီးထိန်နှင့် သူ့သမီး ဂျမ်းတို့အကြောင်းကို ထည့်မပြောဘဲ ထားလိုက်သည်။ ရေဘူးကောဟု ဝရီးကမေးသောအခါမှ ဂျမ်းဆီပါသွားကြောင်း မှတ်မိတော့သည်။ တိုးရင်းဝှေ့ရင်း ကျကျန်ရစ်ခဲ့သည် ထင်ပါ့ဗျာဟု အလိုက်သင့် ပြန်ပြောလိုက်သည်။

ညဘက်တွင် ကျောက်ခဲများ၊ သစ်သားတုံးများဖြင့် နန်းမြို့အကွက်အကွင်းနှင့် အတွင်းသင်းမှူး စံအိမ်နေရာကို ပုံစံချကာ ဝရီးကိုရှင်းပြလိုက်သည်။

အာရုံ၏အစွန်အဖျားကျသော ထောင့်တစ်နေရာတွင် သေးကွေးမှုန်ဝါးစွာ စွန်းထင်းတွယ်ကပ်နေသည်ကား ဂျမ်း...။

* * * * *

MMCYBERMEDIA
COMMUNITY FOR ALL

## ။၁၃။

နံနက်ညီလာခံသဘင် စဲသွားသော်လည်း သတိုးမင်းဖျား ဘုရင့်အတွင်းတော်သို့ မဝင်သေး။ မင်းဆရာ ပတူးသဃ်ရာဇာ၊ တပ်မင်းကြီး နေမျိုးသီဟပတေ့၊ အမြင့်မင်းတရဖျားစော်ကဲတို့လည်း ဘုရင့်အရိပ်အခြည်ကို စောင့်ကြည့်ရင်း ညီလာခံနန်းတော်ထဲမှာ ကျန်ရစ်ခဲ့သည်။

သဘင်အခါတော်ကြီး ပြီးသွားပြီဖြစ်သောကြောင့် သတိုးမင်းဖျားသည် ပလ္လင်ပေါ်မှဆင်းကာ သက်သောင့်သက်သာစွာဖြင့် နန်းရင်ပြင်ဝရံတာ၌ ရပ်နေသည်။ မိဖုရားစောဥမ္မာလည်း ဘုရင့်အနီးတွင် ဒူးတုပ်လျက် ရှိနေသည်။

"နွယ်န ဘယ်မှာလဲ"

သတိုးမင်းဖျား သံပြတ်ဖြင့်မေးသည်။

သဃ်ရာဇာက နန်းတော်ရှေ့ပိန်းချ တိုင်လုံးတစ်ခုအကွယ်တွင် ဒူးတုပ် ပျပ်ဝပ်လျက်ရှိနေသော လူတစ်ယောက်ကို မျက်ရိပ်ပြလိုက်သည်။ ထိုင်နေသူသည် ဒူးတုပ်လျက်ပင် ရှေ့သို့တိုးလာသည်။

"အတွင်းသင်းမှူး ရောက်လာပါပြီ ရွှေနန်းရှင်"

သဃ်ရာဇာက လှမ်းပြောသည်။ သတိုးမင်းဖျားလှည့်ကြည့်၍...

"အင်း... ဆိုစမ်း နွယ်န။ ညီလာခံအစမှာ အရေးတော်တစ်ခု တင်လျှောက်ချင်လို့ဆိုပြီး သဃ်ရာဇာဆီက မင်းခွင့်တောင်းလာတယ်။ အခုအားလုံးနန်းဆောင်က ထွက်သွားကြပြီ။ မင်းတင်စရာရှိတာ တင်နိုင်ပြီ"

အတွင်းသင်းမှူး ငနွယ်နသည် နန်းကြမ်းပြင်ထက်တွင် ခေါင်းငိုက်စိုက်ချရင်း တိတ်ဆိတ်စွာ ရှိနေသည်။ ဘုရင်ကခွင့်ပေးသော်လည်း စကားမစရဲဖြစ်နေသည်။

အခြေအနေကို အမြဲအကဲခတ်နေသော သဃ်ရာဇာက...

"တင်လိုက်လေ အတွင်းသင်းမှူး။ သင်တောင်းပန်ထားလို့ ရွှေနန်းရှင်စောင့်နေတာ မဟုတ်လား"

အတွင်းသင်းမှူးထံမှ အသံထွက်မလာဘဲ လှုပ်ရှားမှုသာပေါ်လာသည်။ သိုရင်းထဲမှလက်သည် စလွယ်ကြားထဲသို့

ရောက်သွားသည်။ ပြန်ထုတ်လိုက်သောအခါ အတွင်းသင်းမှူးလက်ထဲတွင် စိမ်းဖန့်ဖန့်အရာတစ်ခုပါလာသည်။ အတွင်းသင်းမှူး၏လက်များ တုန်ယင်နေသည်ကို ဘုရင်မှတပါး အားလုံးသတိထားမိကြသည်။

အတွင်းသင်းမှူးက သဃ်ရာဇာကို အားကိုးတကြီး ကြည့်လိုက်ကာ လက်ထဲမှ စိမ်းဖန့်ဖန့်အရာကို ကမ်းလိုက်သည်။ သဃ်ရာဇာကယူလိုက်ပြီး ထိုအရာကို ငုံ့ကြည့်သည်။ ထိုနောက် နားလည်ဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ ထိုအရာကို သတိုးမင်းဖျားလက်သို့ ဆက်သလိုက်သည်။

လက်ထဲသို့ ရောက်လာသောအရာကို ကြည့်ရင်း သတိုးမင်းဖျား ရေရွတ်လေသည်။

"ဒီသစ်ရွက်ဟာ အဓိပ္ပါယ်ဘာလဲ"

အတွင်းသင်းမှူး၏ဦးခေါင်းမှာ နန်းကြမ်းပြင်နှင့် ပို၍ နီးကပ်စွာ ငိုက်ကျသွားသည်။ မျက်နှာ မဖော်ရဲ။ သိုရင်းဝတ်ရုံပေါ်သို့ ချွေးပေါက်ကျနေသည်။

"ဘာအဓိပ္ပါယ်လဲ။ ဒီသစ်ရွက်တစ်ရွက်ကို ငါ့ဆီဆက်ချင်လို့ ညီလာခံအစဲအထိ စောင့်နေတာလား။ ဘာအဓိပ္ပါယ်လဲ"

"တင်လိုက်လေ အတွင်းသင်းမှူး"

မိဖုရားစောဥမ္မာက လှမ်းပြောသည်။ အတွင်းသင်းမှူး ခေါင်းမော့လာသည်။ သွေးဆုတ်ဖြူရော်မျက်နှာတွင် ချွေးသီးချွေးပေါက်များ တွဲရရွဲသီးလျှက်ရှိသည်။ ဆတ်ဆတ်တုန်ပြီးနောက် နှုတ်ခမ်းများပွင့်လာသည်။ ထွက်လာသော အသံကလည်း ပြိုကွဲထစ်ငေါ့စွာ။

"အဲ... အဲဒီ ဘုဇပတ်ရွက်ပေါ်မှာ ဆူးနဲ့ပေါက်ပြီး ဝေါက်ပြားဆိုတဲ့ စကားလုံးတွေ ရေးထားပါတယ် ရွှေနန်းရှင်။ အဲ... အဲဒါဟာ မနေ့ညက ကျွန်တော်မျိုးရဲ့စံအိမ် စက်ရာခန်းကို ရောက်လာခဲ့ပါတယ်။ မနက်လင်းတော့မှ တွေ့ရပါတယ်"

ဘုဇပတ်ရွက်ကို လက်ဝါးပေါ်တင်ကြည့်ပြီး သတိုးမင်းဖျား ခေါင်းညိတ်သည်။ သစ်ရွက်ကို လုံးခြေလိုက်ပြီး...

"ဆက်ပြောစမ်း..."

"အဲဒီသစ်ရွက်ပေါ်ကအမည်ဟာ ခိုးသားကြီးတစ်ယောက်ရဲ့အမည်ဖြစ်ပါတယ်။ သူဟာ အိမ်တစ်အိမ်ကို တက်ခိုးပြီးတိုင်း ခုလိုပဲ ဘုဇပတ်ရွက်တစ်ရွက် ထားပစ်ခဲ့လေ့ ရှိပါတယ် ရွှေနန်းရှင်"

"ဘာ"

MMCYBERMEDIA
COMMUNITY FOR ALL

တိတ်ဆိတ်နေသော နန်းမဆောင်အတွင်း ဘုရင့်အသံသည် ဟိန်းထွက်သွားသည်။ ကြွေနေသောသစ်ရွက်ကို ဖြန့်ကာပြန်ကြည့်ရင်း…

"အတွင်းသင်းမှူး သင့်စံအိမ်က ဘာပစ္စည်းတွေ ပါသွားသလဲ"

သယ်ရာဇာကြီး ဝင်မေးသည်။

"လက်ဝတ်ကိုးကွင်းထည့်ထားတဲ့ ရွှေအစ်၊ ငွေသား ရှစ်ပိဿာ ထုပ်ထားတဲ့ ကတ္တီပါအိတ်နှစ်လုံး၊ ပတ္တမြားဘယက်နှစ်ကုံးနဲ့…"

"တိတ်… ဆက်မပြောနဲ့"

နန်းဆောင်တစ်ခုလုံး သိမ့်ခနဲ ခါသွားပြီလားဟု အတွင်းသင်းမှူး ထင်မိသည်။ ဘုရင့်အမျက်ဒေါသကို ကောင်းစွာ သိထားသည်ဖြစ်လေရာ ထိုင်နေရင်းဖြင့်ပင် တစ်ကိုယ်လုံး နန်းရင်ပြင်အောက် နစ်ဝင်သွားသလို ခံစားရလေသည်။

"နန်းမြို့တွင်းက အတွင်းသင်းမှူးတစ်ယောက်ရဲ့စံအိမ်ကို အခိုးခံရသတဲ့လားဟင်။ မြို့တံခါးက အစောင့်ရဲမက်တွေ၊ မင့်စံအိမ်က အိပ်ဖန်စောင့်တွေ၊ ဝင်းမှူးတွေ၊ ကင်းမှူးတွေ ဘာလုပ်နေသလဲ"

"ကျွန်တော်မျိုးကြီး"

"မင်းစက်ရာခန်းထဲအထိ ဝင်ခိုးသွားသတဲ့လား"

အတွင်းသင်းမှူး၏မျက်နှာမှာ ကြမ်းပြင်နှင့် ထိကပ်နေတော့သည်။

"တပ်မင်း နေမျိုးသီဟပတေ့။ မြို့စောင့်တပ်မင်းကို ကျွန်ုပ်ဆီ ခေါ်ခဲ့"

တပ်မင်းနေမျိုးသီဟပတေ့နေရာမှ ရွေ့မရ ဖြစ်နေသည်။ မြို့စောင့်တပ်မင်းကြီး နေမျိုးသခ်သူသည် ကြီးလေးသည့် ရာဇဝတ်သင့်တော့မည်ဟု စာနာတုန်လှုပ်နေသည့် မိဖုရားစောဥမ္မာကား ပင်ကိုကပင် စကားနည်းသူဖြစ်လေရာ ဘုရင်၏ နီမြန်းသောမျက်လုံးများကို ကြည့်ရင်း နှုတ်ဆွံ့အနေလေသည်။

"ကျွန်တော်မျိုး တင်ပါရစေ ရွှေနန်းရှင်"

သယ်ရာဇာ၏အသံ တိုးတိတ်စွာ ပေါ်လာသည်။

"သယ်ရာဇာ ဒါသင့်အရေးအရာ မဟုတ်ဘူး"

သတိုးမင်းဖျား၏ ပေါက်ကွဲမှုကို ထိန်းသိမ်းပေးနိုင်သူ မရှိတော့ပြီ။ ထိုအခိုက် နန်းဆောင်တစ်ဖက် အတွင်းခန်း

စကြ်န်လမ်းမှလေးပင်စွာ ရွေ့လျားနေသော ခြေသံတစ်သံ ပေါ်လာသည်။ ခြေသံအဆုံးဝယ် ရွှေပိန်းချတိုင်အကွယ်မှ ထွက်လာသော မင်းကြီးသီလဝကို တွေ့လိုက်ရလေသည်။

"ငနွယ်နအိမ် အခိုးခံရတယ် ကြားလို့ ပြန်လာခဲ့တာ"

အေးစက်သော အသံဝါကြီးဖြင့် မင်းကြီးသီလဝ ပြောသည်။

"အခု အဲဒါပြောနေကြသလား"

"ဟုတ်တယ် နောင်တော်မင်းကြီး။ ခိုးသားတစ်ယောက်ဟာ နန်းမြို့ထဲဝင်ပြီး ဘုရင့်အတွင်းသင်းမှူး တစ်ယောက်ရဲ့ စံအိမ်တော်ပေါ် တက်ခိုးလို့ရအောင်အထိ မြို့စောင့်တပ်တွေ ညံ့ဖျင်းကုန်ကြပြီ"

"ခဏနေဦး ညီတော်မင်းတရား"

ကြီးမားကျယ်ပြန့်သော လက်ဝါးကြီးကို ကာပြလျှက် မင်းကြီးသီလဝ ရှေ့တိုးလာသည်။ အားလုံး အသက်ရှုချောင် သွားကြသည်။ အင်းဝတစ်ဝန်းလုံးတွင် ခက်ထန်ရက်စက်သော ဘုရင်သတိုးမင်းဖျား လေးစားခန့်ညားရသူမှာ ရမည်းသင်းစား မင်းကြီးသီလဝတစ်ဦးတည်းသာ ရှိလေသည်။

"ဘုဇပတ်ရွက်ပေါ် ဆူးနဲ့ပေါက်၊ တေက်ပြားလို့ရေးသွားတယ် ဟုတ်စ"

"ဟုတ်ပါတယ် မင်းကြီး"

သဃ်ရာဇကက ဝင်ဖြေသည်။

"အင်း..."

မင်းကြီးသီလဝ၏ ထူထဲသော မျက်ခုံးကြီးများ တွန့်သွားကြသည်။ မျက်ခွံကို လေးလံစွာ နှစ်ချက်ပုတ်ခတ်ရင်း...

"ဒီအကောင်တွေ ညံ့လို့မဟုတ်၊ ခိုးသားစွမ်းလို့ပဲဖြစ်ရမယ်"

"မပြောတတ်အောင် ဖြစ်နေပါပြီ မင်းကြီး"

"အရေးအရာမယူဘဲ ဒီအတိုင်း ကြည့်နေလိုက်ကြဦး"

အားလုံး မင်းကြီးသီလဝစကားကို နားစိုက်ထောင်ကြသည်။

"ဘယ်သူ... အဲဒီကောင် ခိုးသားဟာ"

"တေက်ပြားတဲ့ မင်းကြီး"

"ငြိမ်နေလိုက်။ သင်း ထပ်လာမှာပဲ"

စကားကို တိခနဲဖြတ်လျက် မင်းကြီးသီလဝ နန်းတော်ဆောင် တံခါးဆီသို့ လျှောက်သွားသည်။ သူ့ခြေသံမှတစ်ပါး ခပ်သိမ်းသည် တိတ်ဆိတ်နေသည်။ လေးငါးလှမ်းလျှောက်သွားပြီးမှ ရပ်ကာ လှည့်မကြည့်ဘဲ ပြောပြန်သည်။

"အာဂအကောင်ပဲ"

* * * * *

မြို့ဝန်မင်းစံအိမ်၊ လက်ဝဲဝင်းမှူးစံအိမ်၊ ကိုယ်ရံတော်ဗိုလ်မှူးစံအိမ်၊ အနောက်ဆောင် ကိုယ်လုပ်တော်များ အဆောင်တော်။

နန်းမြို့တွင်းဝယ် ဘုဇပတ်ရွက်များ တစ်ရွက်ပြီးတစ်ရွက် တိုးလာသည်။ ရွှေနန်းတော်နှင့် ဘုရင့်အဆောင်တော်အနီးသို့ တစ်စတစ်စ နီးကပ်လာသည်။ ဘုဇပတ်ရွက်များသည် နန်းမြို့၏ အလယ်ဗဟိုရှိရာသို့ ချဉ်းကပ်လာလေသည်။

မြို့စောင့်တပ်သားများ၊ နန်းတွင်းသူများ၊ ရဲမက်များ၊ အမှူးအမတ်၊ ဝန်ကတော်စိုးများ၏ စကားဝိုင်းတွင် 'ခိုးသားကြီးတောက်ပြား' ဆိုသောအမည် မွှေးကြိုင်နေသည်။ ပွဲကြည့်ခန်းမ၌ စုရုံးမိကြသည့်အခါတွင်လည်း ဤအကြောင်း၊ ရဲမက်တို့၏ခါးလုံလေ့ကျင့်ကွင်းနှင့် ဆင်တင်းကုပ်၊ မြင်းဇောင်းများတွင်လည်း ဤအကြောင်း၊ နန်းတော်၏နေရာတိုင်းတွင် ခိုးသားတောက်ပြားအကြောင်း။

ဘုဇပတ်ရွက်ကို တစ်ယောက်ယောက်က ယူလာသောအခါ ဝိုင်းအုံကြည့်ကြသည်။ ဘုဇပတ်ရွက်ပေါ်တွင် အင်းကွက်များရှိလေဟန် သတင်းစကား ဆိုကြသည်။ အချို့ကမူ ခိုးသား တောက်ပြားဆိုသည်မှာ တကယ်မရှိ၊ ဘုရင်မင်းတရား၏ ဉပါယ်တံမျဉ်ဖြင့် အထိတ်တလန့်ဖြစ်သော ကျီစယ်မှုဟု ဆိုကြပြန်သည်။ အချို့ကလည်း ပြဒါးဝိဇ္ဇာတစ်ဦးဦးက ခိုးသားဟန်ပြုကာ ရွှေနန်းတော်အတွင်းရှိ လျှို့ဝှက်သောအရာတစ်ခုခုကို လိုက်ရှာနေခြင်းဖြစ်ကြောင်း ရမ်းရော်တွေးတောကြသည်။ အချို့က ကိုယ်ယောင်ဖျောက်သော မြေလျှိုးမိုးပျံနိုင်သော လူစွမ်းကောင်းဟု ယုံကြည်နေကြသည်။

နောက်ပြောင်တတ်သော ရဲမက်များကမူ ဘုဇပတ်ရွက်များ ခူးလာကာ သူတို့၏အမည်ကို ဖောက်ထွင်းရေးထိုးလျက် တောက်ပြားဆိုသူမှာ အခြားမဟုတ်၊ မိမိပင်ဖြစ်ကြောင်း ပြောဆိုရင်း တသောသော ရယ်မောကြသည်။

ဘုဇပတ်ရွက်၏သတင်းသည် နန်းမြို့ရိုးကိုကျော်လွန်ကာ မြို့တော်၏လေးပြင်လေးရပ်ဆီသို့ ပျံ့နှံ့သွားသည်။

ထိုအခါမှပင် လေးပြင်လေးရပ် သူဌေးသူကြွယ်များထံမှ ဘုဇပတ်ရွက်များလည်း မြို့ဝန်ထံ ရောက်လာကြလေသည်။ ဘုဇပတ်ရွက်များ မြို့တွင်းမြို့ပြင်အနှံ့ ဖြန့်ကြက်ခဲ့လေပြီ။

လေတစ်ချက်အသုတ်တွင် ကျောက်ဖယောင်းတိုင် ဟုတ်ခနဲ ငြိမ်းသွားသည်။ ဖယောင်းတိုင် ပြန်ထွန်းရန် မီးခတ်ကိုစမ်းသည်။ ဝရီးက...

"မထွန်းနဲ့လူကလေး။ ဒီအတိုင်းပဲ ကောင်းပါတယ်။ လရောင်းလည်း ရှိနေသားပဲ"

ဝရီးကဟန့်သဖြင့် မီးခတ်ကိုမယူတော့။ ဝရီးပြောသည်မှာ မှန်သည်။ လရောင်သည် ကျောက်ဂူဝသဲပြင် ကွက်လပ်ပေါ်သို့စီးကျနေကာ သဲပြင်မှရောင်ပြန်သဖြင့် ကျောက်ဂူအတွင်းမှာ ဖြူလွဲ့လွဲ့ ဝင်းလာသည်။ ဝရီးထံမှ ဆေးတံနံ့ရသည်။ ဝရီးဆေးဘယ်နှစ်ဆုံ ရှိပြီလဲမသိ။ သည်ညနေ့ည ဝရီး ဆေးတံဖွာလွန်းလှသည် ထင်မိလေသည်။ ထမင်းစားပြီးကတည်းက ဝရီးသည် ထိုင်နေကျ ကျောက်ဖျာမှာ ထိုင်နေကျအတိုင်း တက်ပျဉ်ချိတ်ကာ မရွေ့စတမ်း မလှုပ်တမ်း ထိုင်နေသည်။ ခါတိုင်းလို စကားစမြည် ပြောခြင်းမရှိ။

နှစ်ယောက်တည်းနေသော ကျောက်ဂူထဲတွင် တစ်ယောက်က စကားမဆိုမပြောရှိသောအခါ မနေတတ် မထိုင်တတ် ဖြစ်လာသည်။ အရင်ကဆိုလျှင် အပြင်ထွက်ခဲ့သည့် အတွေ့အကြုံအကြောင်းကို စားမြုံ့ပြန်၍မဆုံး။ ဝရီးတစ်ယောက်တည်း 'အလုပ်လုပ်' စဉ်က အဖြစ်အပျက်များကို ပြန်ပြောပြတတ်သည်။ ဝရီးစိတ်လိုလက်ရရှိသောအခါမျိုးတွင်ဆိုလျှင် ပို၍နားထောင်ကောင်းသည်။ ပြောရုံမက ဝရီးသည် ခြေဟန်လက်ဟန်ပါ ပြတတ်သည်။ အလုပ်လုပ်မည့် အိမ်ဝိုင်းကို ကျော်လွှားပုံ အိမ်အနီးပုန်းအောင်းပုံ ပြီးတော့ အိမ်ထဲအရောက်ဝင်ပုံ။ တစ်ခါကမူ စစ်ကိုင်းသူကြွယ်တစ်ဦး အိမ်သို့ဝင်၍ အလုပ်လုပ်ရာ မထင်မှတ်သော အန္တရာယ်ကြောင့် ဝရီး ခြေကုန်သုတ်၍ ရှောင်တိမ်းခဲ့ရပုံ။

ထိုအဖြစ်အပျက်ကို နားထောင်ပြီး ရယ်လိုက်ရသည့်ဖြစ်ခြင်း။

"အိမ်သား ဘယ်နှစ်ယောက်၊ ကျွန်ဘယ်နှစ်ယောက်၊ သူရင်းငှား ဘယ်နှစ်ယောက်ဆိုတာတွေကို နေ့ခင်းကတည်းက အားလုံးလေ့လာထားပြီးသားကွ။ ထုံးစံအတိုင်းပေါ့ကွာ။ ဘယ်သူက ဘယ်နေရာနေတယ်။ ဘယ်နေရာအိပ်တယ်။ ဗီရိုသေတ္တာဘယ်နေရာထားတယ်ဆိုတာကအစ အပ်ချမတ်ချသိပြီးသား။ ဒါနဲ့ ညဘက်သွားရော အိမ်ထဲအရောက်အထိက အားလုံး အဆင်ပြေပြေပဲကွ။ ဗီရိုဖွင့်တော့မယ်ဆိုမှ အဆောင်ကူးစကြံဘက်ဆီက ကညင်ဆီမီးတိုင်ကြီးကိုင်ပြီး လူတစ်ယောက်ထွက်လို့ ဗီရိုနောက်မှာ ပုန်းနေလိုက်ရတယ်။ မိန်းမကြီးတစ်ယောက်ကွ။ အသက်ကလဲ ကြီးလှပြီ။ ဝိန်လိုက်တာလဲ အရိုးပေါ်အရေတင်၊ မိန်းမကြီးက ပါးစပ်ကတတွတ်တွတ် ကညင်ဆီမီးတိုင်ကြီးကိုင်ပြီး တစ်အိမ်လုံးကွာ အပေါ်တက်လိုက် အောက်ဆင်းလိုက်၊ အခန်းပေါက်တွေရှေ့မှာရပ်လိုက်၊ ပါးစပ်ကတတွတ်တွတ် ရွတ်လိုက်နဲ့ ဘာတွေပြောနေမှန်းလဲ မသိဘူး။ ခဏနေတော့ ဗီရိုနားဖြတ်လာပြန်၊ အောက်ဆင်းသွားပြန်၊ အပေါ်တက်လာပြန်နဲ့ ဘာမှကို လုပ်လို့ မရတော့ဘူး။ သင်းပဲ လျှောက်နိုင်မလား၊ ငါပဲစောင့်နိုင်မလားဆိုပြီး ဖွဲခတ်ရင်းဗီရိုနောက်မှာ ပုန်းနေလိုက်တယ်။

MMCYBERMEDIA
COMMUNITY FOR ALL

တကတည်းမောင်ရာ ဒီမိန်းမကြီးဟာ တစ်ညလုံး အိပ်မှ မအိပ်တာကိုး။ တစ်အိမ်လုံး ဟိုဝင် သည်ထွက် မီးတိုင်ကြီးကိုင်ပြီး ပါးစပ်ကပွစိပွစိရွတ်ရင်း လျှောက်သွားနေတော့တာ အရုဏ်သာပျိုးရော။ ဗီရိုနောက်ကနေ ဘာမှမလုပ်နိုင်ဘူး။ အလုပ်လုပ်တော့မယ် ကြံလိုက်ရင်း မိန်းမကြီးကရောက်လာပြန်ရင်း၊ ပြန်ပုန်းလိုက်ရင်းနဲ့ နောက်ဆုံးတော့ မနက်လင်းလို့ အိမ်သားတွေနိုးလာရင် ကိုယ်ကျိုးနည်းတော့မှာပဲလို့ဆိုပြီး မိန်းမကြီး ဟိုဘက်အထွက်သွားမှာ လာလမ်းအတိုင်း ပြန်ဆုတ်ခဲ့ရတယ်။ အဲဒါတောင် အိမ်ပြတင်းကျော်အထွက်မှာ အခန်းထောင့်နားရောက်နေတဲ့ မိန်းမကြီးက လှမ်းမေးလိုက်သေးတယ်။ ဟဲ့… သောဝလားတဲ့။ ဟုတ်တယ်ဗျလို့ ပြန်ဖြေလိုက်ရတယ်လေ။ ဒီတော့ ဘာပြောတယ်မှတ်လဲ။ ကောင်းတယ် ကောင်းတယ် သောဝတဲ့ ဒီအချိန်ဆိုတာ သူခိုးသူဝှက်များ သိပ်ကြိုက်တဲ့အချိန်ပေါ့တဲ့။ မင်းခုလို ဗီရိုယရှိရှိနဲ့ စစ်ဆေးပေးမှတဲ့ဗျား။ ဘာပြောကောင်းမလဲ လွှားခန် လွှားခန်နေအောင် ပြေးခဲ့ရတာပေါ့”

တစ်ညလုံးပဲလား ဝရီးဟု မေးသောအခါ ဝရီးက တဟားဟားရယ်ရင်း ပြန်ပြောသည်။

“တစ်ညလုံးပ မောင်။ မိန်းမကြီးက ညလုံးပေါက် တစ်စက်ကလေးမှ အိပ်တာမဟုတ်ဘူး။ တလှုပ်လှုပ်နဲ့ လျှောက်သွားနေတာ။ နောက်မှ သိရတာက ဒီမိန်းမကြီးက သူကြွယ်ကြီးရဲ့ ဘွားကြီးတဲ့။ တစ်နေ့ခင်းလုံး အခန်းအောင်းပြီး အိပ်၊ အစာမစားရေမသောက် ညညကျမှ အဲဒီလို အိမ်အနှံ့လျှောက်သွားပြီး စားလိုက်သောက်လိုက် လုပ်နေတာ။ စိတ်မနှံ့ဘူးတဲ့လေ။ အသက်က တစ်ရာကျော်ပြီတဲ့။ သူငယ်ပြန်ချင်တိုင်းပြန်ပြီး နေ့နဲ့ည လွဲနေတာတဲ့… ကိုင်း”

စိတ်မနှံ့သော အဘွားကြီးတစ်ယောက်ကြောင့် ခိုးသားကြီး တေက်ပြား အရှုံးပေး တပ်ခေါက်ပြန်ခဲ့ရသည့် အဖြစ်။

ဝရီးပြောပြသည့် ဇာတ်လမ်းတွေ အနက်က တစ်ခုသောဇာတ်လမ်းမှာလည်း မှတ်သားလောက်စရာပင်။ သည်တစ်ခါတော့ ပင်းယဘက်မှာ ဖြစ်သည်။ ထုံးစံအတိုင်း အခြေအနေအားလုံးကို ဝရီး ကျေညက်အောင် လေ့လာပြီး အလုပ်လုပ်မည့် အိမ်သို့ကပ်သည်။ သေတ္တာထားသည့် အခန်းရှိရာ အပေါ်ထပ်မှာ အမြင့်ကြီးဖြစ်သဖြင့် ဝရီးကြိုးခွေသုံးရသည်။ ကြိုးကွင်းကိုအသေချာ စွပ်ပြီးပြီ။ ဝရီးအပေါ်သို့တက်ခါနီးတွင် ပြတင်းမှအခြားကြိုးတစ်ချောင်း ကျလာသည်။ ကြိုးချည်းသက်သက် မဟုတ်။ ကြိုးထိပ်တွင် အထုပ်တစ်ထုပ်။ ပြီးတော့ ပေရွက်တစ်ရွက်။ ဝရီး ဘာလုပ်ရမှန်းမသိခင် ပြတင်းပေါက်မှာ မျက်နှာတစ်ခုပေါ်လာသည်။ မီးတိုင်ကိုင်ထားသည်။ မီးတိုင်အလင်းတွင် အသက်ဆယ့်သုံးလေးနှစ်ခန့် ကောင်လေးတစ်ယောက်၏မျက်နှာ။ ကောင်လေးက ခြေဟန်လက်ဟန်ဖြင့် ကြိုးများ အဝတ်ထုပ်နှင့်အတူ ချည်ထားသော ပေရွက်ကို ယူဖတ်ကြည့်ရန် ညွှန်ပြသည်။ ဝရီး ဆွဲဖတ်ရတော့သည်။

“အဲဒီပေရွက်ကို အမှတ်တရ သိမ်းထားရတယ်”

ဟုဆိုကာ ဝရီးက ထုတ်ပြသည်။ ဝိုင်းစက်လှပသော ကညစ်စာလုံးများကို တွေ့ရသည်။

'ခိုးသားကြီး။ အထုပ်ထဲမှာ ရွှေငွေရတနာတွေ ထည့်ပေးထားသည်။ ယူသွားပါလေ။ ကျုပ်ကို ရွှေငွေရတနာများဖြင့် ကုန်သည်သူကြွယ် လုပ်ခိုင်းနေကြသည်။ ကျုပ်က သာသနာ့ဘောင်သာ ဝင်ချင်သည်။ ဤပစ္စည်းများမရှိမှ ကျုပ်တို့ ဆင်းရဲသွားမှသာ ကျုပ်သက်နီးဝတ်ရတော့မည်။ သင်ယူသွားလျှင် ကျုပ်ကို ကူညီခြင်းပင်'

"ကျုပ်ကို ခိုးသားကြီး တောက်ပြားလို့ သိချင်မှသိမယ်။ ဒါပေမယ့် ကျုပ်လုပ်ရှားနေတာတော့ ကောင်လေး အစအဆုံး စောင့်ကြည့်နေမှာ သေချာတယ်။ ဒါကြောင့် ဒီလို အစီအစဉ်လုပ်ပေးနိုင်တာပေါ့"

ဟု ဝရီးက ပြောသည်။ ဒါဖြင့်ဝရီးက အဲဒီအထုပ်ကို မယူခဲ့ဘူးပေါ့ ဟုတ်လားဟု မေးသောအခါ တဟားဟားရယ်၍

"နှစ်ဦးနှစ်ဝ ကောင်းကျိုးပေပဲ။ ကောင်ကလေးက ကူညီပါလို့ ဆိုထားတာ မဟုတ်လား။ မလွှဲသာတော့လဲ ယူခဲ့ရတာပေါ့"

ဟု ပြောလေသည်။

ဝရီးအတွေ့အကြုံတွေမှ အများကြီး။ ဝရီးကြုံခဲ့စဉ်က ရင်ဖိုလှိုက်ခုန်စရာ ဖြစ်ကောင်းဖြစ်ခဲ့မည်။ သို့သော် ပြန်ပြောပြ၍ ကြားရသောအခါတွင်မူကား ရယ်စရာတွေချည်း ဖြစ်တော့သည်။ ဝရီးကလည်း အားပါးတရ ရယ်မောပြောဆိုသည်ပင်။ ထိုသို့ အတွေ့အကြုံများအား တရယ်ရယ်တမောမော ပြန်ပြောပြီးတိုင်း ဝရီးနိဂုံးချုပ်နေကျ စကားတစ်ခွန်းရှိသည်။

"အမှန်တော့ ဖြစ်ပြီးခဲ့တာတွေအားလုံးကို ပြန်တွေးကြည့်ရင် ရယ်စရာနဲ့ သနားစရာတွေချည်းပါပဲကွာ။ ဒီနှစ်ခုအနက်တစ်ခုခုမှာပဲ နိဂုံးဆိုက်တော့တာပါပဲ။ ဖြစ်နေတုန်းကသာ ဘာဟဲ့ ညာဟဲ့ဖြစ်နေတာပါ။ သေချာပြန်တွေးတော့ လောကကြီးဟာ ရယ်စရာလဲကောင်း၊ သနားစရာလည်း ကောင်း၊ အင်း... မုန်းစရာ ရွံ့စရာကို မရှိတော့သလောက်ပဲ"

ဝရီး၏စကားလုံးများကို တစ်ခါတစ်ခါ နားမလည်ချင်။ အရယ်ရပ်ပြီး လေးလေးနက်နက် ပြောသောစကားများဆိုလျှင် ပို၍နားမလည်တတ်။ ထိုအခါမျိုးတွင် ဝရီးသည် ခိုးသားကြီးတစ်ယောက်ဟု ထင်ရက်စရာမရှိဟု တွေးမိလေသည်။

"လူကလေး စဉ်းစားကြည့်ကွ။ လောကမှာ ခိုးသားဆိုတာ ဘာကြောင့်ပေါ်လာရသလဲ။ ကိုင်း လူတစ်ယောက်ရှိတယ်ကွာ။ သူဟာ လယ်မလုပ်ချင်ဘူးကွာ။ ကုန်မသွယ်ချင်ဘူးကွာ။ မင်းမှုမထမ်းဘူးကွာ။ အမဲမလိုက်ဘူးကွာ။ သမားတော်မလုပ်ဘူးကွာ။ ပန်းတျာသည် မလုပ်ဘူးကွာ။ လောကမှာ လုပ်စရာအလုပ်တွေ ဒီလောက်ပေါပါလျက်ကနဲ့ ဘာကြောင့် လုပ်စရာတွေကို တစ်ခုမှမလုပ်ဘဲ သူများတွေ အဲဒါတွေလုပ်ပြီး ရထားသိုမှီးထားတဲ့ ဥစ္စာပစ္စည်းတွေကိုမှ သူက ပြန်ခိုးတယ်။ သူကတော့ ဘာမှသိုမှီးစုဆောင်းဖို့ အလုပ်မလုပ်ဘူး။ ကိုင်း... ဘယ်လောက်ဆိုးသလဲ"

ဆိုးရင် ဘာကြောင့် ဝရီးက ခိုးသားလုပ်နေရသလဲဟု မေးသောအခါ...

"ဘာကြောင့်ခိုးသားလုပ်နေရသလဲ ဟုတ်လား။ အင်း... တယ်စဉ်းစားဖို့ကောင်းတဲ့ မေးခွန်းပဲ။ ကျုပ်ကိုယ်ကျုပ်တောင် တစ်ခါမှပြန်မမေးဖူးဘူး။ လူကလေးက မေးလာတော့ ကျုပ်စဉ်းစားကြည့်ဦးမယ်။ အင်း... ဒီလိုနဲ့တူတာပဲ။ ကျုပ်ဟာ

ခိုးသားလုပ်တာမဟုတ်ဘူး။ ခိုးသားဖြစ်နေတာ။ ဟုတ်တယ်ဗျာ။ ခိုးသားဖြစ်နေတာ။ အဲဒီလို ဖြစ်နေရတာကိုပဲ ကျုပ်လဲ တဖြည်းဖြည်း မွေ့လျော်သွားဟန်တူတယ်။ ဘာကြောင့်လဲဆိုတော့ ခိုးသားအလုပ်ဆိုတာ လွယ်တာမှမဟုတ်ဘဲ။ ခိုးသားပညာတွေအများကြီး သုံးရတာ။ ကျုပ်လဲ ကျုပ်ပညာနဲ့ဆိုတော့ ဟန်ကျတာပေါ့။ အံမာ... အင်း... တစ်ခုလဲ တွေးမိသေးသဗျ။ တချို့လူတွေဆို ခိုးသားလောက်တောင် လက်ရုံးရည်၊ နှလုံးရည်သုံးစရာမလိုဘဲ ဥစ္စာပစ္စည်းတွေ တအားကြွယ်ဝနေကြတာကလား။ ဘာမှလဲ ဟုတ်ဟုတ်ငြားငြား ပညာတစ်ရပ်ရပ်မတတ်ဘဲ ဥစ္စာပစ္စည်း ကြွယ်ဝနေကြတယ်လေ။ အဲဒီဥစ္စာပစ္စည်းတွေကို ခိုးသားက သူ့ပညာနဲ့ ရအောင်ယူတော့ အား... ဒါဟာ သူကြွယ်သူဌေးတွေထက် ခိုးသားကပိုပြီး မြင့်မြတ်တာပေါ့”

ဟင်... ဝရီးဟာကလဲ ငါးပါးသီလမှာ တစ်ပါးကျိုးပေါက်နေပြီဥစ္စာ။ ဘယ်လိုလုပ်မြင့်မြတ်တော့မှာလဲဟု စောဒကတက်ကြည့်သည်။ ဝရီး တွေသွားတတ်သည်။ နဖူးကြောကြီးများ တင်းလာကာ နှုတ်ခမ်းမွေးကို လက်ဖြင့်သပ်ရင်း လေးလေးတွဲတွဲကြီး ဖြေတတ်သည်။

“အင်း... အဒိန္နာဒါနကံတော့ ကျူးလွန်မိပြီပေါ့ကွာ။ သို့သော်လဲ ဒီလိုတွေးယူရတာပေါ့။ လောကကြီးမှာ ကံငါးပါးအနက် အနည်းဆုံးနှစ်ပါးတော့ ဖောက်ဖျက်တဲ့ သူချည်းပါပဲ။ ကျုပ်ကတော့ အဒိန္နာဒါန တစ်ခုပဲဖျက်တယ်။ ကျုပ်မှသားမဆိုဘူး။ သေမသောက်ဘူး။ သူ့အိမ်သား မပြစ်မှားဘူး။ သူ့အသက်မသတ်ဘူး။ အဲ... လူကလေးရဲ့မိဘသတ်တဲ့ ဟိုရဲမက်သုံးယောက်ကိုတော့ သတ်ဖူးတယ်။ အနည်းဆုံး နှစ်ပါးသုံးပါးပျက်နေကြတဲ့ လောကကြီးမှာ ကျုပ်ကတစ်ပါးပဲပျက်တယ်ဆိုတော့ တော်သေးတယ် ဆိုရမှာပေါ့။ ဟို ဥစ္စာပစ္စည်းကြွယ်ဝတဲ့ သူတွေဆိုရင် မပျက်ဘူးဆို သုံးပါးတော့ပျက်ပြီးသား”

ဝရီးဟာလဲ ပစ္စည်းဥစ္စာကြွယ်ဝသူတွေ အကြောင်းမပါရင် မပြီးဟု ပြောသောအခါ...

“ဟုတ်ပဗျာ။ ဘာပြောပြော ဒီပုဂ္ဂိုလ်တွေက ပါပါနေတယ်။ ဒါလဲ သဘာဝကျပါတယ်လေ။ ခိုးသားဆိုတာ ဒါပဲ တွေးရမှာ။ တံခွန်မရှိသော ရထား၊ မယားမရှိသောလင်ဆိုတာ မတင့်တယ်ဆိုသလို သူကြွယ်မရှိသော ခိုးသားလို့လဲ မရှိကောင်းဘူး မဟုတ်လား... ဟား... ဟား... ဟား...”

ဟု တစ်ဆုပ်တစ်ထွေးကြီး ရယ်လေသည်။ အားရအောင်ရယ်ပြီးမှ...

“ကျုပ်ထင်တယ်။ ဟုတ်ဟုတ်ငြားငြား ပညာမတတ်ဘဲနဲ့ ဥစ္စာပစ္စည်းတွေ သိပ်ကြွယ်ဝနေတဲ့သူတွေ ရှိနေလို့ ခိုးသားဆိုတာ လောကကြီးမှာ ပေါ်ပေါက်လာတာနေမှာ။ ဥစ္စာပစ္စည်းဆိုတာ တစ်နေရာတည်းမှာ သွားပြီးစုပုံနေတာ မကောင်းဘူးလေ။ အလေးကဲတဲ့ ချိန်ခွင်လျှာလို စောက်ထိုးကြီးဖြစ်နေမှာပေါ့။ အဲဒီအချိန်တွင် လျှာကိုတည့်အောင် လျှာမထွက်အောင် ပြန်ညှိပေးဖို့ ခိုးသားကလဲ တာဝန်ယူထားပေးရတယ်။ ဒါမှ လောကကြီး ကြည့်ကောင်းမှာ။ သူကြွယ်တွေဆီမှာ အလကားနေရင်း မကုန်နိုင် မခန်းနိုင် တစ်ပုံပုံဖြစ်နေတဲ့ ဥစ္စာပစ္စည်းတွေကို ခိုးယူ၊ ဟောက်ပက်ဖြစ်နေတဲ့

လူတွေဆီဖြည့်ပေး။ ကိုင်း… မမျှသွားဘူးလား။ ဒီတော့ မတတ်နိုင်ဘူး။ တခြားပညာလဲ မတတ်၊ လုပ်ချင်စိတ်လဲမရှိ၊ ကိုယ်တတ်တဲ့ခိုးသားပညာနဲ့ပဲ အလုပ်လုပ်ရတော့တာပေါ့”

ဟု ပြောလေသည်။

ခုတစ်လော ဝရီး ထိုသို့သော စကားတွေကို မပြောသည်မှာ ကြာပြီ။ တစ်ခုခုတော့ ထူးခြားနေပြီထင်သည်။ ဝရီးဘာကြောင့် ငြိမ်ချက်သားကောင်းနေသနည်း။

လောကကြီးကို ရယ်စရာ၊ သနားစရာဟု ပြောခဲ့သော ဝရီး တောက်ပြားတစ်ယောက် မရယ်တတ်၊ မသနားတတ်ဖြစ်သွားပြီလား။ မရယ်နိုင်၊ မသနားနိုင် ဖြစ်နေပြီလား။

* * * * *

MMCYBERMEDIA COMMUNITY FOR ALL

။၁၄။

လရောင်သည် ကျောက်ဂူတွင်းမှာ ပို၍ ပြန့်ကြက်လာသည်။ အဆိုင်းအဆိုင်း တွဲရရွဲကျနေသော ကျောက်မြောင်၊ ကျောက်ဆွယ်များသို့တိုင် လရောင်ဟပ်သည်။ ကျောက်ဂူတွင်းမှာ အချို့နေရာက ဖြူပြာပြာအလင်း၊ အချို့နေရာက မည်းနက်နက်အမှောင်။

တိတ်ဆိတ်ခြင်းကို သည်းမခံနိုင်တော့သည့်အတွက် အသံပြုလိုက်သည်။

"ဝရီး"

ထူးသံ မပေါ်လာ။ ဆေးတံမှ အငွေ့ ထောင်းထောင်းထွက်နေသည့်အတွက် ဝရီး ငိုက်မြည်းနေခြင်း လုံးဝမဖြစ်နိုင်။ ပြီးတော့ ဝရီး ငိုက်မြည်းတတ်သူမဟုတ်။ ထိနမိဒ္ဓအလျဉ်းကင်းသူ။

"ဝရီး"

ထပ်အသံပြုလိုက်သည်။ ပြန်မထူး။

"ဝရီး ကျုပ်ခေါ်နေတာဗျ"

လှုပ်ရှားသံ ကြားရသည်။ တင်ပျဉ်ခွေ အနေအထားကို ဝရီးပြင်လိုက်ခြင်းဖြစ်သည်။ အဝေးသို့ ဖြောင့်တန်းစွာ ထွက်သွားပြီးမှ အလိပ်လိပ် ဝေ့တက်သွားသော ဆေးတံအငွေ့များသည် လရောင်အောက်ခံတွင် ဆွတ်ဆွတ်ဖြူလျက် ရှိလေသည်။

"ကြားပါတယ် လူကလေးရဲ့။ တွေးနေတာမပြတ်သေးလို့ မထူးတာပါ။ တွေးလက်စ အတွေးပြီးပြတ်အောင် စောင့်နေတာ"

ကျောက်ဖျာပေါ်သို့ ဆေးတံဆုံ ခေါက်ချသံကြားရသည်။ ဒါဆို ဝရီး ဆေးတံသောက်ပြီးသွားပြီ။

"ဝရီး ဘာတွေ တွေးနေတာတုန်း"

"အင်းဝအကြောင်းပါ"

"အင်းဝအကြောင်း ဟုတ်လား"

"အေး... အင်းဝအကြောင်း၊ သတိုးမင်းဖျားဘုရင်အကြောင်း"

“သတိုးမင်းဖျားဘုရင်က ဘာဖြစ်လို့လဲ”

“အခုတော့ ဘာမှ မဖြစ်သေးဘူး။ ဒါပေမယ့် မကြာခင် တစ်ခုခု ဖြစ်လာလိမ့်မယ် ထင်တယ်ကွ”

“ဘာဖြစ်လာမှာလဲ၊ စစ်ပြုမှာလား၊ ထီးပြောင်းနန်းလွှဲ ဖြစ်မှာလား”

“မဟုတ်ဘူးကွ။ အဲဒါတွေ တစ်ခုမှ မဟုတ်ဘူး”

“ဒါဖြင့် ဘာလဲ ဝရီး”

“ကျုပ်တို့နဲ့ သက်ဆိုင်တဲ့ ကိစ္စတစ်ခုခု ဖြစ်လာလိမ့်မယ်နဲ့ တူတယ်”

“အာ… ဝရီးပြောတာတွေ ကျုပ်တစ်ခုမှ နားမရှင်းဘူး”

ကျောက်ဖျာပေါ်မှ ဝရီးခုန်ချသည်။ ခြေဝတ်နှင့် ခြေဖဝါးကြီးများဖြင့် သဲပြင်ကိုနင်းလျှက် ကျောက်ဂူအပြင်ဘက် ထွက်သွားသည်။ စိတ်ရှုပ်ထွေးစွာဖြင့်ပင် ဝရီးနောက်သို့ လိုက်ခဲ့ရပြန်သည်။

ကျောက်ဂူရှေ့ကွက်လပ်သည် ဘော်ငွေသားကော်ဇောတစ်ချပ် ခင်းထားသလို လင်းလက်တောက်ပနေသည်။ ဝရီးက သဲပေါ်ထိုင်ချလိုက်သည်။ ဝရီးနှင့်မျက်နှာချင်းဆိုင်သို့ ဝင်ထိုင်ရပြန်လေသည်။

“ဒီလိုကွ လူကလေးရ။ ကျုပ်တွေးနေတဲ့အတွေးက ခုတစ်လောမှာ ကျုပ်တို့ဝရီးနှစ်ယောက် အဲ… သားအဖနှစ်ယောက် အင်းဝထဲသွားသွားပြီး အတော်လေး ခပ်စိပ်စိပ် အလုပ်လုပ်လိုက်ကြတယ် မဟုတ်လား။ နောက်ပိုင်းမှာ မြို့ပြင်လေးရပ်က အိမ်တွေတင်မကတော့ဘဲ နန်းမြို့ထဲအထိဝင်ပြီး အလုပ်လုပ်ပစ်လိုက်ကြတယ်လေ။ ဟို… အတွင်းသင်းမှူး စံအိမ်တော်ထိတောင် တက်လုပ်ပစ်ခဲ့ကြသေးမဟုတ်လား။ လုပ်သမျှလဲ အထမြောက်ခဲ့တာချည်းပဲ။ မြိုးမြိုးမြက်မြက် ရခဲ့တာချည်းပဲ မဟုတ်လား။ အလုပ်လုပ်ခဲ့ဖူးသမျှထဲမှာတော့ အရဆုံးသောကာလတွေပဲ”

အင်း လိုက်လျှင် ဝရီးစကားလမ်းကြောင်းပြောင်းသွားမည် စိုးသောကြောင့် ငြိမ်နေလိုက်သည်။ ဝရီးစကား ဘယ်ကို ရှေ့ရှုနေမှန်းမသိသေး။

“နေပါဦး လူကလေးရဲ့။ ခုနောက်ပိုင်း အလုပ်လုပ်ခဲ့တဲ့ အိမ်တွေကို လူကလေး မှတ်မိသေးလား”

ဝရီးစကားကို သိပ်မကြိုက်ချင်။ ဤသို့ သတိချွတ်ချော် မေ့လျော့ခြင်းမျိုး မရှိအပ်ဟု ဝရီးကိုယ်တိုင်က သင်ကြားပေးထားခဲ့သည်။ ယခု ဝရီးပဲ ပြန်မေ့နေသည်။

“မြို့ဝန်မင်းစံအိမ်၊ လက်ဝဲဝင်းမှူးစံအိမ်၊ ကိုယ်ရံတော်တပ်ဗိုလ်မှူးစံအိမ်၊ အနောက်ဆောင် ကိုယ်လုပ်တော်တွေရဲ့အဆောင်”

အထေ့အငေါ့ မရှိ ရှင်းပြလိုက်သည်။

ဝရီးက တအင်းအင်းလိုက်ပြီးမှ...

"လူကလေး မှတ်မိနေသားပဲ။ ကိုင်း... အင်းဝနန်းမြို့တွင်း နန်းမြို့ပြင်မှာ ကျုပ်တို့ရဲ့ ဘုဖပတ်ရွက်တွေလဲ ခုတစ်လော အတော်ကို များနေပြီနော်။ ဟုတ်လား"

စကားရှည်ရှည်ဝေးဝေးပြောလုချည့်လားဟု စိတ်တိုချင်လာသည်။

"ကျုပ်တို့ အတော်ပဲ ပွဲစိတ်သွားတယ် လူကလေးရဲ့။ လက်ရှိန်တက်တက် သွေးပူပူနဲ့ လုပ်လိုက်ကြတာ နည်းနည်း အချိုးများသွားတယ်။ ခုလောက်ဆို ဘုဖပတ်ရွက်တွေကို အကြောင်းပြုပြီး အင်းဝမှာ ဟိုးလေးတကျော် ဖြစ်နေလောက်ပြီ။ ဒီအပြင်မှာ နန်းတော်ထဲက ဘုရင့်အမှုတော်ထမ်း အမှူးအမတ် စိုးမင်း ဝန်မင်းများရဲ့ စံအိမ်တော်တွေပါ အလုပ်ခံရတာဆိုတော့ ဒီသတင်းဟာ ဘုရင့်နား မပေါက်ကြားဘဲကို မနေနိုင်ဘူး။ မုချ ဘုရင်သိမှာ သေချာတယ်"

"သိတော့လည်း ကောင်းတာပေါ့ဝရီးရာ။ ဘုရင့်ရွှေနားတော် ပေါက်ကြားတဲ့ ခိုးသားဆိုတာ နယ်နယ်ရရမှတ်လို့"

"လူကလေး သတိုးမင်းဖျားအကြောင်းမေ့နေပြီ မှတ်တယ်။ ဒီဘုရင်ဟာ သူ့ထက်အင်အားကြီးတဲ့ သိုချည်ဘွားကို ဥပါယ်တံမျဉ်နဲ့ အနိုင်ယူဖူးတာနော်။ ပြီးတော့ ငွေယ်ကုန်းစား ဘယကျော်သူလို လူ့ဘီလူးကို ကိုယ်တိုင်လက်နဲ့သုတ်သင်ခဲ့တာ။ မင်းပြောက်တို့၊ ဥဇနာပြောင်တို့၊ နရသူတို့လို နံနဲ့နဲ့ ဘုရင်မျိုးမဟုတ်ဘူး။ အသက်ငယ်ငယ်နဲ့ နန်းပြိုင်တွေကို ပယ်ရှားပြီး ဘုရင်လုပ်၊ အင်းဝမြို့သစ်ကို တည်ခဲ့တာကိုကြည့်"

"ဝရီး သတိုးမင်းဖျားကို ကြောက်နေလို့လား"

လွှတ်ခနဲမေးပြီးမှ စကားမှားသွားပြီဟု သိလိုက်သည်။ ဝရီးမှာ ကြောက်ခြင်းလည်းမရှိ။ မကြောက်ခြင်းလည်း မရှိဟု ဝရီးကိုယ်တိုင် ပြောဖူးသည်။ သတိုးမင်းဖျားကို ကြောက်နေလို့လားဟူသော မေးခွန်းသည် မမေးအပ်သော မေးခွန်းဖြစ်ချေသည်။

သို့သော် ဝရီး စိတ်ကွက်ဟန်မရှိ။

"အင်းဝဘုရင်ကို ပေါ့ပေါ့လျော့လျော့ တွက်လို့မရဘူး လူကလေး။ ကျုပ်တွေးနေတာက ခုချိန်ဆို ဘုဖပတ်ရွက်တွေရဲ့ လက်သည်ကို ဖမ်းဖို့ အစီအစဉ်တွေ ချလောက်ပြီးနေပြီ။ ကျုပ်တို့သတိပေါ့လို့ မဖြစ်ဘူး။ အလုပ်ကို ခဏနားထားရမယ်။ ခုတစ်လော အလုပ်လုပ်ထားတဲ့ ဘဏ္ဍာပစ္စည်းတွေကိုလဲ စာရင်းမပြုစုရသေးဘူး။ ဒီကြားထဲမှာ မြို့ထဲ နန်းထဲဝင်ပြီး စနည်းနာဖို့ လိုတယ်"

ဝရီး၏ အစီအစဉ်သုံးခုကို မှတ်ထားလိုက်သည်။ အလုပ်ကို ခဏနားရန်၊ ပစ္စည်းတွေ စာရင်းပြုစုရန်၊ မြို့ထဲထွက် စနည်းနာရန်…။

ဝရီးသည် ဘယ်တုန်းကမှ မှားဖူးသူမဟုတ်။ ယခုလည်း ဝရီး၏အစီအစဉ်အတိုင်း လိုက်နာရန်မှအပ ဘာမျှမရှိပြီ။

"လူကလေးက ပစ္စည်းတွေ စာရင်းပြုပေးထားစမ်း။ ပစ္စည်းအမယ်တွေ ပိုများလာပြီနော်။ ရွှေသတ်သတ် ငွေသတ်သတ် ပုလဲသတ်သတ် အဲဒီလို အစုပြုရုံနဲ့ မရတော့ဘူး။ လက်ဝတ်လား၊ လည်ဆွဲလား၊ ကွမ်းအစ်တို့လို ရေတကောင်းတို့လို ကလပ်တို့လို အသုံးဆောင် အဲဒါပါ တိတိကျကျ ရအောင် အစုခွဲ။ ကြားလား။ ပြီးတော့ ရတဲ့နေ့ ရတဲ့စံအိမ်ပိုင်ရှင်အမည်၊ အဲဒါတွေလဲ မမေ့စေနဲ့ ကြားလားလူကလေး"

ကြားနေသည်။ သို့သော် ဘဝင်မကျလည်း ဖြစ်နေသည်။

ကျောက်ဂူထဲမှာ ဘယ်နှစ်ရက်လောက် အောင်းနေရမည် မသိ။ သူတို့အလုပ်လုပ်၍ ရထားသော ပစ္စည်းတွေကို စာရင်းပြု၊ အစုခွဲရမည့် အလုပ်ကိုလည်း စိတ်မဝင်စား။ အလွန်ပျင်းရိငြီးငွေ့ဖွယ် အလုပ်ဟု ထင်သည်။ ခိုးသားမို့သာ ထိုပစ္စည်းတွေကို ခိုးသားပညာဖြင့် ရအောင် ယူလိုက်ရသည်။ လက်ဝယ်ရပြီးနောက်တွင် ထိုပစ္စည်းများသည် ရအောင်ယူခဲ့တုန်းကလို စိတ်လှုပ်ရှားမှုကို မပေးစွမ်းနိုင်တော့။ စာရင်းပြုစု အစုခွဲသည့်အလုပ်ဆိုသည်မှာ ဘုရင့်ပြတိုက်တော် အမှုထမ်းများနှင့်သာ သက်ဆိုင်သော အလုပ်ဖြစ်သည်ဟု ထင်မိသည်။ ပေရွက်တွေ၊ ကညစ်တွေနှင့် နေရောင်ခြည် အထိမခံသော ပြတိုက်အဆောင်၏ အမိုးအောက်မှာ နေ့ရှိသရွေ့၊ အချိန်ရှိသရွေ့ တကုပ်ကုပ်လုပ်နေရသည့် အလုပ်မျိုး။ ခိုးသားတစ်ယောက်အဖို့ အလွန်ငြောင်းညာပျင်းရိစရာ အလုပ်မျိုး။

"ဝရီး"

"ဆို လူကလေး"

"ဝရီးခွင့်ပြုမယ်ဆို ကျုပ်မြို့ထဲဝင်ပြီး စနည်းနာတဲ့အလုပ်ပဲ လုပ်ချင်တယ်ဗျာ။ ဒီစာရင်းပြု အစုခွဲတဲ့အလုပ်ကိုလဲ ကျုပ်မကျွမ်းကျင်ဘူး။ ပစ္စည်းအမယ်တွေက သိပ်များတော့ ကျုပ်လုပ်ရင် အကုန်ရောထွေးကုန်မှာလဲ စိုးရတယ်။ အဲဒါလဲတစ်ကြောင်း၊ ပြီးတော့ နောက်တစ်ကြောင်းက ကျုပ်က ဂူထဲမှာ နေပြီး အဲဒီအလုပ်လုပ်ပြီ ဆိုပါတော့၊ ဝရီးက အင်းဝထဲသွားပြီး စနည်းနာပြီ ဆိုပါတော့။ ဝရီးအတွက် သိပ်မတော်လှဘူး ထင်တယ်။ ဘာကြောင့်လဲဆိုတော့ ဝရီးက ညဘက်အလုပ်လုပ်ချိန်တွေမှအပ အင်းဝထဲရောက်ဖူးတာ မဟုတ်ဘူး။ မြို့သစ်နန်းသစ်ရဲ့ အနေအထားကို ကျုပ်က နည်းနည်း အကျွမ်းဝင်နေပြီ။ ဒီတော့…"

ဝရီး၏အပြုံးကို လရောင်တွင် ထင်ထင်ရှားရှားပင် မြင်လိုက်ရသည်။

"အကြောင်းတွေ ပြမနေပါနဲ့တော့ကွာ။ လူကလေးက မြို့ထဲဝင်၊ ကျုပ်က ဂူထဲမှာ နေရစ်ခဲ့၊ ဒါပဲမဟုတ်လား..."

"ဟုတ်ကဲ့"

"နမ်းဖတ်သည်ပဲလား"

တစ်ခါထွက်ခဲ့ဖူးသည့် အယောင်ဆောင်စျေးသည်ဘဝကို ဝရီးမေးလေသည်။ အလုပ်တွင် ကျက်စားကွန့်မြူးနေသော အာရုံသည် တစ်စုံတစ်ခုနှင့် ငြိသွားသည်။ နမ်းဖတ်သည်၊ အင်းဝမြို့ပြင်စျေး၊ ငွေယ်ကုန်းစားကို သုတ်သင်ပြီး ပြန်လာသော သတိုးမင်းဖျား၊ ထို့နောက် ရွှေလောင်းပန်းပဲဖိုထွက် ပစ္စည်းတွေ ရောင်းသော စျေးသည်မလေး ဂျမ်း။

မေ့မေ့ပျောက်ပျောက် ဖြစ်ချင်နေသော အတိတ်သည် ဘယ်ကနေ ဘယ်လိုပေါ်လာမှန်းမသိ။

"ဟေ့ လူကလေး။ နမ်းဖတ်သည်ပဲလားလို့"

ပေါ့ပါးမြူးတူးစွာ ဖြေလိုက်တော့သည်။

"ဒါပေါ့ ဝရီးရာ။ တစ်ဖတ်မှ မရောင်းရတဲ့ နမ်းဖတ်သည်ပဲပေါ့"

"ကိုင်း... ကြွသွား ကြွသွား။ သတိဝီရိယနဲ့တော့ မပြတ်နဲ့နော် လူကလေး"

"တောက်ပြားပါဆိုနေမှပဲ ဝရီးရာ"

ကျောက်ဂူကြီးပင် အတူ လိုက်ရယ်မောနေသည် ထင်ရသည်။

* * * * *

တစ်ခါက ထွက်ခဲ့ဖူးသော ကျုံးလမ်းမဆီသို့ပင် လျှောက်ခဲ့သည်။ အရှေ့မုခ်၏ တောင်ဘက်၊ နှစ်ခုမြောက်ပြအိုးနှင့် တည့်တည့် မယ်ဇယ်ပင်ကြီးအောက်၊ ဟိုတစ်ခါက စျေးထွက်ခဲ့သောနေရာ၊ သည်နေရာမှာပင် ဂျမ်းနှင့်တွေ့ခဲ့သည်။ အချိန်ကလည်း ဟိုတစ်ခါက အချိန်မျိုး။

ထမ်းပိုးကို ချွတ်ကာ မယ်ဇယ်ပင်ကို မှီ၍ ထောင်ထားလိုက်သည်။ တောင်းနှစ်လုံးအလယ်တွင် ဆောင့်ကြောင့်ထိုင်ကာ ခေါင်းမှတဘက်ကို ဖြုတ်၍ ချွေးသုတ်လိုက်သည်။

ကျုံးလမ်းတစ်လျှောက်မှ အင်းဝသူအင်းဝသားများကို စောင့်ကြည့်ရင်း မပြတ်မလပ်သော မျက်စိဖြင့် အကဲခတ်ရသည်။

ရဲမက်တစ်စု ဖြတ်သွားသည်။ မြင်းလေးစီး ရှေ့နောက်တန်းလျှက် စီးနင်သွားသည်။ မုခ်တံတားအရောက်တွင် ဘယ်ဘက်သို့ ချိုးကွေ့ကာ အရှေ့မုခ်မှ ဝင်သွားသည်။ ဝတ်ကောင်းစားလှဖြင့် အင်းဝသူတို့ လှည်းယာဉ်ကြော့တစ်စီးဖြင့် ဖြတ်မောင်းသွားသည်။ မိန်းမလှတွေကို တင်ဆောင်သွားရသောကြောင့်လားမသိ နှုတ်သွက်လျှာသွက်ဖြစ်နေသော လှည်းဆရာ၏ လှည်းမောင်းသံကို နားစွင့်ရင်း ပြုံးမိသေးသည်။

နေမြင့်လာပြီ။

ဈေးသည်တွေ မရောက်လာကြသေး။ မလှမ်းမကမ်းရှိ အကြော်တဲတစ်ခုသာ စည်စည်ကားကား ရှိသည်။ ဟိုတစ်ခေါက်တုန်းကလို ကျုံးလမ်းတစ်လျှောက် ဇန်းကိုခင်း၊ အဆိုင်းကိုချ၍ တကြော်ကြော် ဈေးခေါ်ရောင်းသော ဈေးသည်များကို မတွေ့ရ။ လူရှင်းချက်သားကောင်းလှဘိခြင်း။

တစ်ခုခုထူးခြားနေပြီဟု သိလိုက်သည်။ လမ်းသွားလမ်းလာတို့မှအပ မည်သည့်ဈေးသည်မှမရှိ။ ဘုရင်သတိုးမင်းဖျားသည် ဈေးပိတ်ရက်ဟူ၍ အမိန့်တော် ထုတ်လိုက်လေပြီလား။

မနေသာတော့သဖြင့် အကြော်တဲဆီသို့ သွားရသည်။ စားပွဲဝိုင်းအလွတ်တွင် ဝင်ထိုင်ကာ အရွက်ကြော်နှင့် ငါးပေါင်းကြော်တစ်ပွဲ မှာလိုက်သည်။ အငွေ့တထောင်းထောင်းထနေသော အကြော်ပွဲ ရောက်လာသည်။ ပန်းကန်နှုတ်ခမ်းတွင် မန်ကျည်းမှည့်တစ်ပုံ၊ ဆားတစ်ပုံ၊ ငရုတ်သီးတစ်ပုံ၊ ဥတစ်လုံးကြက်သွန်နီတစ်ပုံ တင်ပေးထားသည်။ ပန်းကန်နှုတ်ခမ်းတစ်ဝက် ပတ်လည်အပြည့်။

"ကိုရင့်ကြည့်ရတာ ရပ်ဝေးကနဲ့တူတယ်"

မုန့်ညက်နှင့် ကြက်သွန်နီကို အားပါးတရ နယ်နေသောသူက လှမ်းမေးသည်။ တံတောင်ဆစ်အထိ သူ့လက်မှာ မုန့်ညက်တွေ ဖွေးဖွေးဖြူနေသည်။ ပါးစောင်မှာ ပြောင်းဖူးဖက် အဖွာမပျက်။

"ဟုတ်စ ကိုရင်။ ဧည့်သည် မဟုတ်လား"

"ဟုတ်ပါတယ်။ တမ္ပဒီပဘက်ကပါ"

"အဝကိုလာတာ ကုန်ကူးဖို့ပဲ မဟုတ်လား"

အဝဟု အသံထွက်ကြောင်း မှတ်ထားလိုက်သည်။

"ဟုတ်ပါတယ်။ ပါတာတော့ နမ်းဖတ်လေး ဘာလေးပါပဲ"

စီစဉ်ထားသည့်အတိုင်း မဆိုင်းမတွ ဖြေလိုက်ရသည်။

"ကောင်းတယ်။ ဘာကုန်ပဲကူးကူး ရမှာပဲ။ အရောင်းအဝယ် တယ်ဖြစ်တာကလား။ အရောင်းအဝယ်တင်မကပါဘူးလေ။ လယ်ယာလုပ်လဲ ဖြစ်တာပါပဲ။ မင်းမှူထမ်းချင်သလား ထမ်းဦးရတယ်။ ရွှေနန်းရှင်လက်ထက်တော်ကျမှ တအားချောင်ချိလာတာကလား"

မုန့်ညက်နယ်သူသည် စကားပြောဆိုဝါသနာပါသူ စကားတဖောင်ဖောင် ပြောချင်သူမှန်း သိလိုက်ပြီ။

"ကောင်းသဗျား။ ငါးပေါင်းကြော်ကလေး"

ငါးပေါင်းကြော်ကို ဖဲ့၍ မန်ကျည်းမှည့်တွင်နှစ်ကာ ဆားနှင့်တို့ပြီး အားပါးတရ စားပြလိုက်သည်။ ထို့နောက် ဧရာတ်သီးတစ်ကိုက် ကြက်သွန်တစ်ကိုက်။

"ကောင်းရင် စားသာစားဗျာ။ ကျုပ်တို့အကြော်တဲဆိုတာက အဝအရှေ့ ကျုံးဘေးမှာ နှစ်ပွဲစားဆိုင် နှစ်ပွဲစားဆိုင်နဲ့ နာမည်ကြီးပဲ... ဟဲဟဲ"

"ဘာလဲဗျ နှစ်ပွဲစားဆိုင်ဆိုတာ"

"စားကောင်းလို့ တစ်ပွဲတည်းနဲ့ မတင်းတိမ်နိုင်ဘူးလေ"

"ဩ... စာဆိုနဲ့ကိုက်ပဲ့ဗျား။ လုပ်ပါဦး နောက်တစ်ပွဲ"

"ကိုင်း... ကျုပ်မပြောဘူးလား။ နှစ်ပွဲစားဆိုင်ပါဆို... ဟဲ... ဟဲ"

မုန့်ညက်များ နယ်ပြန်သည်။

"ဟဲ့ ငလုံးတာ။ စကားတွေ ဖောင်မနေနဲ့။ အရွက်ကြော် ဒီတစ်မယ် ဆယ်ပြီးရင် ကြက်သွန်ထည့်ရတော့မှာ။ တကတဲတော် စကားပြောဖို့ဆိုရင် တွေ့ရာလူခေါ်နမပေးယောက်ဖတော်ပြီး စကားထိုင်ပြောချင်တာ"

အကြော်ဒယ်နောက်မှ မိန်းမကြီးက လှမ်းအော်သည်။ မုန့်ညက်နယ်နေသူကလည်း ပြန်အော်လေသည်။

"ခင်ဗျားတို့ အဲဒါခက်တာပဲ။ ဒွေးလေး ခင်ဗျားတို့က ပါးစပ်ဟာ စားဖို့လောက်ပဲလို့ သိတာ ခွေးတောင်မှ အူရသေးတယ်။ ကြက်လဲ တွန်ရသေးတယ်။ မြင်းလဲ ဟီရသေးတယ်။ လူဆိုတော့ ပြောမနေနဲ့။ စကားဆိုတာ ပြောကောင်းတယ်ဗျ။ ပါးစပ်ကို စားဖို့အလုပ်လောက်ပဲ ပေးထားရင် ဘယ်ကလာ အသုံးကျတော့မှာလဲ။ တီကောင်တို့ ပက်ကျိတို့ ကင်းလိပ်လျှော့တို့လို ဖြစ်သွားမှာပေါ့။ စားဖို့ကလွဲပြီး ပါးစပ်ကိုအသုံးမချတတ်တဲ့ ပြိတ္တာတွေလေ"

"ဟဲ့… အကောင်။ စားသောက်နေတဲ့ လူတွေရှေ့မှာ မတော်တရော်တွေ လျှောက်ပြောနေသလား။ သေမင်းငင် မသာရဲ့"

"အား… မတော်လို့ပါ။ ကန်တော့… ကန်တော့"

လုံးတာအမည်ရှိသူက အင်တုံနှုတ်ခမ်းမှ မုန့်ညက်ဖတ်များကို လက်နှင့်သပ်ချနေသည်။ စကားပြောချင်သော သည်လူ့ကို မေးစမ်းကြည့်ရမည်။

"ကိုရင် လုံးတာ"

"ဗျာ"

"အခါတိုင်းဆိုရင် ဒီနေရာ ကျုံးလမ်းတစ်လျှောက်မှာ စျေးဝယ်တွေ ကြက်ပျံမကျပါ။ ခုဟာက ရှင်းလို့ပါလား။ စျေးသည်တွေ ဘယ်ရောက်နေသလဲဗျ"

"အား… ကိုရင် မသိဘဲကိုး။ အေးပလေ။ တမွှဒီပကဆိုတော့လဲ အဝရွှေမြို့တော်သစ်ကို စိမ်းနေမှာပေ့ါ။ ဒီလိုဗျ… ကိုရင် ပြောသလို အစောတုန်းကတော့ ဟုတ်တယ်။ ဒါပေသည့် စျေးသည်စျေးဝယ်တွေနဲ့ဆိုရင် နန်းမြို့တော်ကျုံးလမ်းမဟာ သိပ်ညစ်ပတ်မှာစိုးလို့ဆိုပြီး ရွှေနန်းရှင် အမိန့်တော်နဲ့ မြို့တော်ဝန်က အာဏာဆင့်လိုက်တယ်လေ။ စျေးသည်တွေကို ဟိုဘက် မန်ကျည်းပင်စုတန်းမှာ သတ်သတ်နေရာချပေးလိုက်တယ်။ စျေးရုံတော်လည်း အသစ်ဆောက်နေလေရဲ့။ ဒါမှလဲ နေရာကျလေမကိုးဗျ။ နို့မို့ဆိုသာဆိုရင် ဒီနေရာတစ်ဝိုက်က စည်တော့ စည်ပါရဲ့။ စျေးသည်စျေးဝယ်နဲ့ ရဲမက်မင်းမှုထမ်းတွေနဲ့ ရှုပ်ယှက်ကိုခတ်နေတာကလား။ ဒီအထဲ ညနေပိုင်း ရောက်ပလားဆိုမှဖြင့် ထန်းရည်သမားတချို့က ရန်စပြီး ပွဲတောင်းကြ၊ နပမ်းသတ်ကြနဲ့ ဆိုတော့"

လုံးတာ၏ စကားကို ဖြတ်ပစ်မှ ဖြစ်တော့မည်။

"အဲဒီ မန်ကျည်းပင်စုတန်းမှာ ဟိုဒင်း… ပန်းပဲထွက်ပစ္စည်းရောင်းချတဲ့ စျေးသည်တွေကော ရှိသေးရဲ့လားဗျ"

"ရှိပါသော်ကော။ ပန်းပဲထွက်ပစ္စည်း စျေးသည်တင်မကဘူး ကိုရင် ဘာလိုချင်သလဲ။ စိနရဋ္ဌကဖဲစ ယူမလား။ သူတို့လုပ်တဲ့ ဟို… ကြွေအိုးနဲ့ထည့်ထားတဲ့ သေရည်ယူမလား။ ရိုးမဘက်က ကျားစွယ်တို့၊ သင်းခွေချပ် အခွံတို့ ယူဦးမလား။ အဲဗျာ… ကိုရင် အဲဒီသွားရင် အထူးဆန်းဆုံး ပစ္စည်းတစ်ခု တွေ့လိမ့်ဦးမယ်"

တောင်းကြီးကို ထမ်းပိုးတွင် ကောက်စွပ်ကာ ထိုင်ရာမှ ထလိုက်သည်။ အကြော်ဖိုးကို ပန်းကန်ပြားဘေးတွင် ချထားသည်။ လုံးတာ၏စကားကို ဆက်နားထောင်စရာ မလိုတော့။

"ကြားလား ကိုရင်။ အထူးဆန်းဆုံးပစ္စည်းတစ်ခုလဲ တွေ့ရလိမ့်ဦးမယ်။ ရောင်းတဲ့သူကလည်း ရောင်းသဗျာ။ ဝယ်တဲ့သူလည်း ဝယ်ပ။ အဝသားတွေ ရူးကုန်ပြီလားမသိ၊ ဘာမဟုတ်တဲ့ ဘုဇပတ်ရွက်ကိုများ ဝယ်ရတယ်လို့"

ခြေတို့ တုန့်သွားသည်။ ဘုဇပတ်ရွက်တဲ့။

"ဟဲ ဟဲ ကိုရင် အံ့ဩသွားသလား။ ခိုးသားကြီး တေက်ပြားဆိုတာ မကြားဖူးဘူးလား။ သူက ခိုးပြီးတဲ့အိမ်မှာ သူ့အမည်ကို ဆူးနဲ့ဖောက်ရေးထားတဲ့ ဘုဇပတ်ရွက်တွေ ချ,ချသွားတယ်လေ။ ဈေးသည်ဆိုတာကလဲ ထစ်ခနဲဆို ဘာရောင်းရမလဲပဲ စဉ်းစားနေတာကိုး။ အဲဒါ ခိုးသားကြီး တေက်ပြား သတင်းမွှေးလှတယ်ဆိုပြီး သူ့ဘုဇပတ်ရွက်တွေဆိုပြီး ချရောင်းတယ်လေ။ တေက်ပြားရဲ့ ဘုဇပတ်ရွက်အစစ်လဲ ဟုတ်မထင်ပေါင်ဗျာ။ အစစ်တွေက မြို့တော်ဝန်အမိန့်နဲ့ သိမ်းထားပြီးဖြစ်မှာပါ။ ဘာဖြစ်ဖြစ်လေ အဝရွှေမြို့တော်တို့များ အရောင်းအဝယ် ကောင်းချင်တော့ ကြံဖန်ပြီး ခိုးသားရဲ့ ဘုဇပတ်ရွက်က နာမည်ကြီးနေရသေးတယ်"

ထမ်းပိုးကို စွေ့ခနဲ ပခုံးပေါ် ကောက်ထမ်းပြီး ထွက်လာခဲ့သည်။ လှေသံတာ၏အသံက နောက်မှ လိုက်လာဆဲ...

"ဗျို့... တမွဒီပသား။ ကိုရင်က ပန်းပဲပစ္စည်းဝယ်မလို့လား။ အဲဒီမှာ ပန်းပဲပစ္စည်းဈေးစုဆိုပြီး သတ်သတ်နေရာချထားတယ်။ အရှေ့ဘက်ဈေးတန်း အလယ်ကောင်လောက်မှာ။ ဟိုဘုဇပတ်ရွက်တွေတော့ ယောင်လို့မှ သွားမဝယ်လေနဲ့ အတုတွေဗျား... အတုတွေ..."

* * * * *

။၁၅။

ဆောက်လုပ်စ ဈေးရုံတော်အသစ်ကို လှမ်းမြင်ရသည်။ မလှမ်းမကမ်းဆီမှ မန်ကျည်းပင်စုတန်းကိုလည်း တွေ့ရပြီ။ စလူရွက်၊ အင်ဖက်၊ သက်ကယ်မိုး ဈေးတဲလေးများကို အတန်းလိုက်တွေ့ရသည်။ ငလုံးတာ ပြောသည့်အတိုင်းပင် အတိအကျ။ ဈေးသည် ဈေးဝယ်တို့ဖြင့် စည်ကားလှသော အဝဒ္ဒေမြို့တော် ဈေးသစ်သည် အသက်ဝင်နေသည်။

အရှေ့ဘက်အကျဆုံး ဈေးတန်းဆီသို့ ဦးတည်လိုက်သည်။ ရှေ့နောက် တောင်းနှစ်လုံးဆင့် ထမ်းပိုးသည် ညွတ်ပုံ့ညွတ်ပုံ့ဖြင့်ပါလာသည်။ လူအုပ်ထဲသို့ တိုးဝင်လိုက်သည်။ အတွန်းအတိုက်များကြောင့် ခရီးမတွင်။ ဈေးတန်းကြား လူသွားလမ်းသည် ကျဉ်းမြောင်းသည် မဆိုသာသော်လည်း လူအုပ်နှင့် နေရာမဆံ့။

အရှေ့ဘက်ဈေးတန်းသို့ အကူးတွင် ဆိုင်တန်းခင်း၍ ရောင်းနေကြသော နမ်းဖတ်သည်အစုကို တွေ့ရသည်။ အရောင်းအဝယ်စည်ကားလှသည်။ ဈေးခေါ်သံ၊ ဈေးဆစ်သံများဖြင့် ဆူညံနေသည်။ နမ်းဖတ်ပုံကြီးတွေ ဟီးထနေသည်။ ကိုယ့်တောင်းနှစ်လုံးထဲမှ မဖြစ်စလောက် နမ်းဖတ်တွေကို တွေးပြီး ပြုံးမိသည်။ ဈေးသည်အစစ်သာဆို ကိုယ်ကျိုးနည်းလောက်ပြီ။

မှန့်ညက်နယ်သူ ငလုံးတာ ညွှန်လိုက်သည့် အရှေ့ဘက်ဈေးတန်းထိပ်သို့ ရောက်ပြီး ဈေးတန်းထိပ်မှနေ၍ အတွင်းသို့လှမ်းကြည့်လိုက်သည်။ ဝဲယာမှာ ပန်းပဲထွက်ပစ္စည်းဆိုင်တွေချည်း ဖြစ်သည်။ လယ်ယာသုံး ပန်းပဲပစ္စည်းများ၊ မီးဖိုသုံးပစ္စည်းများသာမက ရဲမက်သုံး လက်နက်ပစ္စည်းများပါ တွေ့ရသည်။ ဆိုင်မျက်နှာစာများတွင် ဓါးလွတ်များ၊ ဓါးအိမ်များ၊ လှံစည်းများ၊ လွှားများ၊ ကာများက တွဲရရွဲ ချိတ်လျက်၊ ပုံလျက်၊ ထောင်လျက် အမျိုးမျိုး။

ဝဲယာနှစ်ဘက်ပေါင်းလျှင် ဆိုင်ငါးဆယ်ကျော်လောက် ရှိမည် မှန်းသည်။ ဟင်းရွက်တန်း၊ သားငါးတန်းလို ဈေးခေါ်သံ၊ အော်သံများ မကြားရသော်လည်း ဝယ်သူများအား ဈေးသည်များက ပစ္စည်းကို ထုတ်ပြ၊ ရိုက်ပြ၊ ခေါက်ပြနေသဖြင့် အသံများက တချွင်ချွင် ထနေသည်။

ဟိုဘက်တန်းတွေလိုပင် ဝယ်သူတွေ ကြိတ်ကြိတ်တိုးနေသည်။ မည်မျှ ရှုပ်ထွေးစည်ကားနေသော ဈေးတန်းတွင် တွေ့လိုသူကို ရှာတွေ့နိုင်ပါ့မလားဟု တွေးသည်။ ဂျမ်းတို့ သားအဖကတော့ သည်ဈေးတန်းမှာ ဆိုင်မှထွက်ပါ့မလား။ ကြုံခဲ့သည်ကတော့ သူတို့က ပုံကျရောင်းသူတွေ၊ ပစ္စည်းလည်း တစ်ထမ်း တစ်ရွက် တစ်နိုင်သာ ပါသူတွေ။

MMCYBERMEDIA
COMMUNITY FOR ALL

"ကြွပါခင်ဗျာ… ကြွပါခင်ဗျာ။ အလိုရှိရာ ရွေးချယ်နိုင်ပါကြောင်းဗျာ"

"လက်တွေ့မျက်မြင်လဲ စမ်းသပ်နိုင်ပါကြောင်းခင်ဗျာ။ အဖိုးသားနားလည်းမှန် အမျိုးအစားလည်း မှန်ကြောင်းပါခင်ဗျာ"

ထိပ်ဆိုင်မှ ဈေးသည်က ခရီးဦးကြိုသည်။ ရောင်းတော့သာ ပန်းပဲထွက်ပစ္စည်း၊ လူပုံက ဖြူဖြူနွဲ့နွဲ့၊ ပြောပုံကလည်း ကန့်ကလျ၊ ခေါင်းပတ်ပဝါ ချွတ်ထားသောကြောင့် သျှောင်ကလည်း အိကျနေသည်။ မဲပုဆိုးကလည်း ခါးပုံတောင့်တောင့်၊ လက်မှာလည်း ပန်းပဲပစ္စည်းရောင်းသူနှင့် ဘာမှမဆိုင်သော ဒေါင်းမြီးယပ်ကို အညင်သာခတ်လျှက်။

ရယ်ချင်စိတ်ကို ဖုံးဖိကာ ဆိုင်ရှေ့သို့ ဝင်လိုက်ရသည်။

"တစ်ဆိတ်ကလေး စုံစမ်းစရာ ရှိလို့ပါ"

"မေးပါ မေးနိုင်ပါကြောင်း ခင်ဗျ"

ဟူသော အသံက မပီမသ အသံထွက်နေသည်။ မျက်ခုံး မျက်စချီ၍လည်း ပြောသည်။

"ဟို… ရွှေလောင်းပန်းပဲဖိုထွက်ပစ္စည်းတွေ ရောင်းတဲ့ သားအဖ၊ အဲ… အဘနဲ့ သမီးတစ်ယောက်တို့များ ဒီမှာ ရှိသလားလို့"

ပင့်ချီထားသော မျက်ခုံး ပြန်ကျသွားသည်။

"အဲဒါတော့ မသိပေါင်"

ရုတ်တရက်ကြီး လေသံပြောင်းသွားသည်။ မနစ်မမြို့ဟန် ဆက်စကားမပြောလိုဟန် ရှိသည်။ 'ခွင့်ပြုပါဦးဗျာ' ဟု နှုတ်ဆက်ပြီး ထွက်လာခဲ့သည်အထိ ဘာစကားမှ မပြောတော့။ ဈေးတန်းဘက်လမ်းကို ဖြတ်ကာ တစ်ဖက် ခါးလွယ်ခုတ်ဆိုင်သို့ ကူးခဲ့သည်။ ဆိုင်ရှင်က အသက်ကြီးကြီး၊ ဖောင်းမို့နေသော ပါးစောင်ထဲမှ ကွမ်းတံတွေးကို ပစ်ခနဲ ထွေးကာ အာလုပ်သံကြီးဖြင့်…

"ဘာအလိုရှိပါသလဲ မောင်ရင်"

ဟု ဆိုသည်။

"ရွှေလောင်းပန်းပဲဖိုထွက်ပစ္စည်းတွေ ရောင်းတဲ့ သားအဖဆိုင်များ ဒီမှာရှိသလားလို့ပါ။ ကျွန်တော်က တမူဒီပက လာတာပါ"

ရပ်ဝေးဧည့်သည်မှန်းသိအောင် ပြောလိုက်သည်။ ဆိုင်ရှင်လူကြီးက ကွမ်းတစ်ချက် ထပ်ထွေးကာ…

"ပြောတတ်ဘူးဗျာ"

ဟု ဆိုပြီး မျက်နှာလွှဲသွားသည်။ နှုတ်ဆက်စကားပင် မပြောတော့ဘဲ လှည့်ထွက်ခဲ့ရပြန်သည်။ တစ်ဆိုင်ကျော် ဆိုင်ရှေ့ ရပ်ရပြန်သည်။ မတိမ်မယိမ်း အသက်အရွယ်ရှိသူ ဆိုင်ရှင်က ကြွပါဟု ဆီးပြောသည်။ အတတ်နိုင်ဆုံး နူးညံ့ချိုသာစွာ မေးကြည့်သည်။

"တစ်ခုလေး သိချင်လို့ပါ ခင်ဗျာ။ ဒီဆိုင်တန်းမှာ ရွှေလောင်းပန်းပဲဖိုထွက် ပစ္စည်းတွေ ရောင်းတဲ့ သားအဖ"

"ကျုပ်က ဆိုင်ထွက်တာမဟုတ်ဘူးဗျ"

ဆုံးအောင်ပင် မပြောလိုက်ရ။ ဆိုင်ရှင်က နောက်ရောက်လာသော ဝယ်သူတွေဘက် လှည့်သွားသည်။

"ဩ... ဩ... ဘာတို့ပါလား။ မနေ့ကတည်းက လာမယ်ထင်ပြီး မျှော်နေတာ။ မနှစ်ကလဲ ဒီအချိန်ပဲနော်။ ကဲ... ဆို ဘာတို့ ထယ်သွား၊ တံစဉ်၊ ဓါးမ၊ ဓါးမောက်အစုံပဲလား။ ဒီနှစ် ရဲဒင်းသွားတွေ ကောင်းလိုက်တာ။ တန့်ကြည့်တောင်ကြောက သံတွေ ဘာရဲ့"

အခြေအနေ မကောင်းပြီဟု သိလိုက်သည်။ ဆိုင်ထွက်တာမကြားသေးဘူးဟု ဆိုခဲ့သူမှာ မနှစ်က ဖောက်သည်တွေ ရှိနေသည့် အဖြစ်။

တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် မေးနေ၍မဖြစ်တော့။ အပင်ပန်းခံ၍ ဆိုင်တကာစေ့ လိုက်ကြည့်ရတော့မည်။ ပန်းပဲပစ္စည်းတန်းမှာ တောင်းနှစ်လုံးထမ်း နမ်းဖတ်သည်တစ်ယောက် ခေါက်တုံ့ခေါက်ပြန် လူးလာနေသည်မှာ မြင်မကောင်းသော်လည်း မတတ်သာတော့ပြီ။

နေပိုပူလာသည်။ တချင်ချင် တထန်ထန် အသံများလည်း ပို၍ ဆူလာသည်။ စျေးဝယ်သူတို့ ပိုစည်လာသည်။ ခေါင်းပေါင်းအောက်မှ ချွေးသည် နဖူးပြင်ကိုဖြတ်လျှက် ပြိုက်ပြိုက်ကျပြီး အလေ့အကျင့်မရှိသော ပခုံးမှာလည်း ထမ်းပိုးဒဏ်ကြောင့် နာကျင်ချင်လာပြီ။ တောင်းထဲမှ နမ်းဖတ်တွေက ပိုလေးလာသည် ထင်ရသည်။

ဂျမ်းတို့ မရှိကြတော့ဘူး ထင်ပါရဲ့။ သူတို့က ပုံကျရောင်းတာဆိုတော့ စျေးတန်းနဲ့ ဆိုင်နဲ့ခင်းပြီး ထွက်နိုင်ကြမှာမဟုတ်။

"ကိုင်း... မွန်းမတည့်ခင် ဝယ်ထားကြရှင့်။ မွန်းတည့်တာနဲ့ ဆိုင်သိမ်းတော့မှာ။ ဟောဒီမှာ ရွှေလောင်းပန်းပဲဖိုထွက် ပစ္စည်းတွေရယ်နော်။ ပုပ္ပားနဲ့ တန့်ကြည့်တောင်ကြောမှာ ထွက်တဲ့သံရှင့်။ သံကလည်းသံ၊ မီးကလည်းမီးရှင့်။ ဖွဲသုံးဆုပ်မီး မဟုတ်ဘူး ဖွဲတစ်ပြည်မီး မဟုတ်ဘူး။ ဖွဲတစ်တင်းနဲ့ ဖားဖိုဆွဲထားတဲ့မီးရှင့်။ အဲဒီလိုမီးနဲ့ အဲဒီလိုသံတွေ။ ထွန်မလား၊ ယက်မလား၊

ချက်မလား၊ ပြုတ်မလား၊ ခုတ်မလား၊ ထိုးမလား၊ အဖိုးသားနားမများဘဲ အမျိုးအစား တအားကောင်းတဲ့ ရွှေလောင်းပန်းပဲဖိုထွက် ပစ္စည်းတွေရယ်နော်။ လာကြရှင့်နော်… လာကြနော်”

စီခနဲ အသံကြောင့် ခြေလှမ်းတို့ တုံ့ခနဲ ရပ်သွားသည်။ ဂျမ်းအသံမှ ဂျမ်းအသံ စစ်စစ်။

အစွန်ဘက်ဆုံး ဆိုင်မှ ထွက်ပေါ်လာသည်။

ဝယ်သူတွေ ဆိုင်ရှေ့မှာ စုပြုံနေသည်။ ချွင်ချွင်ထန်ထန် အသံများလည်း ဆူညံနေသည်။ အဆိုင်းအဆိုင်း ဆွဲထားသော ပစ္စည်းများကြောင့် လူကို မမြင်ရ၊ နေပူထဲ သွားနေရသဖြင့် မျက်လုံးတွေလည်း ပြာနေပြီ။

“ဓါးလား ဘထွေး ဟောဒီဓါး ယူကြည့်စမ်းပါ။ အံမယ် အဲဒါ တခြားက သံကြွပ်မှုန့်ဝင်နေတာ။ လက်နဲ့မသပ်နဲ့၊ ရော့ ဟောဒီအဝတ်နဲ့ သပ်ချလိုက်၊ ကဲ… တွေ့လား။ ဘာဆီမှ တင်စရာ မလိုဘူး။ သံက ကောင်းပြီးသားဟာကိုး။ ပြောင်လက်လာတာတော့။ သံထုတ်တင်ကျည်း၊ ဓါးလည်းပြောင်ပြောင်ဆိုတဲ့ စာဆိုနဲ့ မညီဘူးလား။ တင်ကျည်းမွေးလို ညိုမှောင်ပြောင်နေတာရှင့်”

“ရှင်… မများဘူး… မများဘူး။ ဘထွေးနော် ဘထွေးကလည်း ပစ္စည်းကောင်း ကိုင်မှတော့ ဈေးလဲပဲ မဖြစ်စလောက်တော့ ပိုတော့မှာပေါ့။ ဒါပေမယ့် ဆောင်းပေးရတဲ့ ဈေးနဲ့ မလိုက်အောင် ဘထွေး စိတ်ချမ်းသာလိမ့်မယ်။ ဟုတ်ကဲ့… ဟုတ်ကဲ့ ရော့… ရော့”

“သြော်… မောင်ကြီးတို့ပါလား။ ခုမှ ရောက်လာကြသလား။ ဓါးအိမ်မယူတော့ဘူး။ ဓါးလွတ်ပဲ ဟုတ်စ။ မရှိမသေနော်။ အဲဟိုတိုင်မှာ ထောင်ထားတဲ့ ဓါးကိုကြည့်စမ်း။ မောင်ကြီး… တကောင်းပြည်က မောင်တင့်တယ်ရဲ့ အသွားရှစ်သစ်ဓါး၊ နဂါးခုတ်တဲ့ ပေါက်ကျိုင်းဓါးမတုတ်ကြီးကတော့ လူခြောက်ယောက်မတာတောင် မနိုင်ဘူးတဲ့။ သိဒ္ဓတ္ထလောင်းမင်းရဲ့ ဓါးကလဲ နွားလည်ပင်းတောင် အကွင်းလိုက် တီခနဲတဲ့။ အဲဒီလို ဓါးကြီးတွေကိုတော့ မမီဘူးပ မောင်ကြီးရယ်။ သို့သော်လဲ အဲဒီဓါးတွေပြီးရင် မောင်ကြီး အခုကိုင်ထားတဲ့ ဓါးမှ ဓါးမည်သတဲ့ မောင်ကြီးရဲ့”

“ကိုင်း… ကိုင်း… မွန်းတည့်တော့မယ်နော်။ မွန်းတည့်တော့မယ်။ ရွှေလောင်းပန်းပဲဖိုထွက်ဓါးတွေ ဝယ်ချင်လှချည်ရဲ့ဆိုလို့မရတော့ဘူးရှင့်”

“ငှက်ကြီးတောင်လား။ စလူဖူးလား၊ လေးကင်းလား။ ဓါးပတ်လား။ မောင်းချလား။ ဓါးမြောင်လား။ ကိုင်းခုတ်လား။ ဦးတိုလား။ ဓါးချွန်ဓါးမောက်လား ကြိုက်တာရွေး၊ လိုတာဝယ်၊ စနည်းနာပါ၊ ကိုင်ကြည့်ပါ၊ မ,ကြည့်ပါ၊ ခုတ်ကြည့်၊ ယမ်းကြည့်ပါ။ ရွှေလောင်းပန်းပဲဖိုထွက် ပစ္စည်းတွေရှင့်နော်”

စျေးသည်တစ်ယောက် စျေးရောင်းနေပုံနှင့် မတူဟု ထင်မိသည်။ နှုတ်ကလည်း အဆက်မပြတ်၊ ဝဲယာလက်အစုံကလဲ ရပ်နားသည်မရှိ၊ ကိုယ်ပိုင်တေးတစ်ပုဒ်ဖြင့် သီဆိုကခုန်နေသော ကချေသည်တစ်ယောက်ဟု မြင်မိနေလေသည်။

ချစ်စရာကောင်းလိုက်တာ ဂျမ်းရယ်...

ပွဲတင်သံပါသော အသံတစ်ခုကို ကြားလိုက်ရသောကြောင့် ယောင်ယမ်း၍ ဘေးဝန်းကျင်ကို လှည့်ကြည့်မိသေးသည်။

သြော် ဖြစ်ရလေခြင်း၊ ဘယ်သူ့အသံမှမဟုတ်၊ ကိုယ်တိုင်၏အသံ၊ ရင်ထဲမှာ မြည်ကြွေးသွားသော အသံမထွက်သည့် ပွဲတင်သံ။

မျက်နှာပြင်မှာ သံမှုန့်သံချေးတွေ စွန်းထင်းနေသည့်ကြားမှ ပါးမို့နှစ်ဘက်သည် စွေးစွေးနီရဲလျှက်၊ ပါးပါးလှပ်လှပ် ရှိသော်လည်း စွေ့စွေ့ဖူးနေသည့် နှုတ်ခမ်းမွှာတို့သည် အရပ်အနားမဲ့ လှုပ်ရှားလျှက်။ နဖူးပေါ်မှ ချွေးသီး ချွေးပေါက်သည် နှာရောင်ကို ဖြတ်ဆင်းကာ လုံးဝန်းသော နှာသီးထိပ်ပေါ်၌ တွဲရရွဲ ခိုလျှက်ရှိသည်။ ချွေးသီးကို ဂျမ်းသုတ်ရန် သတိမရ၊ ဓါးများဆီမှတဆင့် ရောင်ပြန်ဟပ်နေသော နေရောင်တွင် နှာသီးပေါ်မှ ဥလေးသည် ဝင်းခနဲ ပြက်သွားပြန်သည်။ ချွေးစီးကြောင်းစီးဖြတ်ခဲ့ရာ နှာတံရိုးတွင် သေးမျှင်သော နှာတံအရေးအသားလေး တစ်ခုဖြင့် မှုန်းခြယ်ထားသကဲ့သို့ ရှိလေသည်။

လည်တိုင်စပ် ပင်နီရင်စေ့ အထက်မှာလည်း ချွေးတို့ဖြင့် ရွှဲနစ်နေပြီ။ ချွေးကွက်ထင်သောနေရာသည် ကိန္နရီ၏ ဘယက်တစ်ခုလို ကနုတ်ဆန်နေသည်။ ပြည့်သောလည်တိုင်တွင် ပုလဲပုတီးမရှိ၊ ဒွါဒရာလည်ဆွဲ မရှိ၊ သို့သော် ပကတိ တင့်တယ်ဘိခြင်း။

အအားမထားသော လက်ရုံးနှစ်ခုကြောင့် ဂျမ်း၏ လုံးဝန်းဖြိုးမောက်သော ပခုံးသားတို့သည် လှိုင်းနယ်တအိအိ လှုပ်ရှားနေကြသည်။ ထိုပခုံးတို့ထက်ရှိ ဆံတောက်ဖားဖားသည်လည်း လေပြင်းအောက်မှ အုန်းလက်များနယ် တဝဲဝဲတယမ်းယမ်း။

"ကိုင်း... နေမွန်းတည့်ပြီ။ ဆိုင်ပိတ်ပြီတော့။ ဟော အရီးဆိုင်ပိတ်ပြီဆိုမှ ရောက်လာတော့တယ်။ ဘာလိုချင်လို့လဲ။ ထယ်သွားဟုတ်လား။ အဘရေ... အဲဒီချောင်ထဲက ထယ်သွားတွေ ပြလိုက်ပါဦး။ အရီးမို့ ရောင်းတာနော်။

MMCYBERMEDIA
COMMUNITY FOR ALL

ရွှေလောင်းဖိုဆိုင်က ဆိုင်ပိတ်ပြီဆိုရင် အတွင်းသင်းမှုူးလာဝယ်တောင် ရောင်းမှာမဟုတ်ဘူးတော်။ ကဲ... ကြည့်ကြည့် အရီး။ ကြိုက်တဲ့ ထယ်သွားရွေး၊ စျေးလား ဩော်... အဟင်း အရီးပေးနေကျစျေးပဲပေါ့ အရီးရဲ့"

ထယ်သွားကိုင်လျှက် မိန်းမကြီး ထွက်သွားသည်။

"အား... ရောင်းလို့တော့ ကောင်းပါရဲ့။ ညောင်းလိုက်တာတော်"

ခါးကို ဘယ်ညာနှဲ့လျှက် ကျွတ်ကျွတ်ချိုးသည်။ မေးကိုကိုင်၍လည်း ဇက်ကြောချိုးသည်။

"ကိုင်း... အဘ သိမ်းနှင့်တော်။ ကျုပ် ဟိုဘက်သွားပြီး မန်းကျည်းရည်လေး သောက်ချည်စမ်းမယ်"

ဆိုင်ပေါ်မှ ဂျမ်း လှမ်း၍ ဆင်းသည်။ အောက်အဆင့်တွင် ခြေအချ၊ ဂျမ်း၏ ဆက်ဆင်းအံ့ခြေသည် တုံ့ခနဲ ရပ်သွားသည်။

ဝိုင်းစက်သွားသော မျက်လုံးနက်များနှင့် ပွင့်အာသွားသော နှုတ်ခမ်းမြွာ။

"ဟော... ရှင်"

စကားမပြန်နိုင်။ ပြုံး၍ ခေါင်းဆတ်ဆတ်ညိတ်မိလိုက်သည်။ ဂျမ်း မှတ်မိပေစွ။ ဝမ်းသာ၍ မဆုံး။

"ဟိုဒင်း... နမ်းဖတ်သည် မဟုတ်လား"

"ဟုတ်ကဲ့... နမ်းဖတ်သည်ပါ"

အခုမှပင် ထမ်းပိုးကို ပခုံးပေါ်မှ ချပါတော့သည်။ အရေးထဲ အတွေးရောက်သေးသည်။ ထမ်းပိုးကိုတော့ ပခုံးပေါ်က ချလိုက်ပြီဂျမ်းရေ။ လစ်ဟာသွားတဲ့ အဲဒီပခုံးပေါ်မှာ မင်းကိုတင်ပြီးတော့သာ တစ်ခါတည်း ခိုးပြေးသွားချင်ပါရဲ့ဟု။

"တော့နယ်တော်။ ပျောက်ချက်သား ကောင်းလိုက်တာ။ အဘကိုတောင် ပြောရသေးတယ်။ ဟိုတစ်ခါက တွေ့ဖူးတဲ့ နမ်းဖတ်သည်ကြီးလဲ စျေးရောင်းတာ မတွေ့တော့ဘူးလို့။ မင်းတရားတပ်တော်ထဲများ မင်းမှုထမ်းလိုက်သွားပြီလား မသိဘူးလို့ ဟုတ်တယ်လေ တော်တို့လို"

စကားကို ခဏနား၍ တစ်ချက်ဝင့်ကြည့်သည်ကို သတိထားမိလိုက်သည်။

"အဲ... တော်တို့လို အဆက်ပေါက်မျိုးနဲ့ ယောက်ျားလေးတွေမှန်သမျှ အခုဆို ရွှေနန်းရှင်ဆီပဲ ရောက်ရောက်ကုန်ကြတာကလား"

"မဟုတ်ပါဘူးဗျာ။ မင်းမှုထမ်း ဝါသနာလဲ မပါပါဘူး။ ကိုယ့်ဘာသာကိုယ် အရောင်းအဝယ်လေးပဲ"

"အင်းပေါ့လေ။ ဝါသနာပါရာပေါ့။ ဒါပေမယ့် ကျုပ်သာ ယောက်ျားလေးဆိုရင် တပ်တော်ထဲဝင်မှာပဲ။ ခုနေခါ ယောက်ျားဆိုတာ ရဲမက်အလုပ်နဲ့ အလိုက်ဆုံးပဲတော့"

ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။ သြော်... သူက မင်းမှုထမ်း ရဲမက်တော်သားကို အထင်ကြီးရှာသူကိုး။

"နေပါဦး... တော်အခု နမ်းဖတ်သည်ပဲလား"

"အာ... ဟုတ်ကဲ့။ နမ်းဖတ်သည်ပါပဲ"

"အရောင်းအဝယ်လေးများကော ကောင်းရဲ့လား။ ကောင်းမှာပါလေ။ ရွှေနန်းရှင်လက်ထက်ပဲဟာ။ အခုတော့ ရောင်းကုန်ပြီလား"

မျက်စိက အလိုလို တောင်းနှစ်လုံးဆီ ရောက်သွားသည်။

ဂျမ်းက တအံ့တသြ ရေရွတ်လေသည်။

"ဟော့တော်... တော့်ဟာကလည်း တောင်းနှစ်လုံးအပြည့်ပါလား။ ဒီအချိန်ကြီးတောင် တော်ကတစ်ဖတ်မှ မရောင်းရသေးဘူးလား။ အေးလေ... တော်က နှုတ်နည်းလွန်းအားကြီးတာကိုး။ အဘလဲ တော့်လိုပဲ။ ဖိုသူကြီးသာ လုပ်နေတာ စကားကိုမပြောဘူး။ ဆွံ့နေသလား အောက်မေ့ရတယ်"

ကောင်းကြရောကွာဟု စိတ်ထဲက ရေရွတ်မိသည်။ အဘအတိုင်းပဲတဲ့။ ကိစ္စမရှိ။ ကာလကြာမြင့်စွာ မဆုံမတွေ့ ရှိခဲ့သော တစ်ကြိမ်တစ်ခါတည်းသာ တွေ့ခဲ့ဖူးသော မိမိကို ဂျမ်းကောင်းစွာ မှတ်မိနေသည်ကပင် အားတက်စရာ။

"ရေဘူးလေးတွေတိုင်း တော့်ကို သတိရနေတာ။ ဟုတ်တယ်လေ။ ဟိုတစ်ခါ ရွှေနန်းရှင်က ဘယကျော်သူကို နှိမ်နင်းပြီးပြန်အလာမှာ ကျုပ်တို့လဲ နန်းမြို့ထဲအဝင် ရှုပ်ယှက်ခတ်သွားတာနဲ့ တော့်ရေဘူးကို ပြန်ပေးဖို့ မေ့သွားတယ်"

ရေဘူးကြောင့်ပဲဖြစ်ဖြစ်၊ ဘာကြောင့်ပဲဖြစ်ဖြစ် သတိတရရှိတယ်ဆိုရင် တော်ပြီ ဂျမ်းရယ်ဟု စိတ်ထဲကပင် ပြန်ပြောမိလေသည်။

"တော့ ဘူးသီးခြောက်ကလေးကို သိမ်းထားရတယ်။ အခုတောင် ပါလာသေးတယ်။ ဆိုင်ထွက်တိုင်း ယူလာရတာ။ တစ်နေ့ တော်ပေါက်ချလာရင် ပြန်ပေးလို့ရအောင်လေ။ ခဏငှားတာဆိုပြီး အပိုင်သိမ်းထားတယ်ဆိုတာလည်း ခိုးမှုတစ်မျိုးပဲ မဟုတ်လား။ ခိုးတယ်ဆိုတာ မကောင်းဘူးလေ"

ခိုးတယ်ဆိုတာ မကောင်းဘူးလေ။ မျက်နှာချင်းဆိုင် နီးကပ်စွာ ရှိနေပါလျက် အလွန်ဝေးကွာ သွားပြီဟု ခံစားရသည်။

"အဘရေ... အေ... အဘ"

ဆိုင်ဘက်သို့ လှည့်ကာ ဂျမ်းအော်ခေါ်ပြန်သည်။

"အဘ"

"ဘာလဲဟ"

"ဟို... ရေဘူးလေး ဖြုတ်လိုက်စမ်းပါ။ ဒီမှာ ပိုင်ရှင်ပြန်ရောက်လာပြီတော်"

ဂျမ်း၏အဘက ဆိုင်ပေါ်မှလှမ်းကြည့်သည်။ ဘာမှမထူးခြားသောအသွင်ဖြင့် မျက်စိလွှဲကာ တိုင်တွင်ချိတ်ထားသော ရေဘူးကို ဖြုတ်၍ ကမ်းသည်။ ဂျမ်းလှမ်းယူပြီး တစ်ဆင့်ကမ်းလျက်...

"တော့ဘူးသီးခြောက်ကလေး အအေးခါတ် ပျက်မှာစိုးလို့ ရေမပြတ်ထည့်ထားရတယ်။ ရော့..."

ဘူးသီးခြောက်ကိုလှမ်းအယူတွင် ဂျမ်း၏လက်ချောင်းများနှင့် ထိတွေ့လိုက်ရသည်။ အတွင်းရေးမှူးစံအိမ်တက်ပြီး အလုပ်လုပ်ခဲ့စဉ်ကထက် ပို၍ လိုက်ခုန်သွားသောရင်ကို သတိထားမိလေသည်။

"ကိုင်း... ပိုင်ရှင့်လက်ထဲ ပစ္စည်းပြန်အပ်ပြီးပြီ။ အခုမှ စိတ်ထဲ ရှင်းသွားတော့တယ်။ ဟုတ်တယ်တော့။ ကျုပ်ကအဘကို ပြောပြောနေတာ။ သြော်... နမ်းဖတ်သည်ကြည့်ရတာ ကျုပ်တို့ထက်ပိုပြီး ဆင်းရဲပုံရတယ်လို့ ခများရေဘူးတစ်ဘူးဆို ဆိုသလောက် နမြောရှာမှာပဲလို့။ ကျုပ်ဖြင့် ဘူးသီးခြောက်ကလေးမြင်တိုင်း စိတ်မကောင်းဖြစ်ခဲ့ရတာ။ အခုမှပဲ ဖြေသာတော့တယ်"

ရယ်လည်းရယ်ချင်သည်။ စိတ်ထဲမှာလည်း တနုံ့နုံ့။ သြော်... သူ့ငါ့ကို သတိတရ ရှိနေတယ်ဆိုတာဟာ ဒီအဓိပ္ပါယ် နဲ့ကိုး။

"ကဲ... ကျုပ်သွားဦးမယ်။ မန်ကျည်းရည် သောက်မလို့တော်"

ဂျမ်း လှုပ်ရှားလာသည်။

"နေ... နေပါဦး။ ကျုပ် အဲ... ကျွန်တော်လဲ လိုက်ခဲ့မယ်လေ"

ဂျမ်း တစ်ချက်ငဲ့ကြည့်ကာ...

"လိုက်ချင်လဲ လိုက်ခဲ့လေ။ မန်ကျည်းရည် သောက်မလို့လား"

"ဟုတ်ပါတယ်"

"ကျုပ် ဝယ်တိုက်ပါ့မယ်။ တော့် အသပြာနဲ့တော့ မသောက်ရက်ဘူး"

"ဟုတ်ကဲ့ပါ"

ဂျမ်းနှင့်ယုဉ်လျှက် လျှောက်ရသော ခြေလှမ်းများကား အနုတ်အသိမ်းအား ကောင်းလှဘိခြင်း။

* * * * *

။၁၆။

မန်ကျည်းရိပ်ကလည်း အေးအေးမြမြ၊ မန်းကျည်းရည်ကလည်း ချိုချိုချဉ်ချဉ်၊ သည့်ထက်မူ ဂျမ်းနှင့်အတူ ရှိနေရသောအဖြစ်က မန်ကျည်းရိပ်၊ မန်ကျည်းရည်တို့ထက် အဆပေါင်းများစွာ ပိုကဲလျှက်။

မိမိက နားထောင်သမား၊ ဂျမ်းကပြောသူ။ သူတို့သားအဖအကြောင်းတွေကို တသွင်သွင် ပြောရှာသည်။ သူလသမီးအရွယ်ကတည်းက ကွယ်လွန်သွားခဲ့သော သူ့အမိကို သူမမှတ်မိကြောင်းကအစ၊ အဘ၏ ရွှေလောင်းပန်းပဲဖို အကြောင်းအလယ်၊ အင်းဝရွှေနန်းရှင်အကြောင်းအဆုံး။

"သိလား။ အဘကို ပန်းပဲတော်ခန့်ချင်တာတဲ့တော်။ ပန်းပဲတော်ဆိုတာကော သိလား။ ဘုရင့်အမြောက်အစားခံ ပန်းပဲသမားပေါ့တော်။ အဘကလဲလေ အ,လိုက်တာ မပြောနဲ့တော့။ ရွှေနန်းတော်က မြောက်စားချင်တယ် ဆိုတာတောင် အသနားခံပြီး ငြင်းလိုက်တယ်လေ။ ဘယ်လိုမှလဲ ပြောလို့မရဘူး။ အားကြီးခေါင်းမာတာ၊ သူ့ဖိုထဲက ပေတုံးထက်တောင် ခေါင်းမာလို့ အခု ကျုပ်စျေးသည် ဖြစ်နေတာပေါ့။ နို့မို့များဆိုရင်လေ အခုနေဆို ကျုပ်အဝရွှေနန်းတော်သူ ဖြစ်နေပြီတော်"

"ဒီအတိုင်းပဲ ကောင်းပါတယ်ဗျာ"

ဂျမ်းကြားဟန်မတူ။

"တိမ်တောင်တက် ဆံထုံးတို့ဘာတို့၊ ရွှေကျင်ခပ် ပဝါတို့ဘာတို့ ကျုပ်က သိပ်လုပ်ချင်တာ၊ ပေးစမ်းပါဦး… နောက်တစ်ခွက်၊ တော်ကော ယူဦးမလား နောက်တစ်ခွက်"

"ဟုတ်ကဲ့… အင်း"

"အဝေးစျေးရုံတော်မှာ ဒီဆိုင်က မန်ကျည်းရည်က အကောင်းဆုံးပဲတော့်။ သူ့ကို နှစ်ခွက်သောက်ဆိုင်လို့ ခေါ်တယ်။ တစ်ခွက်တည်းနဲ့ မတင်းတိမ်နိုင်ဘူးလေ။ ကျုပ်တော့ စျေးသိမ်းပြီးတိုင်း နှစ်ခွက်နှစ်ခွက်ပဲ"

နှစ်ခါစားဆိုင်ဆိုသော တစ်ခါက အကြော်ဆိုင်ကို သတိရသဖြင့် ပြုံးမိလေသည်။ သူတို့ အဝမှာ နှစ်ဆင့်တွေ များလှချည့်လား။

"ဘာတွေ ပြုံးနေတာလဲ။ ဘာလဲ ကျုပ်အဝရွှေနန်းသူ လုပ်ချင်တာကို လှောင်တာလား"

"ဟာ… မဟုတ်ပါဘူး။ မဟုတ်ပါဘူးဗျာ"

"ဒါဖြင့် ဘာလဲ"

"ဟိုဟာပါ ခင်ဗျာ။ အဲ… ဂျမ်းနဲ့ တိမ်တောင်တက်ဆံထုံး၊ ရွှေကျင်ခတ်ပဝါနဲ့ ဆိုရင် သိပ်လှမှာပဲလို့"

ပြောမိပြောရာပြောလိုက်ပြီးမှ အားနာသွားသည်။ ဂျမ်းစိတ်ဆိုးသွားလေမလား။

သို့သော် သူကမူ...

"ဒါပေ့ါ ဒန်းနီဆိုးလို့ ကွမ်းလေငုံလို့ မြိတ်စို့ဆံထုံးနဲ့ ဆင်စွယ်လယ်တော်နဲ့ ခြေနင်းပျော့ အစိမ်းရောင်လေးနဲ့ဆို သိပ်ပျော်မှာ"

အရည်လက်နေသော မျက်လုံးဝိုင်းကြီးများကို ကြည့်ရင်းမှပင်...

"ဟာ... ဒီအတိုင်းပဲ ကောင်းပါတယ်ဗျာ"

"ဘာပြောလိုက်တယ် နမ်းဖတ်သည်"

"သြော်... ဒီအတိုင်းလည်း လှပါတယ်လို့"

ခစ်ခနဲ ဂျမ်းရယ်သည်။ ရှက်စနိုးအသွင် ရွံ့တွန့်တွန့်ဟန်မရှိ။

"မြှောက်တော့ မပြောနဲ့နော်။ ကျုပ်ကလဲ ကျုပ်လှတယ်ပြောရင် သိပ်သဘောကျတာ"

"တကယ်ပြောတာပါ။ မြှောက်တာမဟုတ်ပါဘူး။ ဂျမ်း တကယ်လှတာပါ"

"တော်က စျေးရောင်းတော့သာ အ,အကြီးဖြစ်နေတာ။ ခုလိုကျတော့လဲ အသွက်ကြီးပါလား"

သြော်... ကိုယ်က ပြန်ရှက်ရမယ့်အဖြစ်။ ဂျမ်းပြောလိုက်တော့မှပင် နှုတ်ဆွံ့သွားရပြန်သည်။ ဝံ့ဝံ့စားစား တစ်ချိန်လုံး ငေးကြည့်နေမိသော အကြည့်များကိုလည်း ကမန်းကတန်း သိမ်းကာ ခေါင်းငုံ့မိတော့သည်။

"သြော်... နေပါဦး။ စကားသာပြောနေတာ တော့်နာမည်လဲ ခုထဲမသိရသေးဘူး။ နမ်းဖတ်သည် နမ်းဖတ်သည်နဲ့ ပြောရတာ တစ်မျိုးကြီးတော့်။ နာမည်ဘယ်လိုခေါ်သတုံး"

ဦးနှောက်ကို အလျှင်အမြန် အလုပ်လုပ်စေရတော့သည်။ ဆုတ်ဆိုင်း နေလို့မဖြစ်။ အခုပင်လျှင် မူပျက်ချင်နေပြီ။ ထို့ကြောင့် ထွက်မိထွက်ရာ...

"တေက်... တဲ့"

"တေက်။ အဲ... ကန်တော့... ကန်တော့။ ကိုရင်တေက် ဟုတ်လား"

"ဟုတ်ကဲ့။ တေက်ပါ"

"အင်း… တော့်နာမည်က ခုတစ်လော သတင်းမွှေးနေတဲ့ ခိုးသားကြီး တေက်ပြားနဲ့ ခပ်ဆင်ဆင်ပဲနော်"

"ဟုတ်ကဲ့… ဟုတ်ကဲ့"

"အဘ၊ အမိကော ရှိသေးလား"

"အဲဒါလဲ ဟိုဂျမ်းလိုပဲ အမိမရှိတော့ဘူး။ အဘအိုကြီးနဲ့ နေရတယ်"

"အဘအိုကြီးကို လုပ်ကျွေးနေတာပေါ့။ ကောင်းပါပေ့တော် ကောင်းပါပေ့။ ဒါပေမယ့် တော့် နာမည်ကြီးက ခိုးသားကြီး နာမည်နဲ့ သွားဆင်နေတာ ဆိုးလှတယ်"

"ခိုးသားကြီး တေက်ပြားက ဆိုးသလား ဂျမ်း"

"အဲ… ဘယ်လိုပြောရမလဲ ကိုရင်တေက်ရယ်။ ခိုးသားကြီးက သိပ်မဆိုးလှဘူး ပြောကြတာပဲ။ သတ္တိလဲ သိပ်ကောင်း၊ သိပ်လဲ စွမ်းတာတဲ့။ ဒါပေမယ့် ခိုးတယ်ဆိုတာကိုက မကောင်းဘူး မဟုတ်လား"

"ခိုးတာမကောင်းရင် ခိုးသားကြီး တေက်ပြားလည်း မကောင်းဘူးပေါ့ ဂျမ်း"

"ဒါပေမယ့် ခိုးသားကြီး တေက်ပြားကတော့ ဟင်း… ကျုပ်မပြောတတ်တော့ဘူး။ ကဲပါ… ကိုရင်တေက်ရယ် ထားလိုက်ပါတော့။ တော်… ဈေးဆက်ရောင်းဦးမှာ မဟုတ်လား။ ကျုပ်လဲ ပြန်တော့မယ်။ အဘမျှော်လှရော့မယ်"

အတူဆက်နေချင်သေးသော်လည်း နေရန်အကြောင်းမရှိ။ လွင့်ပျံချင်သော အတွေးတို့ကို ထိန်းသိမ်းလိုက်ရသည်။

"ဟုတ်ကဲ့… ဈေးရောင်းရဦးမှာ"

"ကိုင်း… သွားပေဦးတော့ ကိုရင်တေက်ရေ"

ဂျမ်းလှည့်ထွက်သွားသည်။ တဖြည်းဖြည်းဝေးကွာပျောက်ကွယ်တော့မည်ကဲ့သို့ ခံစားရသည်။ ဤအဖြစ်ကို မခံနိုင်။ ဂျမ်းနှင့်ထပ်၍…

ရုတ်တရက် အကြံပေါ်လာသည့်အတွက် မိမိကိုယ်မိမိ ကျေးဇူးတင်ရမည်။ ဂျမ်းနောက်သို့ ခြေလှမ်းကျဲများဖြင့် လိုက်ခဲ့ရင်း…

"ဂျမ်း… ခဏနေပါဦး ဂျမ်း"

"ဘာလဲ ကိုရင်တေက်"

"ဟိုဟာပါ။ ကျုပ်အကူအညီတစ်ခု တောင်းချင်လို့ပါ"

"ဆို"

"ဒီလိုလေ ကျုပ်က နမ်းဖတ်သည်သာ ဖြစ်နေတာ။ ဈေးမရောင်းတတ်ဘူး။ ဒီပုံနဲ့တော့ အဘအိုကြီးကို ကျုပ်လုပ်ကျွေးရတာ ဟန်မကျဘူးလေ။ ဒီတော့ အကယ်၍ပေါ့လေ။ တစ်နေ့မှာ အခု ကျုပ်ရဲ့ နမ်းဖတ်ကိစ္စ ပြတ်သွားပြီဆိုရင်ပေါ့လေ။ ဂျမ်းတို့အဘက လက်ခံမယ်ဆိုရင် ဂျမ်းတို့ရဲ့ ပန်းပဲဖိုမှာ ကျုပ်အလုပ်လာလုပ်ချင်လို့ပါ။ ဘာပဲလုပ်ရလုပ်ရပါ။ အဲဒါ အဘကို ဂျမ်း ပြောပေးပါလား"

မျက်လွှာပင့်အကြည့်ကို ရင်ဆိုင်လိုက်ရသည်။ ပထမဆုံးအကြိမ် သူ့ထံမှ အဓိပ္ပါယ်တစ်စုံတစ်ခုကို ဝှက်ကွယ်သော၊ လျှို့ဝှက်အနက် တစ်ခုခုကိုဆောင်သော၊ စူးစမ်းချင့်ချိန်မှု ပါသော အကြည့်။

တတွတ်တွတ်ရေရွတ်သော ကရားနှုတ်သီးမှ ရေပန်းသွားသည့်ပမာလည်း ရှိသည်။ ဆုတ်ဆိုင်းဆိုင်း အသွင်ကို တွေ့ရသည်။

ဂျမ်း တော်တော်နှင့်စကားမဆို။

"ဘယ်နှယ့်လဲဟင် ဂျမ်း"

မျက်လုံးရွဲကြီးများကို မျက်တောင်တစ်ချက် လေးပင်ဖြည်းဆေးစွာ ပုတ်ခတ်လျှက် တစ်လုံးချင်း သူပြောလေသည်။ အသံခပ်တိုးတိုး ဖြစ်သည်။

"အင်းလေ။ အဘကို ကျုပ်ပြောကြည့်ဦးမယ်"

ဈေးရုံတော်ထောင့်တစ်ဖက်သို့ ဂျမ်းချိုးဝင်ပျောက်ကွယ်သွားသည်အထိ နေရာမှာ အစွဲအမြဲရပ်ကာ အစဉ်တစိုက်ကြည့်နေမိသည်။ မြင်ကွင်းထဲမှ ဂျမ်းလုံးဝပျောက်ကွယ်သွားတော့မှပင် နမ်းဖတ်တောင်းနှစ်လုံးတွင် လျှိုထားသော ထမ်းပိုးကို ကောက်ချီလိုက်သည်။ ထမ်းပိုးနှင့်အတူ လေးလံလှသော နမ်းဖတ်တောင်းနှစ်လုံးသည် ဇွေခနဲ မြောက်ပါလာသည်။

အဆင်အသွေးစုံ လိပ်ပြာလေးတစ်ကောင် ရင်ထဲမှာ ထက်အောက်စုန်ဆန်လူးလာခေါက်တုံ့ဖြတ် ပျံသန်းနေသည်ကို ခံစားရသည်။ ခြေလှမ်းများကလည်း ပေါ့ပါးလှုဘိခြင်း၊ 'အဝ' မြေကြီးနှင့်မှ ထိပါလေစ ထင်ရသည်။ တစ်ခါမှ မကြုံဖူးသော ပျော်ရွှင်မှုမျိုး။

နမ်းဖတ်သည် နမ်းဖတ်သည်ဖျိုးဟု မအော်မိလိုက်စေရန် သတိထားနေရသည်။ ကျောက်ဂူမှာ ကျန်ခဲ့သော ဝရီးကို

MMCYBERMEDIA
COMMUNITY FOR ALL

သတိရသည်။ ဝရီး တောက်ပြားရေ ကျုပ်တော့ ချစ်စရာအကောင်းဆုံး မိန်းကလေးတစ်ယောက်ကို တွေ့ခဲ့ပြီဗျို့ဟု တိုင်တည်မိလေသည်။

"ဟင်"

နှုတ်မှပင် အသံထွက်ကျသွားသည်။

အို... ဟုတ်ပေသားပဲ။ အင်းဝကို လာခဲ့သည်က စနည်းနာဖို့၊ ဝရီးကို သတိရမှပင် လာရင်းကိစ္စကို သတိရတော့သည်။

ခက်ပါလားဂျမ်းရေ။ မင်းနဲ့တွေ့တာနဲ့ပဲ အယောင်ယောင်အမှားမှား ဖြစ်ရပါဘိ။ ကျုပ်ကိစ္စတွေလဲ ကျုပ်မေ့လို့။

လူကွဲစပြုလာပြီဖြစ်သော ဈေးရုံတော် အနောက်ဘက်သို့ လျှောက်ခဲ့သည်။ ပုံကျဈေးသည်သာ ရှိတော့သည်။ အကြော်ဆိုင်၊ ထမင်းဆိုင်များတွင်တော့ လူစည်ဆဲ၊ ထန်းရည်မူးသမားတို့လည်း စကားဖောင်ဖောင် ပြောစပြုလာကြပြီ။ 'စနည်းနာ' ဖို့ အကောင်းဆုံးအနေအထား။

ထန်းရည်ဆိုင်တစ်ဆိုင်နှင့် ကပ်လျှက်ရသော ထမင်းဆိုင်ရှေ့ဘက်တွင် နမ်းဖတ်တောင်းကို ချလိုက်သည်။ ထမ်းပိုးကို ချွတ်၍ တောင်းပေါ် ကန့်လန့်ဖြတ်တင်သည်။ တကယ့်နမ်းဖတ်သည်ကြီးများအတိုင်း ပဝါကိုဖြုတ်၍ သျှောင်ကို ပင့်တင်၍ နဖူးထက်မှ ချွေးများကို ပဝါဖြင့် သုတ်လိုက်သည်။

ဟောင်ဖွာဟောင်ဖွာ ပြောနေကြသည့် ထန်းရည်သမားများ၏ စားပွဲနှင့် ကပ်လျှက် စားပွဲတွင် နေရာယူလိုက်သည်။

"ထမင်းတစ်ပွဲပေးပါဗျို့။ ဟင်းကတော့ ချချင်ရာချဗျာ"

* * * * *

"အဲဒါနဲ့ ကျုပ်လဲ သူတို့ ထန်းရည်ဝိုင်းထဲ ဝင်ရောလိုက်တာပေါ့။ ကျုပ်ကပဲ နှစ်မြုထပ်မှာပေးတာကိုး ဝရီးရဲ့။ သူတို့ဆိုတာများ ဝမ်းသာအားရနဲ့ ထန်းရည်မော့ကြ၊ စကားပြောကြနဲ့"

ဝရီး တောက်ပြားကလည်း အင်းပင်မလိုက်ဘဲ ဆေးတံကိုသာအတွင်းသား ဖွာကာ တိတ်ဆိတ်စွာ နားထောင်နေသည်။

"ခိုးသားကြီး တောက်ပြားဟာတဲ့ ပေါင်မှာ ကြောင်ရုပ်ထိုးထားတယ်တဲ့။ သူတို့ပြောစကားလေ၊ အင်းဝတစ်လွှားမှာ

ဖြစ်နေတဲ့ သတင်းတွေ၊ ဂုဏ်ပျောရွက်ပေါ်မှာ အိပ်နေနိုင်လောက်အောင်ထိ ကိုယ်ဖော့နိုင်တာတွေရော၊ ကြောင်ဆင်း ကြောင်တက် အရုပ်ထိုးထားတာကြောင့် တော်ရုံအမြင့်သို့ လွှားခနဲ ခုန်ဆင်းနိုင်တာတွေရော စုံလို့ပါပဲ"

ဝရီး၏ ဆေးဆုံမှ ဆေးငွေများ တလူလူလွှန့်တက်လာသည်။

"အချို့ကလဲ ဂုဏ်အမြဲတေရထားတဲ့အတွက် တောက်ပြားဟာ စွမ်းတယ်လို့ ယုံကြည်တယ်။ နန်းတော်ထဲကျတော့ တောက်ပြားဆိုတာ တခြားမဟုတ်၊ ဝိဇ္ဇာတစ်ဦးတဲ့။ ထွက်ရပ်ပေါက်အတွက် ပစ္စည်းတစ်ခုခု လိုအပ်နေလို့ အဲဒီပစ္စည်းကလဲ နန်းတော်ထဲမှာရှိနေတာမို့ နန်းမြို့ထဲဝင်ရှာနေတာလို့ သတင်းဖြစ်တယ်။ ဒီပစ္စည်းရပြီးလို့ အဲဒီဝိဇ္ဇာဟာ သူ့လမ်းပေါက်ပြီဆိုရင် အင်းဝတစ်ပြည်လုံးကို ကယ်တင်လိမ့်မယ် ဆိုပဲဗျ"

ပြောရင်း ရယ်မိသည်။ ဝရီးကား အသံမပြု။

"ဘုဇပတ်ရွက်ကတော့ တယ်ရေပန်းစားတာကိုး ဝရီးရဲ့။ ကျုပ်ကိုယ်တိုင်မြင်ခဲ့တာ။ ဈေးရုံတော်အဝတွေမှာ ခင်းရောင်းနေတာလေ။ အဲဒါကလဲ ဝယ်ချင်တိုင်းမရဘူး။ ပရဆေးဆိုင်တွေက ဘုဇပတ်ရွက်လိုချင်ရင် သူတို့ဆိုင်က ဘာဆေးဆိုလား အဲဒါဝယ်မှတဲ့။ ကျုပ်ဝယ်မလို့ကပ်သွားတာ ကျုပ်ပုံကိုကြည့်ပြီး ဆိုင်ရှင်ကနှင်ထုတ်လို့၊ ဒါပေမယ့် ချိတ်ထားတဲ့ ဘုဇပတ်ရွက်ကိုတော့ အသေအချာ ကြည့်ခဲ့ပါတယ်။ ဝရီးရော ဘယ်ကလာ ကျုပ်တို့အရွက်ရမှာလဲ၊ သူတို့ဘာသာသူတို့ ဆူးနဲ့ဖောက်ပြီး ရေးထားတာကလား"

ရယ်စရာစကားပင် ဖြစ်သည်။ ဝရီးကား မတုန်မလှုပ် ရှိလွန်းလှသည်။ ဝရီးငြိမ်ချက်သား ကောင်းလွန်းသောကြောင့် အားမလိုအားမရ ဖြစ်လာသည်။

"ဝရီး... ကျုပ်ပြောတာ ကြားရဲ့လား"

ဝရီးထံမှ ပထမဆုံး တုံ့ပြန်သံရသည်။

"အင်း"

"ဝရီး ဘာကြောင့် စကားမပြောတာလဲ။ နေမကောင်းဘူးလား"

"လူကလေး စနည်းနာခဲ့တာ ဒါပဲလား"

အမေးကို အမေးဖြင့် တုံ့ပြန်သည်။

"ဗျာ"

"နေပြည်တော်ထဲက သတင်းတွေကတော့ စုံလှပါပြီ။ ရွှေနန်းတော်နဲ့ ဘုရင် သတိုးမင်းဖျား သတင်းကကော"

"ဩော်… ဒါလဲ ကျုပ်ရခဲ့ပါတယ်။ ထမင်းဆိုင်ကပြီးတော့ ရဲမက်တွေ အပန်းဖြေတဲ့နေရာ ရောက်ခဲ့ပါတယ်"

"အင်း… ဘာကြားခဲ့သလဲ လူကလေး"

"တောက်ပြားကို ခြေရာခံမမိလို့ ရဲမက်တွေ တောက်တခေါက်ခေါက် ဖြစ်နေကြတယ်"

"ပြီးတော့ကော"

"တချို့ကတော့ တောက်ပြားကို အဝတပ်တော်သားတွေ မဖမ်းနိုင်တဲ့အတွက် သူတို့ကိုယ်သူတို့ ရယ်စရာတွေ လုပ်နေကြတယ်"

"ပြီးတော့ကော"

"တချို့ကတော့ တောက်ပြားကို ဖမ်းဖို့ တင်းကျပ်တဲ့ အစီအစဉ်တွေ လုပ်ကြတော့မယ်တဲ့"

"အဲဒါကို ကျုပ်လိုချင်တာ ဆက်ပြောစမ်း လူကလေး"

"လေးပြင် လေးရပ် မြို့စောင့်တပ်တွေ ကင်းတပ်သားတွေ ကိုယ်ယောင်ဖျောက်ရဲမက်၊ လျှို့ဝှက်အထောက်တော် အစုံပဲတဲ့ ဝရီးရဲ့။ ပြီးတော့ ဒီအစီအစဉ်တွေအားလုံးကို ဘုရင့်ရဲ့မင်းဆရာ ပတူးသဃ်ရာဇာကိုယ်တိုင် စီမံချမှတ်ပေးသတဲ့"

ဝရီးက သက်ပြင်းရှည်ကြီးဆွဲကာ ဆေးတံကို ကျောက်တုံးထက်တွင် ခေါက်သည်။ ဆင်စွယ်စူးဖြင့် ဆေးအိုးထဲမှ ဆေးကြွင်းများကို အသာအယာ ခြစ်ထုတ်သည်။ ထို့နောက် သစ်နက်ရည်အိတ်ထဲမှ ဆေးများကိုထုတ်ကာ ဆုံတွင်းသို့ ဖြည့်သည်။ လှုပ်ရှားမှုအားလုံး လက်တစ်ဖက်တည်းဖြင့်။ ဝရီး ဆေးတံဆေးဖြည့်သည်မှာ ကြည့်ကောင်းလှသည်။ ကျွမ်းကျင်သော လက်ချောင်းများက တိကျသပ်ရပ်လှလေသည်။

ဝရီးဤသို့ တိတ်ဆိတ်စွာ ဆေးတံဆေးဖြည့်လျှင် တစ်ခုခုကို အလေးအနက် ပြောတော့မည်ဖြစ်သည်။ ဆုံထဲမှာ ဆေးပြည့်သောအခါ လက်မဖြင့် ဖိသိပ်ကာ မီးခတ်တွင် မီးခြစ်လျှက် ဆုံနှုတ်ခမ်းအတိုင်း သုံးလေးပတ်လှည့်ကာ မီးညှိသည်။ တယုတယ ညင်သာစွာ လှုပ်ရှားနေခြင်းမျိုး။

မီးခိုးထောင်းထောင်းထအောင် တစ်ချက်ဖွာပြီးမှ ဝရီးအသံထွက်လာသည်။

"မင်းဆရာ ပတူးသဃ်ရာဇာက စီမံချမှတ်တယ်တဲ့ ဟုတ်စ"

"ဟုတ်ကဲ့"

ဆေးတံငွေများ လွင့်ထလာပြန်သည်။ မီးခိုးငွေများနှင့်အတူ ဝရီးအတွေးပျံ့လွင့်ဟန်ရှိသည်။ သို့သော် အသွင်ကပကတိ

ငြိမ်သက်နေသည်။ ဝရီးက ငြိမ်သက်နေလေလေ မိမိက စိတ်လှုပ်ရှားလေလေပင်။ ဂျမ်းနှင့် ဒုတိယအကြိမ် တွေ့ဆုံခဲ့ခြင်းကို ပြောမထွက်။ ပထမအကြိမ်ကလည်း မပြောဖြစ်။ ဂျမ်းအကြောင်းကို ချန်ထားခဲ့ခြင်းသည် အပြစ်ဖြစ်နေလေမလားဟု တွေးမိသလို၊ တစ်ဘက်ကလည်း ဂျမ်းကိစ္စမှာ ဝရီးနှင့်မဆိုင်သေးဟု တွေးမိပြန်သည်။ လောလောဆယ် ဝရီးသိရန် မလိုသေး၊ တစ်နေ့သောအခါကျမှပင်။

"လူကလေး"

"ဗျာ"

"အဲဒီ စနည်းနာခဲ့တဲ့ကိစ္စ အသာထား။ လူကလေး တစ်နေ့ကုန်တစ်နေ့ခန်း အင်းဝထဲ သွားနေချိန်မှာ ကျုပ်လဲ ကျောက်ဂူထဲမှာ ဘာတွေလုပ်ထားသလဲဆိုတာ လူကလေးကိုပြရဦးမယ်"

ဒါများဝရီးရယ်ဟု စိတ်ထဲကပြောမိလေသည်။ ဝရီးဘာတွေ လုပ်ထားရမလဲ။ အလုပ်လုပ်ထားတဲ့ ပစ္စည်းတွေကို အမျိုးအစား သတ်သတ်စီခွဲပြီး စုပုံထားမှာပေါ့။ ဒါပဲမဟုတ်လား။

ဝရီးက ကျောက်ဂူအတွင်းဘက်ခေါ်သွားသည်။ ကျောက်ဖယောင်းတိုင် အလင်းအောက်တွင် ရတနာများမှာ ပြိုးပြိုးပြက် လင်းလက်နေကြသည်။

"လူကလေးနဲ့ ကျုပ်နဲ့ အလုပ်လုပ်ထားကြတဲ့ ပစ္စည်းတွေလေ။ ကြည့်စမ်း"

သည်မျှလောက်များပြားနေလိမ့်မည်ဟု မထင်မိ။ ဝရီးကအခုလို စနစ်တကျ ခွဲဝေစုပုံထားလိုက်တော့မှပင် အမျိုးအမည်များသလို အရေအတွက်လည်း များလှချည့်လားဟု သိရတော့သည်။

"ကိုင်း... ကြည့်စမ်း၊ ရွှေငွေ ပတ္တမြား ပုလဲ ကျောက်မျိုးစုံ၊ ဒါတွေဟာ လူကလေးနဲ့ ကျုပ်နဲ့ အလုပ်အတူလုပ်၊ အတူပိုင်တဲ့ ပစ္စည်းတွေ။ ဒါတွေတွေ့ရတော့ အခု လူကလေး စိတ်ထဲမှာ ဘယ်လိုနေသလဲ"

"ဘာပြောတာလဲ ဝရီး"

"လူကလေးနဲ့ ကျုပ်နဲ့ ပိုင်ဆိုင်တဲ့ ပစ္စည်းတွေလေ။ အင်းဝက အကြီးဆုံး သူကြွယ်ထက် ဆယ်ဆလောက် ပိုများတဲ့ ရတနာတွေလေ။ လူကလေးဟာ မနည်းမနော ချမ်းသာတာမဟုတ်ဘူး။ လူကလေး ဝမ်းမသာဘူးလား"

မဆိုင်းမတွပင် အဖြေပေးလိုက်သည်။

"ဘာဆိုင်လို့ ဝမ်းသာရမှာလဲ ဝရီးရာ။ ကျုပ်စိတ်ထဲမှာ ဟိုတုန်းကလိုပဲ အခုလဲရှိတယ်။ ဒါတွေပိုင်ရလို့ ဘာမှလဲ မဖြစ်ပါဘူး။ ဒါတွေရဖို့ အလုပ်လုပ်စဉ်အချိန်ကလေးမှာပဲ အရသာတွေ့တယ်။ လက်ထဲရလာပြီးတဲ့ အခါကျတော့ ဘာမှ စိတ်ထဲ ထိထိခိုက်ခိုက် မရှိလှပါဘူး။ ဘာဖြစ်လို့ မေးတာလဲဝရီး"

"လူကလေး တကယ်ပြောတာလား"

"တကယ်ပါ။ နေစမ်းပါဦး ဝရီးက အခုမှ ဘာဖြစ်လို့ ဒါတွေ ပြောနေရတာလဲ"

"ဟောဒီမှာ ကြည့်ဦး လူကလေး"

စားပွဲကဲ့သို့ ပြုလုပ်ထားသော မျက်နှာပြင်ညီ ကျောက်ချပ်ပေါ်မှာ သားရေလိပ် တစ်ခုကို ဝရီးကောက်ယူကာ ဖြန့်ပြသည်။

သားရေလိပ်ပေါ်တွင် မျဉ်းနှစ်ကြောင်း ထောင်လိုက် တားထားသည်။ နေရာသုံးခုရှိနေသည်။ တစ်ခုစီ၏ ထိပ်ဘက်တွင် ဝရီး၏ကြီးမားး၍ အရုပ်ဆိုးလှသော လက်ရေးများကို တွေ့ရသည်။

'ဘုရားတည်ရန်အစု၊ သူဆင်းရဲများ ဝေငှရန်အစု၊ ကိုယ့်ဖို့ အစု'

'ဘုရားတည်ရန်အစု'ဟူသော စာလုံးအောက်တွင် ရတနာပစ္စည်း အမျိုးအမည်နှင့် အရေအတွက်များ ရေးထားသည်။ သားရေလိပ်အောက်ခြေအထိ စာလုံးများ အပြည့်အကျပ်။

'သူဆင်းရဲများ ဝေငှရန်အစု' ဟူသော စာလုံးအောက်တွင်လည်း ထိုအတိုင်းပင်။ သို့သော် 'ဘုရားတည်ရန်အစု' လောက်တော့ စာမများ။ သားရေလိပ်တစ်ဝက်လောက်သာ နေရာရောက်သည်။ 'ကိုယ့်ဖို့ အစု' အောက်တွင်ကား အနည်းဆုံး သားရေလိပ် သုံးချိုးတစ်ချိုးပင် မပြည့်ချင်။

"နားထောင်စမ်း လူကလေး။ ကျုပ်သိပ်အရေးကြီးတဲ့ စကားပြောချင်တယ်။ လူကလေး ကျုပ်ဆီရောက်စတုန်းက ခိုးသားပညာတွေ သင်ပေးပြီးတဲ့နောက်မှာ ကျုပ်ပြောခဲ့တဲ့ စကားတွေ မှတ်မိသေးလား"

"မှတ်မိပါတယ် ဝရီး"

"သစ္စာဆိုခဲ့တာကိုကော"

"မှတ်မိပါတယ် ဝရီး"

"သစ္စာမဆိုခင် ကျုပ်ပြောခဲ့တဲ့ စကားကော"

"မှတ်မိပါတယ် ဝရီး"

"ဘာတဲ့လဲ"

"ပစ္စည်းတွေအပေါ်မှာလောဘမတက်ရ။ မိမိတစ်ကိုယ်တည်းအတွက် ခံစားခြင်းမပြုရ။ မိမိအသက်မွေးဝမ်းကျောင်းသည် အဒိန္နာဒါနကံ ကျူးလွန်သောအမှု၊ ဤအမှု၏ မှောင်မိုက်သောဒဏ်ကို ကောင်းမှုပြုခြင်းဆိုသော အလင်းဖြင့် တစ်ဝက်တစ်ခြမ်းပင် ကျေစေ၊ ကုစားရမည်တဲ့ ဝရီး"

"ဟုတ်လိုက်လေ လူကလေးရယ်"

ဝရီးက ပြောပြောဆိုဆို ပခုံးကို လှမ်းဖက်သည်။ ဝရီးအသံတုန်တုန်ယင်ယင် ရှိလှသည်တစ်ကြောင်း၊ တစ်ထွေးတစ်ပိုက်ကြီး ပခုံးကို ဖက်သည်တစ်ကြောင်းကြောင့် ရင်ထဲမှာ ဆို့နစ်ရလေသည်။

"ကောင်းမှုပြုခြင်းဆိုတဲ့ အလင်းရဲ့ တစ်ဝက်တစ်ခြမ်းပင် ဖြစ်စေ ကုစားရမယ်ဆိုတာ လူကလေး ခုနင်က ဖတ်ကြည့်ခဲ့တဲ့ သားရေလိပ်ပေါ်က ဘုရားတည်ရန်အစုဆိုတာပဲ လူကလေး"

"ဒါဖြင့်ရင် ဝရီးက"

"နေဦး လူကလေး။ ကျုပ်ပြောဦးမယ်။ ဘုရားတည်တယ်ဆိုတာ သာမညမဟုတ်ဘူးနော်။ ဒါ့ထား ကျုပ်ဘုရားတည်မယ်ဆိုတဲ့ နေရာမှာ ကျုပ်ရဲ့အကုသိုလ်တွေကို တတ်နိုင်သမျှ ဆေးကြောချင်တဲ့အပြင် တခြားရည်ရွယ်ချက်ရှိသေးတယ်။ အဲဒါပြောချင်လို့"

"ဟုတ်ကဲ့ ဝရီး"

"တောက်ပြားလို သူတစ်ပါးမျက်ရည်ပေါက်ကြီးငယ်ကျမှ အလိုဆန္ဒပြည့်တဲ့ ခိုးသားကြီးလို လူဆိုးလူမိုက်ကြီးကတောင်မှ သူခိုးထားတဲ့ ပစ္စည်းတွေနဲ့ ဘုရားတည်ခဲ့သေးတာ၊ တောက်ပြားလောက် မဆိုးမမိုက်သူ၊ တောက်ပြားထက် ဆိုးမိုက်တဲ့သူတွေလဲ အလားတူ ကုသိုလ်ကောင်းမှုမျိုး မပြုသင့်ပေဘူးလား"

"ဟုတ်တယ် ဝရီး"

"ဘုရားတည်မှုရယ် မဟုတ်ဘူးနော်။ ကိုယ်နိုင်သလောက် ကုသိုလ်ကောင်းမှုလုပ်ကြရမှာ။ လောကီအရေး၊ သံသရာအရေး"

တအံ့တသြပင် ဝရီးကို မော့ကြည့်မိသည်။ ကျောက်ဖယောင်းတိုင်မှ အလင်းတွင် ဝရီး၏အရုပ်ဆိုးသော မျက်နှာပြင်ကြီးသည် တစ်ခြမ်းမှောင် တစ်ခြမ်းလင်းလျှက်ရှိသည်။ လင်းနေသော အခြမ်းဘက်တွင် ဝရီး၏ ဖုထစ်ကြမ်းတမ်းမျက်နှာပြင်ကို တွေ့နေရသည်။ သို့သော် မျက်လုံးများကား တောက်ပနေကြလေသည်။

ဩော်… မြင်ရသော မြင်ကွင်းပင်လျှင် ဝရီး၏ဘဝကို ဖော်ပြနေသယောင်။ တစ်ခြမ်းမှောင် တစ်ခြမ်းလင်းသော မျက်နှာ…။

"ဆိုကြပါစို့ လူကလေးရယ်။ နောင်နှစ်ပေါင်းများစွာ ကြာတဲ့အခါ အနှစ်တစ်ရာနှစ်ရာ ဆိုပါတော့။ ကျုပ်တို့တည်ခဲ့တဲ့ ဘုရားပုထိုးလဲ ရှိနေသေးတယ်ဆိုပါတော့။ အဲဒီအခါ အဲဒီအနာဂတ်က လူတွေဟာ ဒီဘုရားကိုလာဖူးရင်နဲ့ ဩော်… ဒါဟာ ခိုးသားကြီးတောက်ပြားတည်ခဲ့တဲ့ဘုရား၊ ကြည့်စမ်း၊ ခိုးလို့ရတဲ့ပစ္စည်းတွေနဲ့ တည်ခဲ့တဲ့ဘုရား။ သူတောင်မှ ဒုစရိုက်

ရွှံ့နွံအိုင်ကြီးထဲမှာ မြုပ်နေရင်းနဲ့ ဒီလောက် အသိတရား ရှိနေသေးတာ တို့များဆို သူ့ထက်ရှိရမှာပေ့ါ ဆိုတဲ့ ဆင်ခြင်တရားလေး ဝင်သွားခဲ့ရင်”

“ဝရီး ကျုပ်… ကျုပ်ရင်ထဲ တစ်မျိုးကြီး ဖြစ်လာပြီဗျာ”

“နားထောင်စမ်းပါဦး လူကလေးရယ်။ နောက်တစ်ခု အဲဒီအနာဂတ်ကာလ ဟိုးအဝေးကြီးမှာ ဆိုကြပါစို့။ ကျုပ်ခိုးသားကြီး တောက်ပြားဟာ ကျူးလွန်ခဲ့တဲ့အပြစ်တွေကြောင့် မကျွတ်နိုင်တဲ့ ပြိတ္တာကြီး ဖြစ်နေပြီပဲထား။ စောစောက ဘုရားဖူးနေပြီး အမျှအတန်းပေးဝေဖို့များ သတိရခဲ့ရင်တော့ ကျုပ်မကျွတ်နိုင်ပါလား လူကလေးရယ်”

“ဝရီး ကျုပ်ငိုချင်လာပြီဗျာ”

ဝရီးထိုင်ရာမှ ထသည်။ သားရေပြားကို ပြန်လိပ်သည်။

“ကိုင်း… ကျုပ်ပြောချင်တာ ဒါပါပဲ။ ဒီတော့…”

သားရေလိပ်ကို ကျောက်စားပွဲပေါ် တင်လျက်…

“ကျုပ်တို့စိတ်တွေ အခုလောလောဆယ်ကို ပြန်ရောက်ကြရအောင်၊ အဲဒီလို အဲဒီလို အမှုကိစ္စတွေအတွက် ကျုပ်တို့ အလုပ်ဆက်လုပ်ကြရဦးမယ်”

လေသံပြောင်းသွားသလို အသွင်လည်း ပြောင်းသွားသည်။

“ဆက်လုပ်ကြရမယ်ဆိုပေမယ့် ကျုပ်က အိုလာပြီ လူကလေး။ လူကလေးကတော့ တစ်ရက်ပြီးတစ်ရက် နုပျိုလာသည်နဲ့အမျှ ကျုပ်က အိုလိုက်လာပြီ။ ဒါကြောင့် လူကလေးကိုပဲ ကျုပ်ဆက်အားကိုးရတော့မယ်”

“ကျုပ်လေ ဝရီး”

“ခဏလေး လူကလေး။ ကျုပ်စကားဆုံးတော့မှာပါ။ ခုဆိုရင် လူကလေး စနည်းနာခဲ့တဲ့ သတင်းတွေအရ တောက်ပြားကို ဖမ်းဖို့ မင်းဆရာ ပတူးသဃ်ရာဇာကိုယ်တိုင် အစီအမံတွေ ချနေပြီတဲ့ ဟုတ်စ”

“ဟုတ်ကဲ့”

“ကျုပ်ပြောမယ် လူကလေး။ မင်းဆရာ ပတူးသဃ်ရာဇာဆိုသူဟာ ပညာရှိပုရောဟိတ် တစ်ယောက်ပါ။ ဒါပေမယ့် သူက သတိုးမင်းဖျားရဲ့ ထီးနန်းရေးမှာပဲ ကျွမ်းကျင်သူပညာရှိ။ အခုလို ခိုးသားတစ်ယောက်ကို ဖမ်းဖို့အရေးဟာ ပတူးသဃ်ရာဇာရဲ့ အရေးမဟုတ်ဘူး လူကလေး”

“ဟင်… ဒါဖြင့်”

“ကျုပ်ထင်တယ်။ ထင်တာမဟုတ်ပါဘူး။ အတပ်ပြောရဲတယ်။ ဒီအရေးမှာ ပတူးသဃ်ရာဇာ မပါဘူး။ ရှေ့ဆက်ပြီး ကျုပ်တို့ သတိထားရမယ့်သူက နှစ်ဦးပဲရှိတယ်”

"နှစ်ဦး ဟုတ်လား ဝရီး။ ဘုရင်သတိုးမင်းဖျားက တစ်ဦးဆိုတာတော့ ကျုပ်သိပြီးသား။ နောက်တစ်ဦးကကော..."

ရင်အုံကြီး ဖိုမောက်လာသည်အထိ ဝရီးပင့်သက်ရှိုက်သည်။ သက်ပြန်လေနှင့်အတူ ဝရီးစကားဆိုသည်။ ပြတ်သားတိကျစွာ။

"မင်းကြီးသီလဝပဲ"

* * * * *

။၁၇။

"နောင်တော်မင်းကြီး မရောက်သေးဘူးလား"

သတိုးမင်းဖျား၏အသွင်မှာ စိတ်မရှည်ဟန် အတိုင်းသားပေါ်နေသည်။ ပင်ကိုကပင် အကဲဆတ်သော သတိုးမင်းဖျားသည် မင်းကြီးသီလဝရောက်မလာသေးသည့်အတွက် မျက်နှာထား တင်းမာနေသည်။ အခြားတစ်ပါးသောသူသာ ဤသို့ ညဥ့်ဦးယံသဘင်အပြီး စုံညီအခမ်းအနားသို့ တက်ရောက်ရန်နောက်ကျနေမည်ဆိုလျှင် သတိုးမင်းဖျားသည် ရှူးရှူးရှဲရှဲဖြစ်နေလောက်ပြီဟု မိဖုရားစောဥမ္မာ တွေးမိလေသည်။ ယခုနောက်ကျနေသူကား မင်းကြီးသီလဝ ဖြစ်သည်။ ရွှေနန်းရှင်သည် အဘယ်မျှခက်ထန်စေ မင်းကြီးသီလဝနှင့် ပတ်သက်လာလျှင်မူကား ရွှေနန်းရှင်သည် ထိန်းထိန်းသိမ်းသိမ်း ရှိတတ်လေသည်။

"နောင်တော်မင်းကြီး မရောက်လာသေးဘူးလား"

ဒုတိယအကြိမ် မေးခြင်းဖြစ်သည်။

သဉ္ဇာလီရှေ့တွင် ဒူးတုပ်နေသော ပတူးသဃ်ရာဇာ မနေသာတော့။

"မှန်လှပါ ဘုန်းတော်ကြောင့် မဆိုစလောက် အချိန်နှောင်းလိမ့်မည်ဖြစ်ကြောင်း မင်းကြီး အမှာတော်ရှိခဲ့ပါ၏ ဘုရင်မင်းမြတ်"

မိဖုရားစောဥမ္မာက ပတူးသဃ်ရာဇာကို မျက်ရိပ်ပြသည်။ သတိုးမင်းဖျား၏အာရုံကို လွှဲပြောင်းပေးဖို့ ဖြစ်သည်ဟု ပတူးသဃ်ရာဇာလည်း နားလည်လိုက်သည်။

"ပတူးသဃ်ရာဇာ"

"ဘုန်းတော်ကြောင့်ပါ နန်းမတော်"

"မောင်တော် ဘုရင်မင်းမြတ် အဝကိုမတည်ခင်က စစ်ကိုင်းနဲ့ ပင်းယအရပ်မှာ တဘောင်စနည်းနာပုံကို ပြန်လျှောက်စမ်းပါဦး။ နန်းမတော် နည်းနည်းမေ့နေတယ်"

မိဖုရားစောဥမ္မာ၏ ပရိယာယ်နောက်ကို ပတူးသဃ်ရာဇာ အရအမိ လိုက်နင်းလေသည်။

"မှန်လှပါ။ ပင်းယအရေးပ်ကတော့ အနေအထားမကောင်း၊ ရန်သူလာခဲ့သည်ရှိသော် မလှုပ်ကြံသာရှိတာနဲ့ပဲ ပင်းယကို ပယ်ဖျက်ခဲ့ပါတယ် နန်းမတော်"

"အင်း မှတ်မိပြီ"

"စစ်ကိုင်းအရပ်ကို တည်ဖို့ သင့်မသင့် တဘောင်နာတဲ့အခါကျတော့ ဒီလို တဘောင်ထွက်ပါတယ်"

"ဆိုစမ်း"

"ထဘီတောင်းစေ၊ ခြေကောင်းစေ၊ တဘက်ခါးဆီး ချွေးကြီးတစ်ဖြာ ပန်းမှသာ ပါတဲ့ဘုရား"

"တဘောင်ကို အဓိပ္ပါယ်ဖွင့်စမ်းပါဦး"

"တဘောင်ကို အဓိပ္ပါယ်ဖွင့်တယ်ဆိုတာမျိုးဟာ နက်နဲရှုပ်ထွေးလှပါတယ် နန်းမတော်။ ခွင့်ပြုတော်မူမယ်ဆိုရင်ဖြင့် အင်းဝအရပ် သင့်မသင့် တဘောင်နာတဲ့အခါမှာ ထွက်ခဲ့တဲ့တဘောင်ကိုပဲ လျှောက်တင်ပါရစေ"

"ဆိုစမ်း ပတူးသဃ်ရာဇာ"

"အင်းဝကို ရွှေးရာမှာ ထွက်တဲ့ တဘောင်က ပြယာယ်သလော၊ ပြယ်သလော၊ ပြယာယ်သင့်တိုင်း၊ မြနင့်နိုင်းသည်၊ စောကျိုင်းပတ်စာနက်သလော၊ အမွေးတစ်ဖုံမှာ ခွဆုံကို ရွယ်သလောလို့ ဆိုပါတယ်"

"အင်း နန်းမတော် မှတ်မိပြီ။ အဲဒီအချိန်က မောင်တော်ဘုရင်မင်းမြတ်ဟာ စစ်ကိုင်း ပင်းယ နှစ်ပြည်ထောင်တပ်မအလုံးအရင်းနဲ့ တပ်ကြီးတပ်ခိုင် တပ်လုံးတည်ပြီး နဝရတ်ရွှေဖောင်တော်နဲ့ ချီတက်တယ်မဟုတ်လား။ နေဦး ပတူးသဃ်ရာဇာ၊ ရွှေဖောင်တော်နဲ့ မောင်တော် စံနေတဲ့ အရပ်က ဘာတဲ့"

"ယောဝအရပ်ပါ နန်းမတော်"

"ဩော်... အင်း၊ ဟုတ်ပေသား၊ ယောဝအရပ်"

စင်စစ် မိဖုရားစောဥမ္မာသည် ပေါ်ခဲ့သော တဘောင်အားလုံးကိုလည်းကောင်း၊ ယောဝအရပ်ကိုလည်းကောင်း ကောင်းစွာ မှတ်သားသိရှိထားပြီး ဖြစ်သည်။ သို့သော် သတိုးမင်းဖျား နလုံးမသာဖြစ်နေခြင်းကို လွှဲပြောင်းပေးရန်အတွက် ကျွမ်းကျင်လိမ္မာစွာ စကားဆိုနေခြင်းပင်။

ပတူးသဃ်ရာဇာနှင့် အမေးအဖြေစကားဆိုရင်း စောဥမ္မာသည် သတိုးမင်းဖျားထံသို့ မသိမသာ ငဲ့၍ ကြည့်သည်။ စောဥမ္မာ၏ ရည်ရွယ်ချက်အောင်မြင်သည်။ ဘုရင်သည် စကားဝိုင်းကို စိတ်ဝင်စားဟန်ဖြင့် ဆိတ်ဆိတ် နားထောင်နေသည်။

"အင်းဝတည်ဖို့ ယာယီတဲနန်း စံနေတုန်းက တဲတော်တိုင်ကို မြွေကြီးအောက်ကနေပြီး မြွေကြီးတစ်ကောင် ပတ်နေသေးတာကော"

"မှန်လှပါ... စပါးကြီးမြွေကြီးကို ဘေးမဲ့လွှတ်ရင်း ကျွန်တော်မျိုးကြီး ကိုယ်တိုင် ဤမြစ်ဆုံဝ၌ ပြည်ကြီးဖြစ်၍ သာသနာတော်၏ ထွန်းပရာဖြစ်လတ္တံ့၊ ဤပြည်ကြီးကိုမှီ၍ အသက်မွေးသော သူတို့သည်လည်း ချမ်းသာစွာ ဖြစ်လတ္တံ့... ဆိုပြီး နိမိတ်ဖတ်ခဲ့ပါတယ် နန်းမတော်"

ပတူးသဃ်ရာဇာမှာ ပိဋ္ဋကဗေဒင် နှံ့စပ်သူဖြစ်သည့်အတွက် သူ့ပိုင်နိုင်ကျွမ်းကျင်သည့် နယ်ပယ်ရောက်လာသော စကားလုံးများကို အားပါးတရ ရွတ်လေသည်။ မိဖုရားစောဥမ္မာက ပြုံးသည်။ ဘုရင်သတိုးမင်းဖျားကား ပြေလျော့မသွားသေးသော မျက်နှာထားဖြင့်ပင် ခပ်မဆိတ်။

"မှန်လှပါ။ ရွှေနန်းရှင်ရဲ့အိပ်မက်တော် ခြောက်ရပ်မှာလဲ ပထမအိပ်မက်တော်ဖြစ်တဲ့ လက်ပံပင်ကြီးတစ်ပင်ပေါက်ခြင်း၊ ဒုတိယအိပ်မက်တော်ဖြစ်တဲ့ လက်ပံပင်အဖျားမှာ ဆဒ္ဒန်ဆင်ပျံနားခြင်း၊ တတိယအိပ်မက်တော်ဖြစ်တဲ့ ခက်မလေးဖြာ၌ ပရိက္ခရာရှစ်ပါးနှင့်တကွသော ရဟန္တာမြတ်လေးပါးတို့ သီတင်းသုံးတော်မူခြင်း၊ စတုတ္ထအိပ်မက်တော်ဖြစ်တဲ့..."

"ငါရောက်ပြီ"

ပတူးသဃ်ရာဇာ၏ သွင်သွင်စီးလေသော စကားအလျဉ်သည် ရုတ်တရက် ပြတ်တောက်သွားသည်။ ငါရောက်ပြီဟူသော အသံဝါကြီးသည် နန်းဦးဆောင် အဝင်တံခါးဝ၌ ပေါ်လာကာ ငှက်ခါးရောင် ပိုးသားခန်းဆီးစလှုပ်သွားပြီးနောက် လေးလံသော ခြေလှမ်းရွေ့သံကြီးကိုပါ ကြားလိုက်ရသည်။ တံခါးဝ၌ ပေါ်လာသည်ကား မင်းကြီးသီလဝ။

မင်းကြီးသီလဝကား ထုံးစံအတိုင်း သူ့အမြဲလိုလို ဆင်ယင်လေ့ရှိသော အဖြူရောင် ပုဆိုး၊ အဖြူရောင် ကတ္တီပါခြေနင်းနှင့် ပခုံးပေါ်တွင်လည်း ယင်ခြောက်ရန်အတွက် အဖြူရောင်ပဝါစကို လျော့ရိလျော့ရဲ တင်ထားသည်။ ထိုပိုးသားပဝါစကို ယင်ခြောက်ရန်ဟု ပခုံးပေါ်၌ တင်ထားစေကာမူ မင်းကြီး ယင်ခြောက်သည်ကို တစ်ခါမှ မတွေ့ဖူးကြချေ။

ကြီးမားကျယ်ပြန့်လှသော ခြေဖဝါးကြီးများကို ပွတ်ရွှေ့ကာ မင်းကြီးသီလဝ နန်းဦးဆောင်ထဲ ဝင်လာသည်။ သတိုးမင်းဖျားက ကိုယ်ကိုကြွ၍ ခရီးဦးကြိုသည်။ မင်းကြီးသည် သတ်မှတ်ထားသော နေရာတွင် ဝင်ထိုင်သည်။ ဘုရင့်သလွန်ထက် အနည်းငယ်သာ နိမ့်သော်လည်း မင်းကြီး၏ ထိုင်ခုံမှ နောက်မှီမှာ သလွန်အထက်သို့ မြင့်တက်နေသည်။

"အိပ်မက်တွေပြောနေတာ ငါကြားတယ်။ ဆက်မပြောနဲ့တော့"

ပတူးသဃ်ရာဇာ နှုတ်ဆိတ်သွားတော့သည်။ မင်းကြီးသီလဝ၏ ထိုင်းမှိုင်းလေးကန်သော လှုပ်ရှားမှုများ နောက်ကွယ်တွင် သူမတူအောင် ထက်မြက်နိုးကြားသော အာရုံများ ရှိနေကြောင်း ပတူးသဃ်ရာဇာ သိပြီးဖြစ်လေသည်။

"ညီတော်မင်းတရား ဘာကြောင့် ငါ့ကိုခေါ်သလဲ"

တစ်ချိန်လုံး တင်းမာနေသော သတိုးမင်းဖျား၏မျက်နှာထားသည် ယခုမှပင် ပြေလျော့သွားတော့သည်။ ကျင်စွယ်နှုတ်ခမ်းမွှေးကို လက်ဖြင့် သပ်လျှက် သတိုးမင်းဖျားက ရှေ့သို့ကိုယ်ကို ကိုင်းညွတ်ကာ...

"ခိုးသား တောက်ပြားကိစ္စပဲ နောင်တော်မင်းကြီး"

ဆက်ပြောဟူသော အဓိပ္ပါယ်ဖြင့် မင်းကြီးသီလဝငြိမ်နေသည်။

"ကိုယ်ရောင်ဖျောက်အထောက်တော်၊ လျှို့ဝှက်အထောက်တော်တွေနဲ့ မြို့ကင်းစောင့်တပ်မှူးတွေဆီက တညီတညွတ်တည်း သတင်းရတယ် နောင်တော်မင်းကြီး။

ရတဲ့သတင်းက ခိုးသားတောက်ပြားဟာ အဝနေပြည်တော်သူ၊ နေပြည်တော်သားတွေရဲ့ မေတ္တာကို ရနေသူဖြစ်နေပြီတဲ့။ သင်းကို မဖမ်းနိုင်တဲ့အတွက် အဝသားတွေကလည်း သဘောကျနေသတဲ့။ သင်းကို အကြောင်းပြုပြီး ရဲမက်တွေ၊ တပ်တော်တွေထဲမှာတောင် ရယ်စရာတစ်ခု ဖြစ်နေသတဲ့"

"အတွင်းသင်းမှူး ငနစ်အိမ် ဒုတိယအကြိမ် အခိုးခံရတဲ့ အကြောင်းကော မောင်တော်"

"အို... ငနစ်ကို ထားစမ်းပါ။ ဒီအတွင်းသင်းမှူးဟာ လူရေးတတ်တဲ့ကောင် မဟုတ်ပါဘူး။ သင်းစံအိမ်ဟာ နောက်ထပ်ဆယ်ကြိမ်လောက် တောက်ပြားအတက်ခံရဦးမှာ"

အတွင်းသင်းမှူးအပေါ် သတိုးမင်းဖျား မကြည်မသာရှိကြောင်း မိဖုရားစောဥမ္မာ သိရှိထားချက်မှာ ပို၍သေချာသွားလေသည်။

"တောက်ပြားအကြောင်း ဆက်ဦးမယ် နောင်တော်မင်းကြီး။ ဟောဒီ ပတ္တူသယ်ရာဇာက သူ့ယတြာ၊ ဓါတ်ဆင်၊ ဓါတ်ရိုက်ပညာနဲ့ ဒီခိုးသားကို အရအမိဖမ်းဖို့ အစီအမံချချင်ကြောင်း ညီတော်ကို တင်တယ်။ ဒါပေမယ့် ညီတော်လက်မခံပါဘူး။ ပတ္တူသယ်ရာဇာရဲ့ ပညာက တခြား၊ ခိုးသားအမှုက တခြားလို့ ညီတော်ယူဆတယ်"

"မှန်တယ်"

မင်းကြီးသီလဝက ရှေ့တည့်တည့်သို့ ကြည့်ရင်းပြောလိုက်သည်။

"ခိုးသားအမှုဟာ နေပြည်တော်မှာ ကြီးမားတဲ့အရေးတစ်ခုလို ဖြစ်လာပြီ နောင်တော်မင်းကြီး။ သူပုန်သူကန်အရေးမဟုတ်ဘဲ ခိုးသားတစ်ယောက်ကိစ္စအတွက် နောင်တော်မင်းကြီးကို ပင့်ခေါ်ရတာလဲ ညီတော်စိတ်မသန့်ပါဘူး။ ဒါပေမယ့် ဒီအရေးမှာ နောင်တော်ဝင်မှပဲ အရေးတော် ပြီးလိမ့်မယ်လို့ ညီတော်ယုံကြည်နေတယ်။ ဒါကြောင့် ဒီည ညဥ့်ဦးယံ ညီလာခံအပြီးမှာ နောင်တော်မင်းကြီးကို ခေါ်ရတာ"

"အစ်ကိုတော်မင်းကြီး။ ညနေစာများကော ပွဲတော်တည်ပြီးပါပြီလား။ အစော ပွဲတော်ပြင်ထားပါတယ်"

စောဥမ္မာက လက်အုပ်ချီလျှက် ပြောလေသည်။

"ငါစားခဲ့ပြီ"

သတိုးမင်းဖျားက စောဥမ္မာကို စကားမပြောရန် လက်ရိပ်ပြ၍ တားလိုက်သည်။ မင်းကြီးသီလဝသည် တူရှသို့ မမိတ်မသုန် ငေးငိုင်ကြည့်နေပြီး အတန်ကြာသောအခါ မျက်တောင်ကို လေးလံစွာ နှစ်ကြိမ်သုံးကြိမ်ပုတ်သည်။

"ငါလုပ်ပေးမယ်။ လူတစ်ယောက်လိုမယ်"

"နောင်တော်မင်းကြီး အလိုရှိရာလူကို ပြောပါ။ အလိုရှိရင် ညီတော်ကိုယ်တိုင်ပါ စာရင်းထည့်ပါ"

"မင်း မလိုသေးပါဘူး ညီတော်မင်းတရား။ အခု အမြင့်မြို့စားရှိလား"

အမြင့်မြို့စား တရဖျားစော်ကဲကား မိဖုရားစောဥမ္မာ၏ အစ်ကို၊ ဘုရင်သတိုးမင်းဖျား၏ ယောက်ဖတော်။ အမြင့်မြို့စားသည် အလွန်ကျစ်လျစ်သိပ်သည်းသူ ဖြစ်သည်။ နန်းဗိုလ်ပုံသို့မဝင်၊ လူသူအစုအဝေးကို ရှောင်ကာ အေးဆေးလွတ်လပ်စွာ နေတတ်သူလည်း ဖြစ်လေသည်။

"စောဥမ္မာ နမတော်ရဲ့ အစ်ကိုတော်ကော"

"မောင်ကြီးမြို့စား သူ့စံနန်းမှာပဲ ရှိမယ် မောင်တော်။ အခုအခေါ်လွှတ်ရမလား"

မင်းကြီးသီလဝက လက်ဖဝါးကြီးကို လေးဖင့်စွာ မြှောက်ကာလျှက်…

"နေပါစေ။ ငါလိုတဲ့အခါ ပြောမယ်။ သူ့ပြောထားလိုက်"

လက်ကိုပြန်ချကာ ပုံ့ပုံ့ကြီး ငြိမ်ကျသွားပြန်သည်။

"ကောင်းပါပြီ နောင်တော်မင်းကြီး။ နောင်တော်အလိုရှိတဲ့အချိန်မှာ အမြင့်မြို့စားကို နောင်တော့်ဆီ အခစားဝင်ရပါစေမယ်"

"ပြောစရာ ရှိသေးလား"

"လိုရာကြွနိုင်ပါပြီ နောင်တော်မင်းကြီး"

မင်းကြီးသီလဝ ထိုင်ရာမှ ထသည်။ မည်သူ့ကိုမျှ မကြည့်ဘဲ နန်းဦးဆောင် တံခါးဆီသို့ လျှောက်သွားသည်။ မိဖုရားစောဥမ္မာက အလျှင်အမြန် ဦးအောင်လျှောက်သွားကာ ပိုးသားခန်းဆီးကို လှပ်ပေးသည်။ မင်းကြီးသီလဝ ထွက်သွားသည်။

နန်းဦးဆောင်သည် တိတ်ဆိတ်ငြိမ်သက်စွာ ကျန်ရစ်ခဲ့လေသည်။

* * * * *

MMCYBERMEDIA COMMUNITY FOR ALL

။၁၈။

ရက်အတန်ကြာမျှ ကျောက်ဂူထဲတွင် အနားယူပုန်းအောင်းနေခဲ့ရသည်ဖြစ်၍ အကြောအချင်များ လေးတွဲချင်သလို ဖြစ်နေသည်။ ဝရီးကလည်း ခုနောက်ပိုင်းမှာ ဘုရားတည်ဖို့အကြောင်းကိုသာ တွင်တွင်ပြောနေပြီး ရတနာပစ္စည်း စာရင်းတွေချည်း တစ်ချိန်လုံး လုပ်နေသည်။

ဝရီးကို သနားသောကြောင့်သာ ဝရီးအလိုကျ ဂူအောင်း၍ ရွှေပုံငွေပုံတွေကြား စာရင်းတကုတ်ကုတ် လုပ်နေရသော်လည်း စိတ်ရောကိုယ်ပါ ညောင်းညာလေးလံနေသည်။ ဝရီးက လူကလေး ဒီနေ့တော့ အပြင်ထွက်ကြစို့ဟု ပြောလိုက်သောအခါ ထခုန်မိမတတ် ပျော်သွားသည်။

"ဘယ်အိမ်သွားမလဲ ဝရီး"

ဟု မေးသောအခါ...

"ရွှေငွေကျောက်သံပတ္တမြားကတော့ စုံသင့်သလောက် စုံပြီ လူကလေးရဲ့။ ဒါပေမယ့် ကျုပ်လိုချင်တာ တစ်ခု ကျန်နေသေးတယ်"

"ဘာလဲ ဝရီး"

"စိန်"

"စိန်... ဟုတ်လား"

"အေး... ကျုပ်လိုချင်တဲ့ အရွယ်အစားရှိတဲ့ စိန်မျိုးကတော့ ဘုရင်သတိုးမင်းဖျား ရွှေနန်းတော်နဲ့ ရွှေတိုက်စိုးရဲ့စံအိမ် ဒီနှစ်ခုမှာပဲ ရှိမှာ"

"ဒါဆိုလဲ ဝရီးရာ ဘုရင့်ရွှေနန်းတော်ဆီပဲ တစ်ခါတည်းဝင် အလုပ်လုပ်လိုက်ကြရအောင်လား"

"လှေကားဆိုတာ အောက်ထစ်ကနေ အထက်ကို တက်ရတယ်။ သူ့လှေကားထစ်အတိုင်း ရှိနေပါလျှက်နဲ့ ခုန်ကျော်ပြီးတက်ရင် လိမ့်ကျတတ်တယ်။ ကျုပ်တို့ဟာက အလျှင်စလို မဟုတ်ဘူး လူကလေး။ ရွှေတိုက်စိုးဆီမှာ မဟန်မှ ရွှေနန်းတော် ဝင်ကြတာပေါ့"

"ဒီညနော် ဝရီး"

"မဟုတ်ဘူး နက်ဖြန်ည လူကလေး"

* * * * *

ဆောင်တော်ကူးပန်းနံ့သည် လေပြည်ထဲတွင် တစ်ဆုပ်တစ်ပွေ့ကြီး ပါလာသည်။ အပင်ထက်တွင် ဤမျှအနံ့မသင်းပါ။ လေပြည်နှင့်မှ အနံ့သင်းတတ်သော ဆောင်တော်ကူးပန်းရနံ့၏ ပရိယာယ်ကို သဘောကျမိသည်။

ချုပ်ညနေရီ၏ အောက်ဝယ် အဝေးဆီမှ အင်းဝရွှေနန်းတော်ပြာသာဒ်ကို ညိုမှောင်းစွာ တွေ့နေရသည်။ ပြပြရေးရေး အလင်းတွင် ရွှေနန်းတော်ပြာသာဒ်သည် တင့်တယ်စွာ ကောင်းကင်ထက်သို့ ထိုးဝင်နေသည်။ အနောက်မိုးကုတ်စက်ဝိုင်း အရေးအကြောင်းဆီမှ ဖြာထွက်နေသော နေခြည်မျှင်များသည် လောကကို မခွဲခွာနိုင်ဟန် ကုတ်တွယ်ထားသယောင် ရှိသည်။ ဝင်ဆဲနေလုံးကြီး၏ နှုတ်ဆက်ခန်းသည် လှပလွန်းသောကြောင့် တစ်နေ့ခင်းလုံး ပူပြင်းခဲ့သမျှကို ခွင့်လွှတ်ရတော့မလို။

တစ်ညနေလုံး ဝရီးနှင့်အတူ ပွဲဝင်လေ့ကျင့်ခဲ့သောကြောင့် တောင့်တင်းနေသော အကြောအချင်များလည်း ပြေသွားပြီ။ ယနေ့ညအဖို့ အလှဆုံး လှုပ်ရှားကြတော့မည့် လက်ချောင်းကလေးများကို ဆုပ်ချည်ဖြန့်ချည် လုပ်ကြည့်မိသည်။ လက်မ၊ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်၊ လက်သန်း တစ်ချောင်းချင်းစီကို ကွေးညွတ်လျက်၊ တန်းဆန့်လျက်၊ ပူးကပ်လျက်၊ ဖဲခွာလျက်၊ ကုပ်သွင်းလျက်၊ ကော့လန်လျက် လေ့ကျင့်ကြည့်သည်။

လပေါင်းများစွာ အလေ့အကျင့်နှင့် ထိန်းသိမ်းစောင့်ရှောက်ထားမှုတို့ကြောင့် စိတ်စေတိုင်း လက်ချောင်းကလေးများ အလိုက်သင့် လှုပ်ရှားနိုင်ကြသည်။ ကျောက်ဂူမျက်နှာစာရှိ ကမ္ဗထိပ်ပေါ်တက်၍ ကြည့်သည်။ ပို၍ ဝေးသော ပို၍ ပြန့်သော မြင်ကွင်းကို တွေ့ရသည်။

အင်းဝဆီတွင် မြူဆိုင်းလေပြီ။ အပြာလဲ့တွင် မှိုင်းညို့သော အငွေ့တန်းများက ရှည်လျားလှစွာ ကန့်လန့်ဖြတ်နေသည်။ အကယ်၍သာ စိမ်းညို့သော တောနှင့်သစ်ပင်များသာ မရှိပါက ရွှေရောင်တောက်သော မြူတို့အကြား ကောင်းကင်တွင် လွင့်မျောနေသော နတ်ဘုံနတ်နန်းတစ်ခုဟု ဆိုနိုင်ပေသည်။

"လူကလေး လာပါဦး။ အချိန်စောပါသေးတယ်"

ကျောက်ဂူဝဆီမှ ဝရီးက လှမ်းခေါ်သည်။

အိပ်တန်းဝင် အင်းဝကို မနည်းသံယောဇဉ်ဖြတ်ကာ ဝရီးထံ လျှောက်ခဲ့ရသည်။

ဝရီးကား ဆေးတစ်ဆုံဖြင့် အကျအန တင်ပျဉ်ခွေထိုင်နေလေသည်။

"ထိုင်ပါဦး လူကလေး"

ဝရီးနှင့် မျက်နှာချင်းဆိုင်တွင် တင်ပျဉ်ခွေထိုင်လိုက်သည်။ နူးညံ့ရှုတ သဲပြင်၏ အေးသော အတွေ့သည်လည်း နှစ်လိုဖွယ်ပင်။

"ဒီညထွက်ပြီး အလုပ်လုပ်ရမှာက စိန်နော် လူကလေး"

"ဟုတ်ကဲ့"

"ဘုရားအတွက်နော်"

တစ်ခါတစ်ခါ ဝရီးကို စိတ်မရှည်ချင်သည်မှာ သည်လိုအပြောမျိုးပင်။ အသက်ကြီးလာသောကြောင့်လားမသိ။ ဝရီးသည် စကားသစ်တစ်ခွန်းကို ပြောချင်ပြီဆိုလျှင် စကားဟောင်းတွေ လေးငါးဆယ်ခွန်း ချီချီနေတတ်သည်။ ပြီးတော့ ပြောရမှာလည်း သတိပေးသံ၊ နှိုးဆော်သံမျိုး ပါနေတတ်သည်။

"လူကလေး အားလုံးလေ့ကျင့်ပြီးပြီနော်။ အာရုံအားလုံးနိုးကြားနေပြီနော်"

နိဒါန်းသွယ်ချင်သမျှ သွယ်စေဟု ခွင့်လွှတ်လိုက်ရတော့သည်။

"ခိုးသားကောင်းတို့ရဲ့ ဆင်ခြင်နှလုံးသွင်းမှုလဲ ရပြီမဟုတ်လား"

"ဟုတ်ကဲ့"

"ဒီတစ်ခေါက် သိပ်အရေးကြီးတယ် လူကလေး"

ယခုမှပင် လိုရင်းသို့ ချီတော့သည်ဟု အောက်မေ့မိလေသည်။

"ဘုရားတည်ဖို့အတွက် စိန်ဆိုတဲ့ ပစ္စည်းတစ်ခုတည်းအတွက်ဆိုတဲ့ ပြဋ္ဌာန်းချက်နဲ့ ထွက်ကြရမှာ။ အခါတိုင်း ကျုပ်တို့အပြင်ထွက်ကြရင် အလုပ်လုပ်မယ့် အိမ်ဝန်းကျင် အခြေအနေတွေလောက်သာ ကြိုတွက်ထားကြတာ။ ကြိုရွေးချယ်ထားကြတာ"

"ဟုတ်ကဲ့ ပြောပါဝရီး"

"အလုပ်လုပ်မယ့် နေရာရောက်တော့ အဆင်သင့်တဲ့ပစ္စည်း ရတဲ့ပစ္စည်းကို ရသလိုနည်းနဲ့ ယူခဲ့ကြတာ၊ ဘာပစ္စည်း ညာပစ္စည်း ကြိုပြီးသတ်မှတ်တာ မဟုတ်ဘူး"၏

"ဟုတ်ကဲ့"

"အခုဟာက စိန်ကလွဲပြီး ကျန်တာဘာမှမယူရဘူး။ ဖြစ်နိုင်လို့ လှည်းဆယ်စီးတိုက် ရွှေငွေ အဆင်သင့်တွေတောင်မှ ကျုပ်တို့ မျက်ကွယ်ပြုပစ်ရမယ်။ ဒါကို လူကလေး ထပ်ပြီး ကြပ်ကြပ်နှလုံးသွင်းထားစမ်း"

ဝရီးလေသံ အမိန့်သံပေါက်လာသည်။

"စိန်မတွေ့ရင် အဆင်မသင့်ရင် လက်ချည်းဗလာပြန်ကြမယ်။ ပြီးတော့ ရွှေတိုက်စိုးအိမ်မှာ စိန်မတွေ့ရင်လဲ ဆက်မရှာဘူး။ ဆိုလိုတာက ဘုရင့်ရွှေနန်းတော်ကို မသွားဘူး"

"ဘာကြောင့် မသွားရမှာလဲ ဝရီးရဲ့။ ရွှေနန်းတော်မှာ စိန်အသေအချာ ရှိနေတာပဲဥစ္စာ"

"ရွှေနန်းတော်မှာ စိန်အသေအချာရှိသလို အခါတိုင်းထက် သုံးလေးငါးဆ ထူထပ်တဲ့ အစောင့်အနေ၊ အကွပ်အညှပ်လဲ အသေအချာ ရှိနေမယ်ဆိုတာကို လူကလေး ထည့်မတွက်ဘူးလား"

"ဟာ... ဝရီးရာ ဒါဆိုလဲ ကျုပ်တို့ဘက်က ခါတိုင်းထက် သုံးလေးငါးဆ ပိုပြီးကြိုးစားလိုက်ရုံပဲပ"

"အိုး... ဒါ လူကလေးက ငယ်သူတို့ရဲ့ မာန်နဲ့ ပြောတာကိုး"

ဝရီးကလဲ ကြီးသူတို့ရဲ့ပျော့ညံ့ခြင်းနဲ့ ပြောတာပါဗျာဟု စိတ်ထဲက ပြန်ပြောမိသည်။

"နားထောင်စမ်း လူကလေး။ ကျုပ်မကြာခင်ကမှ ပြောခဲ့တာပါ။ လူကလေး နောက်ဆုံးတစ်ခေါက် စနည်းနာထွက်ပြီး ပြန်လာတဲ့ညကလေ"

ဂျမ်းကို ပြင်းပြင်းပြပြ သတိရလိုက်သည်။ အတွေးတို့သည် တသီတတန်းကြီး တစ်မုဟုတ်ချင်း ပေါ်လာသည်။ ရွှေလောင်းပန်းပဲဖိုသည် မည်သည့်အရပ်တွင် ရှိသနည်း။ ရွှေလောင်းဆိုသည်မှာ အရပ်၏အမည်လား၊ ပန်းပဲဖို၏ အမည်လား၊ ဂျမ်းကို မမေးလိုက်မိသည့်အတွက် ယခုမှပင် ကိုယ့်ကိုကိုယ် အပြစ်တင်မဆုံး။ သည်အချိန်လောက်ဆို ဂျမ်းတို့သားအဖ ထမင်းစားပြီးကြလောက်ပြီ။ ဂျမ်းအဘက ဖိုတွင်ဝင်နေမည်။ ဂျမ်းကတော့ ရောင်းရသော အသပြာတွေကို တွက်နေမလား၊ ဗိုင်းငင်နေမလား၊ နောက်တစ်နေ့ ဈေးထွက်ဖို့ ပြင်ဆင်နေမလား၊ အို...။

"ဟုတ်တယ်မဟုတ်လား လူကလေး"

"ဗျာ..."

ဝရီးက ဆေးတံကို ချွတ်လျက် မျက်လုံးများ ဝေ့ယမ်းကြည့်သည်။

"ကျုပ်ပြောတာ လူကလေးမကြားလိုက်ဘူး။ အာရုံဘယ်ကို ပြန့်နေသလဲ။ ခုလိုချိန်ကြီးမှာ"

ရှက်သွားသည်။ ပျံ့လွင့်သွားသော စိတ်ကူးများအတွက် ကိုယ့်ကိုကိုယ်လည်း အပြစ်တင်လိုက်မိသည်။ အလုပ်လုပ်ခါနီး အပြင်ထွက်ခါနီး ယခုလို အချိန်မျိုးမှာ စိတ်အတွေးတို့ မပျံ့လွင့်ကောင်း။

"ကျုပ် တစ်ချက် လစ်သွားတယ် ဝရီး"

MMCYBERMEDIA
COMMUNITY FOR ALL

ဂျမ်းရေ မင်းဘေးဖယ်နေလိုက်ဦးဟု စိတ်ထဲက ရေရွတ်ကာ ပင်ပန်းစွာ မောင်းနှင်ပစ်လိုက်ရတော့သည်။

"ရွှေနန်းတော်ရဲ့အစီအစဉ် အစောင့်အနေတွေ နောက်ကွယ်မှာ မင်းကြီးသီလဝရှိနေမယ်လေ။ ဒါကိုကျုပ်ပြောနေတာ"

"ဟုတ်ပါတယ် ဝရီး"

"သူ့ကို ကိုယ်က မမြင်ရဘဲ ကိုယ့်ကို သူမြင်သာနေမယ့် အဝန်းအဝိုင်းထဲမှာ လူကလေးက အရဲစွန့်ချင်နေသလား"

"ကျုပ်မှားသွားတယ် ဝရီး"

"ကောင်းပြီ လူကလေး ပြန်မှန်သွားပြီ"

"နေဦး... ဝရီး ကျုပ်တစ်ခုမေးစရာ ရှိနေလို့"

"ဆို..."

"ရွှေတိုက်စိုးရဲ့စံအိမ်မှာ ဝရီးလိုချင်တဲ့ စိန်ရှိနေမယ်ဆိုတာတော့ ဟုတ်ပါပြီ။ ဝရီးက ဘာကြောင့် ဒီလိုတွက်ရသလဲ။ အသေအချာသိလို့လား"

"သိလို့ပဲ လူကလေး"

"ဟင်... ဘာကြောင့်သိသလဲ"

"လူကလေး ကျုပ်ဆီမရောက်ခင် ကျုပ်တစ်ယောက်တည်း အလုပ်လုပ်စဉ်က ဒီရွှေတိုက်စိုးဟာ ဘုရင်သတိုးမင်းဖျားလက်ထက် အင်းဝနေပြည်တော်ရဲ့ ရွှေတိုက်စိုးအရာမဖြစ်ခင်က စစ်ကိုင်းသူကြွယ် ဘဝကတည်းက သူ့အိမ်ကို ကျုပ်ရောက်ခဲ့ ဝင်ခဲ့ တွေ့ခဲ့လို့ပဲ လူကလေး"

"ဟင်... ဝရီးဟာက ကြာလှပြီပဲ။ အခုနေချိန် အဲဒီစိန်ရှိပါဦးမလား"

"သိပ်ရှိတာပေါ့ လူကလေး။ ဒီရွှေတိုက်စိုးဟာ စိန်ကို အရူးအမူး နှစ်သက်တဲ့သူ၊ လျှို့ဖို့တန်းဖို့နေရာမှာ သုံးဖို့ဝေးရော၊ သူကိုယ်တိုင်စားဖို့ စည်းစိမ်ခံဖို့အတွက်တောင် စိန်ကိုသူ မထုခွဲဘူး။ ညအိပ်ရာဝင်တိုင်း သူ့စိန်ကို သူထုတ်ကြည့်နေချင်တတ်တဲ့ လူမျိုး"

"ဒီစိန်ကို သူ ဘယ်ကရသလဲ"

"ဒါ ကျုပ်အလုပ်မဟုတ်ဘူး လူကလေး။ သူဘယ်ကရရ၊ သူ့ဆီက ကျုပ်တို့ရဖို့ပဲ မဟုတ်လား"

"ဟုတ်ပါရဲ့ ဝရီးရယ်။ ကျုပ်လဲ ဘာကြောင့် မလိုတာတွေ လျှောက်ပြောမိပါလိမ့်"

"လူကလေး စိတ်များ လှုပ်ရှားနေသလား"

"တစ်ချီတစ်မောင်း မထွက်ရတာကြာလို့များ စိတ်လှုပ်ရှားချင်သလား မသိဘူး ဝရီးရဲ့"

ဝရီးရယ်လေသည်။ အရယ်ဆုံးမှ ဆေးတံကို မီးညှိကာ...

"ကျုပ်ကိုယ်ချင်းစာပါတယ်။ ကျုပ်လဲ စိတ်လှုပ်ရှားနေတာပဲ။ ဒါပေမယ့် လူကြီးဆိုတော့ ထိန်းသိမ်းနိုင်တာပေါ့။ လူကလေးလိုပဲ ကျုပ်လဲ ဒီတစ်ခေါက်ထွက်ရတာ စိတ်ထဲမှာ အလိပ်လိုက်အလိပ်လိုက် ဝမ်းသာပြီး ပျော်နေတယ်။ ဘုရားတည်ဖို့ဆိုတာကလည်း ရှိနေတော့ ကျုပ်ကိုယ်ကျုပ် အလုပ်ထွက်လုပ်မယ့် ခိုးသားလို့တောင် မထင်ဘူး။ မရှိသေစကား ကိုယ်စောင့်နတ်မင်းများ ခွင့်လွှတ်တော်မူပါ။ သာသနာပြုထွက်မယ့် ပညာရှိသူတော်ကောင်းကြီးလို့ ကျုပ်ကိုယ်ကျုပ် ထင်နေတယ်"

ဝရီး၏စကားအဆုံးကို ကြိုက်လှသဖြင့် ဟက်ဟက်ပက်ပက် ရယ်မိလေသည်။ ဝရီးကလည်း သူ့စကား သူတဟားဟားရယ်သည်။

"သာသနာပြုထွက်မယ့် ပညာရှိသူတော်ကောင်းကြီးတစ်ယောက်ဟာ အခုလို အနက်ရောင်တစ်ကိုယ်လုံးတော့ဖြင့် ဝတ်မထားတန်ကောင်းပါဘူး ဝရီးရယ်"

"အဟား... ဟား... ဟုတ်သပ။ သို့ပေမယ့် အနက်ရောင်မဝတ်ဘဲ ပညာရှိသူတော်ကောင်းဟဲ့ ဆိုပြီး ဝတ်ဖြူစင်ကြယ်နဲ့ ထွက်မယ်ဆိုရင်လဲ အမှောင်ထဲမှာ သူတော်ကောင်းကြီးရဲ့အဖြူရောင်က ထင်းခနဲနေမှာပေါ့ လူကလေးရဲ့။ ဟား... ဟား... ဟား"

မျက်ရည်များပင် ထွက်မတတ်ရယ်ရသည်။ ကျောက်ဂူထဲမှာလည်း တဟားဟား ပဲ့တင်တုံ့ပြန်သည့်ရယ်သံတို့ ယခုလို ပဲ့တင်မပြန်သည်မှာ ကြာလှချေပြီ။

အရယ်ရပ်လိုက်သောအခါတွင်လည်း ဝရီးနှင့်ပြိုင်တူဖြစ်နေသည်။

တစ်ယောက်ကိုတစ်ယောက် ကြည့်၍ ထပ်ရယ်ကြပြန်သည်။

အားရပါးရရယ်ရင်း ဝရီးက ပခုံးကို ဖက်လာသည်။ အားပါးတရရယ်ရင်း ဝရီးကို ပြန်ဖက်မိသည်။ ကိုယ်လုံးများ သိမ့်သိမ့်တုန်လျက်။

"သားရယ်... လူကလေးရယ်"

ရယ်သံတဖြည်းဖြည်းအတိတ်တွင် ဝရီးနှုတ်မှ တိုးညင်းစွာ ထွက်၍လာသည်။ ဝရီး၏ ပခုံးကျယ်ကြီးကို ဖက်ထားရင်း နလုံးသားသည် အရည်ပျော်ကျသွားပြီဟု ခံစားရသည်။ ရင်ဘတ်သည် တဒိန်းဒိန်းခုန်လာသည်။ အာစေးထည့်ထားသလို နှုတ်ဖျားသည် ဆွံ့အသွားချင်သည်။

ဝရီးက ဖက်ထားသော လက်ကို ဖြန်းခနဲ ခွာလိုက်သည်။

"ကိုင်း... ထွက်ကြစို့ လူကလေး"

တစ်ချက်မျှ လှည့်မကြည့်။ ဝရီးကျောက်ဆောင်ပေါ်တက်ကာ အမှောင်ထဲသို့ ခုန်ဆင်းသွားသည်။

ဝရီးနောက်သို့ အမှောင်ထဲသို့။

ကျောက်ဂူကြီးထဲတွင် ရယ်သံများ၊ ထို့နောက် 'သားရယ်... လူကလေးရယ်' ဟူသော ခေါ်သံ ပဲ့တင်မြည်၍ ကျန်ရစ်ပေမည်။

* * * * *

။၁၉။

အမှောင်ထဲမှာပင် ရွှေတိုက်စိုးစံအိမ် ကြီးကျယ်ခမ်းနားခြင်းကို တွေ့နေရသည်။ ဘုရင့်နန်းတော်ပြီးလျှင် အင်းဝတွင် ရွှေတိုက်စိုးစံအိမ်သည် အဆောင်ဆောင် အခန်းခန်း အများဆုံးဖြစ်မည်။

ဝရီးပြောသောစကားအရ ရွှေတိုက်စိုးသည် ဘုရင်သတိုးမင်းဖျား လက်ထက်တော်တွင် ရွှေတိုက်စိုး မဖြစ်မီကတည်းက စစ်ကိုင်းသူကြွယ်ဖြစ်ခဲ့သူပင်။ ထို့ကြောင့် သူသည် နဂိုကတည်းက ချမ်းသာကြွယ်ဝခဲ့သောသူ၊ စည်းစိမ်ဥစ္စာအပေါ်တွင် ဘုရင့်သူကောင်းပြုခံရသည်ဆိုတော့ သူ့မှာ ခမ်းနားကြီးကျယ်မှုဆိုသည်က မလိုချင်အဆုံး ဖြစ်လိမ့်မည်။

အကြိမ်ပေါင်းများစွာ ပြုနေကျအတိုင်း ဝရီးသည် ဝိုင်းတံတိုင်းသို့ ကပ်သည်။ တံတိုင်းမှန်၏ အနားအရေးအကြောင်းအပြင်သို့ ကိုယ်တစ်စွန်းတစ်စ မထွက်။ မှန်နှင့်တစ်သားတည်း တစ်ပြင်တည်း ဝရီးနောက်သို့ လိုက်ကပ်သည်။ အသက်ကိုမျှင်း၍ ရှူသည်။ အချင်းချင်းပင် အသက်ရှူသံ မကြားစေရ။

ကွမ်းတစ်ယာညက် မရှိတရှိ လူရိပ်လူခြည် စောင့်ကြည့်သည်။ ကင်းလဲသည်ကို တွေ့လိုက်ရသည်။ ကင်းစောင့်အမှုထမ်းတို့ ထုံးစံအတိုင်း စကားစမြည် ပြောကြသေးသည်။ ရယ်ကြသည်။ တဝါးဝါးသမ်းကြသည်။ ကွမ်းသီးဖက်မီး တရဲရဲဖွာကြသည်။

ထိုအချိန်ကို အမိအရယူကာ ဝရီးတံတိုင်း တစ်ဖက်သို့ ခုန်ကျော်ဝင်သည်။ ဝရီးအတိုင်း တစ်ထပ်တည်း ဝိုင်းထဲသို့ ဖတ်ခနဲ ကျသည်။ ကြောင်နှစ်ကောင်ကျသည်ကမှ ခြေသံထွက်လိမ့်ဦးမည်။ တံတိုင်းအောက်ခြေတွင် ဝပ်လျှက် ဝရီးခဏစောင့်သည်။

လက်ယာဘက် ခပ်လှမ်းလှမ်းဆီမှ ထူးခြားသော အသံများ ကြားရသည်။ နာမှုတ်သံ၊ ဖျပ်ဖျပ်ခါသံ၊ ရှီးရှီးယမ်းခါသံ၊ အနံ့ခံကြည့်လိုက်သည်။ အာရုံက ချက်ချင်း ရောက်သည်။ မြင်းချေးနံ့၊ မြင်းခြင်မကိုက်စေရန် မီးဖိုထားသော မီးခိုးအကြွင်းအကျန်မှ သစ်ရွက်စိမ်းနံ့ ငွေ့ငွေ့ဖြစ်သည်။ ဝရီးကို လက်ဖြင့် အသာတို့ကာ ထိုလက်ဖြင့်ပင် မြင်းဇောင်းဆီသို့ ညွှန်ပြလိုက်သည်။ ဝရီးက နားလည်ဟန်ဖြင့် အကိုင်ခံ တံတောင်ဆစ်ကို အသာအယာ ပုတ်သည်။ အလုပ်ချိန်အတွင်း စကားမပြောကြစတမ်းဟူသော စည်းကမ်းအတိုင်းဖြစ်သည်။ လှုပ်ရှားမှုများဖြင့်သာ အမေးအဖြေလုပ်သည်။ လေ့ကျင့်မှုပေါင်း ဖန်တစ်ရာတေခဲ့ပြီဖြစ်၍ လှုပ်ရှားမှုတိုင်း၏ အဓိပ္ပါယ်ကို အပြန်အလှန် နားလည်လာကြပြီးသား။

ပေါ့လျော့သော ပထမကင်းစောင့်သည် လုံရှည်ကြီးကို မြေနှင့်လွတ်အောင် မ,မဘဲ အရိုးနှင့် မြေကြီး ပွတ်၍ တရွတ်တိုက်ဆွဲသွားသည်။ ရွှေတိုက်စိုး၏ ဝိုင်းမြေပြင်မှာ ကျောက်စရစ်ခဲများ ခင်းထားသောကြောင့် လုံရိုးနှင့် ကျောက်စရစ်ခဲပွတ်တိုက်သံသည် အတိုင်းသား ကျစ်ကျစ်ကျီကျီ မြည်နေလေသည်။

အခွင့်အခါကောင်း။ ထိုအသံကို အကာအကွယ်ယူ၍ နှစ်ယောက်သား စံအိမ် အိမ်မကြီးနံရံသို့ ပြေးကပ်လိုက်ကြသည်။ လတ်လတ်ဆတ်ဆတ် သုတ်ထားပြီးစ ရေနံချေးများနှင့် ထိတွေ့ရသည်။ အလွန်ကောင်းသော အနေအထားပင်။ တစ်အိမ်လုံး ရေနံချေးနံ့များဖြင့် ကြိုင်လှောင်နေမည်။ စံအိမ်ထဲတွင် အနံ့ခံအကောင်းဆုံး အမဲလိုက်ခွေးများရှိသည်ဆိုဦး၊ ထိုခွေးသည်လည်း တေက်ပြားတို့၏ အနံ့ကို ရနိုင်ဖွယ်မရှိ။

ရေနံချေးများ ကိုယ်တွင်ကပ်လာအောင် နံရံကိုပွတ်တိုက်၍ လျှောက်ခဲ့ကြသည်။ စင်္ကြံသို့ ရောက်ပြီ။ မီးရောင်လဲ့လဲ့ တွေ့ရသည်။ တခူးခူးတခေါ်ခေါ် ဟောက်သံများကြားရသည်။ ဆန်းသည့်ကိစ္စမဟုတ်။ ဤအချိန်ကား အိမ်ရှင်အားလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျချိန်။ အိပ်မက်ပင် မမက်အားလောက်အောင် အအိပ်နှစ်နေသည့် အချိန်။

ဝရီးက လက်မောင်းကို တို့သည်။ ဆောက် တောင်းခြင်းဖြစ်သည်။

အသင့်ထုတ်ပြီးသား ဆောက်ကို ကမ်းလိုက်သည်။ အိမ်မကြီးနှင့် စားဖိုဆောင်ဆက်ထားသော စင်္ကြံဘေးတံခါးကို ဝရီးဆောက်ဖြင့် စ၍ထွင်းကော်သည်။ သွဲ့သွဲ့လေးကလစ်ဟူသော အသံတစ်ချက်ထွက်ပြီးသည့်နောက်တွင် တံခါးသည် တံခါးမဟုတ်တော့ပြီ။ တစ်ကိုယ်စာ ဝင်သာရုံအပေါက်တွင် ရှေ့ဆင့်နောက်ဆင့် ဝင်လိုက်ကြသည်။ အထဲရောက်ပြီ။

ဟောက်သံများ ပိုမို၍ ကျယ်လောင်လာသည်။

နံရံတစ်ဖက်တစ်ချက်ဆီသို့ ကိုယ်စီကပ်လိုက်ကြသည်။ တူညီခြေလှမ်းများဖြင့် အတွင်းသို့ လှမ်းခဲ့ကြသည်။ ဘယ်ဘယ်ချင်း၊ ညာညာချင်း၊ အခန်းတစ်ခု၏ ထောင့်စွန်းသို့ရောက်လာသည်။ နံရံကပ်စင်တွင် ထွန်းထားသော ဆီမီးခွက်တစ်ခုမှ အလင်းသည် ဖြာကျနေသည်။ ဆီမီးခွက်ကား ရွှေသားစစ်စစ်၊ ဖောင်းကြွကနုတ်ပန်းများအတိ။ သို့သော် ဆီကား ခန်းလုပြီ။ မီးစာသည် အစွမ်းကုန်တောက်နေသည်။ မှိုင်းအနည်းငယ်ထွက်နေသည်။ တစ်ခွက်လုံးလုံး အဝအလင် ဆီသောက်သုံးထားသော မီးစာသည် နောက်ဆုံးအချိန်တွင် အလင်းဆုံးလင်းနေချေသည်။

ထိုမီးရောင်ပျောက်သည်အထိ စောင့်ရမည်ဖြစ်ကြောင်း သိလိုက်သည်။ မီးရောင်တွင် ဝရီး၏ ပျော်ရွှင်ဖျတ်လတ်နေသောဟန်ကို တွေ့ရလေသည်။

အဝင်းဆုံး လင်းထိန်ပြီးနောက် ဟုတ်ခနဲ မီးငြိမ်းသွားသည်။ တစ်ခဲနက် အမှောင်။ သို့သော် မီးသေခါနီးတွင် မျက်စိအစုံကို ပိတ်၍ အမှောင်ထုကို လေ့ကျင့်ယူလိုက်သောကြောင့် တကယ့်အမှောင်သည် အမှောင်မမည်တော့။ ကျင့်သားရပြီး မျက်လုံးများကို ရရှိလိုက်သည်။

စတင်ရွေ့လျားလိုက်ကြသည်။ မွေးပွကော်ဇောက လုံပြီးသား ခြေသံကို ထပ်မံ၍ စုပ်ယူလိုက်သလို ရှိသည်။ ပိုးဟပ်တစ်ကောင်ပင်လျှင် ရွေ့လျားမှုကို သိနိုင်လိမ့်မည်မဟုတ်။ ပထမအခန်း၊ နောက်တစ်ခန်း၊ နံရံအတိုင်း ပွတ်လျှောက်ကြခြင်းဖြင့် နောက်ဆုံးတွင် လေကားလက်ရန်းတိုင်ကို စမ်းမိသည်။ လက်ရန်းတိုင်သည် ပယင်းစစ်စစ်ပင်ဖြစ်သည်။ ချောမွတ်အေးမြသော အတွေ့အထိ။

လေကားလက်ရန်း တစ်ဖက်စီတွင် ကပ်လျှက် နှစ်ယောက်သား အပေါ်သို့တက်ခဲ့ကြသည်။ တစ်ဆစ်ချိုးသို့ ရောက်ပြီ။ တစ်ဆစ်ချိုးလက်ရန်းတိုင်တွင် ဆီမီးခွက်တစ်ခု။ သူကတော့ လင်းထိန်ဆဲ တောက်ဆဲ။ ဆီမီးခွက် အလင်းဖြင့် တစ်ဆစ်ချိုးနံရံတွင် ချိတ်ဆွဲထားသော ပန်းချီကားမှာ ပုံတူဖြစ်သည်။ သွယ်လျှောင်းစလွယ်၊ နားတောင်း၊ ဖော့လုံးဖြူနှင့် စံအိမ်ရှင် ရွှေတိုက်စိုး၏ ပုံတူဖြစ်သည်။ မျက်အိမ်ကျဉ်းကျဉ်း၊ ပါးပြင်ပြည့်ပြည့်၊ နှုတ်ခမ်းမွေးမှာ အောက်သို့ကုပ်ကျနေသည်။

ဝရီးက တစ်ချက်ငဲ့ကြည့်သည်။ အပေါ်ဆက်တက်ကြစို့ဟူသော အဓိပ္ပါယ်။ အခန်းတံခါးမကြီးရှေ့တွင် ရပ်လိုက်ကြသည်။ ရွှေတိုက်စိုး၏ စက်ရာခန်းပင်ဖြစ်သည်။ ဝရီးက ခေါင်းညိတ်ပြသည်။ ပြန်၍ ခေါင်းညိတ်ပြလိုက်သည်။ တံခါးမကြီးကို ဖွင့်တော့ဟူသော အဓိပ္ပါယ်။ ဖွင့်ပါမည်ဟူသော အဓိပ္ပါယ်။

အိတ်ကပ်အတွင်းမှ စူးကို ထုတ်ယူသည်။ စရွေးကိုက်ပတ္တာကြားထဲသို့ စူးကို ထိုးထည့်လိုက်သည်။ ဖြည်းညင်းစွာ အချိန်မှန်စွာ စူးကိုလှည့်သည်။ ပတ္တာသံသည် လွှစာမှုန့်များအဖြစ်သို့ ကူးပြောင်းသွားသည်။ တစ်ခုပြုတ်သွားပြီ။

နောက်တစ်ခု၊ နောက်တစ်ခု။

တံခါးရွက်ပေါ်ရှိ မင်းတုပ် သို့မဟုတ် တံကျင်သပ်ကို မကျိုးမပျက်စေဘဲ ဤသို့ပတ္တာကို ဖျက်ခြင်းမှာ ဝရီး၏ သင်ကြားပေးမှုအတိုင်းဖြစ်သည်။

ထုထည်ခိုင်ခံ့သော ကြီးမားသော တံခါးရွက်မျိုးဆိုလျှင် မင်းတုပ်ကိုမဖြုတ်ရ။ ပတ္တာဘက်မှ ဖြုတ်ရမည်။ မင်းတုပ်ကို ဖြုတ်လျှင် အချိန်လည်းပိုကြာမည်။ မင်းတုပ်ပြုတ်သွားပြီထားဦး၊ ဖွင့်လိုက်လျှင် တံခါးရွက်ကြီးလွန်းသောကြောင့် ပတ္တာက ကျွီကျွီအသံမြည်နိုင်သည်ဟု ဝရီးသင်ဖူးသည်။

ယခုဝရီးသင်ကြားချက်အတိုင်း ပတ္တာဘက်မှ ဖြုတ်ပြီးပြီ။ နစ်ယောက်သားမ၍ တံခါးတစ်ချပ်ကို ရွှေ့လိုက်ကြသည်။ ရွှေတိုက်စိုး၏ စက်ရာခန်းသည် ဟင်းလင်းပွင့်သွားပေပြီ။

စက်ရာခန်းထဲ၌ အမွှေးနံ့နှင့် ပန်းနံ့များ သင်းနေသည်။ အမွှေးနံ့မှာ ကြေးလင်ပန်းထဲ၌ မီးကျီခဲထားပြီး နံ့သာမှုန့်များကို ဖြူးချထားသည့် အမွှေးနံ့မျိုး။ မီးကျီခဲများငြိမ်းသေစ ပြုပြီဖြစ်သည့်တိုင် အမွှေးနံ့ကား သင်းကျန်နေဆဲ။ ပန်းနံ့ကလည်း ညဦးကမှ အမှုထမ်းတို့ ပန်းလဲပေးထားဟန် တူသည်။ လတ်ဆတ်သင်းပျံ့ဆဲ ဖြစ်သည်။

စက်ရာခန်းထောင့် ကနုတ်ဖော် ပွတ်လုံးခံ ကျွန်းခုတင်ကြီးပေါ်တွင်ကား ရွှေတိုက်စိုးသည် မှောက်ခုံကြီးအိပ်ပျော်နေလေသည်။ ခြေရင်းတွင်လည်း ကိုယ်လုပ်တော်နစ်ယောက် ခုတင်တိုင်ကိုမှီလျှက် အိပ်ပျော်နေကြသည်။ ဝတ်လှာကပိုကရို၊ အပြေပြေအလျော့လျော့။

ဝရီးက ခုတင်ခေါင်းရင်းသို့ ကပ်သွားသည်။ အရေးအကြီးဆုံးအဆင့်သို့ ရောက်ပြီ။ စိန်ဘယ်မှာထားသနည်း။ ထားသောနေရာကို မည်သို့ဖွင့်မည်နည်း။ ဖွင့်ပြီးလျှင် မည်သို့ယူမည်နည်း။ အညင်သာဆုံး၊ အတိကျဆုံး လှုပ်ရှားရတော့မည့် အဆင့်ဖြစ်သည်။ ခုတင်ခေါင်းရင်းတွင် ဝရီးက ရပ်လျှက် အပြင်းထန်ဆုံး စဉ်းစားချင့်ချိန်နေဟန် ရှိသည်။

ဝရီး၏ အရိပ်အခြည်ကို စောင့်ကြည့်ရသည်။ ကိုယ်တိုင်လည်း စိန်တွေထားမည့်နေရာကို စဉ်းစားသည်။ မှောက်ခုံကြီးအိပ်ပျော်နေသော ရွှေတိုက်စိုးကို ကြည့်မိပြန်သည်။ တစ်စုံတစ်ခုထူးခြားနေသလို ရှိသည်။ ရွှေတိုက်စိုးအိပ်နေပုံမှာ နစ်နစ်ခြိုက်ခြိုက် တစေ့တစောင်း၊ တမေ့တမောကြီး။ သို့သော် သူ၏ညာလက်သည် ခုတင်ခေါင်းရင်းတိုင်ကို မလွတ်တမ်း ဆုပ်ကိုင်ထားသည်။ အအိပ်နစ်နေသူတစ်ဦး၏ လက်သည် ဖြစ်ချင်သလို ဖြစ်နေဖို့ ကောင်းသည်။ ခုတင်ပေါ်မှာ တွဲလောင်းပဲ ကျကျ၊ ရင်ဘတ်အောက်မှာပဲ ပိပိ။

ယခုမူ ထိုသို့မဟုတ်။

ခုတင်ခေါင်းရင်းတိုင်ကို မလွတ်တမ်း ဆုပ်ကိုင်လျှက်။

ဝရီး၏စကားကို ကြားယောင်နေသည်။

"ဒီရွှေတိုက်စိုးဟာ စိန်ကို အရှုံးအမူး နှစ်သက်တဲ့သူ၊ လှူဖို့တန်းဖို့နေရာမှာ သုံးဖို့ဝေးရော၊ သူကိုယ်တိုင်စားဖို့၊ စည်းစိမ်ခံဖို့အတွက်တောင် စိန်ကို မထုခွဲဘူး။ ညအိပ်ရာဝင်တိုင်း သူ့စိန်ကို သူထုတ်ကြည့်ချင်နေတတ်တဲ့သူမျိုး"

ဝရီး၏စကားနှင့် မျက်မြင်အခြေအနေတို့ကို ဟပ်ကြည့်လိုက်သည်။ အဖြေရပြီ။

ဝရီးကို လှမ်းကြည့်လိုက်သည်။ ဝရီးကလည်း လှမ်းအကြည့်ဆုံသည်။ ပြိုင်တူပင် ခုတင်ခေါင်းရင်းကို ဆုပ်ကိုင်ထားသော ရွှေတိုက်စိုး၏လက်ဆီသို့ လှမ်းကြည့်လိုက်ကြသည်။ ထို့နောက် အကြည့်ချင်း ပြန်ဆုံသည်။

အဓိပ္ပါယ်ရလာဒ်ကတော့ ရှင်းသွားပြီ။

နောက်ထပ် အခက်အခဲတစ်ခုနှင့် ဆုံရတော့သည်။ နိုးသည့်တိုင် သူ့လက်ကို ခုတင်တိုင်မှ လွှတ်လိမ့်မည်မဟုတ်။ သူကားစိန်၌ ရူးသွပ်သူ။ သူ့လက်အလွတ်ကို စောင့်နေလို့မဖြစ်။ သို့ဆိုလျှင် တင်းကျပ်စွာ ဆုပ်ထားသော သူ့လက်ချောင်းများကို တစ်ချောင်းချင်း အသာအယာ ခွာထုတ်မလား။ အမိုက်မဲဆုံးအကြံဖြစ်သွားမည်။ အကြောင်းမူ ရွှေတိုက်စိုး၏ ခုတင်အနီးတစ်ဝိုက်၌ သေရည်တကောင်း၊ သေရည်ခွက်မတွေ့ရ။ ရွှေတိုက်စိုးသည် ညဦးက သေသောက်ခဲ့မည်မဟုတ်။ သေသောက်ထား၍ သေရည်အမူးလွန်နေသည်ဆိုလျှင် လက်ချောင်းတွေကို ခွာလို့ဖြစ်မည်။ ယခု ထိုသို့မဟုတ်။ ပထမဆုံးလက်ချောင်းကို ဖြုတ်ယူလိုက်ပြီဆိုကတည်းက စိန်၌ ရူးသွပ်နေသော ရွှေတိုက်စိုးသည် လောဘပြွန်းသော သတိဖြင့် ဆတ်ခနဲ လန့်နိုးလိမ့်မည်။

သို့ဆိုလျှင်...

ဝရီးနှင့် အကြည့်ချင်းဆုံပြန်သည်။

ဝရီးက ခေါင်းညိတ်၍ စတင်လှုပ်ရှားသည်။

ခုတင်တိုင်၏အပေါ်ဆုံး ကနုတ်ဖော်ပွတ်လုံးဖုကို ကိုင်၍ လှည့်သည်။ ဝရီးလက်ဆ ကောင်းလှချေသည်။ အပေါ်ဆုံးပွတ်လုံးဖု ပြုတ်သွားသည်။

မိမိအလှည့်၊ ဒုတိယပွတ်လုံးကို ဖြုတ်သည်။ ပြုတ်သွားသည်။

တတိယ... စတုတ္ထ...။

ခေါင်းပေါက်ကို တွေ့ပြီ။

ဝရီး၏ညာလက်သည် ခွေနေသောမြွေတစ်ကောင် ပါးပျဉ်းထောင်ထလာသည့်ပမာ လှုပ်ရှားလာသည်။ ခေါင်းပေါက်ထဲသို့ နှိုက်သည်။ တွင်းဝင်ဖြောင့်သော မြွေတစ်ကောင်အတိုင်းပင် ဝရီးလက်ပြန်ထုတ်သည်။ လက်ညှိုးနှင့် လက်ခလယ်အကြားမှာ စိန်တစ်လုံး၊ လက်ခလယ်နှင့် လက်သူကြွယ်ကြားမှာ စိန်တစ်လုံးပါလာသည်။ ခေါင်းပေါက်ကျဉ်းသောကြောင့် အနှိုက်လွယ်စေကာမူ စိန်ကို လက်ဆုပ်ယူလိုက်လျှင် လက်သီးဆုပ်နှင့် ခေါင်းပေါက်မဆံ့၊ ပြန်ထုတ်၍ ရမည်မဟုတ်။ ထို့ကြောင့် ဝရီးလက်ချောင်းတွေကြားညှပ်၍ ထုတ်ခြင်း ဖြစ်သည်။

ဝရီးပြီးတော့ မိမိအလှည့်။ ခေါင်းပေါက်ထဲသို့ လက်နှိုက်သည်။ ချွန်မြအေးစက် စိန်တုံးလေးများ၏ အတွေ့ကို လက်ချောင်းထိပ်တွင် ရလိုက်သည်။ ဝရီးအတိုင်း လက်ညှိုး လက်ခလယ်အကြားတစ်တုံး၊ လက်ခလယ် လက်သူကြွယ်ကြားတစ်တုံး နှစ်တုံးညှပ်ယူကာ အပြင်ဆွဲထုတ်သည်။ နှစ်ယောက်ပေါင်း လေးတုံးရပြီ။ အထဲမှာ စိန်တွေ ရှိသေးသည်။ ဝရီးကို ကြည့်ရသည်မှာလည်း လိုချင်သော အရွယ်အစားကို ရဟန်မတူသေး။ ထပ်ယူဦးမည့်ပုံ။

ဝရီးခုတင်ခေါင်းရင်းသို့ ချဉ်းကပ်ပြန်သည်။ ရွှေတိုက်စိုးကား အိပ်မောကျကောင်းဆဲ။ ပွတ်လုံးတိုင်ကို ဆုပ်ကိုင်ကောင်းဆဲ။ သူဆုပ်ကိုင်ထားသော ခုတင်တိုင်ထဲမှ စိန်လေးတုံးလျော့သွားပြီဆိုခြင်းကို မသိချက်သားကောင်းဆဲ။

ဝရီး ဒုတိယအကြိမ် လက်နှိုက်သည်။ နောက်ထပ်နှစ်လုံး။

ပထမအလုံးများနှင့် အရွယ်အတူတူပင်။

ဝရီးက နောက်ထပ် ထပ်မနိုက်ရန် မျက်ရိပ်ပြသည်။ လက်နှစ်ဖက်ကို ရှေ့တွင်ထုတ်လျှက် တစ်ခုခုကို ကိုင်လှည့်ပြသည်။ ထို့နောက် ပွတ်လုံးတိုင်ဆီသို့ လက်ညှိုးညွှန်သည်။

အဓိပ္ပါယ်နားလည်လိုက်ပြီ။ ယခုနိုက်ယူနေသော ပွတ်လုံးအဆင့်ထဲတွင် အသေးစားအရွယ်ရှိ စိန်များချည်းရှိသည်။ ပို၍ကြီးသော စိန်များ အောက်အဆင့်ပွတ်လုံးထဲတွင် ရှိနိုင်သည်။ ထိုပွတ်လုံးကို ဖြုတ်ရမည်။

ပွတ်လုံးကို လက်ဝါးနှစ်ဖက်ဖြင့် အသာအယာ ဆုပ်သည်။ လက်ယာရစ်၊ လက်ဝဲရစ် ချိန်ဆကာ လှည့်လိုက်သည်။ လက်ထဲမှာ ပွတ်လုံးပါလာပြီ။ လက်တစ်ဝါးစာ ခေါင်းပေါက်ကို တွေ့ရသည်။

ဝရီးက ခေါင်းတစ်ချက်ဆတ်ကာ ခေါင်းပေါက်ထဲသို့ လက်သွင်းလိုက်သည်။ ဝရီးလက်ရောက်သွားပုံကို ကြည့်ကောင်းကောင်းဖြင့် ကြည့်နေမိသည်။ လက်ချောင်းများဆီသို့ ဝရီးအာရုံ လွှတ်ထားဟန် ရှိသည်။

ထိုစဉ်…

ဝရီး တစ်ကိုယ်လုံး ဆတ်ခနဲ တွန့်သွားသည်။ မျက်လုံးကြီးများလည်း မဲ့သွားကာ အဆမတန် နာကျင်မှုဖြင့် မျက်စိအစုံကို ပိတ်သည်။ ပွတ်လုံးခေါင်းပေါက်ထဲမှ လက်ကိုလည်း ရုတ်ချည်းပြန်နုတ်သည်။ မဲ့သွားသော မျက်နှာသည်လည်း ချက်ချင်းဖွေးဖွေးဖြူသွားသည်။ တုန်လှုပ်သော အမူအရာ ပေါ်လာသည်။

ဝရီးညာလက်ကောက်ဝတ်ကို ဘယ်လက်ဖြင့် တင်းကျပ်စွာ ဖျစ်ညှစ်ထားသည်။ ဝရီး၏ လက်ခလယ်ထိပ်တွင်ကား သေးငယ်သော အပေါက်ကလေး နှစ်ခု။

ဝရီးက နှုတ်ခမ်းကို စု၍ လှုပ်ပြသည်။ အသံမထွက်။ သို့သော် နှုတ်ခမ်း၏ အဖွင့်အပိတ် အလှုပ်အရှားကို သိလိုက်ပေပြီ။ မြွေ။

ပွတ်လုံး စိန်တုံးများ အာရုံထဲမှာ မရှိတော့။ စောစောကလေးကမှ ဖွေးဖွေးဖြူသွားသော ဝရီး၏မျက်နှာကြီးမှာ ချက်ချင်းပင် ညိုပုတ်ပုတ်ကြီးဖြစ်လာသည်။ ဆုပ်ညှစ်ထားသော ညာလက်ဆတ်ဆတ်တုန်နေသည်။ သွေးစို့ရာ နှစ်စက်၏ဝန်းကျင်မှာလည်း ညိုမည်းလာသည်။ ဝရီးထံပြေးကပ်လိုက်သည်။ ခြေသံထိန်းသိမ်းဖို့ သတိမရတော့။ ဝရီး၏ လက်ကို ဆွဲယူသည်။ ဆောက်သွားကို လက်ချောင်းပေါ်တင်ကာ စပါးလုံးဝက် တစ်ထောက်စာ ခွဲချလိုက်ပြီး သွေးများကို ညှစ်ထုတ်လိုက်သည်။ ဝရီးတစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်လျှက်။

ဆောက်သွားကို ဆီမီးတောက်၌ ကင်သည်။ ထို့နောက် ဝရီးလက်ပေါ်မှ ခွဲရာပေါ်တင်ကာ ဖိကပ်ပေးလိုက်သည်။ မည်သို့သော မြွေ၊ မည်မျှအဆိပ်ပြင်းသော မြွေ ဆိုသည်ကို မသိရသော်လည်း ဝရီး၏ခံစားနေပုံကို ကြည့်၍ ကြောက်စရာအကောင်းဆုံး အဆိပ်အပြင်းဆုံး မြွေမှန်း သေချာသည်။

အသက်ဘေးထက် ဘာမှ ပို၍ အရေးမကြီးနိုင်။

စိန်တုံး၊ ခြေသံ၊ ကင်းစောင့်။ ဘာကိုမှ ထည့်မတွက်နိုင်။

ဝရီးကိုတွဲကာ အိမ်ပေါ်မှ ပြေးဆင်းသည်။ ဝရီးခြေထောက်မသယ်နိုင်။ ဒရွတ်တိုက် ပါလာသည်။ တစ်ကိုယ်လုံး လျော့ရိလျော့ရဲ၊ ပျော့ဖပ်ဖပ်။ ဝရီးခြေမလှုပ်နိုင်မှန်း သိရသည်တွင် ဝမ်းဗိုက်၌ ပခုံးလျှိုလျှက် ဝရီးကို ထမ်းလိုက်သည်။ ဖွဲတစ်အိတ်နှယ် ဝရီးခေါက်ချိုးကွေး လိုက်ပါလာသည်။ အလာတုန်းက တက်ခဲ့စဉ်က ပိုးဟပ်တစ်ကောင်ကပင် အာရုံမခံနိုင်သော ခြေသံ၏ လျှို့ဝှက်လုံခြုံမှုသည်လည်း ယခုအခါ ပျက်စီးသွားခဲ့ပြီ။ လှေကားထစ်များပေါ်တွင် ခြေသံ ဒုန်းဒုန်း ဒိုင်းဒိုင်း။

အောက်ထပ်သို့ရောက်သည်။ ဧည့်ဆောင်ခန်းမကို ဖြတ်သည်။ လာလမ်းစင်္ကြံဘက်ဆီသို့ မသွားတော့။ ဧည့်ဆောင်ခန်းမ တံခါးချက်ကို ဖြုတ်သည်။ တံခါးချက်အဖြုတ်မှာပင် အပေါ်ထပ် ဘေးအဆောင်ခန်းများမှ စူးစူးရှားရှားအသံများ ထွက်ပေါ်လာသည်။

"သူခိုး… သူခိုး"

"ဗိုင်းဟေ့… လိုက်ဟ"

"ငါ့စိန်တုံးတွေ၊ ငါ့စိန်တုံးတွေ… လုပ်ကြပါဦး"

ဆီမီးများလင်းလာသည်။ ရေနံချေးမီးတုတ်များကို ဝှေ့ဝှေ့ယမ်းယမ်း တွေ့ရသည်။ အုံ့ဩလန့်ဖျပ်ကာ ပြေးဝင်လာသော ကင်းစောင့်နှင့် ဘွားခနဲ ရင်ဆိုင်လိုက်ရသည်။

အထွေအထူးတိုက်ခိုက်မနေနိုင်။ ဝရီးကို ထမ်းထားလျှက်ကပင် ကိုယ်လုံးနှင့် တိုးဆောင့်လိုက်သည်။ ကင်းစောင့် ခြေလက်ကားရားဖြင့် ပက်လက်လန်ကျသည်။

"သူခိုး... သူခိုး ဖမ်းလိုက်ကြပါဗျို့."

"အသေသတ်ပစ်ကြပါဗျို့."

အုန်းအုန်းကျွတ်ကျွတ် ဖြစ်ကုန်ကြပြီ။ အင်းဝ တစ်မြို့လုံးနိုးကုန်ကြပြီ ထင်သည်။ အထွေအထူးမစဉ်းစားနိုင်တော့။ ဝရီးကို ဤသို့ ထမ်းပိုးလျှက် ပြေးနေလျှင် နှစ်ယောက်လုံး စိစိညက်ညက် ကြေသွားနိုင်သည်။

ထို့ကြောင့် မြင်းဖောင်းရှိရာသို့...။

မြင်းတွေလန့်ပြီး ဟီသည်။ ခွာသံ မြောက်သည်။ ပတပ်ရပ်သည်။ တစ်ကောင်တစ်ကောင် တွန်းတိုက်တိုးဝှေ့ကြသည်။ လက်လှမ်းမီရာ မြင်းတစ်ကောင်ကိုဆွဲယူကာ မြင်းကျောကုန်းပေါ်သို့ ဝရီးကို တင်လိုက်ရသည်။ မှောက်ခုံပင် ဖြစ်သည်။ မိမိကလည်း လွှားခနဲ ခုန်တက်သည်။ မြင်းဖောင်းအမှုထမ်း၏ ပေါ့လျော့မှုကို ကျေးဇူးတင်ရမည်။ မြင်းမှာ ကုန်းနီးမရှိသော်လည်း ဇက်ကြိုးရှိနေသည်။

မြင်းဝမ်းဗိုက်ကို ဖနောင့်နှင့် ခပ်ပြင်းပြင်း ဆတ်သွင်းသည်။

မြင်းကြီးသည် အနှံ့စိမ်းကိုရကာ တစ်ချက်ဟီလျှက် မြင့်မြောက်စွာ ပတပ်ရပ်ပြီး လန့်လန့်ပြေးပြေး တစ်ဟုန်ထိုးထွက်လေတော့သည်။

ဝင်ဝမှာ တုတ်၊ ဓါး၊ လှံတံတို့ဖြင့် သဲသဲလှုပ်နေသော လူအုပ်ကြီးထဲသို့ ဇွတ်တိုးဝင်လိုက်သည်။ အော်ဟစ်ကာ ဘေးသို့ရှဲကြသည်။

အပြင်ရောက်ပြီ။ အမှောင်ထဲသို့ ရိပ်ခနဲရိပ်ခနဲ နှင်သည်။ ကောင်းစွာ ကျက်မှတ်မိနေသော အင်းဝမြို့တော် လမ်းကြားများမှတစ်ဆင့် ဒုန်းစိုင်းခဲ့သည်။ တဟူးဟူး တိုက်နေသော လေသံကို ဘေးတိုက်ပြုကာ နောက်ကြောင်းကို နားစွင့်ကြည့်မိသည်။ အကြားအာရုံတို့ ကောင်းဆဲဖြစ်သည်။

သုံးစီးထက်မနည်းသော မြင်းစီးသမားများ နောက်မှလိုက်ပါလာကြသည်ကို ကြားရသည်။ ဇက်ကုန်ဖွင့်ချလိုက်သည်။

ဝရီးကား မှောက်ခုံဖြင့်ပင် တလူးလူး တလိမ့်လိမ့်။

* * * * *

။၂၀။

ရွှေမင်းဝံတောင်ရိုးသည် ညှို့နေလေသည်။ ရင့်ကျက်ခိုင်မာစွာ ရွှေမင်းဝံတောင်ရိုးကြီး တည်ငြိမ်သလို ရေဝတီသည်လည်း ကုန္တြေကြီးမားလှစွာ ပြန့်ပြန့်ပြူးပြူး ဝပ်စင်းနေသည်။

အဆုပ်လိုက်အခဲလိုက် တိမ်တို့သည် ရွှေမင်းဝံနှင့် ရေဝတီကို မျဉ်းပြိုင်ကျဟန်ရှိသည်။ အသက်ရှူစရာပင် ရှိပါလေစ ထင်ရလောက်အောင် လေကလည်း ငြိမ်ချက်သားကောင်းဘိခြင်း။ လှုပ်ရှားနေသော အရာဟူ၍ အိပ်တန်းပြန် ဗျိုင်းများနှင့် ဖြည်းလေးစွာ ရွေ့လျားနေကြသော အစုန်လှေ၊ အဆန်လှေများသာ ရှိလေသည်။

တည်ငြိမ်သပ်ရပ်လွန်းသော ဝန်းကျင်လောကကြီးကို ကြည့်ရင်းမှာပင် မြင်ကွင်းတို့ မှုန်မွှားဝေသီလာသည်။ လောကကြီးက ဝေသီသွားသောကြောင့်မဟုတ်။ ကိုယ်တိုင်၏ မျက်ဝန်းအိမ်ထဲမှာ မျက်ရည်များပြည့်လာသောကြောင့် ဖြစ်သည်။ မြင်ကွင်းရှင်းရန် မျက်ခွံအစုံကို တင်းကျပ်စွာ မှိတ်လိုက်ရာ ပါးပြင်နစ်ဖက်တွင် ပူနွေးသွားလေသည်။

ဆည် မတန့်နိုင်သေး။

* * * * *

ဝရီးမရှိရှာတော့ပြီ။

ကျစ်ကျစ်ပါအောင် လက်သီးဆုပ်သည်။ ဖျစ်ဖျစ်မြည်အောင် အံကြိတ်သည်။ အားတင်းခါမှပင် မျက်ရည်ပူတို့ ပို၍ကျလာသည်။

"ဝရီး… ဝရီး တောက်ပြား မရှိတော့ဘူး။ ဝရီး မရှိတော့ဘူး"

* * * * *

မည်သို့မျှ မေ့ပျောက်ပစ်မရ။ မစဉ်းစားပဲ နေလို့မရ။

သွေးအိုင်ထဲမှာ ဝရီးခါးချက်၊ လုံချက်ပေါင်းများစွာတို့ဖြင့် အသက်ပျောက်လု ကြားထဲမှ ညာလက်ကို တန်းဆန့်ကာ တစ်နေရာဆီသို့ ညွှန်ပြသွားသည်။ ထိုနေရာကား ဘုရားတည်ရန် ပစ္စည်းဘဏ္ဍာများကို အစုအပုံ လုပ်ထားသော နေရာ။

ကျုပ်နားလည်ပါတယ် ဝရီးရယ်၊ ဘုရားတည်ဖြစ်အောင် တည်ပါလို့ ဝရီးမှာသွားတယ်ဆိုတာကို။

တောက်တစ်ချက်ခေါက်သည်။

မည်သူ့အပြစ်နည်း။ ရွှေတိုက်စိုး၏ ခုတင်ခေါင်းရင်းပွတ်လုံးထဲမှာ ထည့်ထားသော အဆိပ်ပြင်းသည့် မြွေကြောင့်လား၊ ဆေးမြစ်ရှာတာ အချိန်ကြာသွားသည့် မိမိအပြစ်လား၊ မြွေဆိပ်တက်နေသော ဝရီးကိုမှ မညှာမတာ ဗိုင်းဝန်းထိုးခုတ်ကြသူ ရွှေတိုက်စိုး၏ မြင်းစီးရဲမက်များကြောင့်လား၊ သို့တည်းမဟုတ် ခိုးမှုဖြင့် အသက်မွေးခဲ့သော ဝရီး၏ အကုသိုလ်ကံတို့ကပင် တစ်ဖန်ပြန်လည် ဒဏ်ခတ်သောကြောင့်လား။

မည်သို့ပင်ဖြစ်စေ ဝရီးကား မရှိတော့ပြီ။

မတွေးချင်သော်လည်း စိတ်အစဉ်က မနေ၊ သောကပရိဒေဝသည် အရှိန်ကောင်းဆဲ၊ လောင်မြိုက်ဆဲပင်။

* * * * *

ကျောက်ဂူအထိ မြင်းကို ဇက်ဖွင့်နှင်ခဲ့သည်။

နောက်မှ လိုက်လာသော မြင်းစီးသမားများ မျက်ခြည်ပြတ်၍ ကျန်ခဲ့သည်။ ဝရီးကို ထမ်း၍ ကျောက်ဂူထဲ ဝင်ခဲ့သည်။ ဝရီးကား သတိရတစ်ချက်မရတစ်ချက်။ သို့သော် သတိရလာသောအခါတိုင်း ဝရီးသတိကောင်းစွာ စကားပြောသည်။ အသံကတော့ ထွက်သည်ဆိုရုံမျှ၊ ပါးစပ်နားနား ကပ်ထောင်ရသည်။ ပျံ့နေပြီဖြစ်သော မြွေဆိပ်များကို ဖြေရန် တားဆီးရန် ဆေးတိုက်ခိုင်းခြင်း ဖြစ်သည်။ ဝရီးပြောသမျှကို ကြိုးစားနားထောင်ကာ ဝါးဆစ်ဘူးများကို ဖွင့်၍ ဆေးတိုက်ရသည်။ ဖိတ်တချို့ စဉ်တချို့ ဆေးဝင်သည်။ အနည်းငယ်သက်သာလာဟန် ရှိသည်။ ဝရီးက သတိကို ထိန်းလျှက် စကားတစ်ခွန်းထပ်ပြောသည်။ ကြိုးစားနားထောင်ကြည့်ရာ ဆေးလူးပေးဖို့ ပြောခြင်းဖြစ်ကြောင်း သိရသည်။ ဝါးဆစ်ဘူးကို ဖွင့်လိုက်ရာ ဆေးမှုန့်များကို တွေ့ရသည်။ ဝရီးက လက်ကာပြလျှက် တစ်စုံတစ်ရာပြောပြန်သည်။

'ဆေးမြစ်' ဟု ဝရီးအသံပြုသည်။ ထို့နောက် ဂူအပြင်သို့တောင်စောင်းအောက်ခြေသို့ ဝါးဆစ်ဘူးကို ပြ၍ လက်ကို ဝှေ့ယမ်းပြသည်။ နားလည်လိုက်သည်။

"ဆေးမြစ်သွားတူးပြီး အမှုန့်နဲ့ ရောလူးရမှာလား ဝရီး"

ဟုမေးသောအခါ ဝရီးခေါင်းညိတ်ပြသည်။ ဝရီး၏ သင်ကြားမှုများထဲမှ တစ်ခုကို အောက်မေ့ကြည့်လိုက်သည်။ ဝရီး၏ သင်ကြားမှုများထဲမှ တစ်ခုကို အောက်မေ့ကြည့်လိုက်သည်။ တောထဲနေရသူအဖို့ အဆိပ်ရှိသတ္တဝါများနှင့် ရင်ဆိုင်နိုင်သည့်အတွက် ဆေးမြစ်များ ရှိရာနှင့် အသုံးချစရာများကို သတိရသည်။

မသုံးဖြစ်တာကြာပြီ ဖြစ်သောကြောင့် ဆေးမြစ် အသင့်မရှိ။

ဝရီးကို ပျားဖယောင်းတိုင် အလင်းရောင်အောက်သို့ ရွှေ့ကာ သက်သောင့်သက်သာရှိအောင် နေရာချပေးလိုက်သည်။ ဆေးတန်ခိုးကြောင့် ဖြစ်သည်။ ဝရီး၏ မျက်လုံးများ ကြည်လင်လာသည်ကို တွေ့ရသည်။ ဝရီးက ကျောက်တုံးတွင် ခေါင်းမှီရင်း ပြုံးပြသည်။ သူသက်သာသွားပြီဟူသော အဓိပ္ပါယ်။ ဝရီးကို စိတ်မချစွာဖြင့်ထားခဲ့၍ တောင်စောင်းအောက်သို့ ဆင်းခဲ့လေသည်။

* * * * *

စိုးရိမ်စိတ်ဖြင့် ဇောကပ်နေသောကြောင့် ဆေးမြစ်ကို တော်တော်နှင့် ရှာ၍မတွေ့ချင်။ တောင်စောင်းအောက်မှာ ချုံနွယ်ပိတ်ပေါင်းများကလည်း ပို၍ ထူထပ်နေသည်။ သုံးလေးခါအထိ မလိုသောအပင်များကိုပင် အမှားမှားအယွင်းယွင်း ဆွဲနုတ်ပြီးမှ ဆေးမြစ်ပင်ကို တွေ့သည်။ လုံးပတ် လက်မခန့်ရှိသောကြောင့် ဆွဲနုတ်မရ။ ဓါးမြောင်ဖြင့် အောက်ခြေကို တူးရသည်။ မြစ်မကြီးကို ထိမည်စိုး၍ ဝန်းဝိုက်တူးဆွရသည်ဖြစ်ရာ အချိန်ကြာသွားသည်။ သောကဖြင့် လှုပ်ရှားရသည်ဖြစ်၍ ဓါးထိရာ ကျောက်ချွန်စူးရာများအနှံ့။

နောက်ဆုံးတော့ ဆေးမြစ်ကို ရရှိခဲ့လေသည်။

ခွာရုပ်သံ၊ နာမှုတ်သံ၊ လန့်ဟီသံများကို ကျောက်ဂူဆီမရောက်ခင်ကပင် သဲ့သဲ့ကြားလိုက်ရသည်။ ဝရီးထံသို့ မြားတစ်စင်းနယ် တစ်ဟုန်ထိုး ပြေးလာခဲ့သည်။

ကျောက်ဂူအဝတွင် စီးသူမဲ့ မြင်းလေးကောင်ကို တွေ့လိုက်ရသည်။ တစ်ကောင်က မိမိစီးလာသောမြင်း၊ ကုန်းနှီးမရှိ။ ကျန်သုံးကောင်က ကုန်းနှီးကျ ကြိုးအပြည့်။ မြင်းလေးကောင်စလုံး လန့်နေကြသည်။ ငယ်ထိပ်ဆီ သွေးတစ်ချက်ဆောင့်တက်သည်ကိုသာ သိလိုက်ပြီး ကျောက်ဂူထဲသို့ အပြေးဝင်ခဲ့သည်။

တွေ့လိုက်ရပြီ။

မြင်ကွင်းမှာ အနီရောင်အပြည့်။ ကျောက်ဂူထဲတွင် ရဲမက်တစ်ယောက်။ လုံ့တိုသည် ရင်ဝ၌ တန်းလန်း။ အတွင်းဘက်မလုမ်းမကမ်းတွင် နောက်တစ်ဦး။ မျက်နှာပြင်တွင် ဓါးဒဏ်ရာဖြင့် ရုပ်ပျက်ဆင်းပျက်။ ထို့နောက် အကွက်ချင်းဆက်နေသော သွေးအိုင်ထဲတို့အဆုံးဝယ်...။

ဝရီး...

ဝရီးကိုယ်ပေါ်တွင် ဘယ်နေရာ၌ ဘယ်ဒဏ်ရာတွေ ဘယ်လောက်များ ရထားသည်မသိ၊ တစ်ကိုယ်လုံး ခြင်းခြင်းနီနေ၏။ ဝရီးတစ်ယောက်တည်းမဟုတ်။ ဝရီး၏ဘယ်ဘက်လက်ထဲတွင် ရဲမက်တစ်ဦး၏ လည်ပင်းရှိသည်။ အသားထဲသို့ နစ်ဝင်မတတ်။ ဝရီး၏လက်ချောင်းများက တင်းကျပ်စွာ ဆုပ်ညှစ်ထားသည်။ ရဲမက်မျက်လုံးများ ပေါက်ထွက်လုနီး ပြူးလျှက် ရှိနေသည်။ သူလည်း အသက်မရှိတော့။

ဝရီးကား သူ့လည်မျိုကို ဖျစ်ညှစ်ထားသော ရဲမက်အသက်မထွက်မီကတည်းကပင် သေဆုံးသွားခဲ့လေသည်။ ဝရီးသည် နောက်ဆုံးရန်သူကို မလွတ်စတမ်း လက်ချည်းသက်သက်ဖြင့် သုတ်သင်ခဲ့ချေသည်။ ရဲမက်မှာ ကောက်ကွေ့တွန့်လိမ်နေသည်။ အကြောက်အားကြီးစွာ သေဆုံးခဲ့ရဟန်ရှိသည်။ သေသူက မလွတ်တမ်း လည်ကိုညှစ်သွားခဲ့သည့် အဖြစ်ပင်။ ဝရီး၏ ကျန်တစ်ဖက် ညာလက်ကား တစ်နေရာဆီသို့ တန်းဆန့်ညွှန်ပြလျှက်သား။ ထိုနေရာတွင် ဘုရားတည်ရန် ရတနာ ဘဏ္ဍာအစုရှိသည်။

အံ့ဩတုန်လှုပ်စွာ ချောက်ချားထိတ်လန့်စွာ အတန်ကြာရပ်ကြည့်နေပြီးမှ ဝရီးဘေးတွင် ဒူးများညွှတ်ခွေကျသွားခဲ့သည်။ ရဲမက်၏လည်မျိုပေါ်မှ ဝရီးလက်ချောင်းများကို မနည်းခွာယူခဲ့ရသည်။

ရန်ငုတ်၊ သဲလွန်စ မကျန်ရအောင် ဝရီးသည် သူ့တာဝန်ကိုသူ အပြီးတိုင် ယူသွားခဲ့ချေသည်။

* * * * *

။၂၁။

"ဒါ… ဝရီးဖိုးထိန်နဲ့ သူ့သမီး ဂျမ်းတို့နေတဲ့ ရွှေလောင်းပန်းပဲဖိုပါလား ခင်ဗျာ"

ဝိုင်းတံခါးဝအပြင်ဘက်ထွက်လာသော လူတစ်ယောက်ကို မေးကြည့်ရာ ထိုသူက ခေါင်းညိတ်၍…

"ဟုတ်တယ်။ သူတို့သားအဖ ဈေးက ပြန်မရောက်သေးဘူး။ ကိုရင်တွေ့ချင်ရင် ဈေးလိုက်သွားပါလား"

"မလိုက်တော့ပါဘူးဗျာ။ ဒီကပဲ ထိုင်စောင့်ပါတော့မယ်"

"စောင့်ချင်လဲ စောင့်လေ။ အဲဟိုကွပ်ပျစ်ကနေ ထိုင်စောင့်ပေါ့"

"ဟုတ်ကဲ့"

ဝိုင်းထဲဝင်ခဲ့သည်။ အင်းဝရွှေမြို့တော် ရပ်ကွက်များ မြေပေါ်ပြန်တူသည်။ ဝိုင်းမှာ အကျယ်ကြီး၊ စောစောကလူ ပြသွားခဲ့သည့် မန်ကျည်းပင်မှ ကွပ်ပျစ်ပေါ် တက်ထိုက်လိုက်သည်။ မန်ကျည်းရိပ်ကား အေးမြဘိခြင်း။ ဝါဖန့်ဖန့် မန်ကျည်းရွက်များ ကွပ်ပျစ်ပေါ်နှင့် မြေပြင်ပေါ်တွင် ဟိုတစ်စ သည်တစ်ပြန့် ခင်းလျှက်သားရှိသည်။ ကွပ်ပျစ်ပေါ်တွင် သစ်သားခေါင်းအုံးငယ်တစ်ခု၊ ကွပ်ပျစ်မှာ ပန်းပဲသမားအိမ်က ကွပ်ပျစ်မို့ထင်သည်။ သပ်နေရာ စို့နေရာများမှာ သံမှိုကြီးများ စွဲထားသည်။ ဆင်တစ်ကောင် တည်နေလျှင်တောင် ရနိုင်သည်ဟု ထင်ရသည်။

ပဝါကိုဖြုတ်၍ ပခုံးပေါ်တင်လိုက်သည်။ ကျနေသည် ပုပြင်း၍ ပဝါစတစ်ဖက်ဖြင့် ယပ်ခပ်ယူရလေသည်။ တစ်ဖက်တစ်ချက်စီ ဆွဲထားသော ထန်းခေါက်ဖာနှင့် ယုန်သားခြောက်၊ ပျားရည်၊ ပုန်းရည်ကြီး။ ထို့နောက် ဂျမ်းအတွက်ဟု ရည်စူးကာ ယူလာသော သစ်ခွပန်း၊ ဝါးကျည်တောက်တို့ကို မန်ကျည်းပင်ကြီး၌ အစီအရီ ထောင်ထားလိုက်သည်။

ပစ္စည်းများကို ဦးစွာစစ်ဆေးကြည့်သည်။ ပန်းပဲဖိုသို့ အလုပ်လာတောင်းသော စားရမဲ့ သောက်ရမဲ့ ခိုကိုးရာမဲ့ တမ္ပဒီပမှ ဒုက္ခသည်တစ်ဦးနှင့် တူမှတူပါလေစ။ ထန်းခေါက်ဖာထဲတွင် မဲပုဆိုးနှစ်ထည်၊ ဖျင်ခါးတိုနှစ်ထည်၊ ပဝါတစ်ထည်ပါသည်။ အောက်ဆုံးတွင် လက်နီးသာသာ အဝတ်စုတ်ဖြင့်ထုပ်ထားသော ရွှေဘယက်တစ်ကုံးရှိသည်။ သည်အထုပ်ကိုတော့ ဘယ်သူမှ မမြင်အောင် သိမ်းရပေမည်။ တမ္ပဒီပမှ ခိုကိုးရာမဲ့ လူတစ်ယောက်ထံတွင် ရွှေဘယက်မရှိစကောင်း။

ဖျင်ကြမ်း ပတ္တူအိတ်ကြီးထဲတွင် ယုန်သားခြောက်ပါသည်။ ပျားရည်ပါသည်။ ပုန်းရည်ကြီးပါသည်။ တမ္ပဒီပက လူ၏ လက်ဆောင် သို့မဟုတ် ပန်းပဲဆရာကြီးထံ မိမိကိုယ်မိမိ အပ်နှံကာ ပညာသင်ယူမည့် လူငယ်တစ်ယောက်၏ ပညာပူဇော်စရိတ်။ သဘာဝကျသည်ဟု တွက်ထားသည်။ ထို့နောက် ဝါးကျည်တောက်တွင် ထည့်လာသော သစ်ခွပန်းသည်

ဘယ်လောက်ရှားပါးကြောင်း တောထဲတောင်ထဲနေခဲ့သော မိမိကအသိဆုံးဖြစ်သည်။ သို့သော် အင်းဝမှာနေသော ဂျမ်းသိမှသိပါလေစဟု တွေးမိသည်။ ပြီးတော့ ဂျမ်းသည် ပန်းတို့ဘာတို့ ကြိုက်သော မိန်းကလေးမှ ဟုတ်ပါလေစ။

အတွေးတို့ တစ်ဆိတ်လွန်ကဲလွန်း၍ ကိုယ့်ကိုကိုယ် ပြုံးမိသည်။

ဂျမ်းပန်းကြိုက်မကြိုက် အထိပင် တွေးမိနေပြီ။

မိမိကို လက်သင့်ခံ မခံက ဦးစွာစဉ်းစားရမည့်ကိစ္စ။ အိုး... လက်ခံကောင်းပါရဲ့လေဟု အားတင်းယူလိုက်သည်။

မန်ကျည်းရိပ်ကြောင့် အမောပြေစ ပြုသည်။ ချွေးသိပ်သွားသည်။ ရေငတ်လာသောကြောင့် ဘူးခါးကို ဖြုတ်၍ မော့သည်။ အလေ့နည်းသောကြောင့် ဘူးခါးပေါက်မှ ရေများ ရင်ဘတ်ပေါ်သို့ ဖိတ်ကျသည်။ ကိစ္စမရှိ၊ ရေစိုစို ချွေးစိုစို နေလောင်မြိုက်ထားသောအသွင်သည် ရပ်ဝေးမှ ဒုက္ခသည်ခရီးသည်အသွင်ကို ပို၍ဆောင်လိမ့်မည်။

ရေတာဝသောက်ပြီး အေးမြသွားသော ရင်ဖြင့် ဝိုင်းထဲသို့မျက်စိကစားကြည့်သည်။ မန်ကျည်းရွက်ကြွေများမှအပ အမှိုက်သရိုက်မရှိ။ ဝိုင်းတစ်နေရာတွင် ထရံကို မှီ၍ ထောင်ထားသော နွားချေးခြောက်အချပ်လိုက် တွေ့ရသည်။ နွားချေးခြောက်အပြားကြီးတွေ နှစ်ရာလောက်ရှိမည် ထင်သည်။ ယောက်ျားကြီးလက်ဝါးခန့် အပြားကြီးများဖြစ်သည်။ ပန်းပဲဖိုမီးအတွက် သို့မဟုတ် လှည်းဘီးသံခွေအတွက် အသုံးပြုသော နွားချေးခြောက်ပြားများ ဖြစ်နိုင်သည်။

ဝိုင်း၏ထောင့်တွင် လုံးထွင်းလှေတစ်စင်းကို မှောက်ခုံတင်ထားသည်။ ပွဲလျက်များ ဖာထေးပြီးကာမှ ဖြစ်မည့် သည်လှေကို မည်သူလှော်ပါလိမ့်။ ဂျမ်းပဲ ဖြစ်ပေမည်။

ဝိုင်းက ကြီးမားကျယ်ပြန့်သော်လည်း အလယ်က အိမ်ကလေးမှာ ခပ်သေးသေး ခပ်ကျဉ်းကျဉ်းပင်။ ပြတင်းကလည်း ခေါင်းရင်းကဲလား တစ်ပေါက်တည်း။ သို့သော် ကဲလားပေါက် အတော်ကြီးသည်။ အိမ်ခါးပန်းတွင် သစ်သားထဲသို့ နှစ်၍ ထွင်းထားသော စာလုံးကို တွေ့ရသည်။ 'အရဟံ' စာလုံးကို 'ဟံ' ထဲတွင် 'အ' နှင့် 'ရ' အဆန်ထည့်ထားသော စာလုံးဖြစ်သည်။ ဂျမ်း၏လက်ရာ ဖြစ်မည်မှာ သေချာသည်။

ပန်းပဲဖိုကား အိမ်မ၏ နောက်ဖေးဘက် ခပ်ကွာကွာမှာ ရှိသည်။ ပန်းပဲဖိုက အိမ်ထက်ပင် ကြီးနေချေသေးသည်။

ဖားဖိုနှစ်လုံး၊ အစီအရီ ထောင်ထားသော ဖွဲ့အိတ်များ၊ ကြီးမားလှသော ပေခုံကြီးတစ်ခု။ ထို့နောက် အရွယ်အစားအမျိုးမျိုးတူများ၊ ညှပ်များနှင့် အမျိုးအမည်မသိနိုင်စွမ်းသော ဖိုသုံးလက်နက်ကိရိယာများ။

ဖားဖိုကြီးနှစ်လုံးမှာ ပြာများ အလူးလူးလိမ်းကပ်လျှက် ရှိသည်။ ဂျမ်းတို့ ဤဖားဖိုကြီးကို သုံးလာသည်မှာ နှစ်ပေါင်းဘယ်လောက်ကြာပြီ မသိ။ ဖားဖိုဆွဲကြိုးသည်ပင်လျှင် နက်မှောင်ကာ အဆီတက်နေလေပြီ။

ပန်းပဲဖိုဘေးတွင် အဝတ်ကြိုးတန်းရှိသည်။ ကြိုးတန်းပေါ်တွင် ဝရီး၏ပုဆိုးသုံးထည်ကို လှမ်းထားသည်။ ပုဆိုးဘေးတွင် ရှောစောင်ပိုင်းလေးတစ်ခု၊ အနီနှင့် အဝါခင်း ဖျင်ကြမ်း၊ တစ်ချက်ရင်ခုန်ချင်သွားသည်။ ဂျမ်းရဲ့ ရှောစောင်ပဲ ဖြစ်မှာပဲ။ သူမနက်မနက် ဘုရားဆွမ်းတော်ကပ်ရာမှာ ပခုံးပေါ်လွှားတင်တယ် ထင်ပါရဲ့။

ဝိုင်းထဲမှာ ကြည့်စရာ ကုန်သွားသည်။ ပန်းခင်းမရှိ။ ပန်းပင်မရှိ။ ခါးပန်းမှာ ဖိနပ်ချွတ်မှာ ချိတ်ဆွဲထားသော ခင်းတည်ထားသော ပန်းအိုးမရှိ။ ပီဘိပန်းပဲသမား သားအဖအိမ်ပင်။ ကြည့်စရာဆို၍ မန်ကျည်းပင်ကြီးဘေးမှ ရေတွင်းသာ ကျန်တော့သည်။ ရေတွင်းမှာလည်း မည်ကာမတ္တ တွင်းဘောင်မရှိ။ အုတ်၊ ကျောက်စီထားခြင်း မရှိ။ တစ်ထွာလောက်သစ်သားပြားဖြင့် လေးဘက်လေးတန် ရံထားသည်။ ရေချိုးရန်၊ အဝတ်လျှော်ရန်နေရာတွင် ကျောက်ပြားကြီးနှစ်ချပ် ဆက်ခင်းထားသည်။ ရေနုတ်မြောင်းသွယ်ထားသောကြောင့် ရေဝပ်မနေ။ မြောင်းကလေးသည် ဝိုင်းအပြင်ထိ ထိုးထွက်သွားသည်။ ရေတွင်းမှာ အမြင်နုတ်သော်လည်း စက်သီးတိုင်ကတော့ ဟည်းထနေသည်။ ထွာဆိုင်ပတ်လည်လောက်ရှိမည်။

စက်သီးတိုင်ကြီး ကြီးမားသလောက် စက်သီးကလည်း ကြီးမားလှသည်။ ဝရီးကိုယ်တိုင်လုပ် စက်သီးပင်ဖြစ်မည်။ စက်သီးတိုင်အလယ်တည့်တည့်၌ စက်သီးကြိုးချိတ်ဆွဲထားသည်မှာ ရောမသစ်သီးကြီးတစ်လုံးနှင့်ပင် တူသေးတော့သည်။ စက်သီးမှ တွဲလောင်းကျနေသော ကြိုးကြီးကလည်း ယောက်ျားကြီးတစ်ယောက်၏ လက်မများလောက်ရှိမည်။ ကြိုးက ထန်းလျှော်ကြိုး ခြောက်ပင်လိမ်ဖြစ်သည်။ ကြိုး၏ တစ်ဖက်အဆုံးမှ ရေပုံးက သစ်သားပုံး အိမ်များတွင် အသုံးပြုလေ့ရှိသော နီးပုံးမဟုတ်။ သစ်သားပုံးကလည်း လက်တစ်ပွေ့လောက်အဝန်းရှိသည်။ ပုံးနှုတ်ခမ်းကို သံပတ်ပြား ကွပ်ထားသည်။ ဝရီးလက်ရာ ဖြစ်သည်မှာမလွဲ။ အေးလေ ပန်းပဲဖိုရှိတဲ့အိမ်ဆိုတော့ ရေပုံးသည် သည်လောက်ကြီးမှဖြစ်မည်ပေပေ။

ကြီးမားလှသော စက်သီးတိုင်၊ စက်သီးကြိုး၊ စက်သီးနှင့် သစ်သားပုံးကြီးကို ကြည့်ကာ အကဲစမ်းချင်စိတ် ပေါ်လာသည်။ တစ်ချက်ပြုံးမိသေးသည်။ သွေးထဲ သားထဲ အာရုံကြောထဲမှာ စွဲဝင်နေသော တောက်ပြားအကျင့်နှင့် စူးစမ်းတေးမှတ်လိုစိတ်များကို သတိရလိုက်သောကြောင့် ဖြစ်သည်။

တွင်းနှုတ်ခမ်းပေါ်မှ ရေပုံးကို မ,ကာ တွင်းထဲချလိုက်သည်။

တစ်ဖက်ကြိုးစကို ဖေး၍ လျှော့ချလိုက်သည်။

ရေတွင်းသိပ်မနက်။ ခဏချင်းပင် ပုံးနှင့် ရေပြင်ထိသည့် ကြိုးကိုဆလျှက် ပုံးကို စောင်းနေစ်စေသည်။ လက်ထဲမှ ကြိုးကို ဆက်ချသည်။ ကြိုးတင်းသွားပြီး ပုံးထဲမှာ ရေပြည့်ပြီ။ လက်နှစ်ဖက်ဖြင့် စုံကိုင်လျှက် ဘယ်ညာပြောင်းလျှက် ကြိုးကို ဆွဲတင်သည်။

ထင်တာထက် ပိုလေးလံနေသည်။

လက်ရုံးအားကို မနည်းစိုက်တော့မှပင် ပုံးမြောက်ပါလာသည်။ သူ့အလေးချိန်နှင့်သူ စီးနေသောကြောင့် ရေပြည့်ပုံးသည် တွင်းနှုတ်ခမ်းကို မတိုက်။ တည့်မတ်စွာပင် အပေါ်သို့ပါလာသည်။ ကိုင်းမှ ဆွဲယူကာ ကျောက်ပြားပေါ်သို့ ချလိုက်သည်။ ပုံးထဲသို့ လက်နှစ်သည်။

နှစ်လိုဖွယ် အေးမြသော ရေပါပေ။

လက်ခုပ်ဖြင့် ကျုံးယူကာ လည်ကုပ်ပေါ်သို့ တဖျပ်ဖျပ်ရေရိုက်သည်။ မျက်နှာတစ်ပြင်လုံးသို့ ရေဆွတ်သည်။ အားမရချင်သေး။ ပုံးထဲသို့ မျက်နှာနှစ်ချလိုက်သည်။

ထိုအခိုက်မှာပင်...

"ဟော... အဘရေ။ လူ... လူတော့။ လူဝင်နေတယ်"

ရေပုံးထဲမှ မျက်နှာကို ဘွားခနဲ ဖော်ကာ နောက်သို့ဝုန်းခနဲ လှည့်ကြည့်သည်။ မျက်နှာတစ်ပြင်လုံး ရွှဲရွှဲစို၊ မျက်လုံးထဲမှာ ရေတွေဝင်နေပါလျှက် ဂျမ်းမှန်းသိလိုက်သည်။ မျက်နှာပေါ်မှ ရေများကိုသပ်ချ၍ အမောတကော...

"ဂျမ်း... ဂျမ်း... ကျုပ်ပါ။ ကျုပ်ရယ်ပါ"

မျက်လုံးဝိုင်းဝိုင်းကြီးများထဲမှ ထိတ်လန့်အံ့သြပုံ တဖြည်းဖြည်း ပြေလျော့သွားသည်ကို တွေ့ရသည်။

"ဩ... တော်ကိုး"

"ဟုတ်ပါတယ်။ ရောက်နေတာ တစ်အောင့်လောက်ရှိပြီ။ ဂျမ်းတို့မရောက်သေးတာနဲ့ ဒီကွပ်ပျစ်မှာ ထိုင်စောင့်နေရင်း"

ဖြေရှင်းတောင်းပန်စရာ မရှိပါဘဲ တသွင်သွင် ပြောမိလေသည်။ ဂျမ်း၏အဘက ရောက်လာသည်။ ပခုံးထက်တွင် ကြီးမားလှသော တူကြီးတစ်ချောင်း ပါလာသည်။ ဘ၏ ထွားကြိုင်းသန်မာမှုကို ပထမဆုံး သတိထားမိသည်။

"အဘ ဟို နမ်းဖတ်သည်ရယ်တော့။ ကျုပ်က ခိုးသားဝင်နေတာ မှတ်ပြီး အော်လိုက်တာ"

လိုက်ခနဲ ဖိုသွားသည်။ 'ခိုးသားဝင်နေတာမှတ်ပြီး' တဲ့။

ဂျမ်းက ပြောပြောဆိုဆို ရယ်ရင်း ကွပ်ပျစ်အစွန်တွင် ဝင်ထိုင်သည်။ မန်ကျည်းပင်တွင် ထောင်ထားသော ပစ္စည်းများကို မြင်သွားသည်။ သစ်ခွပန်းထိုးထားသော ဝါးကျည်တောက်သို့ အရောက်တွင်

"ဟယ်... လှလိုက်တာ။ ဘာပန်းလဲမသိဘူး။ တော်ယူလာတာလား"

သြော်... ဂျမ်းရယ် သစ်ခွပန်းမှန်းမသိ။ သို့သော် လှလိုက်တာဟု နှုတ်ထွက်သောကြောင့် ဖြေသာရာ ရပေသေးသည်။

"ဟုတ်ပါတယ်။ ကျုပ်ယူလာတာပါ။ ဂျမ်းဖို့ပါ။ သစ်ခွပန်းပါ"

"သစ်ခွပန်းတဲ့လားဟင်။ ဒါဆို တန်ဖိုးကြီးမှာပေါ့။ ရွှေမြို့တော်သူတွေ ပြောသံကြားဖူးတာပဲ"

အမေးမစောင့်တော့ပဲ ဝါးကျည်တောက်ကို ဂျမ်းလှမ်းယူသည်။ ပန်းကို လှည့်ပတ်ကြည့်သည်။ မွှေးကြည့်သည်။

"လှတော့ အတော့်ကို လှသား။ အနက်နဲ့ ခရမ်းရောင် လျှော့ရဲလေးနဲ့ အစင်းလေးတွေ ထင်နေတာ။ ဒါပေမယ့် အနံ့မရှိဘူးနော်။ စံပယ်လို မွှေးလိုက်ရင် သိပ်ကိုဟန်ကျမှာ"

ဂျမ်းစကားတွင် ဝင်၍ ပြောရန် အချိန်ကျပေပြီ။ အရှေ့တွင် ယို့ယို့ရပ်လျှက်...

"အဘ။ ကျုပ် အဲ... ကျွန်တော် အဘဆီမှာ ပန်းပဲပညာသင်ပါရစေ။ ကျွန်တော့်ကို ငယ်မွေးခြံပေါက် ကျွန်တပည့်လို သဘောထားပါ။ အခု ကျွန်တော့်မှာ"

စဉ်းစားထားပြီးသား စကားလုံးများ ပျောက်ချင်နေပြန်သည်။

"ကျွန်တော့်မှာ မွေးသဖခင်ကြီးလည်း ဆုံးပါးသွားပါပြီ။ ဆွေမျိုးသားချင်လည်း မရှိတော့ပါဘူး။ ကျွန်တော် တစ်ကောင်ကြွက် ခိုကိုးရာမဲ့ပါ အဘ။ အဘဆီမှာ ပညာသင်ပြီး ကျွန်တပည့်လို နေပါရစေ"

ပြောရင်း ဂျမ်းကို လှည့်ကြည့်မိသည်။ စူးစိုက်နားထောင်နေသော ဂျမ်းကို တွေ့ရသည်။ သူ့မျက်နှာပေါ်တွင် ကရုဏာငွေ့ ရိပ်ခနဲ သမ်းသွားသည်ဟု ထင်မိလေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

အဘစကားမဆို၊ မျက်မှောင်ကုတ်၍ ငြိမ်နေသည်။ ထွင်းဖောက်မတတ် စူးစိုက်ကြည့်နေသည်။ အဘတွင် ဖိုသမားတပည့်များ ရှိဟန်တူသော်လည်း ယခုလို အပြီးတိုင်ခိုကိုးရန်လာသည့် တပည့်မျိုး တွေ့ဖူးဟန်မတူ။

ရင်တထိတ်ထိတ်ဖြင့်ပင် အဘစကားကို နားစွင့်နေရသည်။ ဂျမ်းကို မျက်ရိပ်ခိုး၍ ကြည့်ပြန်ရာ ဂျမ်းလည်း တိတ်ဆိတ်နေသည်။ တစ်ခုခုပြောချင်သော်လည်း ပြောမထွက်ဟန်။ အပြောရှက်ဟန်ဖြင့် သူ့အဘဆီသို့ မျက်လုံးကြီးဝင့်လျှက် ကြည့်လေသည်။

ဂျမ်းရေ ကူပြောပေးပါ၊ ကူပြောပေးပါ။

"မင်းဖခင်ကြီးဆုံးတာ ဘယ်လောက်ကြာပြီလဲ"

အဘအသံကြီး ဟိန်းထွက်လာသည်။

"နှစ်ပတ် ရှိသွားပါပြီ အဘ"

"တမ္ပဒီပမှာပဲလား"

"ဟုတ်... ဟုတ်ကဲ့"

"တမ္ပဒီပမှာ ဆွေမျိုးသားချင်း မရှိဘူးလား"

"သားအဖနှစ်ယောက်တည်းပါ အဘ"

"မင်းဟိုမှာတုန်းက ဘာလုပ်သလဲ။ နမ်းဖတ်ရောင်းတာအပြင်လေ"

"ပျားဖွပ်ပါတယ်။ တောလိုက်ပါတယ်။ တစ်ခါတစ်လေ တောထဲမှာ ပန်းရူးပြီး ဘုရားမှာ ပန်းရောင်းပါတယ်။ နမ်းဖတ်ကတော့ ကျွန်တော်မကျွမ်းကျင်ပါဘူး အဘ။ ကုန်ကူးတိုင်း ရှုံးတာချည်းပါပဲ"

အဆင်သင့်ဆောင်ထားသော စကားများကို တတွတ်တွတ် ရွတ်ပြလိုက်သည်။ ပျားဖွပ်၊ တောလိုက်ကိစ္စကို တမင်ထည့်ပြောခြင်းဖြစ်သည်။ သို့မှသာ ပန်းပဲဖိုအလုပ်သမား လုပ်မည့်သူတစ်ယောက်အတွက် အပင်ပန်းခံနိုင်သော အရည်အချင်းရှိဖူးကြောင်း အဘ သဘောပေါက်နိုင်မည်။

အဘ ချောင်းတစ်ချက် ဟန့်လျှက်...

"အင်း... ပျားဖွပ်၊ တောလိုက်ခဲ့တဲ့ အကုသိုလ် တယ်ကြီးသကိုး"

MMCYBERMEDIA
COMMUNITY FOR ALL

မှားပြန်ပြီ။ မထင်သောစကားဖြင့် အဘတုံ့ပြန်လေပြီ။

"ကောင်းသော အသက်မွေးမှု မရှိခဲ့ဘဲကိုး။ ဒါကြောင့်လဲ ဆင်းရဲမှု ဒုက္ခရောက်ကြတာကပဲ။ အင်းလေ"

ချောင်းရှင်းသည်။

"ခိုကိုးရာမဲ့ဒုက္ခသည်ဆိုတာ ကယ်,မ ကောင်းပါတယ်။ ဒါပေမယ့် ငါ့ဆီမှာနေ။ ငါ့ပညာသင်၊ ငါ့ထမင်းစားရင်တော့ မင်းရဲ့ အရင်က အကုသိုလ်စိတ်တွေကို ဖျက်ပစ်ရလိမ့်မယ်။ သူ့အသက်သတ်တာ မပြောနဲ့ သူ့ဥစ္စာခိုးတာ အိုကွာ... မမှန်မှသားပြောတာကအစ မင်း ရှောင်ကြဉ်ရလိမ့်မယ်။ ဘယ့်နယ်လဲ"

အဘအတွင်းသိ အစင်းသိမို့ ပြောလေသလား ထင်ရသည်။ သူ့ဥစ္စာခိုးတာတဲ့။ မမှန်မှသားပြောတာတဲ့။ အားလုံးပင် အကျုံးဝင်နေချေပြီ။

အတွေးကို အလိပ်လိပ် မျိုချလျှက်...

"ဟုတ်ကဲ့အဘ။ ဟုတ်ကဲ့။ အဘစိတ်တိုင်းကျ ကျွန်တော် နေပါ့မယ်။ အကုသိုလ်စိတ်တွေလဲ ဖျက်ပစ်ပါ့မယ်။ ကျွန်တော့်ကို အဘကြိုက်သလို..."

"ဟုတ်ပါပြီလေ။ အသိတရားဝင်ရင် တော်ပါပြီ။ စကားနောက်သာ တရားပါဖို့အရေးကြီးတာကလား။ ကိုင်း... သမီး ဒီမောင်ရင့်ကို ကြည့်စီစဉ်ပေးလိုက်။ နေဖို့ကတော့ ပန်းပဲဖို နားမှာတစ်ဖက်ရပ် တဲကလေး ထိုးလိုက်ပေါ့ကွာ"

အထမြောက် အောင်မြင်ပေပြီ။ ဝမ်းသာစိတ်အသွင်ကို မျက်နှာ၌ သိပ်မထင်စေရအောင် သတိထားလျှက် ကွပ်ပျစ်ဆီသို့ အပြေးအလွှား ချဉ်းခဲ့သည်။ ယုန်သားခြောက်၊ ပျားရည်၊ ပုန်းရည်ကြီးတို့ကို တစ်ပွေ့တစ်ပိုက်သယ်ကာ...

"အဘအတွက်ပါ"

အဘက တစ်ချက်သာ စောင်းငဲ့ကြည့်ပြီး...

"သမီး စီစဉ်ပေးလိုက်"

ဟု ဆိုလျှက် လှည့်ထွက်သွားလေသည်။ သုံးလေးလှမ်းရောက်မှ ပြန်လှည့်ကာ မေးပြန်သည်။

"မောင်ရင့်နာမည်က ဘာတဲ့"

ဂျမ်းပဲ မပြောခဲ့လေသလား။ အဘပဲ မေ့နေသလားမသိ။

"တောက်ပါ အဘ။ တောက်ပါတဲ့"

"တောက်"

အဘက အသံထပ်ပြသည်။ တစ်ခုခုကို စဉ်းစားမိဟန်။ သို့သော် ဘာမှမပြောတော့ဘဲ အိမ်ထဲဝင်သွားလေသည်။

မောဟိုက်စွာ သက်ပြင်းချရင်း ဂျမ်းကို လှမ်းကြည့်လိုက်သည်။ မျက်လွှာမချ၊ မျက်လုံးမဖယ်ဘဲ အစင်းသား ပြန်ကြည့်နေသော ဂျမ်းကို တွေ့ရသည်။

"အဘလက်ခံလိုက်တာ တော်ကံကောင်းတယ်မှတ်။ ဒါပေမယ့် အဘအုပ်ချုပ်မှုအောက်မှာ သူ့စိတ်တိုင်းကျ နေဖို့တော့ မလွယ်ဖူးနော်။ ကျုပ်က ကျုပ်အဘမို့ သိတာ။ အားကြီးခေါင်းမာတာ။ ကျုပ်သာ သူ့သမီးမို့ သူနဲ့နေနိုင်တာ။ အေးလေ... တော် ကြည့်ကျက်ပြီး နေထိုင်ပေါ့။ မဟုတ်ရင်တော့ တော် လွင့်သွားဦးမယ်"

ကရုဏာသန်းနေသော စကားဖြစ်သောကြောင့် ဘာမှပြန်မပြောနိုင်အောင် ဝမ်းသာကြည်နူးနေမိသည်။

ပန်းပဲဖို ခြေရင်းဘက်တွင် တစ်ညနေအတွင်း တစ်ဖက်ရပ်တဲလေးတစ်လုံး ထိုးလိုက်သည်။ အိပ်စရာ ကွပ်ပျစ်တစ်လုံး ရိုက်လိုက်သည်။ သစ်သား၊ ဝါးအသင့်ရှိပြီးသားဖြစ်၍ ဘာမှ အခက်အခဲမရှိ။

တဲအသစ်၊ ကွပ်ပျစ်အသစ်ထက်တွင် လှဲရင်း ဘဝအသစ်၊ ခရီးအသစ်နှင့် လောကသစ်၏ ပထမဆုံးညကို ဆင်ခြင်မိလေသည်။

"ဝရီးရေ။ ကျုပ်အင်းဝမြို့ထဲ ရောက်နေပြီဗျ"

ဘုရားရှိခိုးအပြီးတွင် ဝရီးကို အမျှအတန်း ပေးဝေရန်မမေ့။

မျက်ရည်ပူများ ကျသေးသည်ပင်။

* * * * *

"၂၂"

'ဆိုကြပါစို့ လူကလေးရယ်... နောင်နှစ်ပေါင်းများစွာ ကြာတဲ့အခါ၊ အနှစ်တစ်ရာ နှစ်ရာဆိုပါတော့။ ကျုပ်တို့တည်ခဲ့တဲ့ ဘုရားပုထိုးလည်း ရှိနေသေးတယ်ဆိုပါတော့။ အဲဒီအခါမှာ အဲဒီအနာဂတ်က လူတွေဟာ ဒီဘုရားကို လာဖူးရင်းနဲ့ ဩော်... ဒါဟာ ခိုးသားကြီး တောက်ပြားတည်ခဲ့တဲ့ ဘုရား။ ကြည့်စမ်း... ခိုးလို့ရတဲ့ပစ္စည်းတွေနဲ့ တည်ခဲ့တဲ့ ဘုရား။ သူတောင်မှ ဒုစရိုက်ရွံ့နွံအိုင်ကြီးထဲမှာ မြုပ်နေရင်းနဲ့ ဒီလောက် အသိတရားရှိသေးတာ။ တို့များဆို သူ့ထက်ရှိရမှာပေါ့ဆိုတဲ့ ဆင်ခြင်တရားလေး ဝင်သွားခဲ့ရင်...'

'အဲဒီ အနာဂတ်ကာလ ဟိုးအဝေးကြီးမှာ ဆိုကြပါစို့။ ကျုပ်ခိုးသားကြီးဟာ ကျူးလွန်ခဲ့တဲ့ အပြစ်တွေကြောင့် မကျွတ်နိုင်တဲ့ ပြိတ္တာကြီးဖြစ်နေပြီပဲထား။ စောစောက ဘုရားဖူးတွေကနေပြီး သတိရခဲ့လို့ ဘုရားဖူးရင်း ဘုရားဒါယကာ ခိုးသားကြီးကို အမျှအတန်းပေးဝေဖို့များ သတိရခဲ့ရင်တော့ ကျုပ်မကျွတ်နိုင်ပါလား လူကလေးရယ်'

ဝရီး၏ နောက်ဆုံးနေ့မှစကားများကို နားထဲမှ ထုတ်လို့မရနိုင်သေး။ သတိရတိုင်းလည်း မျက်ရည်ပူများကို မထိန်းနိုင်သေး။ ဘဝသစ်တွင် အခြေကျဖို့ ကောင်းပြီဖြစ်ပါလျက် အခြေမကျချင်။ ချစ်သောဂျမ်းကို မျက်တစ်ကမ်း လက်တစ်လှမ်းမှာ နေ့စဉ်နှင့်အမျှ မြင်တွေ့နေပါလျက်နှင့် ကြည်နူးမှုကို အပြည့်အဝ မခံစားနိုင်သေး။

အဘ၏ ပြင်းထန်သော ခိုင်းစေမှုအောက်၊ မီးဖို၊ မီးတောက်၊ မီးပွား၊ မီးမှုန်များအလယ်တွင် တစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်သည်အထိ ပင်ပန်းကြီးပါလျက်၊ ဝရီးကို ပင်ပန်းမှုတွေကြားထဲမှာ သတိရနေသည်။

ဝရီးအား သတိရနေသောစိတ်ကို ပင်ပန်းမှုဖြင့်လည်း ချိုးနှိမ်မရ၊ ကြည်နူးမှုဖြင့်လည်း ချိုးနှိမ်မရ။ ဝရီးနှင့်ပတ်သက်သော အနာကား နလုံးထက်တွင် နက်ရှိုင်းစွာ ဒဏ်ရာထင်ခဲ့လေပြီ။

ဝရီးစကားကို ကြားလေတိုင်း ဆို့နစ်ရသလို နောက်ဆုံးမြင်ကွင်းထဲမှ ဝရီးအသွင်ကို မြင်မိတိုင်း ရင်ထဲမှာ ပြည့်ပြည့်လာသည်။ ဘုရားတည်ရန် ဘဏ္ဍာအစုကို ညာလက်ဖြင့် ညွှန်ပြနေသော ဝရီး၏အလောင်း။

'ပစ္စည်းတွေအပေါ်မှာ လောဘမသက်ရ။ မိမိတစ်ကိုယ်တည်းအတွက် ခံစား စံစားခြင်း မပြုရ။ မိမိ၏ အသက်မွေးဝမ်းကျောင်းသည် အဒိန္နဒါနကံ ကျူးလွန်သောအမှု၊ ဤအမှု၏ မှောင်မိုက်သောဒဏ်ကို ကောင်းမှုပြုခြင်းဆိုသော အလင်းဖြင့် တစ်ဝက်တစ်ခြမ်းပင်ကျေစေ ကုစားရမည်'

MMCYBERMEDIA
COMMUNITY FOR ALL

သစ္စာမဆိုခင် ရွတ်ခဲ့ရသည့်စကားလုံးများ။

အထူးသဖြင့်မူ ဝရီးကွယ်လွန်ပြီးနောက် ဂျမ်းတို့ဆီရောက်ပြီးသည်၏နောက် 'ပထမဆုံး အလုပ်ထွက်လုပ်' သည့် အခုလို အချိန်မျိုးတွင် ပို၍သတိရလေသည်။ လပေါင်းများစွာ ဝရီးနှင့် တတွဲတွဲ မခွဲအတူတူ လုပ်ခဲ့ကြရာမှ အခုလို တစ်ကိုယ်တည်း 'ထွက်' ရသောအခါ သတိရရှိမှုသည် အပြင်းထန်ဆုံးဖြစ်ရလေတော့သည်။

ကြေကွဲမှုများကို စိတ်မာန်တင်း၍ မောင်းထုတ်ပစ်ရသည်။

ဝရီး၏ သင်ကြားမှုပေါင်းများစွာထဲမှ အခြေခံအကျဆုံး အချက်တစ်ချက်၊ အလုပ်ထွက်လုပ်ချိန်တွင် အလုပ်မှတပါး အခြားမည်သည့်အရာဆီကိုမှ စိတ်အာရုံ မကပ်ငြိစေရ။

* * * * *

အင်းဝသည် ခါတိုင်းလိုပင် အိပ်မောကျနေလေသည်။

ခိုးသားကြီး တေက်ပြား ငြိမ်ချက်သားကောင်းခဲ့သည်မှာ တစ်လကျော်သွားခဲ့ပြီ ဖြစ်၍လည်း ရွှေမြို့တော်သည် စိတ်ချလက်ချ ရှိနေဟန်တူသည်။

အကွက်ကျ၍ ဖြောင့်တန်းသောလမ်းမများကို ရှောင်ကွင်းကာ လမ်းမြောင်များမှ တစ်လမ်းဝင်တစ်လမ်းထွက် ခရီးဆက်ခဲ့သည်။

တူရူပြုရာအရပ်ကား 'ရွှေတိုက်စိုး၏ စံအိမ်'။

လမ်းချိုးအကွေ့မှ အထွက်တွင် ခပ်လှမ်းလှမ်းဆီရှိ စံအိမ်ကို ဘွားခနဲ တွေ့လိုက်ရသည်။ အသက်တစ်ချက် ပြင်းပြင်းရှိုက်၊ အံတစ်ချက် တင်းတင်းကြိတ်ကာ ရင်ထဲမှ ကြုံးဝါးတိုင်တည်သည်။

"ဝရီးကျုပ် ရွှေတိုက်စိုးဆီကို ထပ်သွားနေပြီ။ ဝရီးအလောင်းရှေ့မှာ ကျုပ်မြေစိုင်ခဲကို ကိုင်ရင်း အဓိဋ္ဌာန်ပြုခဲ့တဲ့အတိုင်း ကျုပ်လုပ်နေပြီ"

"ဝရီးအသက်ပေးသွားရတဲ့ ဒီစံအိမ်ဆီက ဝရီးလိုချင်တဲ့ စိန်တုံးကို မရရအောင် ကျုပ်ယူတော့မယ်။ ဝရီးမပါဘဲ ထွက်တဲ့ ပထမဆုံးအခေါက်ဟာ ရွှေတိုက်စိုးအိမ်ပဲ ဖြစ်ရမယ်ဆိုတဲ့ စကားအတိုင်း ကျုပ်ထွက်ခဲ့ပြီ"

တင်းမာနေသော ရင်ကို အလုပ်သတိဖြင့် ပြန်၍ ဖြေလျော့ချလိုက်သည်။ ပြတ်သားကျင့်ရပြီး စိတ်အာရုံကြောင့် ပြေလျော့ကျသွားလေသည်။

မမေ့မပျောက် ယူလာခဲ့သော ပစ္စည်းကို ခါးကြား၌ စမ်းကြည့်လိုက်သည်။ ပစ္စည်းမှာ အသင့်။

မှောင်ရိပ်ကိုကွယ်လျှက် စံအိမ်ဝိုင်းသို့အကပ်တွင် တစ်ချက်ပြုံးသည်။

* * * * *

အခက်အခဲမရှိ ရွှေတိုက်စိုး၏ ခုတင်ခေါင်းရင်းသို့ ရောက်ခဲ့ပြီ။

ဝရီးနှင့်လာစဉ်က လမ်းကြောင်းများအတိုင်း အသုံးချခဲ့သည်။

ရွှေတိုက်စိုးကား ဟိုတစ်ခေါက်တုန်းကအတိုင်း မှောက်ခုံကြီး အိပ်ပျော်ကာ လက်တစ်ဖက်ကလည်း ခေါင်းရင်း ပွတ်လုံးတိုင်ကို ဆုပ်ကိုင်ထားသည်။

အပေါ်ဆင့် ပွတ်လုံးတိုင်၊ ထို့နောက် ဒုတိယ၊ ထို့နောက် တတိယ၊ သတိကြီးစွာ ဖြုတ်ယူသည်။ လိုချင်သော ပွတ်လုံးခေါင်းပေါက်ကို တွေ့ရပြီး ခေါင်းပေါက်ကို မမိုတ်မသုန်ကြည့်သည်။ ခေါင်းပေါက်အတွင်းမှာ ဝရီးအသက်ကို တစ်ဝက်ကြွေစေခဲ့သော မြွေရှိသည်။

ခါးကြားထဲမှ ပစ္စည်းကို ထုတ်ယူလိုက်သည်။

နွားနို့ထဲတွင် တစ်နေ့လုံးစိမ်ထားသော ချည်ခင်လုံးသည် ကြိုးစအတိုင်း ပါလာလေသည်။ ကြိုးများကို ကိုင်လျှက် နို့နံ့သင်းထုံနေသော ချည်ခင်လုံးကို ခေါင်းပေါက်ဝတွင် မထိတထိ တင်ပေးလိုက်သည်။ ခဏစောင့်ကြည့်သည်။ ပါးလုပ်သော

အကြားအာရုံက ပွတ်လုံးထဲမှ ပွတ်တိုက်ရွေ့လျားသံကို ကြားရသည်။ အသက်ကို မရှုမထုတ်။ မျက်တောင်ကို မပုတ်မခတ်။ ခေါင်းပေါက်ဝမှ တစ်ရွေးမရွေ့။ တစ်စေ့မဖယ်စတမ်း။

ချည်ခင်လုံးကို အပေါ်သို့ အနည်းငယ် မြှင့်တင်လိုက်သည်။

ခေါင်းပေါက်ဝတွင် ပထမဆုံးပေါ်လာသည်က လျှပ်ကဲ့သို့မြန်သော နှစ်ခွလျှာဖြစ်သည်။ လျှာအဝင်အထွက်သည် မျက်တောင်တစ်ခတ်ပင် ကြာမည်မထင်။ ထို့နောက် ဒုတိယပေါ်လာသည်မှာ အရောင်တလက်လက်ထွက်နေသော သေးငယ်သည့် မျက်လုံးအစုံ။ ထို့နောက် ပြားချပ်သော သုံးမြှောင့်တစ်တစ်ကျသော ဦးခေါင်း။ ထို့နောက် ပြိုးပြိုးပြက်လက်သည့် အကြေးခွံအတိ လည်ကုပ်သား။ ထို့နောက် တွန့်လိမ်လှုပ်ရှားလာသည့် ကိုယ်လုံး။

ချည်ခင်လုံးကို အပေါ်သို့ထပ်၍ မြှင့်သည်။

လက်သန်းလုံးခန့် မြွေ၏လည်ပင်းသည် လက်နှစ်ဆစ်ခန့်အထိ အထက်သို့ မြောက်တက်လာသည်။ နှစ်ခွလျှာကား အဆက်မပြတ် အရည်ဝင်လိုက်ထွက်လိုက်။

ချည်ခင်လုံးကို ဘယ်လက်ကို တည်ငြိမ်စွာ ထားလိုက်သည်။

နှစ်ခွလျှာသည် ချည်ခင်လုံးကို မထိတထိ ပွတ်သပ်နေသည်။

အကြိုက်ဆုံးအနေအထားသို့ ရောက်ပြီ။

ညာလက်၏ အလှည့်။

နှစ်ခွလျှာသည် လျှပ်စီးဆိုလျှင် ညာလက်သည် မိုးကြိုးသွားဖြစ်ပေမည်။ မြွေ၏လည်ဆီသို့ ညာလက် ထစ်ခနဲရောက်သွားသည်။ မျှား၏ အပြင်းထန်ဆုံး တင်းကျပ်မှုကို မလျှော့စေဘဲ ပွတ်ခြေသည်။

မြွေကား စိစိညက်ညက် ကြေလေပြီ။

ပန်းပဲဖိုတွင် အဘဒအလစ်ကို စောင့်၍ ရက်သတ္တနစ်ပတ်လုံးလုံး စိတ်ရှည်လက်ရှည် လုပ်ခဲ့ရသော သံနန်းခတ် လက်အိတ်ကား အသုံးတည့်လှချေသည်။ သူ့အဆိပ်များဖြင့် သူ လိမ်းကျံနေသော မြွေအသေကောင်ကို စက်ဆုပ်ရွံရှာစွာ ခုတင်ခေါင်းရင်း၌ ချထားလိုက်သည်။

သတိကိုလျှော့၍မဖြစ်သေး။ ချည်ခင်လုံးကို ခေါင်းပေါက်တွင် ထပ်ကပ်သည်။ ရွှေတိုက်စိုးသည် ရှားပါလှသော မြွေပွေးဖြူကို နှစ်ကောင်ရအောင် ရှာမထားဟု မပြောနိုင်။

အတန်ကြာစောင့်ကြည့်သည်။ ပွတ်လုံးထဲမှ အသံမကြားရ။

သံနန်းခတ်လက်အိတ်ကို ချွတ်လိုက်သည်။ ခါးပိုက်အိတ်ထဲထည့်သည်။ ခေါင်းပေါက်ထဲသို့ လက်နှိုက်သည်။ လက်ညှိုးနှင့် လက်ခလယ်ကို သုံးကြိမ်တိုင်တိုင် အသုံးပြုရသည်။ ဆီးကင်းခန့် စိန်ခြောက်လုံးကို အထမြောက်သွားသည်။ ခေါင်းပေါက်ထဲ၌ ဖုန်မှုန့်တစ်မှုန့်မျှပင် မရှိနိုင်တော့။

ဗိုလ်ရှုံခံစင်မြင့်ထက်မှ ဆင်းသက်လာသော ဉပရာဇာတစ်ပါး၏ တင့်တယ်ခြင်းမျိုးဖြင့် စံအိမ်တော်အောက်ထပ်သို့ ဆင်းခဲ့လေသည်။

* * * * *

MMCYBERMEDIA
COMMUNITY FOR ALL

# ။၂၃။

မိဖုရားစောဥမ္မာသည် အစ်ကိုတော်ဖြစ်သူ အမြင့်မြို့စား တရဖျားစော်ကဲ၏ လက်ကောက်ဝတ်ကို အားကိုးတကြီး ဆုပ်ကိုင်လိုက်လေသည်။ အမြင့်မြို့စားကလည်း ညီမတော်၏ လက်ဖမိုးပေါ် မှအုပ်မိုး၍ အားပေးနှစ်သိမ့်သည့်အနေဖြင့် ခပ်တင်းတင်း ပြည်လည်ဆုပ်ကိုင်ထားသည်။ သို့တိုင် စောဥမ္မာ၏လက်များမှာ နှင်းရိုက်ခံထားရသော ပန်းတစ်ပွင့်လို အေးစက်နေသည်။

တပ်မင်းကြီး နေမျိုးသီဟပတေ့လည်း ခေါင်းမဖော်ရဲ။

မင်းဆရာ ပတူးသဃ်ရာဇာလည်း ခေါင်းမဖော်ရဲ။

အတွင်းသင်းမှူး ငနွယ်နကား နဖူးနှင့်နန်းကြမ်းပြင် ပြားပြားကပ်လျှက်ရှိသည်။ အဝရွှေတိုက်စိုးဆိုလျှင် ပြောစရာမရှိ။ ယခုပင် ဘုရင်သတိုးမင်းဖျား၏ဓါးသည် သူ့လည်ကုပ်ပေါ် ကျတော့မည်မတတ်။

မင်းကြီးသီလဝထံမှလာသော အသံတဖြောက်ဖြောက် ထွက်နေသည်။

မင်းကြီးသီလဝသည် တစ်လောကလုံးတွင် သူ့ရှေ့ရှိ စွန်တာနီ ပဲလှော်သုပ်ကိုမှအပ ဘာမျှ မရှိလေဟန် ရွှေရေးခွက်ထဲမှ စွန်တာနီပဲလှော်သုပ်ကို တစ်ဇွန်းပြီးတစ်ဇွန်းကော်၍ စားတော်မူနေသည်။

မြို့စောင့်တပ်မင်းကြီး နေမျိုးသခ်သူသည် အနီးမှ ရွှေတိုက်စိုးကို ကြည့်၍ သနားနေမိလေသည်။ စင်စစ် နေမျိုးသခ်သူသည် ဤအဝ ရွှေတိုက်စိုးကို ရွှေတိုက်စိုးမဖြစ်မီ စစ်ကိုင်းသူကြွယ်ဘဝတည်းက မျက်စိစပါးမွေးစူးခဲ့ဖူးသည်။ ရွှေတိုက်စိုး၏ အစားကြူးပုံ၊ အာရုံခံစားပုံ၊ အအိပ်ကြူးပုံတို့အပြင် 'စိန်' အပေါ်၌ ရူးသွပ်ခမန်း အစွဲအလမ်းကြီးမားပုံတို့ကို တစ်လျှောက်လုံး ဘဝင်မကျခဲ့။ ကြားခါစကမူ ဖြစ်တာနည်းသေးဟု တပ်မင်းကြီးတွေးမိသေးသည်။ သို့သော် သွေးဆုတ်ဖြူရော်မျက်နှာ၊ ညှိုးမည်းသောမျက်ကွင်း၊ နီရဲသော မျက်လုံးနှင့်တုန်ယင်နေသော ကိုယ်ခန္ဓာရှိသည့် ရွှေတိုက်စိုးကို မြင်သောအခါ သနားသွားသည်။ ရွှေတိုက်စိုးဘာကြောင့် ရူးမသွားသေးသည်ကိုလည်း အံ့သြနေမိလေသည်။

သူ့အသက်ဘူးလိုထားသော စိန်တုံးများ ခိုးသားတေက်ပြားလက်သို့ ပါသွားခြင်းက တစ်ချက်၊ ယင်းကိုအကြောင်းပြု၍ ရွှေနန်းရှင်၏ ပေါက်ကွဲဒေါသအောက်သို့ ရောက်ရခြင်းက တစ်ချက် ရွှေတိုက်စိုးရူးသွားသင့်သည်။

ဘုရင်သတိုးမင်းဖျားကား နွေယ်ကုန်းစား ဘယကျော်သူကို ကိုယ်တော်တိုင် အဲမောင်းဖြင့် သုတ်သင်ကာ ဘယကျော်သူအလောင်း၏ ရင်ဘတ်ပေါ်တွင် ပွဲတော်စားခဲ့တုန်းက ဒေါသမျိုးဖြင့် ပြင်းထန်စွာ ပေါက်ကွဲလျှက် ရှိသည်။

"မြွေလဲ စိစိညက်ညက် ကြေနေသတဲ့လား။ ဟုတ်လား"

"ဟုတ်... ဟုတ်"

ရွှေတိုက်စိုး စကားမပီတော့။

အကြောင်းအရာတစ်ခုကို နှစ်ခါထပ်မေးပြီဆိုလျှင် ထိုအခြင်းအရာသည် သတိုးမင်းဖျား၏ဒေါသ အမြင့်ဆုံးကို ပြသောအဓိပ္ပါယ်ပင် ဖြစ်လေသည်။

"မြွေသေကောင်ကို သင့်ခေါင်းရင်းမှာ မဟုတ်လား"

ရွှေတိုက်စိုး ပြန်မဖြေနိုင်။

"စိန်တုံးတွေ အားလုံး ပါသွားတယ် ဟုတ်လား"

ရွှေတိုက်စိုးထံမှ တအစ်အစ် ငိုရှိုက်သံ ပေါ်လာသည်။

"ကိုယ့်စံအိမ် ကိုယ်စက်မယ့် ခုတင်ခေါင်းရင်း ပွတ်လုံးတိုင်ထဲက အဆိပ်ပြင်းတဲ့ မြွေပွေးဖြူ ထားတဲ့ကြားထဲက ကိုယ့်စိန်တွေကို အခိုးခံရတယ်ဆိုတဲ့ ရွှေတိုက်စိုး တစ်ယောက်ဟာ တိုင်းပြည်ဘဏ္ဍာ မင်းဘဏ္ဍာကို ဘယ်လိုလုပ်ပြီး ထိန်းသိမ်းနိုင်တော့မှာလဲ။ ဒီတော့..."

"ယောက်ဖတော် ရွှေနန်းရှင်"

အမြင့်မြို့စားက ကမန်းကတန်း ဝင်သည်။ 'ဒီတော့' ဟူသော စကား၏နောက်တွင် ရွှေတိုက်စိုးအပေါ် ပြင်းပြင်းထန်ထန် ရာဇဒဏ်ချတော့မည်ဖြစ်ကြောင်း အမြင့်မြို့စား သိလိုက်သောကြောင့် ဖြစ်သည်။

"ယောက်ဖတော် ရွှေနန်းရှင်။ နောင်တော် ပြောပါရစေ။ ရွှေတိုက်စိုးပေါ့လျော့တာလဲ ပေါ့လျော့တာပေါ့"

"ပေါ့လျော့တာမဟုတ်ဘူး နောင်တော်မြို့စား။ ဒါဟာ လူရည်ညံ့တာ ဒါဟာ ညံ့ဖျင်းတာ"

"ထားပါ ယောက်ဖတော် ရွှေနန်းရှင်။ ညံ့ဖျင်းတာပဲ ဖြစ်ပါတယ်။ သို့သော် တစ်ဖက်က ထည့်တွက်ရမှာက ဟိုခိုးသား တောက်ပြား လူရည်လူသွေးထက်လွန်းနေသည့် ကိစ္စပဲ"

မင်းကြီးသီလဝများ တစ်စုံတစ်ခု ဝင်ကူပြောလေမလားဟု အမြင့်မြို့စားက စကားကို တန့်၍ မင်းကြီးကို လှမ်းအကဲခတ်ကာ အကူအညီတောင်းသည်။ မင်းကြီးသီလဝသည် စွန်တာနီပဲလှော်ခွက်ထဲသို့ နောက်တစ်ဖွန်း ထပ်ကော်နေလေသည်။

အမြင့်မြို့စား အသက်ရှူ၍ ဆက်ပြောရတော့သည်။

"ပြန်သုံးသပ်ကြည့်ဖို့ လိုမယ် ယောက်ဖတော် ရွှေနန်းရှင်။ လွန်ခဲ့တဲ့ တစ်လလောက်တုန်းက သင်း ပထမဆုံးအကြိမ် မြွေကိုက်ခံရပြီး သင်း မြင်းခိုးပြီး ထွက်သွားရတယ်။ အမှောင်ထဲကြောင့်၊ ပြီးတော့ ရဲမက်တွေအားလုံး ရှုပ်ထွေးကုန်တာကြောင့် သင်းကို လူလုံးမကွဲခဲ့ဘူး။ ဒါပေမယ့် အတော်ဆုံး မြင်းစီးရဲမက်သုံးဦး နောက်ကလိုက်သွားကြတယ်။ သုံးဦးစလုံး ပြန်မလာဘူး။ သင်းခိုးသွားတဲ့မြင်းနဲ့ ရဲမက်တွေရဲ့မြင်းသုံးစီးကိုပဲ ပြန်တွေ့တယ်။ မြင်းခွာရာတွေ ရှုပ်နေတဲ့ ဧရာဝတီအရှေ့ဘက်ကမ်း ကျောက်ဂူတစ်ခုထဲမှာ သင်းနေသွားဟန်လက္ခဏာရှိပေမယ့် ဘာမှ မတွေ့ရတော့ဘူး။ ခိုးဝှက်ထားတဲ့ ပစ္စည်းတွေလဲ စုံးစုံးမြုပ်၊ သင်း ခိုးသားလည်း သတင်းပျောက်နဲ့ တစ်လလုံးလုံး ကွယ်နေရာက အခုပြန်ပေါ်လာတယ်။ ပြန်ပေါ်လာပြီး သင်းစံအိမ်ကိုထပ်တက်၊ မြွေကိုပါသတ်ပြီး စိန်တွေ ယူသွားတယ်။ ဖြစ်စဉ်ကို ပြန်ကြည့် ယောက်ဖတော် ရွှေနန်းရှင်။ တကပြားဟာ ရွပ်ရွပ်ချွံချွံ လူစွမ်းကောင်း ခိုးသားဖြစ်နေပြီး သင်းလိုအကောင်းမျိုးနဲ့ ရွှေတိုက်စိုးနဲ့မှ တွေ့ရတယ်။ ရွှေတိုက်စိုး ဘာမှမတတ်နိုင်တာ မဆန်းဘူး ယောက်ဖတော် ရွှေနန်းရှင်"

အမြင့်မြို့စားသည် မောဟိုက်ပင်ပန်းသွားဟန်ဖြင့် ရွှေတာကောင်းကို လှမ်းသည်။ စောဥမ္မာက ရေကြည်ငှဲ့ပေးရလေသည်။

အမြင့်မြို့စားက ရွှေခွက်တစ်ခွက်အပြည့် သောက်ချကာ စကားဆက်သည်။

"လူရည်ညံ့တဲ့ ရွှေတိုက်စိုးကို အပြစ်ပေးတာထက် လူရည်ထက်တဲ့ ခိုးသားကို အမြန်ဆုံးဖမ်းဖို့ စီစဉ်ကြတာဟာ အကောင်းဆုံးပဲ"

မင်းကြီးသီလဝထံ လှမ်းကြည့် အကူအညီ တောင်းပြန်သည်။

မင်းကြီးသီလဝသည် နှုတ်ခမ်းကို ပဝါဖြင့်သုတ်နေပြီး ထူထဲနက်မှောင်လှသော မျက်ခုံးကြီးများအတွင်းသို့ ကျုံ့ဝင်နေသည်။ နှုတ်ခမ်းကို ပဝါဖြင့်သုတ်ပြီးနောက် ရှေ့မှ ရွှေခွက်ကို ကောက်ယူ၍ ပါးလုတ်ကျင်းသည်။ စောဥမ္မာက ရွှေပိန်းချထွေးခံကို ထိုးပေးလိုက်သည်။

ခံတွင်းကို ဆေးပြီး ပဝါဖြင့် ထပ်သုတ်ပြန်သည်။

စိတ်အရှည်ဆုံး အမြင့်မြို့စားပင် မင်းကြီးသီလဝ၏နေးကွေးလေးလံလှသော လှုပ်ရှားမှုကို သည်းမခံချင်ဖြစ်လာသည်။

လက်ဝတ်တစ်ကွင်းမှ ထတ်မထားသော ကြီးမားတုတ်ခိုင်လှသည့် လက်ချောင်းကြီးများဖြင့ မင်းကြီးသီလဝသည် နာရောင်ခုံကို တစ်ချက်ပွတ်သပ်လိုက်သည်။ ထို့နောက် အသံဝါကြီးဟိန်းထွက် လာလေသည်။

"မီးကျည်လုပ်တတ်တဲ့ကောင်တွေ ငါလိုချင်တယ်"

"ဘာလုပ်မလို့လဲ နောင်တော်မင်းကြီး"

သတိုးမင်းဖျားက စိတ်အားထက်သန်စွာ မေးသည်။

"မီးကျည်လုပ်တတ်တဲ့ကောင်တွေသာ ငါ့ဆီလွှတ်လိုက်ပါ။ အင်း... ငါတော့ တစ်ပတ်လောက် အိပ်ရေးပျက်ဦးမယ်"

မင်းကြီးသီလဝဘာဆိုလိုမှန်း ဘယ်သူမှ မသိကြသဖြင့် အားလုံးငြိမ်သက်နေကြသည်။

"မင်းအေးအေးဆေးဆေး စံနေ။ အချိန်ကျရင် မင်းလုပ်ရမယ့် အလုပ်ကို ငါပြောမယ်။ ခုတော့ တရဖျားစော်ကဲ"

"အမိန့်ရှိပါ နောင်တော်မင်းကြီး"

"မီးကျည်လုပ်တတ်တဲ့ကောင်တွေ ခေါ်ပြီး မင်းငါ့ဆီလာခဲ့"

မင်းကြီးသီလဝ ထိုင်ရာမှ ထသည်။ အားလုံးပျပ်ဝပ်ကြသည်။ ကြမ်းပြင်ကို ပွတ်တိုက်ရွေ့သွားသော ခြေသံလေးလေးကြီးကို ကြားရပြီးသည်နောက် မင်းကြီးသီလဝ ပျောက်ကွယ်သွားသည်။

အမြင့်မြို့စားက...

"အေးအေး စံနေပါ ယောက်ဖတော် ရွှေနန်းရှင်။ နောင်တော်တို့အရာ ထားလိုက်ပါ။ နောင်တော်မင်းကြီးကိုယ်တိုင် ကိုယ်ထိလက်ရောက်ပါဝင်လာပြီ မဟုတ်လား"

ဘုရင်သတိုးမင်းဖျား၏ ပါးလျားသော နှုတ်ခမ်းများကား တင်းတင်းစေ့ထားဆဲ ရှိလေသည်။

* * * * *

တစ်တင်းအိတ်ဖွဲအိတ်ကို ထမ်းကာ ဖားဖိုနားသို့ချလိုက်သည်။ မနက် အရက်တက်ကတည်းက ဖွဲအိတ်တွေကို ဝိုင်းထောင့်မှသည် ဖားဖိုဆီသို့ တစ်အိတ်ပြီး တစ်အိတ်ချပေးရသည်မှာ ယခုတစ်တင်းဝင်ဖွဲအိတ်ပေါင်း သုံးဆယ့်ခြောက်အိတ်ရှိပြီ။ တစ်ကိုယ်လုံးလည်း ဖွဲတွေနှင့် မြင်မကောင်း။

ဂျမ်းက ဖားဖိုကြီးကို စဆွဲလျှက်ရှိသည်။ ဖားဖိုမီး တရဲရဲတောက်လောင်စ ပြုလေပြီ။ ဂျမ်း၏ ဆံတောက်ဖားတွင် ပြာမှုန့်များကပ်လျှက် ရှိသည်။ မီးရောင်ဟပ်သော မျက်နှာပြင်ထက်က ပါးပြင်နီနီရဲရဲကို ကြည့်ကောင်းကောင်းဖြင့် အမောပြေ ကြည့်နေမိသည်။

ယမန်နေ့ညကပင် အဘက ဒီမနက်မှစ၍ ဈေးဆိုင်သုံးရက် မထွက်ဟု ပြောထားသည်။ ဘာကြောင့်လဲဟု မေးသောအခါ မနက်ကျမှ ပြောမည်ဟု ဆိုသည်။ အဘလည်း တစ်ညလုံးလိုလို သံကောင်းများကို ရွေးနေသည်။ သံရွေးရင်း အဘက သံများအကြောင်း ပြောပြခဲ့သည်။ ကောင်းစွာနားမလည်သော်လည်း အခေါ်အဝေါ်များကိုတော့ မှတ်သားထားခဲ့သည်။

"တောက် မင်းက တမွဒီပကလာတာဆိုတော့ ဟိုသေလည်ကြောင်မင်း လက်ထက်တုန်းက အဂ္ဂိရတ် ဓါတ်အပ်ပညာတွေအကြောင်း နည်းနည်းပါးပါး တီးမိခေါက်မိမှာပေါ့"

အဖြေခက်သွားသည်။ ဘာမှမသိ။ သို့သော်...

"ကျွန်တော်က တောထဲမှာ ကြီးခဲ့ရတာဆိုတော့ မှန်တဲ့အတိုင်းပြောရရင် ဘာမှမသိဘူးအဘ"

"ပကတိ ကူလ ဒန္တတ်ဇာတိ မောဟန့်ရောတဲ့ ကိတ္တိလာ ဘောဂ သံဓါတ်အကြောင်းတို့ ဘာတို့မကြားဖူးဘူးလား"

"မကြားဖူးဘူးအဘ"

"ဟ... သံအမျိုးပေါင်း တစ်ရာခြောက်ဆယ့်ခုနစ်မျိုး ရှိတယ်လေ"

"ဟင်... ကျွန်တော်က သံဆိုတာ တစ်မျိုးပဲ ရှိတယ်ထင်တာ"

"ကောင်းကြရောကွာ။ ကိုင်း... သမီး နှင့်ကိုရင်ကို အဂ္ဂိရတ်မှာ အသုံးဝင်တဲ့ သံခုနစ်မျိုးအကြောင်း ပြောပြလိုက်စမ်း။ အလုပ်လုပ်ရင်း အပျင်းပြေပေါ့။ ဉာဏ်ကောင်းတဲ့သူဆိုလဲ မှတ်မိတာပေါ့"

သည်လိုပြောကတည်းက ကြိုးစားမှတ်ရတော့မည်ဟု နားလည်လိုက်လေသည်။ ဂျမ်းက မျက်လုံးရွဲကြီးများနှင့် လှမ်းကြည့်ပြီး တတွတ်တွတ် ရွတ်လေတော့သည်။

"မှတ်ထား ကိုရင်တောက်။ ကျုပ်ကတော့ ငယ်ငယ်ကတည်းက ဒါကိုရထားတာ၊ အဘက ဘုရားရှိခိုးစာ ချပေးပြီးတိုင်း ဒါကို ချပေးတာကိုး။ အဲ ဘာတဲ့ ကုန်းဇယံသံတဲ့၊ တေဇောသံလို့လဲခေါ်တယ်။ ဝါနီ ဖြူညို ပြုံးပြက်သတဲ့။ ပြီးတော့ ပါယောသံတဲ့၊ ပိုးရွှခြံအုံကဲ့သို့ ရှိပြီး ညိုဝါအဆင်းရှိသတဲ့။ နောက်တစ်ခုက ပထဝီသံတဲ့၊ ညိုဖြူဖျော့ဖျော့ အဆင်းရှိတယ်။ နောက်ပြီး

ကေလောကသံတဲ့၊ ညီဖြူအဆင်းတဲ့၊ အစိတ်အမွှ အကွဲမရှိ တစ်လုံးတည်းတဲ့။ ပြီးတော့ အမွှလောကာသံတဲ့၊ ပိတုန်းရောင်အဆင်းတဲ့။ ပထဝီမှက္ခသံ၊ သူကတော့ ငွေအဆင်း။ သယံဇာတသံ၊ သူက အာပေါသံလို့လဲ ခေါ်တယ်၊ ခါတ်လေးပါးစလုံးပါတယ်။ ကိုင်းမှတ်မိပြီလား။ မရသေးလဲ နောက်မှ ချပေးမယ်။ ပန်းပဲသမားလုပ်မယ်ဆိုရင် ဒါကို သိမှတော့"

"ဂျမ်းသိထားရင် ပြည့်စုံပါပြီလေ"

လွှတ်ခနဲ နှုတ်မှထွက်သွားသည်။

"ဘာရယ်တော်…"

"သြော်… နောက်ဆိုရင် ကျက်ထားပါ့မယ်လို့"

"ကိုရင်တကော်… တော် တစ်ခါတစ်ခါ စကားပြောတာတွေက ကျုပ် အဓိပ္ပါယ်ကောက်လို့ မရဘူး။ တစ်မျိုးကြီးတွေ"

"ကျုပ်လဲ သိတာမဟုတ်ဘူး"

"ဟောတော်…"

ဂျမ်းရယ်လေသည်။ လွတ်လပ်ပွင့်လင်းစွာ အရိုးခံရယ်ရှာလေသော ချစ်သူ၏ မျက်နှာကို ကြည့်ကာ ပကတိ အေးချမ်းရလေသည်။ တစ်ချိန်တည်းမှာပင် ရင်ထဲဝယ် အုံ့ဆိုင်းမှိုင်းမှုန်ပြန်သည်။

ဂျမ်းရယ် ကျုပ်ရဲ့ဘဝအမှန်ကို မင်းမသိ၊ ကျုပ်ရဲ့အချစ်ကိုလဲ မင်းမသိ၊ ဒါတွေကို ကျုပ်ဖွင့်ပြောဖို့ကြံလာတဲ့တစ်နေ့မှာ မင်းကျုပ်ကို ကြည်ဖြူနိုင်ပါဦးမလား မိန်းခလေးရယ်။

"ဖွဲအိတ်တွေ ပြည့်ပလားဟေ့"

အဘအသံကြောင့် အတွေးစတို့ ကုန်ဆုံးသွားသည်။ အဘလက်ထဲတွင် ရောမတူကြီးတစ်လက်။ အရက်ပျို့ နီကြင်အလင်းတွင် အဘသည် ကြေးနီဘီလူးကြီး တစ်ကောင်နှယ်။

"သုံးဆယ့်ခြောက်အိတ် အဘ"

"အင်း… တော်ပြီ။ ဟိုကောင်မလေး ဖားဖိုရဲပလား"

"ကြည့်လေ"

"အင်း… ဟုတ်ပြီ။ တကော် ကြိုးအနီနဲ့ ချည်ထားတဲ့ သံတွေယူခဲ့"

ပန်းပဲဖိုတိုင်ခြေရင်းမှာ ထောင်ထားသော သံချောင်းစည်းကို ထမ်းရသည်။ စည်းထားသောကြိုးအနီမှာ ထူးထူးခြားခြား

ကောင်းလှသည်။ ပန်းပဲဖိုတွင် အခါတိုင်း သံချောင်းများကို စည်းလေ့ရှိသောကြိုးမှာ ကြံ့ရာ တွေ့ရာ ကြိုးဖြစ်သည်။ များသောအားဖြင့် နွားသားရေကြိုး အသုံးများသည်။ ယခုကြိုးအနီစကား တုတ်လည်းတုတ်သည်။ ချောလည်း ချောသည်။

ကြိုးအနီစ ထူးခြားလှသောကြောင့် အဘကို ဖွင့်မေးရလေမည်။

"အဘ သံချောင်းတွေ ချည်ထားတဲ့ ကြိုးက ကောင်းလှချည်လား။ အရင်ကလဲ တစ်ခါမှ မတွေ့ဖူးဘူး။ အဘ ဘယ်ကရသလဲ"

သံချောင်းတစ်ချောင်းကို ဖားဖိုမီးထဲထည့်ရင်း အဘက...

"မင်းမနေ့က နွားချေးပြားခြောက်တွေ ထွက်လှမ်းနေလို့ မတွေ့လိုက်တာကိုး။ အဲဒါ အမြင့်မြို့စား တရဖျားရဲ့ အမိန့်တော်နဲ့ ရွှေနန်းတော်ကြီးက ပို့လိုက်တဲ့ သံတွေလေ။ ကြိုးကလည်း ရွှေနန်းတော်ကြီးက ပါးလိုက်တာ"

"ဩ... ဒါကြောင့်ထူးခြားနေတာကိုး။ နေပါဦး အဘ ရွှေနန်းတော်ကြီးက ဘာကိစ္စပို့လိုက်တာလဲ။ အဘက အခု ပန်းပဲတော် ဖြစ်နေပြီလား"

သူ့အဘကို ရွှေနန်းသုံး ပန်းပဲတော်ဖြစ်စေချင်သည်ဟု ဂျမ်းတစ်ခါက ပြောဖူးသဖြင့် အကြောင်းဆက်နွယ်လျှက် မေးကြည့်ခြင်း ဖြစ်သည်။ အဘက မီးတရဲရဲထဲမှ သံချောင်းကို လှည့်ပတ်ရင်း...

"သမီး... ပြောပြလိုက်စမ်း"

အဘစကားများများ ပြောတော့မည်မဟုတ်။ သူ့အလုပ်ထဲသို့ စိတ်သွင်းလိုက်ပြီး အဘ ပန်းပဲဖိုဝင်ပြီဆိုလျှင် သီတင်းသည် ဥပုသ်ဆောင်၊ ကမ္မဋ္ဌာန်းဆောင်ဝင်သည့်အလား စကားတိတ်ဆိတ် သွားတတ်သည်။

ဂျမ်းက ဖားဖိုကြိုးကို ဆွဲရင်း...

"ဘယ်က ပန်းပဲတော် ဖြစ်ရမှာလဲ။ ကျုပ်အဘက ဘာကြောင့်မှန်းလဲမသိ။ တစ်သက်လုံး ပန်းပဲတော်မလုပ်ဘူးတဲ့။ အခု ရွှေနန်းတော်ကြီးက ပို့လိုက်တဲ့ ကြိုးနီစည်း သံချောင်းတွေက ဒီသံတွေကို အကောင်းဆုံး ဓါးတွေလုပ်ဖို့ ရွှေနန်းတော်ကြီးက အမိန့်တော်နဲ့ ခိုင်းလိုက်တာ"

"အကောင်းဆုံး ဓါး ဟုတ်လား"

"အင်း... အင်းဝမှာ အဘရဲ့ရွှေလောင်းပန်းပဲဖိုနဲ့ အရှေ့ပြင်ဘက်က ဝရီးဖိုးမြစ်ရဲ့ ပန်းပဲဖို ဒီနှစ်ဖိုပဲ ရွှေနန်းတော်က အပ်တာလေ။ အဝမှာ အကောင်းဆုံးဖိုတွေ မဟုတ်လားတော့"

ဂျမ်းသည် ဖားဖိုကြိုးကို ဆွဲလည်း ဆွဲနိုင်၊ ပြောလည်း ပြောနိုင်စွ။

“အကောင်းဆုံးဖိုနစ်ဖိုမှာ အကောင်းဆုံးခါးတွေ လုပ်ဖို့ဟုတ်လား။ ဘာကြောင့်ပါလိမ့်။ စစ်မက်ရေးများ ပေါ်ဦးမှာလား ဂျမ်း”

“စစ်မက်ရေး မဟုတ်ဘူး တော်ရေ့။ အဲဒီဓါးတွေနဲ့ ခိုးသားကြီး တောက်ပြားကို ဖမ်းဖို့ ခုတ်ဖို့တဲ့ သိလား။ တော့ပြောရတာ စကားသိပ်ကပ်တာပဲ”

ဖားဖိုထဲမှ မီးကျီခဲများ မျက်နှာဆီသို့ ပြေးဝင်လာသလို ခံစားရသည်။ ဂျမ်းနှုတ်ထွက်သံကို ကြားရပြီးဖြစ်ပါလျှက် မယုံချင်သလိုလည်း ဖြစ်နေသည်။ အံ့ဩသည်လား၊ တုန်လှုပ်သည်လား မဝေခွဲနိုင်။

“တော်ကသာ ဝိုင်းထဲမှာတင် တကုပ်ကုပ် အလုပ်ရှုပ်နေလို့ မသိတာကိုရင်တောက်ရေ။ ကျုပ်က မနက်တိုင်း ဈေးသွားသွားဝယ်နေလို့ အကုန်ကြားနေရတာ။ အဝရွှေမြို့တော်မှာ ခုတစ်လော ခိုးသားကြီးတောက်ပြား ပြန်ထနေတာ သိရဲ့လား။ ရွှေတိုက်စိုးအိမ်ပေါ်တက်ပြီး စိန်တွေယူသွားသတဲ့။ ရွှေတိုက်စိုးမွေးထားတဲ့ မြွေပွေးကြီးတွေ၊ မြွေဟောက်ကြီးတွေ။ အဲဒါက စိန်တုံးတွေကို စောင့်ရှောက်ဖို့ မွေးထားတဲ့ မြွေတွေလဲ ခိုးသားကြီးက ဖနောင့်နဲ့ပေါက်ပြီး သတ်သွားသတဲ့။ စိစိညက်ညက်ကို ကြေရောတဲ့။ ကိုင်း... ဘယ်လောက်စွမ်းသလဲ။ ခိုးသားကြီး တောက်ပြားဆိုတာ အဆိပ်ရှိတဲ့အကောင်တွေ မှန်သမျှကိုလည်း အဆိပ်ပြီးထားတာကလား။ ဘယ်... အဲလို ရွှေတိုက်စိုးကြီးရဲ့ မြွေပွေး၊ မြွေဟောက်လောက်တော့ ခိုးသားကြီးက အပျော့ပေါ့”

ဂျမ်းပြောပုံဟန် မာန်ပါလှသဖြင့် ရယ်ချင်မိပြန်သည်။

“တော် စဉ်းစားကြည့် ကိုရင်တောက်။ ဟင်... တော့်နာမည်ကလဲ ခိုးသားကြီးနာမည်နဲ့ နီးလိုက်တာနော်။ ဒါပေမယ့် ဟိုက လူစွမ်းကောင်း ခိုးသားကြီး။ တော်နဲ့များတော့ ဘာမှ မဆိုင်ဘူး။ အေးလေ လူစွမ်းကောင်းတာ မကောင်းတာက အရေးမကြီးပါဘူး။ ကိုယ့်ဘာသာကိုယ် မခိုးမဝှက်ပဲ အေးအေးလေးနေတာပဲ ကောင်းပါတယ်နော် ကိုရင်တောက်”

“အင်း... ဟုတ်တာပေါ့။ ဟုတ်တာပေါ့”

“စကားတောင် ဘယ်ရောက်သွားပါလိမ့်။ အဲ... တော်စဉ်းစားကြည့်၊ ရွှေတိုက်စိုးစံအိမ်တက်တယ်ဆိုတာ နည်းနည်းနောနောသတ္တိလား။ ရွှေနန်းတော်ကြီးက ရှက်မယ်ဆိုလဲ ရှက်စရာပေါ့။ ဒီတော့ သူတို့ အခု ခိုးသားကြီးကို အတင်းမိအောင် အတင်းဖမ်းဖို့ လုပ်ကြတော့မယ်လေ။ အဲဒါကြောင့် ဓါးတွေ အပ်တာပေါ့။ သံချောင်းတွေ ချည်ထားတဲ့ ကြိုးကိုကြည့်ပါလား။ အဲဒါ ရာဇဝတ်သားကို တုပ်တဲ့ကြိုးမျိုးပေါ့ ကိုရင်တောက်ရဲ့။ ကိုင်း... ကြည့်စမ်း ခိုးသားကြီးတို့များ အဖမ်းခံရဖို့ဟာတောင် ဘယ်လောက်ကြီးကျယ်သလဲ”

“ဟော့... ကောင်မလေး တိတ်စမ်း”

ရဲရဲနီနေပြီဖြစ်သော သံချောင်းကို အဘာညှပ်ဖြင့် ယူလျှက် လှမ်း၍ မာန်သည်။ အဘာက ပေပေါ်တွင် သံချောင်းကို တင်လျှက် နေရာကို ဆလျှက်...

MMCYBERMEDIA
COMMUNITY FOR ALL

"သူတပါး ဥစ္စာပစ္စည်းခိုးတဲ့ အကြောင်းကိုများ မြိန်ရည်ရှက်ရည် ပြောနေလိုက်တာ။ သူ့ဘာသာ ဘယ်လောက်စွမ်းစွမ်း အဒိန္နာဒါနာကံ ကျူးလွန်တာက ကျူးလွန်တာပဲ။ စကားများမနေနဲ့။ နွားချေးပြားခြောက်တွေ သွားယူ၊ ထန်းခေါက်လျှော်တောင်းနဲ့ ကျုံးထည့်ခဲ့"

ဂျမ်းက အဘာမမြင်အောင် ဇက်ကလေးပုလျှက် အဘာကို မျက်စောင်းတစ်ချက် ထိုးကာ ထွက်သွားသည်။

"ကိုင်းဟေ့... တောက်"

အဘာတူလှမ်းတောင်းသည်။ လှမ်းပေးလိုက်သည်။ ရဲရဲနီနီသံပေါ်သို့ အဘာတူကြီးဖြင့် ငါးချက်ထုသည်။ ထုချက် ငါးနေရာဖြစ်သည်။ အဘာ၏ ကျွမ်းကျင်မှုကြောင့် ထုလိုက်တိုင်းဖွားဖွားလွင့်သွားသော မီးပွားများသည် ထုသူဘက်သို့ အမှုန့်တစ်စက်မျှမစဉ်။ အပြင်သို့သာ ထွက်သည်။

"လောင်း"

ပထမရေလောင်းရာတွင် အသုံးပြုသည့် ခွက်သက်သက်ရှိသည်။ ထိုရေခွက်သည် အရေးအကြီးဆုံး။ ရေအချိန်အဆ၊ နေရာအချိန်အဆလွဲလျှင် သံသည် အဘာစကားအရ သံရှူးသံနမ်း ဖြစ်သွားနိုင်သည်။ သံရှူးသွားပြီဆိုလျှင် ဓါးတစ်ချောင်းဆုံးပြီ။

လောင်းချလိုက်သည်။ ရှဲခနဲ အသံကြီးနှင့်အတူ ဖြူဆွတ်သော အငွေ့များ ဝုန်းခနဲ ထွက်လာသည်။ မီးတမျှ အပူပြင်းသော အငွေ့ပြန်သည်။

တူကြီးကို ကိုင်လျှက် ကုပ်ပိုးသားကြီးများ ခုံးထနေသော အဘာကို ဆွတ်ဆွတ်ဖြူအငွေ့ချောင်းချောင်းအကြားတွင် မြင်ရသည်မှာ မီးခိုးလုံးကြီး ဝုန်းခနဲထပြီး တက်လာသော ရက္ခိုက်ကြီးနှင့်တူလှသည်။

ပြင်းထန်သော အပူရှိန်ကြောင့် လောင်းချလိုက်သော ရေများသည် ရှဲခနဲအသံ၊ ထောင်းခနဲအငွေ့တို့နှင့်အတူ ချက်ချင်းခြောက်သွားသည်။ အဘာက အနည်းငယ် ပြားသွားပြီဖြစ်သော သံချောင်းကို မျက်နှာရှေ့တည့်တည့်တွင် ထောင်ကြည့်သည်။ အသွားတစ်ဖက် ရှေ့ဆက်၍ တစ်ဖက်ကို အရောင်နှင့် တစ်ပြေးတည်းထားကာ မျက်စိတစ်ဖက်မှိတ်၍ ကြည့်သည်။ ထို့နောက် မကြာမီ ဓါးဖြစ်တော့မည့် သံချောင်းကို ပေအနီးရှိ စင်ထက်သို့ ပစ်တင်လိုက်သည်။ သူတို့ နောက်တစ်ကြိမ် ဖွဲတစ်တင်းမီးဖြင့် ထပ်အပူတိုက်ပြီး လုံးလုံးလျားလျား ဓါးအဖြစ်သို့ ရောက်အောင်ထုရိုက်ရဦးမည်။

"နောက်တစ်ချောင်း"

နောက်ထပ်တစ်ချောင်းကို မီးဖိုထဲသို့ ထည့်ရပြန်သည်။ ဖားဖိုကို ထပ်ဆွဲစရာမလိုသေး။ ဂျမ်းဆွဲထားသော အရှိန်ဖြင့်ပင် မီးအားကောင်းနေဆဲ။ သံချောင်းတစ်ဝက်လောက်အရောက် နီရဲလာချိန်တွင် ဂျမ်းထန်းခေါက်တောင်းကြီးနှင့် ပြန်ရောက်လာသည်။

ထန်းခေါက်တောင်းကို ဂျမ်းပါးက သနပ်ခါးကွက်တို့ ချွေးစွန်းနေလေပြီ။

ထန်းခေါက်တောင်းထဲက နွားချေးခြောက်ကြီးများကို ထုတ်ယူကာ အတန်းလိုက်ထပ်ရင်း ဂျမ်းတတွတ်တွတ် ပြောသည်။ "တကတဲတော်။ အဲဒီရွှေနန်းတော်ကြီးကလဲ တိုင်းပြည်မှာပေါ်တဲ့ ခိုးသားကြီးကို သူ့ရှိပြီးသား လက်နက်တွေနဲ့ နှိမ်နင်းတာမဟုတ်ဘူး။ ခိုးသားကြီးစွမ်းတိုင်း အလကားနေရင်း သူများတွေ ပန်းပဲဖိုကို အလုပ်ပေးတယ်။ ဒီမှာ လုပ်နေရတဲ့ လူတွေက ဘယ်လောက်ပင်ပန်းတယ်မှတ်သလဲ။ ဈေးဆိုင်လဲ မထွက်နိုင်ဘူး။ တကယ်ပဲ၊ တကယ်ပဲ"

"တိတ်တိတ်နေစမ်း"

အဘအသံကြီးက ဟိန်းထွက်လာသည်။ ဂျမ်းထိတ်သွားသည်။

မီးရဲသံချောင်းကို ညှပ်ဖြင့် ဆွဲလျှက် ပေပေါ်တင်သည်။ ညှပ်ကို လက်ကမ်းယူလိုက်သည်။ အဘတူကြီးကို မြှောက်သည်။ လက်မှ သံချောင်းကို အဘထုလိုက်တိုင်း လှုပ်ခါမသွားစေရအောင် သတိထား ကိုင်ပေးရသည်။ ငါးချက်၊ ငါးနေရာ၊ ရေလောင်း၊ ရေငွေ့ပူပူများ။

"နောက်တစ်ချောင်းထည့်။ ဟိုကောင်မလေး ဖားဖိုဆွဲ"

စကားမပြောနိုင်အားကြတော့။

* * * * *

"၂၄"

အနန္တဆုပ်၊ ကရေကရာ၊ ပဲကြီးလှော်၊ ရေနွေးကြမ်းနှင့် အဘအတွက် လက်ဖက်တစ်အုပ်။

ထမင်းစားပြီး မန်ကျည်းပင် ကွပ်ပျစ်ကြီးပေါ်၌ နားကြချိန်တွင် လသည် အတော်မြင့်မြင့်သို့ တက်နေလေပြီ။ မန်ကျည်းရွက်နုတို့အကြားမှ ပြောက်ပြောက်ကျားကျား ထိုးကျနေသော လရောင်အောက်ရှိ ဂျမ်းကို ခိုးကြည့်မိသည်။ ရစ်ခွေ၍ပန်ထားသော စံပယ်ပန်ရနံ့နှင့် သနပ်ခါးနံ့တို့သည် လေညင်းထဲတွင် တိတ်တိတ်ကလေး ပါလာတတ်သည်။

လက်ဖက်တစ်ကော်ယူ၍ မြုံ့ပြီးနောက် အဘချောင်းဟန့်သည်။

"နေ့လည်တုန်းက သမီးပြောတဲ့စကားကို အဘမကြိုက်ဘူး။ ဘာတဲ့… ခိုးသားကြီးက စွမ်းတိုင်းအလကားနေရင်း သူများတွေကို အလုပ်ပေးတယ် ဆိုတဲ့စကား။ ပြီးတော့ ရှိပြီးသားလက်နက်တွေနဲ့ နှိမ်နင်းတာ မဟုတ်ဘူးတဲ့။ အဲဒီလို မပြောရဘူး မှတ်ထား"

"ဟင်… မဟုတ်ဘူးလားလို့ အဘကလဲ"

"မဟုတ်ဘူး"

"အဘကသာ မဟုတ်ဘူးနေ ကျုပ်ဖြင့် ဆိုင်မထွက်နိုင်တာ ဘယ်နှစ်ရက်ရှိပြီလဲ"

"ဟေ… ဒါ ဘုရင် သတိုးမင်းဖျား အမိန့်တော်နဲ့ အမြင့်မြို့စား အမိန့်တော်အတိုင်း လုပ်တာပဲ။ အဝနေပြည်တော်မှာနေရင် အဝရွှေနန်းရှင်ရဲ့ အမိန့်တော်ကို ဦးထိပ်ရွက်ရမှာပေါ့"

"အမလေးနော်။ အဘက အဲဒီလို မပြောပါနဲ့။ ဦးထိပ်တင် မဟုတ်ဘူး။ နွားချေးခြောက်ပြားတွေကို ထန်းခေါက်တောင်းကြီးနဲ့ ရွက်ရသယ်ရလွန်းလို့ တစ်ခေါင်းလုံးကို ကျိန်းနေပါပြီ။ မနည်းကြီး ခေါင်းလျှော်ပစ်ရတာ သိလား"

"ဟဲ့ သမီး… ဒီလိုမပြောရဘူးလို့ဆိုနေ။ ရွှေနန်းတော်ကလဲ အလကားနေရင်း အမှုတော်ဆင့်ပါ့မလား။ နင့်ခိုးသားဆိုတဲ့အကောင်က သိပ်သောင်းကျန်းလွန်းလို့ လုပ်ရတာပဲ"

"ကျုပ်ခိုးသား သောင်းကျန်းတယ် ထားပါဦး။ အဘရဲ့ရွှေနန်းတော်က သူ့တပ်နဲ့သူ မနှိမ်နင်းနိုင်ဘူးတဲ့လား…။ တကတဲ"

"ဟ… နင့်အကောင်က အာဂခိုးသားမှ မဟုတ်ဘဲ။ ကြာရင်ရွှေနန်းရှင်ရဲ့ အိပ်ဆောင်တော်ပေါ်တက်ပြီး မိဖုရားကြီးစောဥမ္မာကိုတောင် ထမ်းပြေးချင်ပြေးမှာ"

"အို… ကျုပ်ခိုးသားကြီးက အဲလေ… ကျုပ်ခိုးသားကြီး မဟုတ်ပေါင်တော်။ အဘကလဲ ဘာတွေ လျှောက်ပြောနေတာလဲ။ ထားပါတော့။ အဲဒီခိုးသားကြီးက ဒါမျိုးတွေ မလုပ်ဘူးမှတ်။ သိပ်သစ္စာရှိတာ။ အခု ခိုးတာတွေကြည့်လေ။ ရွှေတိုက်စိုးတို့

အတွင်းသင်းမှူးတို့၊ ကိုင်း... ပြီးတော့ ဘုဖလတ်ရွက်လေးတွေ ချချပြီး သူဆင်းရဲတွေကို သူခိုးထားတဲ့ ပစ္စည်းတွေ ဝေငှပေးခဲ့တာကော။ ကိုင်း အဘကြည့်။ သူခိုးလိုက်ရင် သူကြွယ်တွေ၊ သူဌေးတွေ၊ အမှူးအမတ်တွေ၊ ဝန်တွေဆီချည်းပဲ မဟုတ်လား။ အံမာ အဘက သိလဲမသိဘဲနဲ့များ"

"ကောင်မလေး... ငါ့ကို အဲသလိုတွေ နှုတ်သီးကောင်း လျှာပါးလုပ်မနေနဲ့။ ဘာဖြစ်ဖြစ် ခိုးတာ ခိုးတာပဲ။ ကံငါးပါးမှာ ဒုတိယကံကို ချိုးဖောက်တာပဲ။ ဘာကြောင့် သူ့ဥစ္စာကိုခိုးရတာလဲ။ အဝ နေပြည်တော်မှာ လုပ်စရာ အလုပ်တွေက အများကြီး။ ကိုင်း... ဒီပြင်မကြည့်နဲ့။ ဒီကောင် တေက်ကြည့်။ တေက်... မင်းနာမည်ကလဲကွာ။ ခိုးသားကြီးနာမည်နဲ့ နီးလိုက်တာ။ ငါခေါ်ရတာ နှုတ်မရဲလိုက်တာ။ ထားပါတော့။ တေက်ဆိုရင် သူ့အဖဆုံးတယ်။ သူတမွေဒီပကို ခွာခဲ့တယ်။ နမ်းဖတ်မရောင်းတော့ဘူး။ ပန်းပဲဖိုလာလုပ်တယ်။ ဒါသမ္မာအာဇီဝပဲ မဟုတ်လားဟေ့"

"ဟုတ်ကဲ့ ဟုတ်ပါတယ် အဘ"

"မှတ်ထားသမီး။ တေက် မင်းလဲမှတ်ထား။ လောကမှာ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်စေနဲ့။ မကောင်းမှုဆိုတာ အာရတီ ဝေးစွာ ရှောင်ကြဉ်အပ်တယ်။ ကျုပ်တော့ဖြင့် ဘာကြောင့် ညာကြောင့် ခုလိုလုပ်လိုက်ရပါပြီ။ ဘာညာနဲ့ ဆင်ခြေမပြနဲ့။ ကိုယ်ကောင်းဖို့ အရေးကြီးတယ်။ အဲ... အာရတီ ဝေးစွာ ရှောင်ကြဉ်ရမယ်တဲ့။ ကိုင်း... အဲဒီ မကောင်းမှုကြီးကို လုပ်ဖို့ ရင်ဆိုင်ကြီးကို တိုးနေပြီတဲ့။ ဘာလုပ်ရမလဲ။ ဝိရတီ အထူးသဖြင့် ရှောင်ကြဉ်ရမယ်တဲ့။ အဘဆိုရင် ကဲ... ဆိုကြပါစို့။ ငတ်ကြည့်စမ်း။ စားစရာမရှိဖြစ်စမ်း။ အဲဒီအချိန်မှာ ကိုယ့်ဆီ ရွှေထုပ်ကြီးရောက်လာမယ်။ တွေ့မယ်။ ယူလိုက်ရင် ဘယ်သူမှ မသိဘူး။ ပိုင်ရှင်လဲ မရှိဘူး။ ယူမတဲ့လား။ ဝေးပါသေးတယ်။ အငတ်သာခံမယ်ဟေ့။ ကိုယ့်တူနဲ့ကိုယ့်ပေနဲ့ ကိုယ့်ဖိုနဲ့ လုပ်လို့ကိုင်လို့ရတာမဟုတ်သရွေ့တော့ လက်ဖျားနဲ့တောင် မတို့ဘူး။ အဲဒါ ဝိရတီ-အထူးသဖြင့် ရှောင်ကြဉ်ခြင်းဆိုတဲ့ မင်္ဂလာတရားတော်ပဲကွ မှတ်ထားကြ"

ဂျမ်းဘာမှမပြောတော့။ အနဆုပ်တစ်လုံးကို ကောက်၍ ဝါးသည်။ အဘကအေးနေလောက်ပြီ ဖြစ်သော ရေနွေးပန်းကန်ကို ကောက်၍...

"ကိုင်း ဘုရားဝတ်ပြုရဦးမယ်။ မနက်လဲ စောစောထရဦးမှာ။ နေပူတော့ တူထုရတာ ပိုပင်ပန်းတယ်"

အဘကွပ်ပျစ်ပေါ်က ဆင်းသွားသည်။

အဘခပ်လှမ်းလှမ်းရောက်မှ ဂျမ်းက ခပ်အုပ်အုပ်ပြောလေသည်။

"အဘ ခုတစ်လော အတော်စကားများလာတယ်။ ဟိုတုန်းက ဒီလိုမဟုတ်ဘူး။ ကျုပ်သတိထားမိသလောက်တော့ တော်ရောက်လာပြီးမှ စကားတွေ သိပ်ပြောတာ။ သိလား... ကိုရင် တေက်"

"အင်း"

လေတစ်ချက်သုတ်သည်။ မန်ကျည်းရွက်တို့ ဖြောဖြောဖျောက်ဖျောက် ကြွေသံကြားရသည်။

သနပ်ခါးနံ့၊ စံပယ်နံ့ကလည်း ဝေ့ခနဲ ဖြတ်သွားသည်။

"ဒါနဲ့ ခိုးသားကြီးဆိုလို့ အခုမှ သတိထားမိတယ်။ တော်ကတော့ အဝေးကလာတဲ့လူမို့ သိမှာမဟုတ်ဘူး။ ခုတစ်လော သူဘုဇပတ်ရွက်မချတာ အတော်ကြာပြီ"

"ဟုတ်လား"

"ဟုတ်တယ်။ ရွှေနန်းတော်ရဲ့ အစီအမံတွေ ပိုများလာတာ သိလို့များ ကိုယ်ယောင်ဖျောက်နေသလား မသိဘူးနော်"

"တခြား တစ်နေရာရောက်ချင်ရောက်နေမှာပေါ့ ဂျမ်းရယ်"

"သူ ဒီတစ်ဝိုက်ကလွဲလို့ ဘယ်သွားနေမှာတုံး"

"မပြောတတ်ဘူးလေ ခိုးသားအလုပ်ကို စွန့်ပြီး တခြားအလုပ် ပြောင်းလုပ်တာလဲ ဖြစ်ချင်ဖြစ်မှာပေါ့"

"ကျုပ်ကတော့ သူဟာ ခိုးသားအလုပ်ကို စွန့်မယ် မထင်ဘူး။ သူက သိပ်စွမ်းတာ မဟုတ်လား"

ဤမျှလှပသော ညဝယ် ဂျမ်းကို တစ်ခါတော့ သွေးတိုးစမ်းကြည့်လိုက်မည်ဟု စိတ်ကူးပေါ်လာသည်။

"ဂျမ်း"

"တော်"

"ခိုးသားကြီး တေက်ပြားကို တွေ့ဖူးလား"

"ဘယ်တွေ့ဖူးမလဲ။ ကျုပ်တင်မဟုတ်ဘူး။ အဝနေပြည်တော်တစ်ခုလုံး ဘယ်သူမှ တွေ့ဖူးတာမဟုတ်ဘူး။ သူက ကိုယ်ပျောက်တာတဲ့"

"ဂျမ်း"

"တော်... ခေါ်လိုက်တာ ခဏခဏ"

"ခိုးသားကြီး တေက်ပြားဆိုတာ တခြားလူမဟုတ်ဘူး။ ကျုပ်ပဲ"

"ဘာရယ်တော်"

ဟူသော မေးခွန်းသည် ထပ်ကြပ်မကွာ ပေါ်လာသည်။ ထို့နောက် ဂျမ်းငြိမ်သွားသည်။ တဒင်္ဂမျှ။ ထို့နောက်...

ဂျမ်းရယ်လေသည်။

ရယ်ရင်း ရယ်သံ ဗလုံးဗထွေးဖြင့်...

"ကိုရင် တေက်။ တော်မဟုတ်မဟတ်တွေ သိပ်ပြောတာပဲ။ ဘာတဲ့... ခိုးသားကြီး တေက်ပြားဆိုတာ တခြားလူမဟုတ်ဘူး။ ကျုပ်ပဲတဲ့။ တော်လား ခိုးသားကြီး ဖြစ်နိုင်မှာ။ နာမည်သာတစ်ပိုင်းတစ်စ သွားတူနေတာပါ။ လူချင်းကတော့ အပုံကြီးဝေး။ ဟိုက ကိုယ်ပျောက်တယ်။ ငှက်ပျောဖတ်ပေါ် တက်အိပ်နိုင်တယ်။ အမြင့်ကြီးကိုလဲ ခုန်နိုင်တဲ့ ကြောင်နက်ဆေးလဲ ထိုးထားတယ်။ ငှက်အမြီတေလဲ မျိုထားတယ်။ တော့်မှာဖြင့် နမ်းဖတ်တစ်ဖတ်တောင် ထွက်အောင် မရောင်းတတ်တာများ"

"ခိုးသားပါဆိုမှ ဂျမ်းရယ်။ နမ်းဖတ် ဘယ်ရောင်းတတ်ပါ့မလဲ"

"တော်ပါတော့ ကိုရင်တေက်ရယ်။ ကျုပ်အူနာလှပြီ"

"တကယ်ပြောတာ ဂျမ်းရဲ့ ကျုပ်ဟာ တေက်ပြား..."

"တော်ပါတော့လို့ဆို။ ကိုင်း... ခိုးသားဆိုရင်လဲ ညဥ့်နက်နေပြီ။ ခိုးသားအလုပ် ထွက်လုပ်တော့။ ကျုပ်အိပ်တော့မယ်။ သြော်... ခဏလေး။ ခိုးချင်ခိုးရင် သူဌေးသူကြွယ်အိမ်တွေ သွားခိုးနော်။ ကိုယ်နေတဲ့ ပန်းပဲဖိုမှာတော့ ပြန်မခိုးနဲ့နော် ခိုးသားကြီးရဲ့"

ဂျမ်းတသိမ့်သိမ့်ရယ်လျက် အိမ်ထဲ ဝင်သွားလေသည်။

သြော်... ဂျမ်း။ ဟုတ်တာပြောတော့လဲ မင်းကမယုံ။ အေးပါလေ။ တစ်နေ့သော အခါကျမှ ကျုပ်ဟာ အမှန်အတိုင်း ပြောခဲ့ဖူးပါတယ်ဆိုတာကို မင်းမငြင်းပါနဲ့။ မင်းမကွယ်နဲ့ဂျမ်းရေ။

* * * * *

ရွှေနန်းတော် အမိန့်တော်ဖြင့် လုပ်ခဲ့ရသော ဓါးများပြီးသွားပြီဖြစ်သည်။ တစ်ဦးက လှည်းတစ်စီးငှားလျက် ဓါးများကို ကြိုးနီဖြင့်ပင် စည်းနှောင်ကာ အမြင့်မြို့စား၏ကိုယ်ရံတော်တပ်ဗိုလ်ထံ လှည်းတိုက်ပို့ရသည်။ ထိုနေ့က ဂျမ်းအိမ်စောင့်။ အဘက လှည်းထဲ ထိုင်လိုက်သည်။

တပ်ဗိုလ်က ဓါးများကို စစ်ဆေးယူသည်။

အဘ၏လက်ရာကို အားပါးတရ ချီးကျူးသည်။

အဘက ဒါကျုပ်အိမ်မှာနေတဲ့ ကျုပ်တပည့်ဟု တပ်ဗိုလ်ကိုပြသည်။ တပ်ဗိုလ်က

"သြော်... ဟုတ်လား။ ကောင်းတယ်။ ကောင်းတယ်။ ရွှေလောင်း ပန်းပဲဖိုသူကြီးရဲ့ တပည့်ဆိုရင် ကောင်းတာပ"

ဟု ပြောသည်။

ဓါးများကို တစ်ချောင်းပြီး တစ်ချောင်း စစ်ဆေးရင်း စကားဖွာပုံရသော တပ်ဗိုလ်ထံ ချဉ်းကပ်ခဲ့သည်။ တပ်ဗိုလ်က ခိုးသားကြီး တောက်ပြားအား ဖမ်းဆီးမည့်အစီအမံများကို ဝင့်ဝင့်ကြွားကြွား ပြောပြလေသည်။ လေးပြင် လေးရပ်တွင် ကင်းပုန်းများချထားပုံ၊ အဝမြို့ရှိ 'ဝင်း' တိုင်း၏ ထောင့်လေးထောင့်စီတွင်လည်း ကိုယ်ဖျောက်အစောင့်များ ထည့်သွင်းထားပုံတို့ကို ရွှန်းရွှန်းဝေအောင် ပြောလေသည်။

"အား... တယ်လဲ အားရစရာ ကောင်းပါလား ဗိုလ်မင်း"

အဘကလည်း အားတက်သရော ပြောသည်။

"ခင်ဗျား တောက်ပြား ဒီတစ်ခါတော့ ချောင်ပိတ်မိတဲ့သားကောင်ဖြစ်ပြီ"

"အေးလေ။ အစီအမံကလဲ အကွက်စေ့။ ဝရီးဖိုးထိန်တို့ဖိုက ဓါးတွေကလဲ ကောင်း၊ ကျုပ်ရဲမက်တွေကလဲ ဓါးရေး လှံရေး၊ မြင်းရေးက ကျွမ်းကျင်နဲ့တော့ ဟား... ဟား... တောက်ပြားဆိုတဲ့ကောင် မြေလျှိုးမလား၊ မိုးပျံမလား၊ ပုန်းစမ်းကွ"

တပ်ဗိုလ်သည် သေရည်လည်း အနည်းငယ် ယစ်နေဟန်ရှိသည်။

"နို့ ဒီကောင်က ကိုယ်ဖျောက်တယ်ဆို"

"ထွီ... ဘယ်ကလာကိုယ်ဖျောက်ရမှာလဲ။ အရှောင်အပုန်းကောင်းနေလို့ ပျောက်ပျောက်သွားတာပါ။ ဒါပေမယ့် ဘယ်လောက်ပဲ အရှောင်အတိမ်း ကောင်းကောင်း ဒီတစ်ချီတော့အမိပဲ ဝရီးဖိုးထိန်ရဲ့"

"မိပါစေဗျာ။ မိပါစေ"

"အို... စိတ်သာချ။ ကျုပ်တို့အစီအမံ တစ်ခုရှိသေးတယ်။ ဒီအစီအမံကြောင့် ဒီခိုးသား ဘယ်လိုမှ မလွတ်တော့ဘူးသာ မှတ်လိုက်ဗျ"

"ဘာပါလိမ့် ဗိုလ်မင်းရယ်"

"မီးကျည်လေ"

"ဗျာ"

"မီးကျည်... မီးကျည်။ လေးပြင်လေးရပ် ကင်းပုန်းတွေ၊ ဝင်းတိုင်းရဲ့ ထောင့်လေးထောင့်စလုံးက ကိုယ်ယောင်ဖျောက်အစောင့်တွေဆီမှာ မီးကျည်တွေရှိတယ်"

"မီးကျည်တွေ ပေးထားတယ် ဟုတ်လား။ အဲသည်မီးကျည်တွေက ဘယ်လိုဖြစ်တာလဲ"

"ယမ်းစိမ်းနဲ့ စနက် လုပ်ထားတာပဲ။ ဘယ်လိုလုပ်သလဲဆိုတာတော့ ကျုပ်မသိဘူး။ ဒါပေမယ့် ကင်းပုန်းတစ်ယောက်က သူ့မျက်နှာမှာ တောက်ပြားရောက်ပြီ၊ အိမ်တစ်ခုခုတက်ပြီ၊ ဒါမှမဟုတ် ခိုးပြီးထွက်လာမလို့တွေ့ပြီဆိုရင် မီးကျည်စနက်ကို မီးရှို့လိုက်ရုံပဲ။ မီးကျည်က အပေါ်ကို ထောင်တက်သွားမယ်။ ဟော... ဝင်းထိန်သွားတဲ့ အဲဒီနေရာကို အဝတစ်မြို့လုံးက မြင်နိုင်တယ်။ အဲဒီအခါမှာ တစ်မြို့လုံးရှိတဲ့ ကင်းပုန်းတွေ၊ တပ်တွေက အင်အားတစ်ဝက်ခွဲပြီး မီးကျည်ပေါ်တဲ့နေရာကို လေးဘက်လေးတန် ဝိုင်းပိတ်လိုက်၊ ပိတ်ဆို့ပစ်လိုက်တော့ ဒီလူ ကျွန်မသား တောက်ပြား ဘယ်ပြေးမလဲ။ ဟား... ဟား ... ဟား"

တပ်ဗိုလ်က ကိုယ်လုံးယိမ်းခါနေလေသည်။

"အလိုလေး ကောင်းလိုက်တဲ့ မီးကျည်ဗျာ။ အမြင့်မြို့စားတို့များ တယ်လဲစိတ်ကူးရသကိုး"

"ဘာရယ်ဗျ"

"ဩော်... အမြင့်မြို့စား ပြောပါတယ်။ တယ်စိတ်ကူးရသကိုးလို့"

တပ်ဗိုလ်က အရယ်ရပ်လျှက် မျက်လုံးကြီးပြူးကြည့်ကာ...

"ဝရီးဖိုးထိန်။ ဒီမှာ ကျုပ်ပြောမယ်"

လေသံနိမ့်သွားသည်။

"အမိန့်တော်ကတော့ အမြင့်မြို့စားကိုယ်တော်ကြီးရဲ့ အမိန့်တော်ပဲ။ ဒါပေမယ့် ဒီအစီအမံရဲ့ တကယ့်တကယ် လက်သည်အစစ်က မင်းကြီးသီလဝဗျ။ မင်းကြီးသီလဝ သိရဲ့လား"

"ဟင်... ဟုတ်လား"

"ဩော်... အရေးဆိုမှ။ ရွှေနန်းရှင်က မေတ္တာရပ်သလားမသိဘူး။ ဒီအရေးမှာ မင်းကြီးသီလဝ ကိုယ်တော်ကြီး ကိုယ်တော်တိုင် ကိုင်တွယ်တာဗျ။ ဒါကြောင့်ပြောတာပေါ့။ ဟိုအကောင် တောက်ပြား ဒီအချိန် ဘယ်မှ မပြေးနိုင်တော့ဘူးလို့"

"ကောင်းပဲ့ဗျာ ကောင်းပဲ့"

"ကိုင်း... ခါးတွေ သေသေချာချာ စစ်ဆေးပြီးပလားဟေ့။ ကိုင်း..."

တပ်ဗိုလ် သေရည်ထပ်မှီဝဲချင်ဟန်တူသည်။ အဘကလည်း အရိပ်အကဲကို သိသည်။ တပ်ဗိုလ်ကို နှုတ်ဆက်လေသည်။ အဘနှုတ်ဆက်အပြီးတွင်...

"ဗိုလ်မင်း... ကျွန်တော့်ကိုလည်း ခွင့်ပြုပါဦးခင်ဗျား"

တပ်ဗိုလ်က မျက်စိမှေးစင်းကြည့်လျက်...

"ဪ... အေး အေး။ ကောင်းပြီကွာ။ ဟေ့... မင်းကြိုးစားနော်။ ဝရီးဖိုးထိန်ဖိုထွက် ပန်းပဲသမားဆိုတာ တစ်နေ့ ရွှေနန်းသုံးတောင် ဖြစ်နိုင်တာကွ"

"ဟုတ်ကဲ့ခင်ဗျား"

အပြန်တစ်လမ်းလုံး လှည်းမောင်းနေရင်း သွားလေသူ ဝရီးကို သတိရလာသည်။

ဪ... ဝရီးရယ်။ ဝရီးပြောခဲ့တဲ့စကား မှန်လိုက်လေခြင်း။ တို့သတိထားရမယ့်သူ နှစ်ယောက်ရှိတယ်။ တစ်ယောက်က ဘုရင်သတိုးမင်းဖျားဆိုရင် နောက်တစ်ယောက်က မင်းကြီးသီလဝပဲတဲ့။

* * * * *

MMCYBERMEDIA
COMMUNITY FOR ALL

# ။၂၅။

ဂျမ်းလည်း ဆိုင်ပြန်ထွက်ပြီ။ ရွှေနန်းတော်အမိန့်ဖြင့် လုပ်ပေးရသော ခါးများကိုစွတွင် ပင်ပန်းခဲ့သည့်အတွက် အဘလည်း ပန်းပဲဖိုမဆင်းဘဲ ဂျမ်းနှင့်အတူ ဆိုင်သို့လိုက်သည်။ ဆိုင်တွင် အဘ အေးဆေးသက်သာရှိသည်။

"လှည်းဘီးသံပတ်တွေ အပ်ထားတာရှိတယ်။ လှည်းက လှည်းယာဉ်မဟုတ်ဘူး။ လုပ်ငန်းခွင် ဝင်မယ့် လှည်းတွေ။ ဒီလောက်တော့ မင်းလဲလုပ်တတ်လောက်ပြီ။ မင်းကြည့်လုပ်ထား"

ဟု အဘက စိတ်ချလက်ချ အပ်သွားသည်။

အကူအဖြစ်လည်း အဘ၏တပည့်တစ်ယောက် ရှိသည်။ သူ့အမည်မှာ အင်းဝနေပြည်တော် လက်လုပ်လက်စား သူဆင်းရဲများတွင် တွေ့ခဲ့ရသော နာမည်။ သေဂိါဟု ခေါ်သည်။ နာမည်ကလှသော်လည်း လူကကျွဲတစ်ကောင်လို မည်းနက်သည်။ ဦးပြည်းခေါင်းတုံးနှင့် ပြီးတော့ မွေးကတည်းက ခြေဝတ်ဖိနပ် မစီးဖူးသူ။ သွားကခေါခေါ လူကဂင်တိုတို။ ထိုသို့သော သေဂိါသည် ထိုမျှမကသေး။ ဆွံ့အနေသူ ဖြစ်သည်။ နားလည်းမကြား စကားလည်း မပြောတတ်။ သို့သော် အလုပ်ကိုတော့ နွားတစ်ကောင်လိုလုပ်တတ်သူ။ အလုပ်လည်း အလွန်အကင်းပါးသူဖြစ်သည်။ သေဂိါအဖို့ ပြောင်းဖူးဖက်သုံးလိပ်နှင့် ခါးပျစ်နေသော ရေနွေးတစ်အိုးရှိလျှင် လောကကြီးသည် ပြည့်စုံပြီ။

သေဂိါနှင့် တွဲလုပ်ရသောကြောင့် အကျိုးကျေးဇူး နှစ်ခုရသည်။ တစ်ခုမှာ အလုပ်တွင်ခြင်းဖြစ်ပြီး။ နောက်တစ်ခုမှာ စကား အပေါက်အစပ် နည်းခြင်းဖြစ်သည်။ ထို့ကြောင့် သေဂိါက လှည်းဘီးသံပတ်ကို နွားချေးခြောက်ကြီးများကို မီးအုံပြီး အပူလှည့်တိုက်နေစဉ်တွင် စိတ်ကူးချင်ရာ ကူးလို့ရသည်။ အဘ၏ ပြင်းထန်သော မောင်းနှင်မှုကြောင့် လှည်းဘီးသံပတ်ဆိုသည်မှာ ထမင်းစား ရေသောက်အလုပ်ဖြစ်နေလေပြီ။

ဖားဖိုထဲမှ မီးညွန့်ရဲရဲများကို ကြည့်ရင်း အနီးဆုံး အတိတ်ကို ဖြစ်စဉ်များ ပြန်၍ စီကြည့်မိသည်။

ကျောက်ဂူ၏ အတွင်းအကျဆုံး၊ မှောင်မိုက်သော ထောင့်တစ်နေရာတွင် ဝရီး၏ အလောင်းကို မြှုပ်ခဲ့သည်။ ဝရီး၏ လက်ချောင်းများကို မနည်းခွာ၍ ထုတ်ခဲ့ရသော ရဲမက်အပါအဝင် ရဲမက်သုံးဦးတို့ကိုမူ ကျောက်တုံးများချည်ကာ ရောဝတီမြစ်ထဲသို့ ပစ်ချလိုက်သည်။ သို့မှသာ အစပျောက်မည်။ အလောင်းသုံးလောင်းကို ကျောက်ဂူဆီမှ မြစ်ကမ်းပါးသို့ သယ်ရဆွဲရ ကျောက်ခဲချည်ရသည်မှာ ပင်ပန်းကြီးလှသည်။ သွေးစ သွေးနတွေ မကျန်ရအောင်လည်း ဂရုစိုက်ထားရသည်။ ထိုကိစ္စဖြင့်ပင် တစ်ညလုံး ကုန်ဆုံးခဲ့သည်။

မြင်းလေးစီးကိုကား ထိုက်သူရစေဟု ခြောက်လုန့်ထုတ်ကာ နှင်ပစ်လိုက်သည်။ သည်မြင်းများထဲတွင် အနံ့ကောင်းသော သညာကြီးသော မြင်းတစ်စီးတစ်လေ ပါနိုင်သည်။ သို့ဖြင့် ကျောက်ဂူသို့ ပြန်ရောက်နိုင်သည်။

မည်သို့ပင်ဖြစ်စေ၊ ကျောက်ဂူစခန်းကိုကား အပြီးတိုင် ဖျောက်ကွယ်ပစ်ရပေတော့မည်။ သည်အလုပ်ကား အခက်အခဲ အပင်ပန်းဆုံးအလုပ်။ ဝရီးနှင့် နှစ်ပေါင်းများစွာ အတူတွဲ၍ 'အလုပ်လုပ်' ထားခဲ့သော ရတနာပစ္စည်းများကား မနည်းမနော။ ရတနာများကို ပတ္တမြားအိတ်တွင် သီးခြားစီထည့်ကာ ပို၍ မြင့်သော ကျောက်ဂူတစ်ခုအတွင်းသို့ ရွှေ့ပြောင်းရသည်။

ငါးရက်လွန်၍ ဆဋ္ဌမမြောက်ရက်ကျမှပင် ကိစ္စအားလုံး ရှင်းသွားသည်။ ဇာနှင့်လုပ်ခဲ့သည့် ထိုရက်များအတွင်းက ဘာမှမဖြစ်သော်လည်း အားလုံးပြီးသွားသော အခါ၌ကား ပုံလျက်သား လဲကျသွားတော့သည်။ သတိမကင်းအောင် မနည်းကြိုးစား၍ မိမိကိုယ်မိမိ ဆေးကုရသည်။ ဝရီးဖော်ခဲ့သော ဆေးများကား အစွမ်းထက်လေစွ။ သို့သော် မွေ့ဆိပ်ဖြေသည့် ဆေးမြစ်တစ်ခု ရှိမနေခြင်းကြောင့် ဝရီးအသက်ဆုံးခဲ့ချေသည်တကား။

* * * * *

ငသိင်္ဂါက ဖားဖိုမီးတောက်ထဲသို့ သူ့ပြောင်းဖူးဖက်ကို ထိုးထည့်သည်။ ထို့နောက် ပါးစပ်တွင်တပ်ကာ တဖောင်ဖောင်ဖွာလေသည်။ ပြောင်းဖူးဖက်ကို ပါးစပ်မှ ဖြုတ်လျှက် လှည်းဘီးသံပတ်တွေကို မီးအုံးနေပြီဖြစ်ကြောင်း ခြေဟန်လက်ဟန် ပြသည်။

နွားချေးခြောက်တွေအလယ်မှ လှည်းဘီးသံပတ်ကို ကြည့်လိုက်သည်။ အငွေ့တအူအူ မီးခိုးများကြားတွင် လှည်းဘီးသံပတ်သည် ရုန်းကြွမတတ်ရှိသည်။ စစ်ဆေးကြည့်လိုက်သည်။ လိုသေးသည်ကို တွေ့ရသည်။ 'မီးထပ်ပြီး အုံးလိုက်ဦး' ဟူသော အဓိပ္ပါယ်ကို ခြေဟန်လက်ဟန်ပြလိုက်သည်။ ငသိင်္ဂါက ခေါ်ထွက်နေသော သွားကိုဖြီးပြပြီး ခေါင်းညိတ်သည်။ ထို့နောက် ကြပ်ခိုးအထပ်ထပ်စွဲကာ ရုပ်လုံးပင် မပေါ်တော့သော သူ့မြေကရားကို ကောက်ကိုင်၍ လှည်းဘီးသံပတ်နားတွင် အကျအန တင်ပျဉ်ခွေ၍ ထိုင်လိုက်လေသည်။

ပြောင်းဖူးဖက်တစ်ရှိုက်၊ ရေနွေးတစ်ကျိုက်။

ငသိင်္ဂါ စည်းစိမ်ကြီးမားလွန်းလေစွဟု စဉ်းစားရင်း အတွေးစဉ်သို့ ပြန်၍ဝင်လိုက်လေသည်။

* * * * *

MMCYBERMEDIA
COMMUNITY FOR ALL

ဂျမ်းတို့ဆီရောက်သည့်နေ့မှစ၍ ယခုအထိ ငါးကြိမ်ငါးခါ အလုပ်လုပ်ခဲ့ပြီးပြီ။ ရွှေတိုက်စိုးစံအိမ် ပြီးသည့်နောက် စိန်တုံးနှင့် မြေပွေးဖြူကို အကြောင်းပြု၍ အုတ်အုတ်ကျက်ကျက် ဖြစ်ခဲ့သည်။ အကွပ်အညှပ် အစီအမံတွေ ပို၍ ပြင်းထန်ကျပ်တည်းလာခဲ့သည်။ သို့သော် ရွှေလောင်းပန်းပဲဖို အလုပ်သမားဘဝ၏ ကျေးဇူး၊ သေရည်ယစ်တတ်သော၊ စကားဖွာတတ်သော တပ်ဗိုလ်၏ကျေးဇူးနှင့် ဂျမ်းဈေးထဲက စုဆောင်းရရှိလာခဲ့သော သတင်းများ၏ ကျေးဇူးတို့ကြောင့် သူ့ထက်ကိုယ်က ဦးခဲ့သည်ပင်။

အင်းဝမြို့တော်၏ လေးပြင်လေးရပ်၊ ဝင်းများဆီသို့ သူတို့အာရုံရောက်နေချိန်တွင် မိမိက တပ်တော်များဘက်သို့ လှည့်လိုက်သည်။ တပ်ဗိုလ်၊ တပ်မင်း၊ ဗိုလ်မှူးများ စံအိမ်သို့ အငိုက်ဖမ်း၍ တက်ခဲ့လေသည်။ တပ်တော်သားများမှာ မြို့တွင်းသူကြွယ်သူဌေးများလောက် ဘဏ္ဍာရတနာ မရှိကြ။ သို့သော် ပွဲကလို့လှသည်။ ရွှေနန်းရှင်ဘုရင် သတိုးမင်းဖျားက သူတို့ကို ချီးမြှင့်မြှောက်စား ပေးသနားထားသော ကျောက်စီဓါး၊ နဖူးစီးဘွဲ့တံခွန်၊ လည်ဆွဲများကို သူတို့ အမြတ်တနိုး သိမ်းထားကြသည်။ သိမ်းထားသည်ဆိုစေကာမူ လျှို့ဝှက်အံ၊ မြေတိုက်ခန်း၊ စာတိုက်ဗီရိုစသည်တို့တွင် အလုံအခြုံ ထည့်သွင်းထားကြသည်မဟုတ်။

ကတော်စိုးတို့ ဂုဏ်ယူလိုကြဟန်ဖြင့် စံအိမ်ဧည့်ဆောင်တွင် ချိတ်ဆွဲထားကြသည်သာများသည်။ ဓါးနှစ်လက်ယှက်ထားသည့် ကြားမှ ဒိုင်း၊ တံခွန်အောက်မှ နဖူးစီးဘွဲ့ ရွှေကြိုးလည်ဆွဲ၊ လက်ဝတ်များသည် ဧည့်ခန်းဆောင်နံရံတွင် အတိုင်းသား။

အသာလေး ဖြုတ်ယူသွားရုံသာပင်။

ထိုအခါ အဝတစ်မြို့လုံး သောသောလှုပ်လှုပ် ဖြစ်သွားလေသည်။

ထို့အပြင် ကာလအတန်ကြာ ပစ်ထားခဲ့ရသော အလုပ်ကို ပြန်ကောက်လုပ်ရသည်။ အခြားမဟုတ်၊ ဘုဇပတ်ရွက်။

ခိုးသားလက်ခံအားပေးသော ရွာဆိုပြီး ပစ္စည်းဘဏ္ဍာဝေငှကာ ဘုဇပတ်ရွက် ချပေးခဲ့သော ရွာတိုင်းကို ရဲမက်များက ပို၍ဖိနှိပ်ကြသည်ဟု ဝရီး တစ်ခါကပြောဖူးသည်။ ယခုအခါကား ဝရီးလက်ထက်ကနှင့်မတူတော့ပြီ။ ဘုဇပတ်ရွက်များနောက် ခြေရာကောက်ဖို့ထက် ဘုဇပတ်ရွက် တွေ့သောရွာကို ခိုးသားအားပေးသောရွာဟု ညှင်းပမ်းရန်ထက် တောက်ပြားကို အမြန်ဆုံးဖမ်းမိဖို့ကိုသာ အရေးစိုက်ကြသည့် အချိန်ဖြစ်သည်။

မည်သို့ပင် ဖြစ်စေ၊ အလုပ်အကိုင်ကတော့ အပေါက်အလမ်းတည့်နေသည်သာပင်။ ထို့ကြောင့် မင်းကြီးသီလဝနှင့် အမြင့်မြို့စား တရဖျားစော်ကဲတို့ ဘယ်လောက်ပင် အစီအမံကောင်းနေစေ၊ စိုးရွံ့စရာ မရှိ။ သူတို့အဖို့ ရေငုပ်သောသူ ဘယ်နေရာမှာ ပေါ်မလဲဆိုတာကို စောင့်ကြည့်နေရုံမျှသာရှိမည်။ ကိုယ့်အဖို့ကား လူးသာလွန့်သာ ရှောင်သာတိမ်းသာ။

သို့သော်...

မထွေးနိုင်၊ မအန်နိုင်ကိစ္စများ ရှိနေသည်။

လတ်တစ်လော အရေးက စိတ်အေးစရာ ဆိုသော်လည်း အနာဂတ်ကား မတွေးတတ်လောက်အောင် ဝိုးတဝါးရှိလွန်းလှချေသည်။ မကောင်းမှုဆိုလျှင် အာရတီဝေးစွာ ရှောင်ကြဉ်ရုံမျှမက ဝိရတီ အထူးသဖြင့် ရှောင်ကြဉ်ရမည်ဟု ကြွေးကြော်ကာ ကိုယ်တိုင်လည်း တရားနှလုံးသွင်းတတ်သော အဘ။

လောကကြီးကို အရိုးခံနှလုံးသားဖြင့် ကြည့်မြင်ကာ လောက၏ လေကို သန့်ရှင်းစင်ကြယ်စွာ ရှူရှိုက်လျက် ပကတိဖြူစင်သော ဘဝဖြင့် နေထိုင်တတ်သော ချစ်သော ဂျမ်း။

သူပြိတ္တာဘဝ ရောက်နေရင်သော်မှ ဘုရားဖူးတစ်ဦးဦးက သူ့ဘုရားဖူးပြီး အမျှအတန်းဝေငှဖို့ သတိရခဲ့လျှင် သူမကျွတ်ရပါလားဟု တဖွဖွ မြည်တမ်းခဲ့လေသော ဝရီး။ ဝရီးအတွက် ဘုရားစေတီ။

ထို့နောက် အစုလိုက်၊ အပုံလိုက် မြှုပ်နှံထားခဲ့သော ရတနာဘဏ္ဍာများ။

ထို့နောက်မှ...

ဘယ်သောအခါတွင် ကိုယ့် 'ခိုးသားကြီးဘဝ' သည် ဘယ်သို့သော နိဂုံးကမ္ပတ်အဆုံးသတ်လေမည်နည်း။ ဝရီးကဲ့သို့ သတ္တန္တရကပ်ဖြင့် အဆုံးသတ်အံ့လော။ ရောဂန္တရကပ်ဖြင့်လော။

ထို့နောက်မှ...

ချစ်လှစွာသော ဂျမ်း။ ခိုးသားကြီး တောက်ပြားဟူသော လူတစ်ယောက်ကို သူ့ဘာသာ စိတ်ကူးယဉ်ကာ ကြည်ညိုလေးစားနေသည့် ဂျမ်း။ ကာယကံရှင်က ဖွင့်ဟထုတ်ဖော် ပြောသော်လည်း လုံးဝအယုံအကြည်မရှိသည့် လက်မခံသည့် ရယ်သွမ်းများပင် သွေးလိုက်သည့်အထိ ရိုးသားလှစွာသော ဂျမ်း။ အဖြစ်မှန်ကို သိလျှင် ဘယ်သို့ တုံ့ပြန်လေမည်ကို မသိတတ်နိုင်သည့် ဂျမ်း။

ဩော်… ငသိဂါရယ်။ ဘဝအေးချမ်းစေဖို့အတွက် မင်းကဆွံ့အ,အ ဖြစ်လာခဲ့လေသလား။

* * * * *

။၂၆။

မြောက်ပြင် ဝင်းတော်မှူးစံအိမ်မှ ထွက်လာချိန်တွင် ခုနစ်စင်ကြယ်ပင် အမြီးလဲနေပေပြီ။

စံအိမ်အမိုးစွန်း၏ အမှောင်ရိပ်ထောင့်ချိုးသို့ ကပ်ကွေ့လိုက်သည်။ ထိုစဉ်မှာပင် မမျှော်လင့်သော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်သွားလေသည်။ ဟိုဘက်ထောင့်ချိုးကဘွားခနဲ ထွက်လာသော ရဲမက်တစ်ဦးနှင့် ရင်ဆိုင်ပက်ပင်းတိုးမိလေသည်။ ရဲမက်ကား ကြီးမားထွားကျိုင်းလှသူဖြစ်သည်။ သူ့ခန္ဓာကိုယ်ကြီးကို လွတ်အောင် ရှောင်ချိန်မရလိုက်တော့။

လရိပ်တွင် ရဲမက်၏ တုန်လှုပ်အံ့သြခြင်းကြီးစွာသော မျက်နှာကြီးကို အနီးကပ် တွေ့လိုက်ရသည်။ ရဲမက်ကြီးသည် သတိလည်း အလွန်ကောင်းသူ ဖြစ်ဟန်တူသည်။

လက်ထဲမှ မီးကျည်စနက်ကို ချက်ချင်းညှိသည်။ မီးကျည်သည် တဖွားဖွား မီးတောက်များကို နောက်မြီးတွင် လွှင့်ဝဲစေကာ အထက်ဆီသို့ ထိုးတက်သွားသည်။ ပတ်ဝန်းကျင်တစ်ဝိုက်လင်းခနဲ ဖြစ်သွားသည်။

ရဲမက်ကြီး သူ့မီးကျည်ကို သူဝမ်းသာအားရ မော့ကြည့်နေချိန်တွင် တစ်ဟုန်ထိုး ပြေးထွက်ခဲ့သည်။ ကျောကုန်းကိုသာ သူတွေ့မည်။ မျက်နှာကိုတော့ သူဘယ်လိုနည်းနှင့်မျှ မြင်လိုက်မည်မဟုတ်။

သို့သော် အဝတစ်မြို့လုံး တောင်ပြင်၊ အရှေ့ပြင်၊ အနောက်ပြင်ဆီမှ အုတ်အုတ်သဲသဲ အသံများ ပေါ်လာသည်။ အသံအားလုံးသည် မြောက်ပြင်ဆီသို့ စုဝေးလာကြသည်။ မြင်းခွာသံ၊ ညာသံ၊ ဓါးချင်းခတ်သံ၊ ဓါးနှင့် ဒိုင်းရိုက်သံ။

အဝကောင်းကင်ကား နေ့ခင်းဖြစ်သွားလေပြီ။ ရဲမက်ကြီးသည် မီးကျည်များကို တစ်ခုပြီးတစ်ခု ရှို့လွှတ်နေသည်။

အရပ်သုံးမျက်နှာမှ အသံများသည် မျက်နှာချင်းဆိုင်ဆီသို့ တစ်စတစ်စ နီးကပ်တိုးဝင်လာကြသည်။ လွတ်လမ်းမရှိ၊ ပြေးနေခြင်းသည်ပင်လျှင် သေမင်း၏ခံတွင်းဆီသို့ တိုးသွားခြင်းဖြစ်သည်။ နောက်ကြောင်းပြန်လှည့်၍လည်း မဖြစ်၊ မထင်မှတ်ဘဲ အန္တရာယ်နှင့် ရင်ဆိုင်ရပြီ။

ချက်ချင်း စိတ်ကူးကာ ချက်ချင်း ဆုံးဖြတ်လိုက်သည်။

အထုပ်ကို အနီးရှိ မြောင်းထဲသို့ ပစ်ချလိုက်သည်။

လက်နက်ကိရိယာ တန်ဆာပလာများစွာကို အိတ်ကပ်ပြု၍ တွဲချုပ်ထားသည့် ခါးပတ်စလွယ်ကိုမူ မိုးနံ့ချုံကြီးတစ်ချုံထဲသို့ ပစ်ထည့်လိုက်သည်။ ပစ်မထည့်ခင် ခါးမြောင်ကိုယူ၍ လက်မောင်း၊ ပေါင်တို့တွင် သွေးဖြာအောင် ခြစ်ချလိုက်သည်။

မျက်နှာကိုလည်း အညိုအမည်းစွဲအောင် ကုတ်ခြစ်လိုက်သည်။

ထို့နောက်...

လမ်းဘေးသို့ပစ်လှဲလူးလိမ့်ကာ သံကုန်အော်လိုက်ရတော့သည်။

"ကယ်တော်မူကြပါဗျို့။ ကယ်တော်မူကြပါ"

* * * * *

ဦးစွာ ဆွဲထူလိုက်သူကား စောစောက ရဲမက်ကြီးပင်။ သို့သော် သူလုံးဝမှတ်မိဟန်မတူ။ ခေါင်းပေါင်းပဝါကိုလည်း ဖျောက်ဖျက်ပစ်လိုက်ပြီး ဆံပင်ဖားလျား၊ ခါးတိုဖျင်ကြမ်းက စုတ်ပြတ်နေသည်။ မျက်နှာနှင့် လက်တို့တွင်လည်း ဒဏ်ရာတွေနှင့်။ ဤသူသည် စောစောကသူနှင့် ရင်ဆိုင်တိုးမိသူဟု ရဲမက်ကြီး မှတ်မိစရာမရှိ။

"ဘာလဲ ဘာဖြစ်တာလဲဟေ့ သူငယ်"

"သူခိုးကြီး... သူခိုးကြီးခင်ဗျ။ ခိုးသားကြီး တောက်ပြား ကျုပ်... ကျုပ်ကို..."

တဖြောင်းဖြောင်း မြင်းခွာသံများ အဆမတန် ကျယ်လောင်လာပြီးသည်၏ အဆုံးဝယ် မြင်းသုံးစီး၏ ခြေထောက်များကို တွေ့လိုက်ရလေသည်။ ရဲမက်ကြီးသည် မြေသို့ ဒူးထောက်ချလိုက်သည်။ ထို့နောက် အသံဝါကြီးဖြင့်...

"ကျွန်တော်မျိုးနဲ့ ဝင်းမှူးစံအိမ်တော်ကွေ့မှာ ရင်ဆိုင်တိုက်မိတယ် ဘုရား။ သင်း လှည့်ပြန်အပြေးမှာပဲ ကျွန်တော်မျိုး မီးကျည်ကို လွှတ်လိုက်တယ် ဘုရား။ ကျွန်တော်မျိုးက ရွှေပြည်ချမ်းသာဝင်းရဲ့ စနေဆောင်မှာ တာဝန်ကျပါတယ် ဘုရား။ ယူလာတဲ့ မီးကျည်စနက်တွေ ထိုင်းမှိုင်းနေလို့ ဝင်းမှူးစံအိမ်ကို မီးကျည်အသစ်လာလဲပြီး အထွက်မှာ တောက်ပြားနဲ့ တွေ့တော့တာပါပဲ ဘုရား။

တောက်ပြားဟာ အခုဒီသူငယ်ကို တိုက်ခိုက်ပြီး ထွက်ပြေးသွားပါတယ် ဘုရား”

ရဲမက်ကြီးစကား ဘုရားချင်းမွှန်နေသောကြောင့် ရှေ့ဆုံးမှ မြင်းနက်ကြီးပေါ်သို့ မျက်လွှာလှန်၍ ကြည့်လိုက်သည်။

ရဲမက်ကြီးထက် ပို၍ ကြီးမားထွားကျိုင်းသော ခန္ဓာကိုယ်။ မြင်ဖူးသမျှထဲတွင် အကြီးဆုံး ခန္ဓာကိုယ်။ ထို့နောက် ထူထဲကွေးညွှတ် မျက်ခုံးမွှေး မည်းမည်းကြီးများ၊ လေးထောင့်စပ်စပ်မျက်နှာ၊ တင်းမာသော အသွင်၊ မျက်တောင်မှ ခတ်ပါလေစဟု ထင်ရလောက်သည့် မျက်လုံးသေကြီးများ ကိုယ်လုံး အဖြူရောင်။

မီးတုတ်များ၏ အလင်းရောင်တွင် တွေ့လိုက်ရသော အသွင်ကို မြင်မြင်ချင်းပင် သိလိုက်သည်။ တစ်ခါမှ မတွေ့ဖူးသော်လည်း သိလိုက်ပြီ။

မင်းကြီးသီလဝ။

“ကျွန်တော်မျိုးက ရွှေလောင်းပန်းပဲဖိုမှာ နေတဲ့ ပန်းပဲသမားပါ ဘုရား။ ကာလသားဘဝ အပျိုလှည့်ပြီး ပြန်အလာမှာ ဟောဒီနေရာအရောက် လူကြီးတစ်ယောက်နဲ့ ဝုန်းခနဲ တိုက်မိပါတယ်ဘုရား။ မီးကျည်ကလဲ ကောင်းနေတော့ သူ့ကိုမြင်တာနဲ့ ခိုးသားကြီး တောက်ပြားပဲဆိုတာ သိလိုက်ပါတယ် ဘုရား။ ကျွန်တော်မျိုး သင်းကို အားမတန်သော်လည်း အတင်းချုပ်လှဲဖို့ ကြိုးစားခဲ့ပါတယ်ဘုရား။ ဒါပေမယ့် သူက အဆမတန် အင်အားကြီးတာမို့ ကျွန်တော်မျိုးကို ဓါးနှင့်တွတ် ထိုးကြိတ်ပြီး ထွက်ပြေးသွားပါတယ်ဘုရား”

“ဘယ်ဘက်ကို ပြေးသလဲ”

မင်းကြီး၏ အသံဝါကြီး လေးတွဲ့တွဲ့ပေါ်လာသည်။

“ကျွန်တော်မျိုးမှာ ဒဏ်ရာတွေရခဲ့တာမို့ ဘယ်ဘက်ပြေးသလဲ မသိပါ ဘုရား”

“သင်းကို မြင်ရင် မှတ်မိမလား”

“ကျွန်တော်မျိုးကိုယ် ကျွန်တော်မျိုး ကြေးမုံပြင်မှာ မြင်ရင် မှတ်မိသလောက် မှတ်မိပါတယ်ဘုရား”

သည်အဖြေပေးရသည်မှာ ပျော်စရာကောင်းလေစွ။

မင်းကြီးထံမှ ဘာစကားမှ မကြားရတော့။ စားမတတ် ဝါးမတတ် စိုက်ကြည့်နေသော အကြည့်ဒဏ်ကို မခံနိုင်သဖြင့် ခေါင်းငုံ့ပစ်လိုက်ရသည်။ ထို့နောက် မြင်းနာမှုတ်သံတစ်ချက် ကြားလိုက်ရပြီး မင်းကြီး၏မြင်း ထွက်သွားသည်။

လူတွေ ဝိုင်းအုံလာသည်။ တစ်ယောက်တစ်ပေါက် မေးသံများကြောင့် စကားသံများရောထွေးနေလေသည်။

"တေက်ပြား ဘယ်အရွယ်လောက် ရှိပြီလဲဟင်"

"သူကိုယ်ပျောက်သွားတာ မဟုတ်လားဗျ"

"သူ့မှာ နှုတ်ခမ်းမွှေး ရှိလားရှင့်"

"ဝတ်ရုံနက်ကြီးနဲ့ ဟုတ်လားဟေ့ သူငယ်"

ရဲမက်မှူးကြီးက အော်ဟစ်၍ လူအုပ်ကို မောင်းထုတ်လိုက်လေသည်။

"သွားကြစမ်း... သွားကြစမ်း။ တေက်ပြားကိုသိချင်ရင် နမပေးလိုက်ကြ။ ယောက်ဖတော်လိုက်ကြ။ ဟောဒီ နေပြည်တော်သားတွေဟာ ဘာမှန်းလဲမသိဘူး။ ဟိုဟာသိချင် ဒီဟာသိချင်နဲ့။ သွားကြစမ်း။ ဒီမှာက ဒဏ်ရာရထားတဲ့သူ"

သဘောကောင်းသော ရဲမက်ကြီးသည် ရွှေလောင်းပန်းပဲဖိုထိ အရောက်တွဲ၍ ကျောပိုး၍ လိုက်ပို့ရှာလေသည်။

* * * * *

"ကိုရင်တေက်ရယ်။ တော်ကလဲ အချိန်မတော်ကြီးမှာ ဘာဖြစ်လို့အပြင်ထွက်ရတာလဲ။ ကံကြီးပေလို့သာပေါ့ရှင်"

ပါးပေါ်မှ ပွန်းပဲ့ရာကို ပဝါစဖြင့် ဆေးနီတို့ပေးရင်း ဂျမ်းပြောသည်။ မျက်နှာချင်းဆိုင် နီးကပ်စွာ ရှိလေသောကြောင့် သူစကားပြောလေတိုင်း အာငွေ့နွေးနွေးလေးသည် သင်းပျံ့စွာ ရိုက်ခတ်လေသည်။

"စပ်သေးလားဟင်"

"မစပ်ပါဘူး"

"ကျော်မကောင်း ကြားမကောင်းတော်။ ခုဟာက လက်နဲ့ခြေထောက်ကိုပဲ ထိလိုက်လို့ တော်သေးတာပေါ့။ ဟိုက ဓါးနဲ့ တွတ်လိုက်လို့ ဗိုက်ပွင့်သွားရင်များ ဘုရား... ဘုရား... ဒုက္ခ"

ဆီမီးရောင်တွင် ဂျမ်း၏ ညှို့ငယ်သော မျက်နှာ၊ စိုးရိမ်တကြီးပူပန်သောအသွင် တွေ့နေရသည်။ သောကဖြင့် ဂျမ်းမျက်လုံးများသည် တောက်ပြောင်နေကြလေသည်။ အချိန်မတော်ကြီးဖြစ်သည့်အတွက် အဘကို မနှိုးဘဲထားလိုက်ကြသည်။ ဂျမ်းက ဆိုင်ထွက်ရန် မနက်တိုင်း အစောကြီးထရသည်။ ဂျမ်းအိပ်ရာထချိန်၌ လဝန်းအနောက်သို့ မဆင်းသေး။

"ခိုးသားကြီး တေက်ပြား... ခိုးသားကြီး တေက်ပြားနဲ့ ဒီလောက် အတင့်ရဲနေတာများ တော်မို့လို့ ဒီအချိန်ကြီး အပြင်ထွက်တယ်။ တော်က ပိုအတင့်ရဲရာကျနေပြီ။ ကြည့်စမ်းပါဦး။ လက်မောင်းက ဒဏ်ရာက နည်းလားလို့"

သူ အဝတ်စည်းပေးထားသော လက်ကို ကိုင်မြှောက်ကြည့်ပြန်သည်။

ဆံကောက်ဖားဖား အောက်မှ ဝင်းဖန့်သော ကုပ်ပိုးကို တွေ့ရသောအခါ ရင်တလှပ်လှပ် ရှိချေသည်။

"ကိုရင်တောက်ရယ်။ တော်လေ ကုသိုလ်ကံမကောင်းဘူး။ ကုသိုလ်ကံလည်း ကောင်းတယ်ခေါ်ရမယ်တော့် သိလား"

အဘနီးမည်စိုးသဖြင့် လေသံဖြင့်သာပြောကြရသည်။ နီးကပ်စွာ ရှိကြသည်ကြောင့် ကိုယ်သင်းနံ့ကိုပင် အသက်ရှူတိုင်း ရလေသည်။

"ကံမကောင်းတာက တော် ဒီလိုဒုက္ခရောက်ရတာတွေရခဲ့လို့သိလား။ ကံကောင်းတာကတော့ ဘယ်သူမှ မမြင်ဖူးတဲ့ ခိုးသားကြီးကို တော် တွေ့ခဲ့ရလို့"

ဂျမ်းစိတ်အားထက်သန်လွန်းသဖြင့် ပခုံးစွန်းချင်း ထိနေသည်ကိုပင် သူ သတိထားမိပုံ မရရှာ။

"ဘာပဲဖြစ်ဖြစ်တော်။ နောက်ကို နေဝင်မိုးချုပ်တာနဲ့ ကိုယ့်ဝိုင်းထဲတင် ကိုယ်နေပါ။ တော်ကြာ ဟိုက ငါ့ကို မှတ်မိသွားပြီဆိုပြီး တော့်ကို လာသတ်ချင် သတ်နေမှာတော့် သိရဲ့လား။ ဟုတ်ပါတယ်။ သေချာပါတယ်။ ခိုးသားကြီး တောက်ပြားဟာ တော့်ကို စောင့်ကြည့်နေတော့မှာ။ အခွင့်သာတာနဲ့ ဝင်သတ်သွားတော့မှာ။ ဒုက္ခပါပဲ ကိုရင်တောက်ရယ်"

ငိုသံပါလာသည်။

တမေ့တမောကြီး သူ့ကို ငေးကြည့်နေမိပြီး သူ့ကရုဏာအငွေ့တွင် နစ်မျောနေမိသဖြင့် သူ့သောကကို ဖြေသိမ့်ရန်ပင် သတိမရခဲ့။

"ဂျမ်း"

သတိထားသည့်ကြားကပင် အသံတုန်သွားပြီဟု သိလိုက်သည်။

"တော်"

သဲ့သဲ့လေး သူ ထူးသည်။ သူ့အသံလည်း တုန်တုန်ယင်ယင်။

"ခိုးသားကြီးက ကျုပ်ကို မသတ်နိုင်ပါဘူး ဂျမ်းရယ်"

"အို... ဘာကြောင့် မသတ်နိုင်ရမှာလဲ။ တော်က သဘောကောင်းကောင်း၊ ရိုးရိုးအအ၊ ဟိုကသိပ်ကြောက်စရာကောင်းတာ။ သိပ်လဲရက်စက်မှာတော့်"

အကြောင်းစုံကို တစ်ခါတည်း ဖွင့်ပြောလိုက်တော့မည်ဟု စိတ်ကူးပြီးမှ မပြောသာသော အကြောင်းများကို စဉ်းစားမိလေသည်။

သို့သော်လည်း အဖုံးအငုံအဖြစ် မျိုသိပ်ထားရသော ဝေဒနာတို့ကား သူ့ကရုဏာမိုးစက်ကြောင့် ပွင့်အာကြလေပြီ။

"ဂျမ်း"

"တော်"

ရင်ထိတ်ထိတ်ခုန်သည်။ သွေးတို့ တလျှင်လျှင် လှည့်ပတ်ကြကုန်သည်။

"ကျုပ်တစ်ခုခုဖြစ်သွားမှာ သိပ်စိုးတယ်လား ဂျမ်း"

"အို"

ခေါင်းငုံ့ရှာသည်။ မျက်နှာပြန်မဖော်။

"ပြောစမ်းပါ ဂျမ်းရယ်"

အဖြေမရ။ မျက်နှာကို အတွင်သာ ငုံ့ထားဆဲ။

"ဂျမ်းမပြောရင် ကျုပ်ပြောရမလားဟင်"

ဆံတောက်တွေ ယမ်းသွားသည်အထိ ခေါင်းငုံ့ရင်း သူခေါင်းခါသည်။

"ကျုပ်ပြောတော့မယ် ဂျမ်းရယ်"

ခေါင်းခါနေဆဲ။

"ဒါဖြင့် အဘကို ပြောလိုက်ရမလားဟင်"

ထောက်ထားသော သူ့လက်၊ လက်ဖမိုးပေါ်သို့ ဖွဖွညင်သာ အုပ်မိသည်။ သူ့လက်တွေ အေးစက်နေသည်။ မဖော်စတမ်း ဝှက်ထားသော သူ့မျက်နှာကို ယခုမှပင် ကြည့်ချင်လွန်းလှချေသည်။

"မော့်ပါဦး ဂျမ်းရယ်"

သူ့လက်ကို အသာအယာ ဆွဲနုတ်ယူသည်။

ထို့နောက် ကြားလောက်ရုံလေသံဖြင့် ဂျမ်းပြောသည်။

"ကျုပ် ရှက်တယ်တော်"

* * * * *

"၂၇"

"ကိုင်း… သမီး။ ဒီခိုးသားကြီး တောက်ပြားတော့ အဘထင်တဲ့အတိုင်း ဖြစ်ပြီ သိလားဟေ့"

ထမင်းဝိုင်းတွင် စထိုင်ထိုင်ချင်း အဘပြောသည်။

"ဘာဖြစ်လို့လဲဟင် အဘ။ ခိုးသားကြီးကို ဖမ်းမိသွားပြီလား။ ဖမ်းမိရင်လဲ ကောင်းပါ့တော်။ ကျုပ်ကလေ အချိန်ရှိသရွေ့"

ဂျမ်းက သူ့ကို မေးထိုးပြပြီး…

"သူ့အတွက် ပူနေရတာ။ သူ့ကို ဘယ်နေ့ လာသတ်မလဲ၊ ဘယ်နေ့လာသတ်မလဲနဲ့"

"အာ… ဒီကောင်မလေး ကိုယ်ထင်ရာကိုယ် စွတ်ပြောနေတော့တာကိုး။ ဘယ်က ဖမ်းမိရမှာလဲ"

"ဒါဖြင့် ဘာတုန်းအဘရဲ့"

ယင်ပေါင်စာ ဆီပြန်ကို တစ်ဇွန်းကော်ထည့်ပြီးမှ အဘစကားဆက်သည်။

"နင်က လူစွမ်းကောင်းကြီး။ သစ္စာရှိတဲ့ ခိုးသားကြီး ဘာညာနဲ့ ပြောနေတာလေ။ သွားပြီ။ နင့်လူစွမ်းကောင်းကြီး အခုတော့"

စိတ်ဝင်စားလွန်းသဖြင့် ဒန့်သလွန်ရွက်ဟင်းချိုပ် ဖွန်းထဲမှ ဟင်းရည်များ မဖိတ်စဉ်ရအောင် ဂရုထားလိုက်ရလေသည်။

"အကုသိုလ်ဆိုတာ ဒါပဲဟ။ မျောက်များ ငပိကိုင်သလိုပဲ။ ငါးပိနံ့နံလို့ ပွတ်လေလေ အနံ့စွဲလေလေ။ ပွတ်လေလေ အသားပွဲလေလေပဲ။ အခုကြည့်လေ။ သူဆင်းရဲတွေကို ဘုဇပတ်ရွက်ချပေး၊ ဘဏ္ဍာရတနာတွေ ဝေပေးနဲ့ ဟုတ်တိပတ်တိလုပ်လာခဲ့တာ အခုတော့လဲ ယုတ်မာတဲ့ ဇာတိရုပ်က ဘွားဘွားကြီးကို ပေါ်ပြီကော"

"အဘကလဲတော်။ စကားကြော သိပ်ရှည်တာပဲ"

"အခု ရွှေနန်းရှင် ကိုယ်တော်တိုင်က စစ်ကိုင်းရေပုဓမ်းနဲ့ကျောက်မော်အင်းကို ထပ်ဖို့ဖို့နဲ့ တာတွေတည်ဖို့ဆိုပြီး ဖြတိုက်တော်စာရင်းနဲ့ လုပ်ထားတဲ့ ရတနာတွေကို ဒီအကောင်က စာရင်းရော ပစ္စည်းပါ တက်ခိုးသွားပြီလေ"

သတိလက်လွတ်ဖြင့် ဟင်းချိုအပူကြီးကို သောက်လိုက်မိလေရာ တဖွီးဖွီးမှုတ်ထုတ်လိုက်ရသည်။

"ဟဲ့… ကနီ ကနီ ကနီ။ ဩော်… မောင့်ဟာကလေ ကလေးမဟုတ် သူငယ်မဟုတ်"

ဂျမ်းက လက်သုတ်ပဝါကို ယူပေးရင်း မြည်တွန်ရှာသည်။

အဘကို အသိပေးပြီး ပုဆိုးတန်းတင်ပြီးကတည်းက ဂျမ်းသည် 'ကိုရင်တောက်' ဟု မခေါ်တော့ဘဲ 'အမောင်' ဟု ပြောင်းခေါ်ခဲ့လေသည်။

“တိုင်းပြည်အတွက် လုပ်မယ့် ဘဏ္ဍာရတနာတွေ တက်ခိုးရုံတင်မကဘူးဗျာ။ ဘဏ္ဍာတော်တိုက်ထဲမှာ ဘုဇပတ်ရွက်တောင် ချခဲ့သေး။ ဘုဇပတ်ရွက်မှာ ရေးခဲ့ပုံကိုလဲ ကြည့်။ အဝပြည့်ရှင် ဘုရင်သတိုးမင်းဖျား... ငါ့ကိုရလျှင် သတ်ရတုံအံ့။ မရသော်ကား အဘယ်သူ ဝံ့အံ့နည်း... တဲ့။ ကိုင်း”

“ဟင်... ဟုတ်လား”

“ဟုတ်ပ့ါဗျား။ ခိုးသားပီပီ ယုတ်မာလာပြီလေ။ တိုင်းပြည်ဘဏ္ဍာကိုလဲ စော်ကား။ ရွှေနန်းရှင်ကိုလဲ စော်ကား လုပ်လာပြီ”

“အဘကလဲ ဘယ်လိုလုပ် သိသလဲ။ အဘနော် ရမ်းရမ်း မပြောနဲ့တော်”

“ဟ... ငါလူကြီးပါဟ။ အမြင့်မြို့စားရဲ့ တပ်ဗိုလ်ကြီးက ပြောပြတာ။ ပြောပြရုံတင် မကဘူး။ သူ ခဏငှားထားတဲ့ ဘုဇပတ်ရွက်ကိုတောင် ငါ့မျက်စိနဲ့ တပ်အပ်တွေ့ခဲ့သေးတယ်။ စာလဲ ဖတ်ခဲ့ရတယ်။ ကိုင်း”

“ဒီအတိုင်းဆိုရင်တော့ ခိုးသားကြီးဟာ သစ္စာမဲ့ပြီပေ့ါနော်။ ဒါဆိုရင် မကြာခင် ဖမ်းမိတော့မှာပဲ။ မြန်မြန်မိပါစေတော်။ ဟောဒီကိုယ်တော်မြတ်က ခိုးသားကြီးကို တွေ့ဖူးထားတာ။ တစ်နေ့တစ်နေ့ သူ့အတွက်လဲ စိုးရိမ်။ ဟင်... အမောင် ထမင်းစား နည်းလှချည်လား”

“ဟိုဒင်း... နေ့လယ်က ကရေကရာတွေ အစားများသွားလို့ ဂျမ်းရာ”

လက်ဆေး၊ လက်သုတ်ကာ ထမင်းပွဲမှ ထလာခဲ့သည်။ ဆာဆာလောင်လောင်ဖြင့် ထမင်းပွဲ ဝင်ထိုင်ခဲ့သည်လည်း အမှန်၊ ဂျမ်းလက်ရာ ပဲကြီးအိုးကပ် ယင်ပေါင်စာ ဆီပြန် ပန်ထွေဖျော်နှင့် ဒန့်သလွန်ရွက်ဟင်းချိုတို့ကို အားပါးတရစားလိုက်မည်ဟု ကြံရွယ်ခဲ့သည်လည်း အမှန်။ သို့သော် ထမင်းလုတ်မဆိုထားဘိ၊ ဟင်းချိုရည်ပင် လည်ချောင်းထဲသို့ မဆင်းနိုင်တော့။

စစ်ကိုင်းရေပုမ်းနှင့် ကျော်မော်အင်းတို့အတွက် ဘဏ္ဍာရတနာများကို စာရင်းနှင့်တကွ ခိုးသွားသည်တဲ့။ ဘုဇပတ်ရွက်လည်း ချသွားခဲ့သည်တဲ့။

ဤအမှုကို မိမိမပြု။

အဘယ်သူသည် ခိုးသားကြီး တေက်ပြား၏ အမည်နာမကို ခိုလှုံကာ ရိုင်းစိုင်းယုတ်မာစွာ ပြုကျင့်နေပြီနည်း။ ထိုသူ ဘယ်သူနည်း။

* * * * *

အဝစျေးရုံတော်၏ အင်္ဂါထောင့်တွင် လက်ပံပင်ကြီးတစ်ပင် ရှိသည်။ ထိုအပင်ကြီး၏ အမြင့်ဆုံးအကိုင်းထက်သို့ တက်ခဲ့သည်။

အဝစျေးရုံတော်ကိုသာမက အဝေးဆီမှ ဝင်းများကိုပင် အပေါ်စီးမှ ဖြန့်မြင်ရသည်။ အိမ်အမိုးများသည် အောက်ခြေတွင် ပြားပြားဝပ်လျှက်။ တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်နေ့ညသည် လပြည့်ညထက်ပင် လဝန်းပိုဝိုင်းသယောင်၊ လရောင်ပိုလင်းသယောင်။

ရွှေနန်းတော် မျှော်စင်ထက်သို့လည်း လရောင်ဆင်းနေသည်။ တင့်တယ်လှပသော အဝမြို့တော်ကြီးကို ဖြန့်ကြက်ကြည့်ရင်း 'ခိုးသား တေက်ပြား' ဆိုသူကို တနုံ့နုံ့ဒေါသဖြစ်မိလေသည်။

စင်စစ် ယနေ့ညအလုပ်လုပ်ရန်မဟုတ်။ ဂျမ်းနှင့် အကြောင်းပါပြီးကတည်းက အပြင်မထွက်ခဲ့။ ဂျမ်းက ခိုးသားကြီးရန်ကို စိုးရိမ်ရသည်ဆိုကာ မျက်စိအောက်က အပျောက်မခံ။ ဂျမ်း၏ တားမြစ်ချက်အရရော၊ ကိုယ်တိုင်ကလည်း မထွက်ချင်သေးသောကြောင့်ပါ အပြင်မထွက်ခဲ့ခြင်းဖြစ်သည်။

ယခုမူ မနေသာတော့ပြီ။

ခိုးသားကြီး တေက်ပြားဆိုသူကို အမိအရ ဖမ်းရတော့မည်။ အကြံပက်စက်သော ထိုသူသည် ရှေ့ခရီးအတွက် အကြီးဆုံးဆူးငြောင့်ခလုတ်ဖြစ်သည်။

လဝန်းသည် အနောက်ယွန်းယွန်းသို့ တည်လေပြီ။

ကျင့်သားမပြတ် မျက်စိအာရုံကြောင့် လရောင်ဆမ်းသော အဝရှုခင်းကို နေ့ခင်းနှင့်မခြား မြင်နေရလေသည်။

ရွှေနန်းတော်မြို့ရိုး အရှေ့ဘက် ကျုံးထိပ်ဆီမှ ခွေးအူသံသဲ့သဲ့ကြားရသည်။ ခွေးအူသံများသည် တဖြည်းဖြည်း စဲသွားသည်။ ထို့နောက် တောင်ဘက်ဆီသို့ ရွေ့လာသော တစ်ချက်တစ်ချက် ထိုးဟောင်သည့် ခွေးဟောင်သံများကို ကြားရပြန်သည်။ လက်ပံကိုင်းကို ခြေတင်ကာ ကိုင်းသေးကို ကိုင်ဆုပ်ကာ ထိုအရပ်ဆီသို့ အစွမ်းကုန် စူးစိုက်ကြည့်သည်။ အကြားအာရုံကို အမြင့်ဆုံးသို့ စွင့်ထားလိုက်သည်။

လမ်းမတော်တစ်ဖက်ဆီမှ မန်ကျည်းပင်တန်း၊ တမာပင်တန်းများကြောင့် အောက်ဘက်သို့ မမြင်ရ။ သို့သော် ထူးခြားသော အာရုံတစ်ခုက လက်ပံပင်ကြီးဆီသို့ တစ်စုစု တရွေ့ရွေ့ချဉ်းကပ်လာသည်ဟု ခံစားရလေသည်။

ထိုအခြင်းအရာကား တကယ်ပင် ဖြစ်သည်။

ခက်လက်ဖားဝေသော လက်ပံပင်ကြီးအောက်တွင် အရိပ်ပြောက်များ ထိုးကျနေသည်။ ထိုလင်းတကွက်၊ မှောင်တစ်ကွက်နေရာသို့ တစ်စုံတစ်ယောက်သောသူ ရောက်လာသည်။ လရောင်အောက်တွင် ထိုသူ၏ ဝတ်စုံမှာ ညိုပုပ်ပုပ် ဖြစ်နေသည်။ မူလအရောင်သည် နီညိုရင့်ရောင် ဖြစ်သည်။ ပေါင်လုံးခန့် လက်ပံကိုင်းကြီးကို ရင်နှင့်အပ်လျှက် အောက်ကလူကို မျက်ခြည်မပြတ် ကြည့်သည်။

လက်ပံပင်သို့ ကပ်လိုက်ပုံ၊ ဘေးဆီကို လှည့်ကြည့်ပုံ၊ နားစွင့်ပုံတို့ကို ကြည့်ရသည်မှာ ထိုသူသည် လျှင်မြန်ဖျတ်လတ်ပါးနပ်သူ တစ်ယောက်ဖြစ်ကြောင်း သိသာသည်။ သို့သော် အရိပ်အခြည်ကို စောင့်ကြည့်ရဦးမည်။ သူသည် 'တောက်ပြား' လော။ တခြားသူလော။

ဝတ်ရုံနက်နှင့်လူသည် ခါးကြားမှ အထုပ်တစ်ထုပ်ကို ဆွဲထုတ်ယူသည်။ ပစ္စည်းများကို ထုတ်ကြည့်သည်။ လရောင်တွင် ကိုင်မြှောက်ကြည့်လိုက်သောအခါ ပြိုးခနဲပြက်ခနဲ ဖြစ်သွားသည်။ ရတနာရွှေငွေများပင် ဖြစ်သည်။ ထိုသူသည် ပစ္စည်းများကို ပြန်ထုပ်ပြီး အိတ်ရှုံ့ကြိုးကို ဆွဲ၍ တစ်ပတ်ပြီးတစ်ပတ်ချည်သည်။ လက်၏ လှုပ်ရှားမှုများ စေ့စပ်သေချာလှသည်ကို တွေ့ရသည်။

အထုပ်ကို ခါးကြားထဲ ပြန်သွင်းကာ လက်ပံပင်ကြီး၏ အခေါက်ပျဉ်း လျှိုထဲသို့ ထိုသူဝင်သည်။

အချိန်ကောင်း။ တစ်ဟုန်ထိုး လွှားခနဲ ခုန်ချသည်။

ကုန်းကုန်းကွကွဖြစ်နေသော ထိုသူ၏ နောက်ဘက်တစ်လံအကွာတွင် ဖပ်ခနဲ ခြေအစုံကျသည်။ မြေပေါ်မှာ ရွက်ခြောက်များရှိနေသောကြောင့်သာ ခြေသံကြားရခြင်း ဖြစ်သည်။ ရွက်ခြောက်သံကြောင့် ထိုသူ ဖျတ်ခနဲ လှည့်ကြည့်သည်။ သူ့လက်ထဲမှာ ဝင်းခနဲ လက်သွားသော ဓါးမြှောင်တစ်ချောင်း။

အရေးစိုက်စရာမလို။ လက်ပံပင်ပေါ်မှ ခုန်ချကတည်းက လက်ထဲမှာ လက်ပံကိုင်းတစ်ကိုင်း အသင့်ပါလာပြီးသား။ သူ့ဓါးမြှောင်ကို တစ်ချက်အဝင့်မှာ သူ့လက်ထဲက ဓါးမြှောင်ကို လက်ပံကိုင်းနှင့် ရိုက်ချလိုက်သည်။ ဓါးမြှောင်အဝေးသို့ လွင့်သွားလေသည်။

ခက်ရင်းခွကဲ့သို့သော လက်ပံကိုင်းဖြင့် ထိုသူ၏လည်မျိုကို ခွဘက်မှ ထောက်ကာ လက်ပံပင်သို့ ဖိကပ်ထားလိုက်သည်။ လည်မျိုမအစ်ရအောင် ထိုသူ မေးကို မော့တင်ထားရလေသည်။ သင်းကိုချုပ်မိပြီ။ သင်း သွေးမနည်း။ လက်ပံကိုင်းခွဖြင့် လည်မျိုကို အထောက်အညှပ်ခံထားရသည့်တိုင် ရုပ်ပျက်ဆင်းပျက် သွေးရူးသွေးတန်း မဖြစ်။ လက်ပံကိုင်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ တွန်းဖယ်သည်။ မရ။ ခြေကားရား တွန့်ကာ အကျအန မိနေတော့သည်။

"ပြောစမ်း၊ မင်းဘယ်သူလဲ"

လက်ပံကိုင်းကို အပေါ်သို့ တွန်းမြှင့်လိုက်သည်။ သင်းပို၍ အနေဆိုးမည်။

"ပြောစမ်း၊ မင်းဘယ်သူလဲ"

သူက လက်ပံကိုင်းကို ပုတ်ပြကာ အောက်နိမ့်ပေးရန် လက်ဟန်ပြသည်။ ဟုတ်ပေသားပဲ။ လည်အစ်ကာ မေးမော့ထားရသောသူ ဘယ်လိုလုပ်စကားပြောနိုင်မည်လဲ။ လက်ပံကိုင်းကို အောက်အနည်းငယ် နိမ့်ပေးလိုက်သည်။

"ပြော"

"ကျုပ် ခိုးသားကြီး တေက်ပြား"

"ဘာ..."

ပေါက်ကွဲခြင်းနှင့်အတူ ကိုင်းကို ထပ်၍ ဖိဖိနှိပ်နှိပ် မြှင့်လိုက်မိသည်။ သည်နေရာတွင်ပင် အသေသတ်တော့မည်ဟု...

ရုတ်တရက်ပင် ဝရီးကို သတိရလိုက်သည်။ အဒိန္နာဒါနကံကို ကျူးလွန်သူအဖို့ အတတ်နိုင်ဆုံး ကျန်သော ကံလေးပါးကို ရှောင်ပါဟူသော ဝရီး၏ဆုံးမစကား။ ဆူပွက်နေသော ဒေါသတို့ကို ပင်ပန်းကြီးစွာ မျိုချလျှက်၊ လက်ပံကိုင်းကို ပြန်လျှော့ပေးလိုက်သည်။

"မင်း... တေက်ပြားမဟုတ်ဘူး။ မှန်မှန်ပြော"

"ဟုတ်တယ်။ ကျုပ် တေက်ပြား"

"မဟုတ်ဘူး။ မဟုတ်ဘူး"

"ဟုတ်တယ်။ ကျုပ်တောက်ပြား။ ခင်ဗျားက ဘာလဲ။ ရဲမက်လား၊ သတ်ချင်ရင် သတ်ပစ်လိုက်၊ စစ်ကိုင်းရေဝှမ်းမှာ အခြေချခဲ့တဲ့ တောက်ပြားဆိုတာ ကျုပ်ပဲ။ ရွှေတိုက်စိုးရဲ့ ရဲမက်တွေကို သုတ်သင်ပစ်ခဲ့တဲ့သူ။ ရွှေတိုက်စိုးရဲ့ မြွေကိုသတ်ပြီး စိန်တွေကိုယူတဲ့သူ၊ နေပြည်တော်မှာ ဘုဇပတ်ရွက်ချတဲ့သူ၊ သူဆင်းရဲတွေကို ဝေငှပေးတဲ့သူ၊ အဲဒီတောက်ပြားဟာကျုပ်ပဲ"

ဘုန်းတော်ကြီးရှေ့မှာ စာအံသော ကျောင်းသားလို တတွတ်တွတ် ရွတ်သွားသည်။ သူပြောပုံကို ကြားရသောအခါ စောစောက ဒေါသများ ဘယ်ရောက်သွားသည်မသိတော့။ အူထဲက လှိုက်၍လှိုက်၍ ရယ်ချင်လာလေသည်။

လက်ပံကိုင်းကို လျှော့၍...

"ကိုင်း... ပြောစမ်းပါဦး။ ခိုးသားကြီး တောက်ပြား။ ဒီညကော ဘာတွေခိုးခဲ့သလဲ"

"ခိုးခဲ့တယ်။ ဒါပေမယ့် မပြီးသေးဘူး။ အခု ရွှေနန်းတော်ကို တက်မလို့"

အယောင်ဆောင်သူက ပို၍သရုပ်ပီနေချေသေးသည်။

"ဟင်... ဟုတ်လား။ ရွှေနန်းတော် ဘယ်နေရာလဲ"

"ဘယ်နေရာရမှာလဲ။ သတိုးမင်းဖျားရဲ့ စက်ရာနန်းဆောင်ပေါ့"

"ဘုရင့် စက်ရာဆောင်တက်ပြီး မင်းက ဘာခိုးမှာလဲ"

"ပတ္တမြားကျောက်စီဓါး ယူမလို့"

ဆက်၍ ဟန်မလုပ်နိုင်တော့။ ဟက်ဟက်ပက်ပက်ပင် ရယ်မိလေသည်။

"ကိုင်း... ခိုးသားကြီး တောက်ပြားရယ်။ မင်းဘယ်သူဆိုတာကို အမှန်အတိုင်းသာ ပြောပါတော့ကွာ"

"ကျုပ် တောက်ပြားပါ ဆိုနေမှ ဘာပြောရမှာလဲ"

"ဟေ့ကောင်"

လက်ပံကိုင်း ခက်ရင်းခွဘက်သို့ ဘယ်လက်ဖြင့် တိုးကိုင်ကာ ညာလက်ဖြင့် သူ့ကိုယ်ကျပ် ရင်ဘတ်စကို တင်းတင်းကျပ်ကျပ်ပင် ဆုပ်ကိုင်ခါယမ်းပစ်လိုက်သည်။

"ဟေ့ကောင်... တောက်ပြားရှေ့မှာ မင်းကိုယ်မင်း အမှန်အတိုင်း ဝန်ခံစမ်း"

"ဗျာ..."

MMCYBERMEDIA
COMMUNITY FOR ALL

တစ်ချိန်လုံးတင်းမာနေသော ထိုသူ အရည်ပျော်ကျသွားသည်။

"ပြောလေကွာ ပြောစမ်း။ ငါ့ရှေ့မှာ မင်းဘယ်သူလဲဆိုတာပြောစမ်း"

"နောင်... နောင်ကြီးဟာ ခိုးသားကြီး တောက်ပြားလား"

"မင်းဘယ်သူဆိုတာကိုသာ ပြောစမ်း"

သူ့တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လာသည်။ လက်ချောင်းများ ကားရားဖြန့်လျှက် သူဆက်ပြောလေသည်။

"နောင်ကြီးဟာ ခိုးသားကြီး တောက်ပြားပဲနော်။ အံမယ်လေး ဝမ်းသာလိုက်တာ နောင်ကြီးရာ။ နောင်ကြီးကို ကျုပ်တွေ့ချင်လွန်းလို့ တောက်ပြားယောင်ဆောင်ခဲ့ရတာပါ။ တောက်ပြားအတုပေါ်ပြီဆိုရင် နောင်ကြီးနဲ့ တစ်နေ့မဟုတ် တစ်နေ့ တွေ့မှာပဲဆိုပြီး ကျုပ်အခုလို လုပ်ရတာပါ။ ကျုပ်ကို ချမ်းသာပေးပါ နောင်ကြီးရယ်"

မုဆိုး၏ ရှေ့ဝယ်သားကောင်၏ ဇာတိမာန် ဘွားခနဲ ပေါ်ပေပြီ။

"အေးပြောစမ်း။ မင်းဘာကြောင့် ဒီလိုလုပ်ရတာလဲ"

"ပြောပါမယ်။ ပြောပါမယ်။ ကျုပ်ကို ဒီဟာကြီးဖယ်ပေးပါဦးဗျာ။ ကျုပ်လည်မျိုအစ်လှပြီ"

လက်ပံကိုင်းကို ဖယ်ပေးလိုက်သည်။ ထိုသူက လည်ပင်းကို ပွတ်သပ်လျှက်...

"ကျုပ်ဟာဘုရင့်ကိုယ်ရံတော်တပ်က တပ်သားရဲမက်တစ်ဦးပါ။ အဝနေပြည်တော် တည်ထောင်စကတည်းက ဘုရင့်ကိုယ်ရံတော်တပ်ထဲ ဝင်ခဲ့တာပါ။ သစ္စာရှိရှိနဲ့ အမှုတော်ထမ်းခဲ့သူပါ။ ဒါပေမယ့် အဝဘုရင်က ကျုပ်ရဲ့သစ္စာရှိမှုကို ခြေနဲ့နင်းခြေဖျက်ခဲ့တယ်လေ"

နှမ်းခမ်းမွေးစစ၊ အသားလတ်လတ်၊ အရပ်ထွားထွား ကျစ်လျစ်သော ခန္ဓာကိုယ်၊ စူးရှသော မျက်လုံး၊ ပါးလျားစေ့စပ်သော နှုတ်ခမ်း၊ မေးရိုးကားကားနှင့် ထိုသူသည် ကိုယ်ရံတော်ရဲမက် တပ်သားကောင်းတစ်ဦးဖြစ်ခဲ့မည်ဟု တွေးမိလေသည်။

"ဆိုစမ်းပါဦး။ ဘယ်လို ခြေနဲ့နင်းခဲ့တာလဲ"

"ကျုပ်မှာ အင်မတန်ချစ်ခဲ့ရတဲ့ နှမလေးတစ်ဦးလည်းရှိတယ်။ လောကကြီးမှာ ဒီမောင်နှမ နှစ်ယောက်ပဲရှိတာ။ ဒီနှမလေးကို ဘုရင်သတိုးမင်းဖျားက သူ့ရဲ့ဗိုလ်မင်းတစ်ယောက်လက်ထဲကို အမိန့်တော်နဲ့ အပ်နင်းလိုက်တယ်လေ"

"ဟ... မင်းနှမ ဗိုလ်မင်းကတော် ဖြစ်သွားတာပဲ မဟုတ်လား။ ဒါချီးမြှင့်မြှောက်စားတာပဲပေါ့"

လက်ပံပင်မြစ်ဆုံကို ထိုင်ချလိုက်ပြီး စကားဆက်ပြောသည်။

"ဘယ်ကချီးမြှောက်ရမှာလဲ နောင်တော်ရာ။ အဲဒီဗိုလ်မင်းက နေပြည်တော်တပ်တော်တွေရဲ့ ဗိုလ်မင်းတွေထဲမှာ သေရည်အသောက်ဆုံး၊ အကျင့်အဖောက်ပြန်ဆုံး၊ မယားအများ အယူဆုံး လူယုတ်မာကြီးဗျ။ ဒါကို တစ်နန်းတော်လုံးအသိ။ သိလျှက်နဲ့ ဘုရင်ဟာ သူ့ဗိုလ်မင်းကို သူလက်သပ်မွေးပြီး ကျုပ်ကိုစော်ကား၊ ကျုပ်နမလေးရဲ့ ဘဝကို ပျက်စီးအောင် ဒီလို လုပ်ပစ်လိုက်တာ။

"တောက်..."

တောက်ခေါက်သံ မြည်လှချေသည်။

"ငါကြားဖူးသလောက်တော့ ဘုရင်ဟာ မှန်ကန်တဲ့သူလို့ သိရတာပဲ"

"အဲဒါ နောင်ကြီးတို့ရဲ့အကြား၊ တကယ့်တကယ်ကျတော့ သတိုးမင်းဖျားဟာ ဒီလိုမဟုတ်ဘူးဗျ။ အလွန်ဒေါသကြီး၊ အလွန်ခက်ထန်၊ အလွန်အမျက်စောင်မာန်ကြီးတာ၊ မိဖုရားကြီးစောဥမ္မာဆိုလဲ နေ့စဉ်နဲ့အမျှ မျက်ရည်နဲ့မျက်ခွက်"

ဘုရင်နှင့်မိဖုရားအပေါ် သူပြောပုံဆိုပေါက် ပြတ်သားလွန်း၍ သဘောကျမိသွားလေသည်။

"ဆိုစမ်းပါဦး။ ဒါနဲ့ပဲ မင်း... ခိုးသားကြီး တောက်ပြားအယောင်ဆောင်ရော့လား"

"ကျုပ်ကို ခွင့်လွှတ်ပါ နောင်ကြီးရာ။ ဒီဘုရင်ကို ဘယ်နည်းနဲ့ လက်စားချေရမလဲ၊ လုပ်ကြံရအောင်ကလဲ သူ့မှာ အစောင့်တွေက အထပ်ထပ်၊ သူကိုယ်တိုင်ကလဲ လက်နက်ငါးပါးကျွမ်းကျင်သူ၊ ဒီတော့နောက်ဆုံး ဒီနည်းပဲရွေးပြီး သင်းကို အနှောင့်အယှက်ပေးမယ်ဟဲ့ဆိုပြီး လုပ်လိုက်တာပါ။ ပြီးတော့ ကျုပ်ဒီလို လုပ်ရင် တစ်နေ့သောအခါ နောင်ကြီးနဲ့ဆုံမှာပဲ၊ ဆုံရင် နောင်ကြီးဆီ တပည့်ခံမယ်ဆိုပြီး လုပ်လိုက်တာပါ"

ဩော်... ဖြစ်ရလေခြင်းဟု ရင်ထဲမှညည်းမိလေသည်။ ဝရီးလက်ထက်မှ စခဲ့သော 'ငတက်ပြား' သည် သုံးနွယ်သုံးဆက်သို့တိုင်များ ဆင်းသက်ပေါက်ဖွားလေမည်လားမသိ။

"အင်း... မင်းပြောတဲ့အတိုင်းသာ မှန်ရင် ဘုရင်သတိုးမင်းဖျားဟာ အကျင့်ဖောက်ပြားသူပေါ့"

"ဟာ... နောင်ကြီးနယ် ဘုရင်တင် ဘယ်ကမလဲ။ အတွင်းသင်းစား ငွေယ်နဆိုတာလဲ အလကား။ သစ်ခေါင်းပေါက်လို လူကြီးဗျ။ ပတူးသဃ်ရာဇဆိုတာလဲ ဗေဒင်တွက်လိုက် ယတြာချေလိုက်နဲ့ မင်းဆရာသာဆိုတာ ဘာတွေလုပ်နေမှန်းလဲ မသိဘူး။ အမြင့်မြို့စား တရဖျားစော်ကဲ ဆိုတာမလဲ ဘုရင့်ယောက်ဖတော်ဆိုပြီး သွေးနားထင်ရောက်နေတာ။ တစ်နန်းတော်လုံးဟာ စိတ်ပျက်စရာချည်းပဲ။ အဲ... အဲဒီထဲမှာ အဆိုးဆုံးကတော့ မင်းကြီးသီလဝပေါ့ဗျာ"

"ဟေ... မင်းကြီးသီလဝက ဘယ်လိုဆိုးသလဲကွ"

"ဟာ... ဆိုးပါသော်ကောဗျာ။ လူကြီးကလဲ အကြီးကြီး။ အစားကလဲ ကြီး၊ အအိပ်ကလဲ စုံမက်၊ အပျင်းကလဲ ထူလိုက်ပုံများ၊ တစ်နေ့လုံးနေလို့ စကားသုံးခွန်းမပြောဘူး။ ရမည်းသင်းစားသာဆိုတယ် သူ့ရမည်းသင်းအတွက်

သူ့ဘာမှလုပ်ပေးတာမဟုတ်ဘူး။ အဝနေပြည်တော်မှာပဲ စည်းစိမ်အမျိုးမျိုး ခံစားနေတာ။ ဘုရင်ကိုယ်တိုင်က ခန့်ညားရတယ်ဆိုပြီး သူ့ကိုယ်သူ စကြဝတေး ဗန္ဓတ်မင်းလောက် ထင်နေတာ။ တိုင်းရေးပြည်ရာ ပြည်သားပြည်သူ အရေးအရာ ဘာဆိုဘာမှ လုပ်တတ်တာမဟုတ်ဘူး။ ကျုပ်ဖြင့်ဗျာ အဝရွှေနန်းတော်တစ်ခုလုံးကို မီးတိုက်ပြီး ဧရာဝတီမြစ်ရေနဲ့ ဆေးကြောပစ်ချင်တာပဲ။ ဒါမှ အညစ်အကြေးတွေ စင်သွားမှာ”

နမငယ်တစ်ဦးကို အကြောင်းပြုပြီး စိတ်ချဉ်ပေါက်နေဟန်တူသော ထိုသူကိုကြည့်ရင်း သူ့စကားတွေနားထောင်နေရင်း ရယ်ချင်လာသည်။ သူ့ပြောစကားအတိုင်းဆိုလျှင် ဘယ်သူမှ အကောင်းမရှိတော့။

သို့သော် ငယ်ရွယ်နုပျိုသော ထိုသူ့ကိုတော့ အမြင်ကြည်လင်အောင် လုပ်ပေးရလိမ့်မည်။ ‘တောက်ပြား’ အမည်ခံသူတစ်ယောက်တွင် ထိုသို့သော အနိဋ္ဌာရုံစိတ်မရှိစေရ။

“ဒီမယ် ကိုယ့်လူ။ အဲ…မင်းနာမည်က…”

“ငဖြူနက်”

“အင်း… ငဖြူနက်။ နာမည်ကလဲကွာ ဆန့်ကျင်ဘက်အရောင်နှစ်ခုနဲ့။ ထားပါတော့ ငဖြူနက်။ မင်းတကယ်ပဲ ငါနဲ့တွဲချင်သလား”

“ဘုရားပေးပေး ကျမ်းပေးပေးပါ နောင်ကြီးရယ်”

“ကောင်းပြီ။ ငါကတော့ ဘယ်သူနဲ့မှ တွဲတဲ့ကောင်မဟုတ်ဘူး။ မင်းကိုလဲ ငါလက်မခံဘူး။ မင်းခိုးသားဆက်လုပ်မယ်ဆိုရင် မင်းဘာသာမင်းဆက်လုပ်။ ဒါပေမယ့် မင်းကိုငါ တစ်ခါတည်းမှာလိုက်မယ်”

“ဟုတ်… ဟုတ်ကဲ့”

“နေရာတကာမှာ အကောင်းအဆိုး ရှိတယ်။ ခိုးသားဆိုတာ နဂိုကမှ မကောင်းသော အသက်မွေးသူ။ ဒါပေမယ့် အဲဒီမကောင်းတဲ့ ခိုးသားမှာလဲ ကောင်းတာလေးတွေ ရှိရမယ်။ နားလည်လား”

“ဟုတ်ကဲ့ နောင်ကြီး တောက်ပြား”

“အေး… ပထမအချက်က မင်းငါ့နာမည်ကို အခုကစပြီး စွန့်လွှတ်ပါ”

“ကောင်းပါပြီ နောင်ကြီးရယ်”

“ဒုတိယအချက်က မင်း ခိုးသားတစ်ယောက် အနေနဲ့ တက်ချင်တဲ့အိမ်တက်။ ဝင်ချင်တဲ့အိမ်ဝင်။ ရွှေနန်းတော်အရောက် မင်းစွမ်းလို့ ဝင်ချင်လဲ ဝင်။ ဒါပေမယ့် ဘုရင်ကို ဘယ်တော့မှ မစော်ကားနဲ့”

“နောင်ကြီး။ အဲဒီဘုရင်က ကျုပ်ကို”

"တိတ်… ငါပြောတာနားထောင်။ တိုင်းတော်ပြည်တော်ရဲ့ အရှင်သခင်မှာ သူ့ဘုန်း၊ သူ့ကံ၊ သူ့ပါရမီရှိတယ်။ ဘုရင်သတိုးမင်းဖျားဟာ မင်းအတွက် တစ်ကွက်တစ်လေ ဆိုးချင်ဆိုးမယ်။ ဒါပေမယ့် သူဟာ ပရမ်းပတာဖြစ်နေတဲ့ နေပြည်တော်တွေကို စုစည်းပြီး အုပ်ချုပ်နိုင်တဲ့သူကွ။ အဝနေပြည်တော်ကြီးကို တည်ထောင်နိုင်ခဲ့သူ။ ပြည်သားပြည်သူတွေရဲ့ ကောင်းရာကောင်းကြောင်း လုပ်နေတဲ့သူ။ သူမကောင်းရင် သူ့လမ်းသူထွင်သွားလိမ့်မယ်။ ထီးရေးနန်းရေး ရှုပ်ထွေးလို့ ထီးနန်းအမွေဆက်ခံလိုသူတွေရှိလို့ အရေးတော်ပေါ်ပြီဆိုရင် ဘုရင်လုပ်သူက လုပ်ကြံလိမ့်မယ်။ ဒါ သူတို့အရေး၊ မင့်အရေးမဟုတ်ဘူး။ မင်း ဘုရင်လုပ်ချင်ရင် ဝံ့ရင် အပြင်ထွက် ပုန်ကန်စား၊ လက်ရုံးနှလုံးနဲ့တိုက်၊ ဒီလိုမှ မဟုတ်ရင် မင်းခိုးသားပဲ လုပ်မယ်ဆိုရင် ကိုယ့်အလုပ်ကိုယ်လုပ် ကြားလား"

"ကြားပါတယ် နောင်ကြီး"

"အေး… ခိုးသားပီသတဲ့ ခိုးသားဖြစ်ချင်ရင် ဒါကို ပထမဆုံး နှလုံးသွင်း၊ နောက်ထပ်စောင့်ထိန်းရမယ့် ရှောင်ကြဉ်ရမယ့်ဟာတွေ အများကြီးရှိသေးတယ်။ ဒါပေမယ့် ခုနင်က ငါပြောတာကို မင်းအရင်ဆုံး နှလုံးသွင်းတတ်မှ ကျန်တာတွေကို ငါအလျဉ်းသင့်သလို ပြောမယ်"

"ကောင်းပါပြီ နောင်ကြီး"

လက်ပံပင် အရိပ်သည် အနောက်ယွန်း လရောင်ကြောင့် အရှေ့သို့ တိမ်းချေပြီ။

"နေစမ်းပါဦး။ မင်းစောစောက ပြောတော့ ဘုရင့်စက်ရာဆောင်ကို တက်မလို့ဆို"

"ဟုတ်တယ် နောင်ကြီး။ ပတ္တမြား ကျောက်စီဓါး တက်ယူမလို့"

ငဖြူနက်၊ သူကား ဘုရင့်ကိုယ်ရံတော် တပ်သားဖြစ်ခဲ့ဖူးသူ။ ဘုရင့်စက်ရာဆောင်ကို သူ အသေးစိတ် ကျွမ်းကျင်ပေလိမ့်မည်။ သည်ညကား ထူးခြားသောည။ ငဖြူနက်၏အကူအညီဖြင့် ဘုရင့်စက်ရာဆောင်သို့ ဝင်လိုက်ရလျှင်။

မိမိသည် ဘုရင့်နန်းဆောင်ကို ကျွမ်းကျင်သူမဟုတ်။

ငဖြူနက်က ပတ္တမြား ကျောက်စီဓါးကိုယူ၊ မိမိက စိန်တုံးများကို…

"ဟေ့ ငဖြူနက်"

"ခင်ဗျာ နောင်ကြီး"

"တောက်ပြားအတု ငဖြူနက်နဲ့ တောက်ပြားအစစ် ငါနဲ့ စတွေ့တဲ့ညမှာ တို့နှစ်ယောက်အတူ ရွှေနန်းတော်ကို တက်ကြစို့လား"

"ဟာ... နောင်ကြီး"

"ဘာလဲကွ"

"ကျုပ် သေပျော်ပြီဗျာ။ ကျုပ်သေပျော်ပြီ"

"ကိုင်း... ဒါဖြင့် သွားကြစို့။ မင်း ဘုရင့်စက်ရာဆောင်ကို ကျွမ်းကျင်တယ်နော်"

"ကျုပ်အလွတ်တောင် ရတယ်ဗျာ"

"ကောင်းပြီ"

"ဩော်... နောင်ကြီး"

"ဘာလဲ"

"ဘုဇပတ်ရွက် ပါတယ်နော်"

"ငါ့မှာ မပါဘူးပဲထား၊ မင်းမှာ ပါတယ် မဟုတ်လား"

"အလှဆုံး အကြီးဆုံး ဘုဇပတ်ရွက်တွေချည်းပဲဗျ"

နှစ်ဦးသား ရယ်သံကို လက်ပံမြစ်ဆုံ အခေါက်ပျဉ်ကြီးက ပြန်လည်၍ ပဲ့တင်လိုက်ပြန်လေသည်။

* * * * *

##### ။၂၈။

နစ်ယောက်တွဲ မထွက်ရသည်မှာ ဝရိုးမရှိတော့ကတည်းက။ ပြီးတော့ ဖြူနက်ကလည်း တောက်ပြား အမည်ခံသူ။

စိတ်လှုပ်ရှားသလိုလို ပျော်သလိုလို ဖြစ်နေသဖြင့် ကိုယ့်ကိုကိုယ် သတိပေးနေရသည်။ ဖြူနက်ကား ပြောသည့်အတိုင်း ရွှေနန်းတော်ကို အလွတ်ရနေသူပင်။

ကင်းစောင့်ရဲမက်များ အဝင်အထွက် အပြောင်းအလဲကိုပင် အတိအကျသိသူ။ လုံရှည်ကိုင် ရဲမက်နှစ်ယောက် ကျောချင်းခိုင်း၍ အလျှောက်တွင် မှောင်ရိပ်ခို၍ မြွေနှစ်ကောင်လို လျောခနဲ ဝင်လိုက်ကြသည်။

နန်းမြို့တော်စပ်ထိပ်အရောက်တွင် သရက်ပင်လေးပင်။ ကုက္ကိုပင် သုံးပင်။ တမာပင် ငါးပင်တို့ကို ပြေးဝင်၊ ပြေးကပ်၊ ပြေးထွက်ကာ လှုပ်ရှားခဲ့ကြသည်။ ဖြူနက်ကား ခိုးသားကောင်းတစ်ယောက်ဖြစ်ဖို့ အလားအလာ အလွန်ကောင်းနေသည်။ ကိုယ်ရံတော်တပ်သားတစ်ဦး၏ အလေ့အကျင့်သည် သူ့အတွက် အလွန်အသုံးဝင်နေသည်။ ခြေသံကို သည့်ထက်ပို၍လုံအောင်၊ အသက်ရှူသံကို သည့်ထက်ပို၍ ငြိမ်အောင်ထိန်းနိုင်လျှင် သူအတော်လေး စိတ်ချရလောက်ပြီဟု ထင်သည်။

"ဒါ ဗိုလ်ရှုံခံတဲ့နေရာ"

လေသံဖြင့် ပြောသည်။

စကားလုံးဝမပြောရဟု လက်ဟန်ပြလိုက်သည်။

အေးလေ... ကျွမ်းကျင်တဲ့ ခိုးသားမှ မဟုတ်သေးဘဲကိုး။

အမှောင်ရိပ်များကို ဖြတ်သန်းရင်းဖြင့်ပင် ဘုရင့်စက်ရာဆောင်သို့ ရောက်ခဲ့လေပြီ။

ခေါင်းရင်းကျကျ ကြမ်းပြင်အောက်တွင် ဒူးထောက်လျှက် ဖြူနက်ကို အပေါ်သို့ ညွှန်သည့် လက်ဟန်ပြသည်။ အဓိပ္ပါယ်ကား နန်းကြမ်းပြင်ကို ခွာ၍ ဝင်ရန်။

ခေါင်းညိတ်ပြလိုက်သည်။

အိတ်ကပ်ပါသော ခါးပတ်ကို ထုတ်လိုက်သည်။

* * * * *

ခေါင်းဝင်ကိုယ်ဆုံ ကြမ်းပေါက်ဖြစ်သွားသည်။

ငဖြူနက်က ကြမ်းပေါက်ဝတည့်တည့်တွင် ဒူးနှစ်ချောင်းပေါ် လက်ထောက်၍ ကုန်းကွကွ ရပ်ပေးသည်။ သူ့ပခုံးပေါ်သို့ လက်ပုတ်ပြသည်။ သူ့အပေါ်တက်၍ ကြမ်းပေါက်ထဲသို့ ဝင်ရန်...

ခေါင်းခါပြလိုက်သည်။ ပခုံးပေါ်တက်ပြီး ဝင်ရန်မလိုဟု။

လက်ခုပ်တစ်ဖောင်ခန့် အမြင့် ကြမ်းပေါက်သို့ ခုန်ဆွဲလိုက်သည်။

လက်ရုံးအားကို သုံးကာ တစ်ကိုယ်လုံးကို မြှောက်ယူလိုက်သည်။

ဘုရင့်စက်ရာဆောင်၏ နန်းကြမ်းပြင်သို့ ခြေတင်မိပြီ။ ကြမ်းပေါက်မှ အောက်ငုံ့ကြည့်လိုက်သည်။ ငဖြူနက်ကို လက်တွဲခေါ်ရန်။ သို့သော် အောက်မှာ ငဖြူနက်မရှိတော့။

အလိုလို နိုးကြားတတ်သော အသိဖြင့် အန္တရာယ်၏ အငွေ့အသက်ကို ရှူရှိုက်မိလိုက်သည်။ မှားပြီဟူသော အသိဖြင့် ကြမ်းပေါက်မှ အောက်ပြန်ဆင်းရန်အပြင်...

ရုတ်ချည်းမှာပင် ကိုယ်ပေါ်သို့ တစ်စုံတစ်ခုကျလာသည်။

လေးလံသော အရာတစ်ခုဖြစ်သည်။

ဝက်ဝံကြီးတစ်ကောင်သော်မှ ရုန်းထွက်ခြင်းငှာ မစွမ်းသာသည့် ကြိုးပိုက်ကြီးတစ်ခု ဖြစ်သည်။

* * * * *

MMCYBERMEDIA
COMMUNITY FOR ALL

# ။၂၉။

ရွှေလောင်းပန်းပဲဖိုမှ ဓါးများပြုလုပ်ပေးရန် အမိန့်တော်ဖြင့် အမှုတော်ပေးခဲ့သည့် သံချောင်းများကို စည်းသော ကြိုးမျိုးပင် ဖြစ်သည်။

လက်သန်းလုံးအတုတ် နီရဲသောကြိုး။

လည်ကိုလည်း ချည်ထားသည်။ လက်ပြန်လည်း တုပ်ထားသည်။ ခြေချင်းဝတ်ကိုလည်း ပူးချည်ထားသည်။ ဒူးထောက်နေရသည်ကပင် အရစ်ရစ် အပတ်ပတ် တုပ်ထားသော ကြိုးကြောင့် အနေဆိုးလှသည်။

တစ်ဖက်ကြိုးစကို ကိုင်ထားသူကား မီးကျည်လွှတ်ခဲ့သော ဟိုတစ်ညမှ ရဲမက်ကြီးဖြစ်လေသည်။ ရဲမက်ကြီးက ခေါင်းမဖော်စတမ်း ငုံ့ထားဟု ဆိုသည်။ ကြေးတိုက်မှ ထုတ်စဉ်ကမူ ရဲမက်ကြီးသည် ကြေးတိုက်တံခါးဝတွင် ဗုန်းခနဲ လဲကျမတတ် အပြင်းအထန် အုံ့အားသင့်သွားခဲ့လေသည်။

မျက်နှာကိုကြည့်ပြီး စကားမပြောနိုင်။ ရဲမက်ကြီး၏ မျက်လုံးကြီးများ ပေါက်ထွက်မတတ် ပြူးကျယ်လာသည်။ ခဏနေမှ အထစ်ထစ် အငေါ့ငေါ့ အသံထွက်လာသည်။

"သူငယ်... သူငယ်၊ မင်း... ဟိုညက သူငယ် မင်း... မင်းက တောက်ပြား၊ ခိုး... ခိုးသားကြီး တောက်ပြား"

သူ့ကို ပြုံးပြလိုက်သည်။

"ဘုရား... ဘုရား"

လည်ချောင်းထဲမှ တစ်စုံတစ်ခု ခုန်ထွက်ကျသွားတော့မည့်အလား သူ့လည်ကို သူဖျစ်ညှစ်ရှာသည်။

ပြုံး၍...

"ရဲမက်ကြီး ခင်ဗျားဒီတစ်ခါတော့ ကျုပ်ကို ရွှေလောင်းပန်းပဲဖိုကို ပြန်မပို့နိုင်တော့ဘူး"

ဂလုဟူသော အသံကြီးနှင့်အတူ လှိုင်းထသွားသည့် သူ့လည်ဇလုပ်ကြီးကို မြင်ယောင်မိလေသည်။

ရဲမက်ကြီး၏ အသံ နောက်ကျောဘက်မှ ပေါ်လာသည်။ ကြိုးစကို သူတင်းတင်းကြီး မကိုင်နိုင်ကြောင်း သတိထားမိလေသည်။

ခြေသံများကြားရသည်။ ကြမ်းနှင့်နဖူး တစ်သားတည်း ဖြစ်နေသောကြောင့် မျက်လွှာပင့်၍ ကြည့်မရ။ ဘာမှမမြင်ရ။

ပွတ်တိုက်ရွေ့သံ၊ ပုဆိုးသိမ်းသံများ ကုန်ဆုံးသွားသည်။ ရှေ့မှောက်ရှိ သလွန်တော်ပေါ်သို့ ဘုရင်သတိုးမင်းဖျား ရောက်ပြီဟု သိလိုက်သည်။ ထူးခြားသော အမွှေးနံ့ကိုလည်း ရသည်။ မိဖုရားစောဥမ္မာပင်ဖြစ်မည်။ ဟသ်ာပြဒါးနံ့၊ ရွှေရေးဆေးနံ့၊ ပန်းပေါင်းစုံအနံ့၊ အမွှေးနံ့သာများ ရောပြွန်းနေသော နန်းတော်ဆောင်ရနံ့ကား ချောက်ချားပျံ့လွင့်ချင်စရာပင်။

လိမ္မာပါးနပ်စွာ ရွှေနန်းတော်အဆောင်အရောက် ခေါ်ဆောင်နိုင်ခဲ့သည့် ဖြေနုက်ကို တွေ့ချင်နေသည်။ ရန်သူအနေမျိုးမဟုတ်။ ချီးကျူးလို၍ ဖြစ်သည်။ ဖြေနုက်ကား ဘုရင့်တပ်သားကောင်း ပီသလေစွ။

ဖြေနုက်ကို ချီးကျူးစကားဆိုချင်သည်။

ပြီးတော့ ဂျမ်း။

သွေးလှည့်ပတ်မှုများ ရပ်သွားသည်ဟု ထင်ရသည်။

ဂျမ်းနှင့်တွေ့ရတော့မည် မဟုတ်။ သုသာန်ကုန်း၊ ကားစင်ထက်မှ ရင်ကိုခွဲ၊ အသည်းနှလုံးထားသော သူ့အလောင်းကို ဂျမ်းမြင်ရလျှင် ဂျမ်းကလေး ဘယ်သို့ရှိရှာလေမည်နည်း။

တစ်ဘဝလုံး တင်းမာထားခဲ့သော နှလုံးသည်းပွတ်သည် ချက်ချင်းပင် အရည်ပျော်ကျသွားပြီ ထင်သည်။

ဝရီးရေ၊ ဝရီးနောက်ကို ဝရီးလိုပဲ ကျုပ် လိုက်ခဲ့တော့မယ်။

အကုသိုလ်အမှုဆိုတာ ဒါပဲဟ။ မျောက်များ ငါးပိကိုင်သလိုပဲ။ ငါးပိနံ့နံ့လေလေ ပွတ်လေလေ အနံ့စွဲလေလေ၊ ပွတ်လေလေ အသားပဲ့လေလေပဲ။ အဘ… သူတော်ကောင်းကြီး အဘ။ ကျုပ်ကို ခွင့်မလွှတ်ပါနဲ့တော့ အဘရယ်…”

မျက်ရည်စို့ချင်လာသည်။

ဝရီးရေ၊ ခင်ပျားကြီး ပြိတ္တာကြီးဖြစ်နေပြီလား။ ဝရီး မကျွတ်တော့ဘူးဗျ။ ဝရီးအတွက် ကျုပ်... ကျုပ် ဘုရားမတည်နိုင်ခဲ့တော့ဘူးလေ။

ဂျမ်းရယ်။ မိန်းကလေးရယ်။ ကျုပ်လေ...

လည်ပင်းမှ ကြိုးတင်းသွားသည်။ ရဲမက်ကြီး အသာအယာ ဆောင့်ဆွဲဟန် တူသည်။ လည်ပင်းကြော ကြွက်သားများကို ညှစ်ထုတ်ထားလိုက်သည်။

"မော်ဖူးစေတဲ့... ဟဲ့ ခိုးသား မော်ဖူးလိုက်"

ကြမ်းပြင်မှ နဖူးကိုခွာလိုက်သည်။ ရဲမက်ကြီးမှာ ထားသည့်အတိုင်း ဖြည်းညင်းစွာ မော့ရသည်။ ဦးစွာ မြင်ကွင်းထဲသို့ ရောက်လာသည်မှာ ဖိတ်ဖိတ်လက်သော ဟသ်ာခြေနင်း၊ ထို့နောက် နီရဲတောက်ပစွာသော ပုဆိုးအနား။ ထို့နောက် တဖြည်းဖြည်း အထက်ဆီသို့။

လက်ဝတ်များ ပြိုးပြက်နေသည့် လက်အစုံ။ ထို့နောက် စလွယ်ဆင်ခထားသော ရင်ဘတ်။ လည်ဆွဲမဲ့ လည်ပင်း... ။ ထို့နောက်...

"ဟင်"

* * * * *

နှုတ်ခမ်းမွေးစစ၊ အသားလတ်လတ်၊ အရပ်ထွားထွား၊ ကျစ်လျစ်သော ခန္ဓာကိုယ်၊ စူးရှသော မျက်လုံး၊ ပါးလျားစေ့စပ်သော နှုတ်ခမ်း၊ မေးရိုးကားကား။

လရောင်အောက်တွင် မြင်ခဲ့ မှတ်မိစွဲမြဲခဲ့သော ငဖြူနက်၏ မျက်နှာ။

တစ်ခုပဲကွာသည်။ ညတုန်းက ဖြေုနက်၏ မျက်လုံးများမှာ ကြောက်ရွံ့သော အသွင်၊ ယခုကား မီးအလျှံ ခြောင်းခြောင်း ထွက်မတတ် အကြည့်။

အဝရွှေနန်းရှင် ဘုရင်သတိုးမင်းဖျား မျက်တောင်မှ ခတ်ပါလေစ။

အတိုင်းအဆမဲ့ အံ့သြခြင်းကြောင့် မျက်လွှာအစုံကို ပိတ်ပစ်လိုက်ရသည်။ ကြေးတိုက်မှ ထုတ်စဉ်က ရဲမက်ကြီး မိမိကိုတွေ့ပြီး အံ့သြထိတ်လန့်မှုသည် ပမာဏအားဖြင့် မြင်းမိုရ်တောင်ခန့်ဟု ဆိုပါလျှင် ယခု ဘုရင်သတိုးမင်းဖျားကို တွေ့လိုက်ရသော အခိုက်၌ ဖြစ်ပေါ်သော အံ့သြထိတ်လန့်မှုသည် စကြဝဠာအနန္တပင် ဖြစ်ချေသည်တကား။

ရွှေနန်းရှင်ကလက်ကို ဝှေ့ယမ်းပြလိုက်သည်။

လူ့ဘီလူးကြီးများနှင့် တူသော ရဲမက်များ၊ တစ်ယောက်စီတစ်ယောက်စီ ဘုရင့် ရှေ့သို့ ဒူးထောက်ရွေ့လျားလျက် သူတို့ ယူလာသော ကတ္တီပါစများကို ဖြေချလိုက်ကြသည်။ ထို့နောက် ဒူးတုပ်၍ နောက်ပြန်ဆုတ်သွားကြသည်။

ဘုရင့်ရှေ့မှောက် ခြသေ့ရုပ်ခုံ၊ ခုံတန်းရှည်ပေါ်မှ နီရဲသော ကတ္တီပါစများပေါ်တွင်…

ပတ္တမြား ကျောက်စီဓါး၊ သန်လျက်၊ ရဲတင်း၊ ပုဆိန်၊ အဲမောင်း၊ လှံရှည်၊ လှံတို သွေးစက်နေသော သတ္တဝါကြီးများနယ် ပြောင်လက်နေသော လက်နက်များသည် ရှေ့မှောက်တွင် လျှာအလိမ်းလိမ်း သွားရည်တစ်သိမ်းသိမ်း ရှိနေကြလေသည်။

လက်နက်များကို တစ်ခုစီ ကြည့်ပြီးနောက် ဘုရင့်ဝဲယာသို့ ကြည့်မိသည်။ ဘုရင့်လက်ဝဲဘက်တွင် မိဖုရားစောဥမ္မာ။ စောဥမ္မာနောက်တွင် လက်ပိုက်ရပ်နေသူမှာ စောဥမ္မာနှင့် မျက်နှာပေါက်ချင်းဆင်သည်။ အမြင့်မြို့စား တရဖျားစော်ကဲပင် ဖြစ်ရမည်။ အမြင့်မြို့စားဘေးတွင် ဖုံနိမ့်၌ထိုင်နေသူမှာ အသက်ကြီးကြီး ဆံပင်ဖြူဖြူ ခေါင်းပေါင်းဖြူ ဖော့လုံးနှင့်။ မင်းဆရာ ပတူးသဃ်ရာဇာပင် ဖြစ်မည်။ ထို့နောက် ရင်အုပ်ကို ချီမောက်လျက် လက်ပိုက်နေသူ တပ်မင်းကြီး အဆောင်အယောင်ဖြင့် နေမျိုးသီဟပတေ့လား။ မြို့စောင့်တပ်မင်းကြီး နေမျိုးသိခ်သူလား။

တစ်ဖက်ထောင့်တွင် လက်တစ်ဖက်ထောက် တစ်ဖက်ဒူးပေါ်တင်ထားသူမှာ မျက်ပေါက်ကျဉ်းကျဉ်း အသားမည်းမည်း။ ဝတ်ဆင်ထားသော အဆောင်အယောင်နှင့် တခြားစီ။ သူကား အတွင်းသင်းမှူး ငွေယ်န ဖြစ်လေမည်။

"နောင်တော်မင်းကြီး မလာသေးဘူးလား"

"ငါရောက်ပြီ"

ဘုရင့်အသံနှင့် ရှေ့ဆင့်နောက်ဆင့် နန်းဆောင်တံခါးဝမှ အသံဝါကြီးတစ်ခု ထွက်ပေါ်လာသည်။ ကြမ်းပြင်သို့ လေးလံစွာ ပွတ်တိုက်ရွေ့လျားလာသော ခြေသံကြီးနှင့်အတူ မင်းကြီးသီလဝ ဝင်လာသည်။ မင်းကြီးကိုတော့ မီးကျည်လွှတ်သည့် ညကပင် ကောင်းစွာ မှတ်မိနေလေသည်။

မင်းကြီးသီလဝသည် လက်တန်းနောက်မှီ မြင့်မားသော ရွှေပိန်းချခုံထက်သို့ ဝင်ထိုင်လေသည်။

ကြိုးနီစကိုင်ရဲမက်ကြီး အပါအဝင် စောစောက လက်နက်တွေကို ယူချလာသော လူ့ဘီလူးရဲမက်ကြီးများသည် မင်းကြီး သီလဝနှင့် ယှဉ်လိုက်သောအခါ သူငယ်ကလေးများ ဖြစ်သွားကြလေသည်။

မင်းကြီးသီလဝသည် ခုံနောက်ဆီသို့ ကျောပြင်ကို လေးလံစွာ ပစ်တင်၍ မျက်ခုံးထူထူကြီးများကို ရှုံ့ကာ စိုက်ကြည့်လေသည်။

"ဟိုညကတည်းက ငါသိတယ်။ ငါက တောက်ပြားကို မြင်ရင်မှတ်မိသလားဆိုတော့ ဒီကောင်က သူ့ကိုယ်သူ ကြေးမုံပြင်မှာ မြင်ရင် မှတ်မိသလောက် မှတ်မိတယ်လို့ ဖြေတယ်။ ဖြေစဉ်ကလဲ သူ့အသံမြူးလို့။ ငါ့ကို မလိမ့်တပတ် လုပ်လိုက်ရပြီ ဆိုပြီး"

မျက်တောင်တစ်ချက် ပုတ်သည်။ လေးလံစွာပင်။

"ညီတော်မင်းတရားကို ဒါကြောင့် လုပ်ခိုင်းရတာ။ ကိုင်း... အခုညီတော်က တောက်ပြားကို အတုလုပ်ပြီး ဖမ်းတော့ မိရော မဟုတ်လား။ ကိုင်း... လုပ်စရာရှိတာ ဆက်လုပ်"

လက်တန်းပေါ်သို့ ကြီးမား ကျယ်ပြန့်သော လက်ဖဝါးကြီးများ ပစ်တင်သည်။ သတိုးမင်းဖျားသည် မတ်မတ်ဖြစ်ပြီးသား ကိုယ်ကို ထပ်စွင့်လျှက်...

"တောက်ပြား အထူးအထွေ ပြောစရာ မရှိတော့ဘူး။ မင်းရှေ့မှာ ရှိတဲ့လက်နက်တွေ ကြိုက်ရာရွေး၊ ငါကိုယ်တိုင်ပဲ အခု ငါ့လက်နဲ့ သုတ်သင်မှာ"

ခမ်းနားသိုက်မြိုက်လွန်းသော ရွှေနန်းတော်ဆောင်။ ဘုရင်သတိုးမင်းဖျား။ မိဖုရားစောဥမ္မာ။ မင်းကြီးသီလဝနှင့် အမှူးအမတ် ဗိုလ်ပါတို့၏အလယ်၊ ဤနေရာ၊ ဤဒေသ၊ ဤအချိန်၊ ဤကာလ။

ကတ္တီပါအနီစပေါ်မှ လက်နက်များကို တစ်ခုစီ လိုက်ကြည့်သည်။

ပတ္တမြားကျောက်စီဓါး၊ သန်လျက်၊ ရဲတင်း၊ ပုဆိန်၊ အဲမောင်း၊ လှံရှည်၊ လှံတို…။

သန်လျက်ကို ရွေးသည်။ ဘုရင်မင်းမြတ်မှတစ်ပါး အခြားသူ ကိုင်ခွင့်မရှိသော လက်နက်။ ထိုလက်နက်ဖြင့် အသေခံမည်။

ထပ်စဉ်းစားသည်။ ပို၍ လှပသော အဓိပ္ပါယ်ရှိသော လက်နက်။ ဖြေနုက်သည် ပတ္တမြား ကျောက်စီဓါးကို ခိုးမည်ဟု ဆိုခဲ့ချေသည်။

ပတ္တမြားကျောက်စီဓါးကို ရွေးရသော် ပို၍ အဓိပ္ပါယ်ရှိသည်။ ဘုရင်သတိုးမင်းဖျားနှင့် ပို၍ နီးစပ်နိုင်သည်။ ဖြေနုက်ကိုလည်း အသိအမှတ်ပြုရာ ရောက်သည်။

ထပ်စဉ်းစားသည်။

ဘုရင်သတိုးမင်းဖျားနှင့် အနီးစပ်နိုင်ဆုံး…

"တောက်ပြား မင်းရှေ့မှာ မင်းကြိုက်ရာ ရွေး"

ရှေ့မှောက်မြင်ကွင်းကို ဝေ့ကြည့်လိုက်သည်။

မင်းရှေ့မှာ မင်းကြိုက်ရာရွေး။

ဘုရင်နှင့်မခြား ရင်ကို စွင့်စွင့်မတ်လိုက်သည်။ အသက်ပြင်းပြင်းရှူသည်။

"စစ်ကိုင်းရေဝှမ်းအရပ်ကို အခြေပြုပြီး ကျွန်တော်မျိုး ခိုးသားကြီး တေကပ်ပြား နှစ်ပေါင်းများစွာ လှုပ်ရှားခဲ့ပါတယ် ဘုရား။ ယခုအချိန်ဟာ ကျွန်တော်မျိုးရဲ့ နောက်ဆုံးအချိန်များ ဖြစ်ပါတယ် ဘုရား။ ရွှေနန်းရှင် အမိန့်တော်အရ ကျွန်တော်မျိုးရှေ့မှောက်မှာ ကျွန်တော်မျိုး ကြိုက်ရာရွေးရမယ်ဆိုရင်..."

အကြည့်ကို ဘုရင့် လက်ဝဲဘက်ကပ်လျက်သို့ ရွှေ့လိုက်သည်။

"မိဖုရားကြီးစောဥမ္မာကိုသာ ကျွန်တော်မျိုး အလိုရှိပါတယ် ဘုရား"

ခေါင်းပြန်ငုံ့လိုက်သည်။ ရဲမက်ကြီး လက်ထဲမှ ကြိုးစလွတ်ကျသည်။ အပ်တစ်ချောင်းသာ ကျလာမည်ဆိုလျှင် ဤတဒင်္ဂ၌ ကျယ်လောင်စွာ မြည်ဟည်းသွားလိမ့်မည်။

တစ်ခဲနက်သော တိတ်ဆိတ်ခြင်းသည် ပြင်းထန်စွာ ပြိုကွဲသွားသည်။ ပြိုကွဲသံကား နန်းဆောင်ကြီးတစ်ခုလုံး ယိမ်းခါမတတ် ကျယ်လောင်သည့် ရယ်သံကြီး။ ရယ်သူကား မင်းကြီးသီလဝ။

မင်းကြီးတစ်ကိုယ်လုံး ခုံထက်တွင် သိမ့်သိမ့်ခါနေသည်။

မင်းကြီးထိုင်ရာမှ ထသည်။ ပြန်ထိုင်သည်။ ပြန်ထသည်။ ပြန်ထိုင်သည်။

ရယ်သံကြီးကား အသံမျိုးစုံဖြင့် အဆက်မပြတ် အတောမသတ်။

မင်းကြီး၏ မစဲသော ရယ်သံနောက်သို့ မရဲတရဲ မပွင့်တပွင့် ရယ်သံများ စွက်လာသည်။ အမြင့်မြို့စား၊ ထို့နောက် ပတူသယ်ရာဇာ၊ ထို့နောက် တပ်မင်းကြီး၊ ထို့နောက် လွင်လွင်စာစာရယ်သံ မိဖုရားကြီးစောဥမ္မာ၊ ထို့နောက် ကြိုးစကိုင် ရဲမက်ကြီး။ ထို့နောက် လက်နက်များယူလာသည့် ရဲမက်ကြီးများ။ နန်းဆောင်တစ်ခုလုံး ရယ်သံများဖြင့် လှိုင်နေလေတော့သည်။

အတွင်းသင်းစား ငွေယံနတစ်ယောက်သာလျှင် ထောင့်၌ ကပ်လျက် ရယ်နေသူများကို တအံ့တသြ ငေးမောနေသည်။

ဘုရင်သတိုးမင်းဖျားက လက်ဝါးကာ၍ မြှောက်သည်။

ရယ်သံများ စဲသွားသည်။

မင်းကြီးသီလဝကား နောက်ဆုံးမှ အရယ်ရပ်သည်။

ဘုရင်သတိုးမင်းဖျား၏ အသံ လေးနက်စွာ ပေါ်လာသည်။

"အဝရွှေနန်းရှင်သခင် ငါ့ကိုစဉ်လျှက် ဒီစကားမျိုးကို တောက်ပြား ပြောရဲတယ်။ လေးကိုချစ်သော ယောက်ျားဟာ မြားကိုချစ်သလို ငါးကိုလိုတဲ့ တံငါဟာ ကွန်ကိုချစ်သလို တိုင်းပြည်ကိုချစ်တဲ့သူဟာ တောက်ပြားလို ယောက်ျားကောင်း သူရဲကောင်းကို ချစ်ရလိမ့်မယ်။ သင်း အချည်းနှီး မသေစကောင်းဘူး။ နောင်ပွဲရှိတဲ့အခါ အမှုတော်ကို ထမ်းစေရမယ်။ လက်နက်တွေကို ပြန်သိမ်းသွားတော့"

"ပတ္တမြားကျောက်စီဓါးကို နောက်ဆုံးမှသိမ်းဟေ့"

မင်းကြီးသီလဝက အသံဝါကြီးဖြင့် ပြောလိုက်လေသည်။ ထို့နောက် ရယ်ပြန်လေသည်။

မိဖုရားစောဥမ္မာက...

"အစ်ကိုတော်မင်းကြီး ငါးနှစ်အတွင်းမှာ ဒီတစ်ခါပဲ ဒီလိုရယ်ဖူး စကားများများပြောဖူးသေးတယ်"

ဟု ဆိုလေသည်။

လက်နက်များကို ပြန်သိမ်းနေစဉ် ကြိုးစကိုင်ရဲမက်ကြီးက ကြိုးကို အားပါးတရ ဖြေလွှတ်နေတော့သည်။ လက်က ကြိုးဖြေရင်း နှုတ်ကလည်း မရပ်မနား...

"အံ့ရောဟေ့... သူငယ်။ အံ့ရောဟေ့။ မင်းကိုငါ ပန်းပဲဖိုပြန်ပို့ရဦးမယ်။ အံ့ရောဟေ့... အံ့ရောဟေ့"

* * * * *

။၃၀။

ဘဝအစမှ သည်အဆုံးတိုင် အဘနှင့်ဂျမ်းတို့ကို ပြောပြရပေမည်။

သူတော်ကောင်းကြီး အဘရော၊ ရိုးသားသန့်စင်သည့် ဂျမ်းကပါ သားအဖနှစ်ယောက်စလုံး နားလည်စွာ ခွင့်လွှတ်ကြမည်ဟု ယုံကြည်သည်။

ရဲမက်ကြီး ပွေ့ထားသော ပခုံးထက်မှ သူ့လက်ကို ဆုပ်ကိုင်ရင်း ရွှေလောင်းပန်းပဲဖိုသို့ ပြန်ခဲ့သည်။ ခြေသည် မြေနှင့် မထိချင်။

"အမောင်ရယ်... အမောင်ရယ်"

ဟု မြည်တမ်းကာ ရင်ခွင်ထဲသို့ ပြေးဝင်လျှက် တသိမ့်သိမ့် ငိုကြွေးရှာဦးမည့် ဂျမ်းကို မြင်ယောင်နေသည်။

အဝရွှေမြို့တော်၏ နံနက်ခင်းကား လှပလွန်းလေစွ။

**ချစ်ဦးညို။ ၁၉၈၅၊ ဧပရယ် (၁)**